The
# Commerce Journal
# စီးပွားရေးသတင်းဂျာနယ်
http://www.commercejournal.com.mm
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .15, NO . 30 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | August 10 , 2015

## မြန်မာ့စိန်တလုံး

| သန်းပို-ယင်းမာပင် |

၂၀







## အတုဂလေးရယ်တဲ့ ယှဉ်ကာပြိုင်



၁၄

မုံရွာကုန်စည်ဒိုင်
ဩဂုတ်လပထမပတ်
ကုလားပဲဈေး စံချိန်တင်

၆

ရေတက်လာမှုကြောင့်ဒေသတွင်း
ငါးမွေးမြူရေးကန်များမှ
ငါးကြင်းဈေး မြင့်လာခဲ့

၂၈

နိုင်ငံခြား အရက်မျိုးစုံကို
Mobile Team လရ-၂ အဖွဲ့မှ
သိမ်းဆည်း

၁၉

Arysta LifeScience

မြန်မာအရစ္စတာလိုက်ဖ်ဆိုင်းယင့်စ်ကုမ္ပဏီ

# ဂျပန်ကုမ္ပဏီမှ တင်သွင်းပြီး မြန်မာအရစ္စတာကုမ္ပဏီမှ တစ်ဦးတည်း ဖြန့်ချိရောင်းချလျှက်ရှိသော အစွမ်းထက် စိုက်ပျိုးရေးဆေးများ




**မြန်မာအရစ္စတာလိုက်ဖ်ဆိုင်းယင့်စ်ကုမ္ပဏီလီမိတက်**

အမှတ် ၉၅၊ ပဒုမ္မာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - (၀၁) ၃၉၅ ၃၀၈၊ ၃၉၅ ၃၆၀ ဖက်စ် - (၀၁) ၂၅၆ ၁၉၃

“ ဆေးစစ်ဆေးမှန် အာမခံတာ အရစ္စတာ ”

စိုက်ပျိုးရေးသမားများအားထားရာ .........

# မာလာမြိုင်

## စိုက်ပျိုးရေးသုံးပစ္စည်းအရောင်းစင်တာ

**အရောင်းစင်တာများ**

(၁) ကျွန်းတောလမ်းနှင့်နာနတ်တောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ၀၁-၂၃၀၄၂၄၄၊ ၀၁-၅၀၄၆၁၂၊ ၀၉-၇၃၀၇၅၈၂၂

(၂) မြေပဒေသာကျွန်း(ဂျပန်သံရုံးရှေ့)ဗဟန်းမြို့နယ်၊ ၀၁-၅၄၄၆၀၈

(၃) ည(၈၂)ယုဇနလမ်း၊ တုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ၀၁-၆၈၃၀၉၇၊ ၀၀၆၈၃၂၀၈

**အရောင်းပြခန်း**

အမှတ် (T2-7) ၊ပုလဲလမ်း၊ ၃၀ X ၃၂ နှင့် ၇၇ X ၇၈ လမ်းကြား၊

ချမ်းအေးသာစံမြို့နယ်၊မန္တလေး။ ၀၂-၃၀၇၈၀၊၀၂-၃၀၇၉၀

# ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ၏ ကုန်စည်စီးဆင်းမှုမှန်ကန်ရေး၊ ကုန်စည်ထုတ်လုပ်မှု၊ ကုန်သွယ်မှုဖွံ့ ဖြိုးတိုးတက်ရေးနှင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ (၂/ ၂၀၁၅) အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်အမှာစကားပြောကြား



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန၊ ရုံးအမှတ် (၃) ၌ ဩဂုတ် ၇ ရက်၊ နေ့လယ် ၁၃း၀၀ နာရီတွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ၏ ကုန်စည်စီးဆင်းမှုမှန်ကန်ရေး၊ ကုန်စည်ထုတ်လုပ်မှု၊ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ (၂/ ၂၀၁၅) ကြိမ်မြောက် အစည်းအဝေးသို့ ပြည်ထောင်စုကုန်ဈေးနှုန်းတည် ငြိမ်ရေးကော်မတီ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက် အမှာစကားပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ယနေ့ပြုလုပ်သည့် အစည်းအဝေးသည် ပုံမှန်လစဉ် ကျင်းပသည့် ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေး ကော်မတီရဲ့ ပုံမှန်အစည်းအဝေးဖြစ်သည့်အပြင် အဓိက အချက်အနေဖြင့် သဘာဝဘေးအန္တရာယ်ကြောင့် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်လျက်ရှိရာ အခြေခံစားကုန်ဖြစ်သည့် ဆန်အပါအဝင် တခြားကုန်စည်များ ဈေးနှုန်းကြီးမြင့်မှု မရှိစေရေးနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်စေရေးအတွက် ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ရန်ဖြစ်ကြောင်း ပြောကြားပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆက်လက် ပြောကြားရာတွင် ၂၀၁၅ ခုနှစ်၊ ဇွန်လအတွင်းဖြစ်ပေါ်ခဲ့သည့် ဒေါ်လာငွေလဲလှယ်နှုန်းများ ရုတ်ခြည်းမြင့်တက်မှုကာလအတွင်း နိုင်ငံတော်အနေဖြင့် စားအုန်းဆီ၊ စက် သုံးဆီတင်သွင်းသည့်ကုမ္ပဏီများသို့ ဗဟိုဘဏ်မှ သတ်မှတ်ငွေလဲနှုန်းအတိုင်း ရောင်းချပေးခဲ့ပါကြောင်း၊ ထိုကဲ့သို့ ထုတ်ရောင်းပေးခြင်းသည် ဈေးနှုန်းသက်သာစွာနှင့် ပြည်ပမှ တင်သွင်းပြီး ပြည်တွင်းက စားသုံးသူအများပြည်သူတွေဆီကို သင့်လျော်တဲ့ အမြတ်အစွန်းရယူပြီး ထိုက်သင့်သော ဈေးနှုန်းဖြင့် ပြန်လည် ဖြန့်ဖြူးရောင်းချပေးနိုင်ဖို့ ရည်ရွယ်ပြီး ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သော်လည်း ဆီတင်သွင်းသည့် အချို့ကုမ္ပဏီများသည် နိုင်ငံတော်က သတ်မှတ်ထားသည့် လိုင်စင်ကာလထက် ကျော်လွန်ပြီး မသက်ဆိုင်သည့် ယခင်ကာလလိုင်စင်များနှင့်ပါ

စာမျက်နှာ ၂၁ သို့

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် အီတလီနိုင်ငံ မီလန်မြို့တွင် ကျင်းပလျက်ရှိသည့် Milan Expo 2015 ၏ မြန်မာနေ့အခမ်းအနားသို့ တက်ရောက်




အီတလီနိုင်ငံ၊ မီလန်မြို့တွင် ၂၀၁၅ ခုနှစ်၊ မေလ ၁ ရက်နေ့မှ အောက်တိုဘာလ ၃၁ ရက်နေ့အထိ ကျင်းပလျက်ရှိသော Expo Milano 2015 ၏ မြန်မာနေ့အခမ်းအနားနှင့် အလံတင်အခမ်းအနားကို ဇူလိုင်လ ၃၁ ရက်နေ့တွင်ကျင်းပခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် Expo Milano 2015 ၏ Commissioner General Mr.Bruno Antonio Pasquino က အဖွင့်အမှာစကား ပြောကြားပါသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်မှ အမှာစကားပြောကြားရာတွင် လက်ရှိအစိုးရလက်ထက်တွင် ပြုပြင်ပြောင်းလဲမှုများစွာ လုပ်ဆောင်ခဲ့ပါကြောင်း၊ နိုင်ငံတကာနှင့် ဆက်ဆံရေးများတိုးတက်လာခဲ့ရာ ယခုကဲ့သို့ ကမ္ဘာ့ကုန်စည်ပြပွဲတွင် ပါဝင်ပြသနိုင်ခဲ့ခြင်းဖြစ်ပြီး မြန်မာနေ့အခမ်းအနားကို ကျင်းပနိုင်ခြင်းဖြစ်ပါကြောင်း၊ မီလန်ကုန်စည်ပြပွဲ၏ အဓိကဆောင်ပုဒ်ဖြစ်သော Feeding the planet, Energy for life နှင့်အညီ မြန်မာအမျိုးသားပြခန်းဆောင်ကို ဆန်အစုအဖွဲ့ ပြခန်းများတွင် ပါဝင်ပြသခဲ့ခြင်းမှာ တစ်ချိန်က အာရှတွင်ထိပ်တန်း ဆန်တင်ပို့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့သည့် မိမိတို့နိုင်ငံအတွက် အခွင့်အလမ်းကောင်းတစ်ခုဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် အီးယူတို့အကြား ကဏ္ဍစုံတွင် ဆက်ဆံရေးများ တိုးတက်ကောင်းမွန်လာနေပြီဖြစ်သည့်အတွက် အနာဂတ်တွင် လည်း ပိုမိုရင်းနှီးနှီး ဆက်ဆံသွားလိုပါကြောင်းနှင့် မြန်မာနေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းပံ့ပိုးမှုများအတွက် ကျေးဇူးတင် ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ အီတလီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်နောင်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အီတလီ နိုင်ငံရောက် မြန်မာနိုင်ငံသားများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ စုစုပေါင်းအင်အား ၂၅၀ ခန့် တက်ရောက်ခဲ့ပါသည်။

အခမ်းအနားအပြီးတွင် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက မြန်မာ့ယဉ်ကျေးမှုပဒေသာ အကအလှများဖြင့် ဖျော်ဖြေခဲ့ရာ ပရိသတ်များက တစ်ခဲ နက် အားပေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် အီတလီနိုင်ငံ၊ ထိုင်း၊ အာရပ်စော်ဘွားများ ပြည်ထောင်စုနှင့် ဂျာမနီ နိုင်ငံတို့၏ အမျိုးသားပြခန်းဆောင်များကို သွားရောက်လေ့လာကြည့်ရှုခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင်လ ၃၀ ရက်နေ့တွင် တူရင်မြို့တော်ဝန် Mr. Piero Fassino ၏ ဖိတ်ကြားချက်အရ တူရင်မြို့သို့ သွားရောက်ခဲ့ပြီး မြို့တော်ခန်းမတွင် တူရင်မြို့တော်ဝန်၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်နှင့် တူရင်ကုန်သည် များအသင်းမှ လုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး မြန်မာ-အီတလီ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရေး၊ ကုန်စည်ပြပွဲများ လာရောက်ကျင်းပရေး၊ စိုက်ပျိုးရေးကဏ္ဍတွင် နည်းပညာနှင့် ပူးပေါင်းဆောင်ရွက်ရေးနှင့် ရင်းနှီးမြှုပ်နှံရေး တို့ကိုဆွေးနွေးခဲ့ပြီး တက်ရောက်လာသူအချို့မှ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများနှင့် စပ်လျဉ်းပြီးသိလိုသည်များကိုမေးမြန်းရာ ပြည်ထောင်စုဝန်ကြီးမှ ပြန်လည်ဆွေးနွေးပြောကြားခဲ့ပါသည်။

ဇူလိုင် ၃၀ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် Martini & Rossi Company သို့ သွားရောက်ပြီး ဝိုင်ထုတ်လုပ်မှုများကို လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နှင်းပန်းဖြူ
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 15, No.30 Monday August 10 2015

# ရေဘေးကြောင့် ပြည်ပဆန်တင်ပို့မှုများ ရပ်နားထားကြသော်လည်း ရေဘေးအရှိန်ကြောင့် တစ်ပတ်နှစ်ပတ်အတွင်း ဆန်ဈေးအနည်းငယ် ဆက်မာနိုင်

ဒီတစ်ပတ်ဆန်ဈေးကွက်မှာတော့ ဈေးသိသာစွာတက်သွားခဲ့တာကို တွေ့ရပါတယ်။ ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)ရဲ့ လက်ကားဆန်ဈေးကွက်မှာ ၂၀၁၅ ခုနှစ် ဩဂုတ် ၇ ရက်နေ့ ဈေးနှုန်းများအရ ပေါ်ဆန်းဖျာပုံလတ်စ တစ်အိတ်ကို ၃၉၅၀၀ ကျပ်၊ ထိပ်စ ၄၁၅၀၀ ကျပ်၊ မြောင်းမြ ပုသိမ်ပေါ်ဆန်း ထိပ်စတစ်အိတ်ကို ၄၂၅၀၀ ကျပ်၊ နယ်စုံ ပေါ်ဆန်း လတ်စ ၃၈၀၀၀ ကျပ်၊ ထိပ်စ ၄၀၀၀၀ ကျပ်ဖြစ်ခဲ့ကြလို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၂၅၀၀ ကျပ်မှ ၃၅၀၀ ကျပ်အတွင်း ဈေးနှုန်းသိသာစွာ တက်ခဲ့ကြောင်း၊ ရေဘေးသတင်းများကြောင့် စားသုံးသူများက စိုးရိမ်ပြီး မိမိတို့လိုသည်ထက်ပိုဝယ်နေကြခြင်း၊ ပစ္စည်းအဝင် ပါးခဲ့ခြင်းနှင့် လက်လီဆိုင်သမားအဝယ်ကလည်း သွက်ခဲ့ခြင်းများကြောင့် ဆန်ချောဈေးသိသာစွာ တက်ခဲ့ရတာဖြစ်တယ်လို့ ကုန်စည်ဒိုင်ဈေးကွက်မှ သိရှိရပါတယ်။

အလားတူ ဆန်ချောတွေဖြစ်တဲ့ ပေါ်ကျွဲ တစ်အိတ်ကို ၃၀၀၀ ကျပ်မှ ၃၅၀၀ ကျပ်အတွင်း ဈေးတက်ခဲ့တာ တွေ့ရပါတယ်။ ရွှေဘိုပေါ်ဆန်းဈေးနှုန်း တစ်အိတ်ကို ၄၆၅၀၀ ကျပ်-၄၈၅၀၀ ကျပ်ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ကျပ် ၂၀၀၀ မှ ၂၅၀၀ ကျပ်အတွင်း ဈေးဆက်တက်လာကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်ခဲ့မှုကြောင့် ရန်ကုန်သို့ ရွှေဘိုပေါ်ဆန်းအဝင်နည်းလာလို့ ဈေးဆက်တက်ရတာဖြစ်တယ်လို့ သိရပါတယ်။ ဆန်ကြမ်းတွေဖြစ်တဲ့ ဧည့်မထ ထိပ်စ တစ်အိတ်ကို ၂၁၅၀၀ ကျပ်၊ မိုးသုခဈေး ၂၂၀၀၀ ကျပ်မှ ၂၃၀၀၀ ကျပ်၊ ရက် ၉၀ မီးကောက်ဆန် ၂၂၀၀၀ ကျပ်မှ ၂၃၀၀၀ ကျပ်၊ နွေဆန်ရှယ်ဈေးနှုန်း ၂၀၀၀၀ ကျပ်မှ ၂၂၀၀၀ ကျပ်အတွင်းဖြစ်ခဲ့ကြလို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၇၀၀ ကျပ်မှ ၂၅၀၀ ကျပ်အတွင်း ဈေးသိသာစွာ တက်သွားတာတွေ့ရပြီး ရေဘေးကြောင့် ပြည်ပတင်ပို့မှုကို ရပ်နားထားကြသော်လည်း ရေဘေးအလှူအတွက် ဆန်ကြမ်းတွေ အဝယ်သွက်နေလို့ ဈေးတက်သွားခဲ့ရတာ ဖြစ်ကြောင်း၊ ယခု ဝါးတန်းဒိုင်တွင် လက်လီဆိုင်သမားတွေ အဝယ်ပြန်ငြိမ်သွားသော်လည်း ရေဘေးအလှူ ဝါဆိုအလှူ ဆန်သမားတွေကြောင့် ဝယ်လိုအားများနေပြီး ဆန်အဝင်မှာမူ ပုံမှန်ထက်အနည်းငယ်ပါးနေတယ်လို့ ကုန်စည်ဒိုင်ဆန်ဈေးကွက်မှ သိရှိရပါတယ်။

ရန်ကုန်ဈေးကွက်အတွင်း ဧည့်မထ ၂၅ မှတ် ဆန်တစ်အိတ် ၁၀၈ ပေါင်ကို အနည်းငယ်ညံ့ရင် ၁၇၀၀၀ ကျပ်နှင့် ဆန်သားကောင်းရင် ၁၈၀၀၀ ကျပ်ခန့် ဈေးနှုန်းဖြစ်ပေါ်နေပြီး ပြည်ပဆန်တင်ပို့မှုကို ရေဘေးကြောင့် ရပ်နားထားသော်လည်း ရေဘေးအလှူအတွက် ဧည့်မထ ၂၅ မှတ် ဆန်တွေ အဝယ်သွက်နေတယ်လို့ သိရပါတယ်။

တရုတ်လိုင်းဖြစ်တဲ့ မူဆယ်မှာ ၂၀၁၅ ခုနှစ် ဩဂုတ်လ ၃ ရက်အထိသာ ဆန်ဈေးနှုန်းထွက်ရှိခဲ့သော်လည်း နောက်ပိုင်းရက်များမှာ ဆန်ဈေးနှုန်းစာရင်းများထွက်ရှိမှုမရှိတော့ဘဲ ကုန်စည်ဒိုင်သို့ နှစ်ဖက်ဆန်ကုန်သည်များ အလာနည်းသွားပြီး အရောင်းအဝယ်လည်း မဖြစ်တော့ကြောင်း၊ ယခင်ရောင်းဝယ်ထားပြီးသော ဆန်အချို့ကိုသာ တင်ပို့မှုအနည်းငယ်ရှိတော့ကြောင်း၊ ပြည်တွင်းနယ်စုံမှ မူဆယ်သို့ ၂၀၁၅ ခုနှစ် ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၆ ရက်ထိ ဆန်မျိုးစုံတန်ချိန် ၁၄၉၀၀ ကျော် ဝင်ရောက်ခဲ့ပြီး ဩဂုတ်လ ၇ ရက်နေ့မှ စ၍ နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းများရဲ့ အဓိကထွက်ပေါက်ဖြစ်တဲ့ မန္တလေး(၁၆)မိုင်စစ်ဆေးရေးစခန်းမှ ဆန်စပါးများ ဖြတ်သန်းသယ်ဆောင်ခြင်းကို တရားဝင် တားဆီးထားတဲ့အတွက် ရန်ကုန်မှ မူဆယ်သို့ ဆန်ကားများ မသွားတော့ကြောင်း မူဆယ်နှင့် ကုန်ကားဂိတ်များမှ ကြားသိရပါတယ်။

မြန်မာ့ဆန်နဲ့ ဆန်ကွဲပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇူလိုင်လ ၃၁ ရက်နေ့ထိ တန်ချိန် ၆၂၁၈၄၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၁၅ သန်းကျော်ဖိုးရှိနေကာ ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၁၅၉၄၄၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၄၄ သန်းကျော်ဖိုး ပိုမိုတင်ပို့ထားနိုင်တာ တွေ့ရပါတယ်။ ယခုအခါ ရေဘေးကြောင့် ပြည်ပဆန်တင်ပို့မှုများ ရပ်နားထား ကြသော်လည်း ရေဘေးအရှိန်ကြောင့် တစ်ပတ်၊ နှစ်ပတ်အတွင်း ဆန်ဈေးအနည်းငယ်ဆက်မာနေဦးမည်ဖြစ်ပြီး နောက်ပိုင်းမှာတော့ ပုံမှန်အခြေအနေပြန်ရောက်နိုင်မယ်လို့ ဆန်ဈေးကွက်မှ သုံးသပ်လျက်ရှိနေကြောင်း တင်ပြလိုက်ပါတယ်။

**သန်းအေး-ဆန်စပါး**

# ဇူလိုင်လအတွင်း ဆန်တင်ပို့မှုလျော့ကျ

ကုန်သွယ်ရေးစခန်းများမှ ဆန်တင်ပို့မှုမှာ ဇူလိုင်လအတွင်း ၄၈၇၃၅ တန်ကျော် တန်ဖိုး ကန်ဒေါ်လာ ၁၈ ဒသမ ၄၉၇ သန်းဖိုး တင်ပို့ထားခဲ့ပါတယ်။

အနီးစပ်ဆုံးဇွန်လထက် ၇၂၁၆ တန် လျော့နည်းတင်ပို့ခဲ့ကြောင်း သိရပါတယ်။ ဇူလိုင်လဆန်းမှာ တရုတ်ဘက်က အဖမ်းအဆီးများတာကြောင့် ဆန်တင်ပို့မှု လျော့ကျခဲ့တာ ဖြစ်ပါတယ်။

တရုတ်ဘက်က ဖမ်းဆီးခံရလို့ ဇူလိုင်လလယ်မှာတော့ တရုတ်ကုန်သည်တွေဘက်က ငွေပေးချေရန် ကြွေးကျန်များရှိနေတဲ့အတွက် နောက်ပိုင်းမှာ အကြွေးစနစ်အစား လက်ငင်းငွေချေစနစ်နဲ့ ရောင်းချလာခဲ့ပါတယ်။

ဇူလိုင်လ နောက်ဆုံးပတ်မှာတော့ တရုတ်ဘက်ကို တရားဝင်လမ်းကြောင်းမှ တင်ပို့ဖို့ စီစဉ်ခဲ့ပါတယ်။ ဩဂုတ်လဆန်းပိုင်းမှာတော့ မြန်မာနိုင်ငံတစ်ဝန်း ရေကြီးမှုတွေဖြစ်ပေါ်လာပြီး ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နဲ့ စစ်ကိုင်းတိုင်းဒေသကြီးတွေမှာ ဆန်များ ပြတ်လုနီးပါးအထိ ဖြစ်နေသည့်အတွက် ရေကြီးမှုကို အခွင့်ကောင်းယူကာ ဆန်ဈေးများ အဆမတန် ဈေးတက်ရောင်းချနေမှုမှ ကာကွယ်ရန်နဲ့ ပြည်တွင်းစားသုံးမှု ဖူလုံရေး၊ ဆန်ဈေးနှုန်း တည်ငြိမ်ရေးအတွက် ပြည်ပသို့ ဆန်တင်ပို့မှုကို ရပ်ဆိုင်းထားရန်၊ မိုးစပါးပေါ်ချိန် စက်တင်ဘာလအလယ်အထိ ပြည်ပဆန်တင်ပို့မှုကို ရပ်ဆိုင်းထားကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဆန်တင်ပို့မှုကတော့ ဇူလိုင်လ နောက်ဆုံးပတ်မှာ ကန်ဒေါ်လာ သုည ဒသမ ၆၈၄ သန်းဖိုးရှိ ဧည့်မထဆန် ၁၈၉၁ တန်ကျော်ကို ရုရှား၊ ပိုလန်၊ ယူနိုက်တက်ကင်းဒမ်း၊ တရုတ်နိုင်ငံများကို တင်ပို့ခဲ့ပြီး ကန်ဒေါ်လာ သုည ဒသမ ၇၁၇ သန်းဖိုးရှိ ပေါင်းဆန် ၁၆၄၅ တန်ကို အီးယူနိုင်ငံများကို တင်ပို့ခဲ့ပါတယ်။

ဆန်ကွဲ ၃၃၂၂ တန်ကျော် တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၈၉၃ သန်းဖိုးကိုလည်း အီးယူနိုင်ငံများနဲ့ စင်ကာပူနိုင်ငံကို တင်ပို့ခဲ့ပါတယ်။

ဇူလိုင်လ တစ်လလုံးမှာ ကန်ဒေါ်လာ ၄ ဒသမ ၄၆၅ သန်းဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၁၁၈၃၄ တန်ခန့်နဲ့ ကန်ဒေါ်လာ ၃ ဒသမ ၉၅၇ သန်းဖိုးရှိ ဆန်ကွဲ ၁၄၆၃၁ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ တင်ပို့ခဲ့ကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၆-၈-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၉၇ | ၃၈၆ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၈၈ | ၃၇၇ | ▽ | ၃၄၅ | ၃၄၀ | ▽ | ၃၈၅ | ၃၈၅ | □ | ၃၆၀ | ၃၄၀ | ▽ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၇၂ | ၃၆၅ | ▽ | ၃၂၅ | ၃၂၅ | □ | ၃၅၀ | ၃၅၀ | □ | ၃၂၀ | ၃၁၀ | ▽ |
| ပေါင်းဆန် | ၃၈၀ | ၃၇၅ | ▽ | - | - | - | ၃၇၅ | ၃၇၅ | □ | ၄၁၅ | ၄၁၅ | □ |

*Source: oryza.com*

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၆-၈-၂၀၁၅ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၇၀ | ၄၇၀ | □ | ၅၃၅ | ၅၃၅ | □ | ၅၃၀ | ၅၃၀ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၄၅ | ၄၄၅ | □ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၇-၈-၂၀၁၅) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၈၇၆ | □ | ၂၀၅၀၀ | △ | ၈၀၉၆ | □ | ၄၀၀၀၀ | □ |
| ပုသိမ် | ၄၈၇၆ | □ | ၂၁၀၀၀ | □ | ၇၈၈၅ | □ | ၃၆၅၀၀ | □ |
| ပဲခူး | ၄၈၅၀ | △ | ၁၉၀၀၀ | □ | ၇၃၀၀ | △ | ၃၃၀၀၀ | △ |
| ရွှေဘို | ၄၇၀၀ | □ | ၂၁၀၀၀ | □ | ၁၂၀၀၀ | △ | ၄၀၀၀၀ | □ |
| စစ်တွေ | - | - | ၂၇၀၀၀ | △ | - | - | ၄၀၀၀၀ | △ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၃၀၀ | □ | ၂၄၀၀၀ | □ | - | - | ၄၅၀၀၀ | △ |
| ရန်ကုန်(ဝါးတန်း) | ၄၇၅၀ | △ | ၁၉၅၀၀ | □ | - | - | ၃၈၀၀၀ | △ |
| မန္တလေး | ၅၅၀၀ | □ | ၂၂၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မကွေး | ၇၀၀၀ | □ | ၂၅၀၀၀ | △ | - | - | ၄၂၀၀၀ | △ |
| မော်လမြိုင် | ၅၀၀၀ | □ | ၂၀၀၀၀ | △ | ၈၀၀၀ | □ | ၃၄၀၀၀ | △ |
| လွိုင်ကော် | ၆၀၀၀ | □ | ၂၅၀၀၀ | △ | - | - | ၄၃၀၀၀ | △ |
| မြိတ် | ၅၀၀၀ | □ | ၂၂၀၀၀ | □ | - | - | ၄၁၀၀၀ | △ |
| ဘားအံ | ၅၀၀၀ | △ | ၂၂၀၀၀ | □ | - | - | ၃၄၀၀၀ | △ |
| တောင်ကြီး | - | - | ၂၃၅၀၀ | △ | - | - | ၄၅၀၀၀ | △ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

# တောင်ပံ့မွှေးစပါးဈေးငြိမ်ပြီး ဧည့်မထဆန်ဈေး အနည်းငယ်တက်

ဩဂုတ်လပထမပတ်အတွင်း ပြည်ဆန်ဈေးကွက်မှာ မိုးများခြင်း၊ ရေလွှမ်းမိုးခြင်းများ ဖြစ်ပေါ်နေပေမယ့် ဆန် စပါးဈေးတွေ အလွန်အမင်းတက်တာ မတွေ့ရဘဲ တောင်ပံ့မွှေးစပါးဆန်ဈေးငြိမ်ပြီး၊ ဧည့်မထစပါးဆန်သာ အနည်းငယ်တက်တာ တွေ့ရပါတယ်။ ယခုတစ်ပတ် တောင်ပံ့မွှေးစပါးဈေး တင်း ၁၀၀၊ ၄၆ ပေါင်ကိုက် ဈေး ၈၀၉၆၀၀ ကျပ်နှင့် ဆန်တစ်အိတ်ဈေး ကျပ် ၄၀၀၀၀ ဖြင့် ဈေးငြိမ်ပြီး ပုံမှန်အရောင်းအဝယ်ဖြစ်လျက် ရှိနေပါတယ်။

ဧည့်မထ မိုးအဟောင်းစပါးဈေးကတော့ ၅၄၂၈၀၀ ကျပ်နှင့် ဆန်တစ်အိတ်ဈေး ၂၂၀၀၀ ကျပ်ဖြင့် ဈေးအနည်းငယ်တက်ပြီး အရောင်းအဝယ်ဖြစ်နေပါတယ်။ ဆန်တစ်အိတ်ကို ၁၀၀၀ ကျပ်သာမြင့်တက်လာတာ တွေ့ရပါတယ်။ နယ်သို့တင်ပို့မှုမရှိပေမယ့် ဒေသတွင်း ရေဘေးသင့်ဒုက္ခသည်များသို့ ကူညီပံ့ပိုးမှုများ အတော်လေးရှိတာကြောင့် ဒေသတွင်းစားသုံးမှုအတွက် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ဒေသတွင်း ဧည့်မထစပါး ဈေးဟာလည်း ပုံမှန် ၄၈၇၆၀၀ ကျပ်ဖြစ်ပြီး ဆန်တစ်အိတ်ဈေးကတော့ လတ်စ ၂၀၅၀၀ ကျပ်နှင့် ထိပ်စ ၂၂၀၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ဈေးအနည်းငယ်တက်လာခြင်းဖြစ်ပါတယ်။

**နီနီဝင်း-ပြည်**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၇-၈-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၃၀/၇ | ၇/၈ | ပြောင်းလဲမှု | ၃၀/၇ | ၇/၈ | ပြောင်းလဲမှု | ၃၀/၇ | ၇/၈ | ပြောင်းလဲမှု | ၃၀/၇ | ၇/၈ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၁၃၈ | ၂၁၀၀ | ▼ | ၂၀၆၇ | ၂၂၅၀ | ▲ | ၂၁၅၀ | ၂၃၀၀ | ▲ | ၂၀၀၀ | ၂၀၀၀ | ■ |
| ၂ | ပဲစင်းငုံ | ၂၂၂၁ | ၂၂၈၆ | ▲ | ၂၁၁၇ | - | - | ၂၁၅၀ | ၂၂၀၀ | ▲ | ၂၀၀၀ | ၂၀၀၀ | ■ |
| ၃ | ပဲတီစိမ်း | ၁၉၆၅ | ၂၀၃၀ | ▲ | ၁၆၈၉ | ၁၉၅၆ | ▲ | ၂၀၀၀ | ၂၀၅၃ | ▲ | ၁၈၇၀ | ၁၈၉၅ | ▲ |
| ၄ | ကုလားပဲရိုးရိုး | ၁၆၀၀ | ၁၇၅၀ | ▲ | - | - | - | - | - | - | ၁၃၀၅ | ၁၄၂၀ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၂၃၀ | ၁၂၃၀ | ■ | - | ၁၁၃၃ | - | - | - | - | ၁၀၅၃ | ၁၀၅၀ | ▼ |
| ၆ | ထောပတ်ပဲ | ၇၈၀ | ၉၃၅ | ▲ | ၈၅၃ | ၁၀၁၃ | ▲ | ၇၃၇ | ၈၆၈ | ▲ | ၆၈၅ | ၈၄၀ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၇-၈-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | | ၂၉/၇ | ၆/၈ | ပြောင်းလဲမှု | ၂၉/၇ | ၆/၈ | ပြောင်းလဲမှု | ၂၉/၇ | ၆/၈ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၀၇၀ | ၁၀၇၀ | ■ | ၁၁၂၇ | ၁၁၂၉ | ▲ | ၁၀၄၉ | ၁၀၆၆ | ▲ |
| ၂ | ပဲစင်းငုံ | ၁၀၉၀ | ၁၁၀၀ | ▲ | ၁၁၅၄ | ၁၂၀၀ | ▲ | ၁၁၅၄ | ၁၂၀၈ | ▲ |
| ၃ | ပဲတီရွှေဝါ | ၁၀၄၀ | ၁၀၄၀ | ■ | ၉၃၉ | ၈၇၈ | ▼ | ၉၃၉ | ၉၈၈ | ▲ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၆၅၀ | ၆၅၀ | ■ | ၇၀၈ | ၇၀၆ | ▼ | ၇၂၀ | ၆၉၄ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှုအခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၄.၁၅) မှ |
| | (၂၅.၇.၁၅)ထိ | (၁.၈.၁၅)ထိ | (၁.၈.၁၅) ထိ |
| မတ်ပဲ | ၉၅၄၉ | ၃၄၁၅ | ၃၁၈၂၄၆ |
| ပဲတီစိမ်း | ၁၄၅၆ | ၁၃၉၈ | ၇၅၈၈၄ |
| ပဲစင်းငုံ | ၁၈၇၂ | ၂၃၇၃ | ၈၇၀၈၃ |
| ကုလားပဲ | ၁၅၀၉ | ၁၀၃၂ | ၁၈၂၇၉ |
| ပဲလွန်းဖြူ | ၆၅ | ၄၇ | ၉၁၆၅ |
| မြေထောက်ပဲ | ၁၂၀ | ၁၁၇ | ၉၆၄၀ |



## စစ်ကိုင်းပဲတီစိမ်း ကြိုက်ဈေးရ၍ လှောင်လက်များ ထုတ်ရောင်းလျက်ရှိ

မုံရွာကုန်စည်ဒိုင်၌ ၂၀၁၅ခုနှစ်၊ ဩဂုတ်လ ပထမပတ်အတွင်း အရောင်းအဝယ်အကောင်းဆုံးသီးနှံမှာ ပဲတီစိမ်းသီးနှံဖြစ်ပါတယ်။ မုံရွာကုန်စည်ဒိုင်သို့ မုံရွာမြို့ဝန်းကျင် ချောင်းဦးမြို့နယ်ရှိ ခင်မွန်၊ အမြင့်၊ ဆူးလေကုန်း၊ ဝယာကျေးရွာများနှင့် အရာတော်မြို့နယ်ရှိ နေရာခင်း၊ လိန်လှ၊ မြေနက်၊ မကျီးကန်ကျေးရွာများမှ ပဲတီစိမ်းသီးနှံ ဝင်ရောက်မှုနည်းသော်လည်း ကြိုက်ဈေးရလို့ လှောင်လက်များက ထုတ်ရောင်းကြခြင်းနဲ့ Export(တရုတ်)ဝယ်လက်ရှိ၍ မန္တလေးအဆွဲရှိကာ အရောင်းအဝယ် အကောင်းဆုံးသီးနှံဖြစ်နေတာကြောင့် မုံရွာကုန်စည်ဒိုင်၌ ယခုတစ်ပတ်အတွင်း ပဲတီစိမ်းသီးနှံ တစ်ရက်ပျမ်းမျှ တင်း ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ပါတယ်။ ဩဂုတ်လ ပထမပတ် အတွင်း ပဲတီစိမ်းသီးနှံ တစ်တင်းပေါက်ဈေး အနိမ့်၊ အမြင့်မှာ ၃၉၀၀၀ ကျပ်၊ ၄၁၀၀၀ ကျပ်။ ယခင်နှစ်ကာလတူ ပေါက်ဈေးမှာ ၃၆၅၀၀ ကျပ်၊ ၃၇၀၀၀ ကျပ် ဈေးပေါက်ခဲ့ပါတယ်။

**သန်းသန်းတင်-မုံရွာ**

# ပြည်ပဲမျိုးစုံဈေးကွက်တွင် နှစ်အလိုက် ကာလတူအချိန်ဖြစ်ပေါ်ခဲ့သော ပဲဈေးနှုန်းအခြေအနေ

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်တွင် ဇူလိုင်လအတွင်း ဖြစ်ပေါ်ခဲ့သော နှစ်အလိုက် ပဲဈေးနှုန်းများကို လေ့လာရာတွင် ပြည်ပဝယ်လိုအားရှိသော မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းသီးနှံများ တစ်နှစ်ထက်တစ်နှစ် ဈေးကောင်းရလာသလို ပြည်တွင်းဝယ်လက်သာရှိသော ကုလားပဲ၊ ပဲကြီးနှင့် ပဲပုပ်သီးနှံများအနက် ကုလားပဲ သီးနှံတစ်မျိုးသာ ယခုနှစ် ဈေးပိုလာပြီး ကျန်ပဲများဖြစ်တဲ့ ပဲပုပ်သီးနှံမှာ တစ်နှစ်ပြီး တစ်နှစ် ဈေးလျော့နည်းသွားပြီး ပဲကြီးသီးနှံမှာ ယခင်နှစ်ဈေးနှင့်ယခုနှစ်ဈေးမှာ သိပ်မကွာခြားဘဲ အရောင်းအဝယ်ဖြစ်ခဲ့ကြတာကို အောက် ဖော်ပြပါဇယားအတိုင်း တွေ့ရှိရပါတယ်-

| ပဲအမျိုးအစား | ၂၀၁၃ ဇူလိုင် | | ၂၀၁၄ ဇူလိုင် | | ၂၀၁၅ ဇူလိုင် | |
|---|---|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် |
| မတ်ပဲ | ၁၄၂၀၀ | ၁၅၉၀၀ | ၂၆၀၀၀ | ၂၈၉၀၀ | ၄၀၃၀၀ | ၄၁၅၀၀ |
| ပဲတီစိမ်း | ၁၉၅၀၀ | ၂၃၅၀၀ | - | - | ၃၆၀၀၀ | ၄၀၀၀၀ |
| ပဲစင်းငုံ | ၁၇၀၀၀ | ၁၉၅၀၀ | ၂၀၁၀၀ | ၂၁၇၀၀ | ၃၇၅၀၀ | ၄၃၀၀၀ |
| ပဲကြီး (ရွှေကျွန်း) | ၃၅၈၀၀ | ၃၆၀၀၀ | ၂၄၉၀၀ | ၂၆၀၀၀ | ၂၆၅၀၀ | ၂၈၀၀၀ |
| ပဲကြီး (ကမ်းနား) | ၃၃၀၀၀ | ၃၄၀၀၀ | ၂၂၅၀၀ | ၂၂၉၀၀ | ၂၄၅၀၀ | ၂၆၅၀၀ |
| ပဲပုပ် | ၂၁၀၀၀ | ၂၂၀၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၁၆၅၀၀ |
| ကုလားပဲ | ၁၇၅၀၀ | ၁၈၃၀၀ | ၁၄၅၀၀ | ၁၄၈၀၀ | ၂၄၅၀၀ | ၂၇၅၀၀ |

မတ်ပဲဈေးနှုန်းမှာ ၂၀၁၃ ခုနှစ် ဇူလိုင်လအတွင်း တစ်တင်းကို အနိမ့်ဈေး ၁၄၂၀၀ ကျပ်နှင့် အမြင့်ဈေး ၁၅၉၀၀ ကျပ်ရရှိပြီး ၎င်းနှစ်တွင်မတ်ပဲသီးနှံမှာ အခြားပြည်ပဝယ်လိုအားရှိသော ပဲများထက် ဈေးနိမ့်ရခဲ့တာကို တွေ့ရပါတယ်။ ၂၀၁၄ မှာတော့ ယခင်နှစ်ထက်ဈေးပိုလာပြီး ၂၆၀၀၀ ကျပ်မှ ၂၈၉၀၀ ကျပ်ထိ ရရှိလာကာ ပဲစင်းငုံသီးနှံထက်လည်း ဈေးမြင့်ရခဲ့ပါတယ်။ ၂၀၁၅ ဇူလိုင်လမှာတော့ မတ်ပဲဈေးဟာ ယခင်နှစ်များက ဈေးနှုန်းများထက် နှစ်ဆခန့်မြင့်တက်ခဲ့လို့ တစ်တင်း ၄၀၃၀၀ ကျပ်မှ ၄၁၅၀၀ ကျပ်အထိ ဈေးကောင်းရနေပြီး ပြည်ပဝယ်လိုအားလည်းကောင်းလို့ ရန်ကုန်ဝယ်လက်မှ ဝယ်ယူလျက်ရှိကာ အရောင်းအဝယ် သွက်ခဲ့တဲ့ပဲဖြစ်ခဲ့ပါတယ်။

ပဲတီစိမ်းသီးနှံကတော့ ၂၀၁၃ ဇူလိုင်လအတွင်း တစ်တင်း ၁၉၅၀၀ ကျပ်မှ ၂၃၅၀၀ ကျပ်ထိရရှိခဲ့ပြီး ၎င်းနှစ်မှာ မတ်ပဲဈေးထက် ဈေးပိုရခဲ့ပါတယ်။ ၂၀၁၄ ဇူလိုင်လအတွင်း ဈေးကွက်သို့ ပဲဝင်ရောက်မှု နောက်ကျတဲ့အတွက် အရောင်းအဝယ်မဖြစ်သေးဘဲ ယခုနှစ် ၂၀၁၅ ဇူလိုင်လမှာတော့ ပဲသစ်များဝင်ရောက်ခဲ့လို့ နေ့စဉ်အိတ် ၂၀၀ ကျော်ထိ ဝင်ရောက်လာခဲ့ကာ တရုတ်ဝယ်လက်ရှိလို့ အဝယ်လိုက်ခဲ့တယ်လို့ မန္တလေးလိုင်းသမားများထံမှ သိရပါတယ်။ ယခုနှစ်ပဲဈေးနှုန်းမှာ တစ်တင်း ၃၆၀၀၀ ကျပ်မှ ၄၀၀၀၀ ကျပ်ထိ ဈေးကောင်းလျက် ရှိခဲ့ပါတယ်။ ပဲသစ်ပေါ်စတွင် တစ်တင်း ၄၀၀၀၀ ကျပ်ရခဲ့ပြီး ပဲဝင်ရောက်မှုများလာချိန်မှာတော့ ဈေးအနည်းငယ်လျော့သွားခဲ့တာကို တွေ့ရပါတယ်။

ပဲစင်းငုံသီးနှံမှာ ကာလတူအချိန် နှစ်အလိုက်နှိုင်းယှဉ်ရာတွင် ၂၀၁၃ ဇူလိုင်လအတွင်း လဆန်းရက်မှာ တစ်တင်း ၁၉၅၀၀ ကျပ်ရရှိခဲ့ပြီး လဆန်းရက်မှာတော့ ဈေးပြန်ကျလို့ တစ်တင်း ၁၇၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ဈေးနှုန်းအနေအထားကို ကြည့်မယ်ဆိုရင် ယခင်နှစ် ဇူလိုင်လအတွင်းက ၂၀၁၃ခုနှစ်ထက် ဈေးအနည်းငယ်ပိုရခဲ့လို့ တစ်တင်း ၂၀၁၀၀ ကျပ်မှ ၂၁၇၀၀ ကျပ်ရရှိခဲ့ကာ ယခုနှစ် ဇူလိုင်လမှာတော့ တစ်တင်း ၃၇၅၀၀ ကျပ်မှ ၄၃၀၀၀ ကျပ်ထိ ဈေးကွက်အတွင်း ပဲဈေးနှုန်းအမြင့်ဆုံးရလျက်ရှိသလို မတ်ပဲနှင့်လည်း ဈေးပြိုင်ရနေတဲ့နှစ်ဖြစ်ခဲ့ပါတယ်။ ပဲစင်းငုံသီးနှံမှာ ဇူလိုင်လအတွင်း လက်ကျန်ပဲများသာ ရန်ကုန်ဝယ်လက်မှ ရက်ခြားဝယ်ယူနေတာကြောင့် အိတ် ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်လျက်ရှိခဲ့ပါတယ်။

ပဲကြီးဈေးနှုန်းများကတော့ ၂၀၁၃ ဇူလိုင်လမှာ ၂၀၁၄၊ ၂၀၁၅ ခုနှစ်များနှင့်ယှဉ်ရင် တစ်တင်း သုံးသောင်းကျပ်အထက်ရခဲ့လို့ ဈေးအကောင်းဆုံးနှစ်ဖြစ်ခဲ့ပါတယ်။ ၎င်းနှစ်အတွင်း (ရွှေကျွန်း) တစ်တင်း ၃၅၈၀၀ ကျပ်မှ ၃၆၀၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၃၃၀၀၀ ကျပ်မှ ၃၄၀၀၀ ကျပ်ရခဲ့ကာ ၂၀၁၄ ဇူလိုင်လမှာ (ရွှေကျွန်း) တစ်တင်း ၂၄၉၀၀ ကျပ်မှ ၂၆၀၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၂၂၅၀၀ ကျပ်မှ ၂၂၉၀၀ ကျပ်ဖြင့် ယခင်နှစ်ထက် ဈေးလျော့နည်းသွားပြီး ၂၀၁၅ ခုနှစ် ဇူလိုင်လမှာ (ရွှေကျွန်း) တစ်တင်း ၂၆၅၀၀ ကျပ်ဖြင့် ၂၈၀၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၂၄၅၀၀ ကျပ်မှ ၂၆၅၀၀ ကျပ်ဖြင့် ယခင်နှစ်ဈေးနှင့် ဈေးသိပ်မကွာခြားဘဲ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဝယ်လက်ကတော့ ဒေသတွင်းပဲလှော်ဖိုသမားသာ အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။

ပဲပုပ်သီးနှံဈေးမှာ ၂၀၁၃ ခုနှစ် ဇူလိုင်လဈေးနှင့် ၂၀၁၄ ခုနှစ် ဇူလိုင်ဈေးမှာ ဈေးအတက်အကျ အပြောင်းအလဲ သိပ်မကွာခြားဘဲ တစ်တင်း နှစ်သောင်းပတ်ဝန်းကျင် အရောင်းအဝယ်ဖြစ်ခဲ့သလို ၂၀၁၅ ဇူလိုင်မှာတော့ တစ်တင်း ၁၆၀၀၀ ကျပ်မှ ၁၆၅၀၀ ကျပ်ဖြင့်သာ ဈေးငြိမ်နေသလို ၂၀၁၅ တစ်နှစ်တာလုံးလည်း ဈေးငြိမ်ခဲ့တဲ့ ပဲဖြစ်ပြီး ယခုရာသီမှာတော့ လက်လီသမားလောက်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။

ကုလားပဲသီးနှံဈေးနှုန်းများကို နှိုင်းယှဉ်ရာမှာတော့ ၂၀၁၄ ခုနှစ်မှာ တစ်တင်း ၁၄၅၀၀ ကျပ်မှ ၁၄၈၀၀ ကျပ်သာရရှိလို့ ဈေးအေးခဲ့တဲ့ သီးနှံဖြစ်ခဲ့ပြီး ၂၀၁၃ ခုနှစ် ဇူလိုင်ဈေးကတော့ ၂၀၁၄ ထက် ဈေးပိုရခဲ့တာကို တွေ့ရပါတယ်။ ၂၀၁၄ ခုနှစ်အတွင်း ကုလားပဲသီးနှံဟာ ဈေးအေးခဲ့တဲ့ သီးနှံဖြစ်ပြီး ပဲဈေးကွက်အတွင်းမှာလည်း အဓိကအရောင်းအဝယ်ဖြစ်သော ပဲများအနက် ဈေးအနိမ့်ဆုံးရခဲ့တဲ့ပဲဖြစ်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်အတွင်း မှာတော့ ယခင်နှစ်များနဲ့ယှဉ်ရင် ယခုနှစ်မှာ ဈေးကောင်းလာတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ဒေသတွင်းသာ အရောင်းအဝယ်ဖြစ်မှုများတဲ့ ပဲကြီးသီးနှံနှင့်ယှဉ်ရင်လည်း ယခင်နှစ်က ပဲကြီးဈေးထက် ကုလားပဲသီးနှံမှာ ဈေးလျော့ခဲ့ပြီး ယခုနှစ်မှာတော့ ပဲကြီးသီးနှံဈေးနှင့်အပြိုင် ကုလားပဲဈေးနှုန်းမြင့်တက်လာလို့ ဇူလိုင်လအတွင်း တစ်တင်း ၂၄၅၀၀ ကျပ်မှ ၂၇၅၀၀ ကျပ်ထိ ရရှိခဲ့ကြောင်း သိရပါတယ်။

ဒါကြောင့် ယခုနှစ် ဇူလိုင်လအတွင်း အဓိကအရောင်းအဝယ်ဖြစ်ခဲ့သော ပဲများရဲ့ဈေးနှုန်းများမှာ မတ်ပဲ၊ ပဲစင်းငုံ၊ ပဲကြီးသီးနှံများ ယခင်နှစ်ကာလတူဈေးနှုန်းများထက် ဈေးကောင်းရနေသလို ဈေးကွက်အတွင်းမှာလည်း ဈေးအမြင့်ဆုံးရခဲ့တဲ့ သီးနှံများဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

Vol: 15, No.30 Monday August 10 2015

# မန္တလေးကုန်စည်ဒိုင်မှာ အဓိကအရောင်းအဝယ်ပြုလုပ်တဲ့ ပဲ၊ ပြောင်း၊ နှမ်းများရဲ့ ယခင်လနဲ့ ယခုလ ကာလတူဈေးနှုန်းနှိုင်းယှဉ်ခြင်း

မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း)မှာ နေ့စဉ် (ဥပုသ်နေ့မှ အပ) အရောင်းအဝယ်ပြုလုပ်နေတဲ့ ပဲ၊ ပြောင်း၊ နှမ်းများကို အဓိကဝယ်ယူတဲ့ ပြည်ပဝယ်လက် (တရုတ်၊ အိန္ဒိယ) များအနက် အရောင်းအဝယ်ဖြစ်တဲ့ သီးနှံများရဲ့ ၆၅ ရာခိုင်နှုန်းကျော် (သုံးပုံနှစ်ပုံကျော်)ကို တရုတ်နိုင်ငံမှ ဝယ်ယူကြောင်း သိရပါတယ်။ အိမ်နီးချင်းနိုင်ငံဖြစ်သလို ကုန်သွယ်မှုလမ်းကြောင်းကလည်း လျင်မြန်ချောမွေ့တာကြောင့် အရောင်းအဝယ် သွက်လက်မြန်ဆန်သလို ကုန်ပစ္စည်းရဲ့ ဈေးနှုန်းများကလည်း တစ်ရက်နဲ့ တစ်ရက်၊ တစ်လနဲ့တစ်လ မတူညီဘဲ ဈေးနှုန်းကွာဟမှုရှိတာကြောင့် ယခင်လနဲ့ ယခုလ ကာလတူမှာ ဖြစ်ပေါ်တဲ့သီးနှံများရဲ့ ဈေးနှုန်းများကို နှိုင်း ယှဉ်ပါက-



**တစ်ပိဿာဈေး-ကျပ်**

| သီးနှံအမည် | ၅. ၇. ၂၀၁၅ | | ၅. ၈. ၂၀၁၅ | |
|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် |
| ပဲတီစိမ်း | ၁၉၇၃ | ၂၀၉၈ | ၂၀၆၂ | ၂၀၈၀ |
| ပဲယင်း | ၇၅၀ | ၈၀၇ | ၈၀၇ | ၈၃၃ |
| ပဲနီပြား | ၉၅၉ | ၁၀၅၀ | ၉၉၅ | ၁၁၂၂ |
| ထောပတ်ပဲ | ၈၈၉ | ၉၂၄ | ၈၈၉ | ၉၇၈ |
| နိုင်လွန်ပဲ | ၈၆၀ | ၈၇၈ | ၁၀၁၃ | ၁၀၄၆ |
| မြေထောက်ပဲ | ၉၈၁ | ၁၁၁၁ | ၁၀၁၉ | ၁၁၆၇ |
| ပြောင်းဖူးစေ့ | ၅၀၉ | ၅၁၉ | ၅၆၅ | ၅၇၄ |
| ပြောင်းဖူးစေ့ စီပီ | ၅၀၉ | ၅၁၉ | ၅၈၃ | ၅၉၃ |
| အထွက်တိုးပြောင်း | ၅၁၉ | ၅၂၈ | ၅၇၅ | ၅၈၅ |
| ဆန်ပြောင်း | ၄၆၄ | ၄၇၃ | ၄၇၃ | ၄၈၁ |
| နှမ်းဖြူ | ၂၂၂၂ | ၂၄၀၀ | ၂၂၆၇ | ၂၄၄၄ |
| နှမ်းညို | ၁၈၀၀ | ၁၈၄၄ | ၁၉၅၆ | ၁၉၆၇ |
| နှမ်းနက် | ၂၆၆၇ | ၃၃၃၃ | ၂၅၅၆ | ၃၇၇၈ |
| နှမ်းနက် စမုံ | ၃၈၈၉ | ၄၂၈၉ | ၅၁၁၁ | ၅၄၄၄ |
| မြေပဲဆန် S 1 | ၂၈၇၅ | ၂၉၀၀ | ၃၆၀၀ | ၃၆၅၀ |

ဩဂုတ်လ လဆန်းပိုင်းမှာ ယခင်လ ကာလတူဈေးနှုန်းများနဲ့ နှိုင်းယှဉ်ကြည့်ပါက ပြည်ပ (တရုတ်)ကို အဓိကတင်ပို့တဲ့ ပဲ၊ ပြောင်း၊ နှမ်းများအနက် ပဲတီစိမ်းတစ်မျိုးမှလွဲ၍ ကျန်ပဲ၊ ပြောင်း၊ နှမ်းများ ဈေးမာနဲ့ အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါ တယ်။ ယခုတစ်ပတ်မှာ ပဲတီစိမ်းကြီး တစ်ပိဿာ ၂၀၈၀ ကျပ် (တစ်တန် ၁၂၇၃၇၇၁ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လ ကာလတူဈေးအောက် တစ်ပိဿာ ၁၈ ကျပ် (တစ်တန် ၁၁၀၂၃ ကျပ်)ဈေးအေးပြီး နေ့စဉ် သုံးတင်းအိတ် ၁၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ယခုသီတင်းပတ်မှာ ပဲယင်းတစ်ပိဿာ ၈၃၃ ကျပ် (တစ်တန် ၅၁၀၁၂၀ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူ ဈေးနှုန်းထက် ဈေးအနည်းငယ်မာပြီး နေ့စဉ်သုံးတင်းအိတ် ၁၅၀ ခန့်၊ ပဲနီပြားတစ်ပိဿာ ၁၁၂၂ ကျပ် (တစ်တန် ၆၈၇၁၀၂ ကျပ်)ဖြစ်လို့ ယခင်လ ကာလတူဈေးအထက် တစ်ပိဿာ ၇၂ ကျပ် (တစ်တန် ၄၄၈၉၂ ကျပ်)နဲ့ နေ့စဉ်သုံးတင်းအိတ် ၂၀၀ နီးပါး၊ ထောပတ်ပဲ တစ်ပိဿာ ၉၇၈ ကျပ် (တစ်တန် ၅၉၈၉၁၇ ကျပ်) နဲ့ ဈေးမာနေပြီး နေ့စဉ်သုံးတင်းအိတ် ၂၀၀ ကျော်၊ နိုင်လွန်ပဲ တစ်ပိဿာ ၁၀၄၆ ကျပ် (တစ်တန် ၆၄၀၅၆၀ ကျပ်)ဖြစ်လို့ ယခင်ကာလတူဈေးနှုန်းထက် တစ်ပိဿာ ၁၆၈ ကျပ် (တစ်တန် ၁၀၂၈၈၂ ကျပ်) ဈေးမာပြီး နေ့စဉ် သုံးတင်းအိတ် ၂၀၀ ခန့်၊ မြေထောက်ပဲ တစ်ပိဿာ ၁၁၆၇ ကျပ် (တစ်တန် ၇၁၄၆၅၉ ကျပ်)နဲ့ ယခင်အပတ်ဈေးနှုန်းထက် ဈေးမာပြီး နေ့စဉ် သုံးတင်းအိတ် ၂၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

တရုတ်မှ ဝယ်လိုအားကောင်းမွန်တဲ့ ပြောင်းဖူးစေ့များ၊ ယခုတစ်ပတ်မှာ ဝယ်လိုအားသွက်လက်သလို ဈေးနှုန်းသည်လည်း ယခင်လကာလတူ ဈေးနှုန်းရဲ့ အထက်မှာဈေးမာလျက် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ ပြောင်းဖူးစေ့ (ရှမ်း) တစ်ပိဿာ ၅၇၄ ကျပ် (တစ်တန် ၃၅၁၅၁၂ ကျပ်)၊ ပြောင်းဖူးစေ့ စီပီတစ်ပိဿာ ၅၉၃ ကျပ်(တစ်တန် ၃၆၃၁၄၇ ကျပ်)၊ အထွက်တိုးပြောင်း တစ်ပိဿာ ၅၈၅ ကျပ် (တစ်တန် ၃၅၈၂၄၈ ကျပ်)၊ ဆန်ပြောင်း တစ်ပိဿာ ၄၈၂ ကျပ် (တစ်တန် ၂၉၅၁၇၂ ကျပ်)နဲ့ နေ့စဉ် စုစုပေါင်း သုံးတင်းအိတ် ၁၈၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ဆီထွက်သီးနှံတစ်မျိုးဖြစ်တဲ့ နှမ်းမျိုးစုံကို တရုတ်ဝယ်လက်မှ ပုံမှန်ဝယ်ယူမှုရှိသလို ဈေးနှုန်းမှာလည်း ယခင်လ ကာလတူထက် ဈေးမာလျက်ရှိကြောင်း သိရပါတယ်။ ယခုအပတ်မှာ နှမ်းဖြူ တစ်ပိဿာ ၂၄၄၄ ကျပ် (တစ်တန် ၁၄၉၆၆၈၁ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လ ကာလတူဈေးနှုန်းထက်ဈေးမာပြီး အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

နှမ်းညိုတစ်ပိဿာ ၁၉၆၇ ကျပ် (တစ်တန် ၁၂၀၄၅၇၁ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ နှမ်းညိုတစ်ပိဿာ ၁၉၆၇ ကျပ်(တစ်တန် ၁၂၀၄၅၇၁ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူဈေးနှုန်းထက် တစ်ပိဿာ ၁၂၃ ကျပ် (တစ်တန် ၇၅၃၂၄ ကျပ်)၊ နှမ်းနက် တစ်ပိဿာ ၃၇၇၈ ကျပ် (တစ်တန် ၂၃၁၃၆၀၉ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လထက် တစ်ပိဿာ ၄၄၅ ကျပ်(တစ်တန် ၂၇၂၅၁၄ ကျပ်)၊ နှမ်းနက် စမုံ တစ်ပိဿာ ၅၄၄၄ ကျပ် (တစ်တန် ၃၃၃၃၈၅၁ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကထက် တစ်ပိဿာ ၁၁၅၅ ကျပ် (တစ်တန် ၇၀၇၃၁၀ ကျပ်) ဈေးမြင့် တက်သွားလို့ နှမ်းရောင်စုံ ဈေးမြင့် ဈေးမာနဲ့ နေ့စဉ်နှမ်းမျိုးစုံ သုံးတင်းအိတ် ၂၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ထို့အတူ ဆီထွက်သီးနှံတစ်မျိုးဖြစ်တဲ့ မြေပဲဆန် S1 လုံးဆန်များကို တရုတ်ဝယ်လက်မှ ဝယ်လိုအားရှိသောကြောင့် ယခုတစ်ပတ်မှာ မြေပဲဆန် S1 လုံးဆန် တစ်ပိဿာ ၃၆၅၀ ကျပ် (တစ်တန် ၂၂၃၅၂၂၄ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူဈေးနှုန်းအထက် ပိဿာ ၇၅၀ ကျပ် (တစ်တန် ၄၅၉၂၉၃ ကျပ်)နဲ့ နေ့စဉ်သုံးတင်းအိတ် ၈၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

တရုတ်ဝယ်လက်ပုံမှန်ဝယ်ယူတဲ့ ပဲ၊ ပြောင်း၊ နှမ်းအများစု ယခင်လဈေးထက် ဈေးမာနဲ့ အရောင်းအဝယ်ဖြစ်ပေမယ့် အရောင်းအဝယ် အနည်းငယ်အေးကြောင်း၊ ဝယ်လိုအားရှိပေမယ့် ရောင်းလိုအားနည်းနေတာကြောင့် ဖြစ်သလို ရာသီဥတုကြောင့်လည်း လမ်းပန်းဆက်သွယ်ရေး အခက်အခဲအနည်းငယ်ရှိပေမယ့် ရောင်းလိုအားရှိသလောက် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ အချို့ပဲများမှာ ပြည်တွင်းမှာ လက်ကျန် နည်းလျက်ရှိကြောင်း၊ ၂၀၁၅ ခုနှစ် ဇွန်လမှာ ပြောင်းမျိုးစုံရောင်းဝယ်မှုအေးပေမယ့်လည်း ဇူလိုင်လနှင့် ဩဂုတ်လဆန်းပိုင်းမှာ အရောင်းအဝယ်ရော ဈေးနှုန်းပါမြင့်တက်လာကြောင်း၊ ယခင်လနဲ့ ယခုလကာလတူဈေးနှုန်းနှိုင်းယှဉ်ကြည့်ပါက နှမ်းနက်နှင့် နှမ်းနက်စမုံမှာ ဈေးနှုန်း သိသာစွာမြင့်တက်ကွာဟကြောင်း နှမ်းနက်မှာ တစ်တန်ကို ငွေကျပ် နှစ်သိန်းခွဲကျော်၊ နှမ်းနက်စမုံမှာ တစ်တန်ကို ကျပ် ခုနှစ်သိန်းကျော်ဈေးနှုန်း မြင့်တက်ကြောင်း၊ ထို့အတူ ဆီထွက်သီးနှံတစ်မျိုးဖြစ်တဲ့ မြေပဲဆန် S1 လုံးဆန်မှာလည်း တစ်တန်ကို ကျပ်လေးသိန်းခွဲကျော်မြင့်တက်လျက် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ပဲ၊ နှမ်းမျိုးစုံ သိုလှောင်ရောင်းဝယ်သည့် ကုန်သည်ကြီးတစ်ဦးမှ ပြောကြားကြောင်း သိရပါတယ်။

**စိုးအောင်-မန္တလေး**

## စံချိန်တင်ပေါက်ဈေးနဲ့ ရေဘေးကြောင့် ဆုံးရှုံးမှုနည်းတဲ့ ငုံနီ

မုံရွာကုန်စည်ဒိုင် ဩဂုတ်လပထမပတ် ပဲစင်းငုံနီဈေးကွက်အနေနဲ့ မုံရွာမြို့ရဲ့ ချင်းတွင်းမြစ်ရေနဲ့အပြိုင် မုံရွာဒိုင်ရဲ့ အမြင့်ဆုံးစံချိန်အဖြစ် တစ်တင်း ၄၄၀၀၀ ကျပ်အထိ ပေါက်ဈေးဖြစ်ပေါ်ခဲ့ပါတယ်။ Exportဝယ်လိုအားမြင့်တက်မှုကြောင့်နဲ့ အတူ ကုန်သည် လက်ဝယ်ပဲလက်ကျန် အလွန်လျော့နည်းလာတဲ့အတွက် ခုလိုတက် ဈေးရောက်လာတာဖြစ်တယ်လို့ ကုန်သည်ရပ်ကွက်က ဆိုပါတယ်။

နေ့စဉ်အရောင်းအဝယ်မဖြစ်ဘဲ လက်ကျန်ရှိပြီး ရောင်းလိုသူနဲ့ ဝယ်လက်တို့ ချိတ်ဆက်မိတဲ့နေ့မှာ အိတ် ၂၀၀ ခန့်ဖြစ်ခဲ့ပြီး ရောင်းလိုအားပျော့နေတယ်လို့ ဆိုပါ တယ်။ ယခုနှစ် ပဲစင်းငုံနီဈေး မြင့်မားကောင်းမွန်နေမှုကြောင့် တောင်သူတွေ စိတ်ဝင်စားမှုများသဖြင့် မုံရွာခရိုင် လေးမြို့နယ်မှာ ငုံနီစိုက်ပျိုးရန် လျာထားချက်ဧက တစ်သိန်းသုံးသောင်းကျော်အနက် ယခုအထိ ဧကတစ်သိန်းသုံးသောင်းနီးပါးစိုက်ပျိုးပြီးဖြစ်လို့ စိုက်ပျိုးပြီးစီးမှု ၉၅ ရာခိုင်နှုန်းထိရှိခဲ့ကြောင်း ကိန်းဂဏန်းများအရ သိရပါတယ်။

ယခုလဆန်းပိုင်းက ချင်းတွင်းမြစ်ရေ ဝင်ရောက်ခဲ့ပေမယ့် ငုံနီစိုက်ခင်းများ ရေလွှမ်းမိုးခံရမှုနည်းပါးခဲ့ရာ အများစုက ကျည်တော ကုန်းမြေတွင် စိုက်ပျိုးကြခြင်းကြောင့် ပျက်စီးမှုနည်းပါးပြီး မိုးရေအဝသောက်ရလို့ အပင်တွေဖြစ်ထွန်းမှု ကောင်းမွန်လာတယ်လို့ ငုံနီစိုက်တောင်သူတွေထံမှ သိရှိရပါတယ်။ **ထွန်းလှိုင်-မုံရွာ**

## မုံရွာကုန်စည်ဒိုင် ဩဂုတ်လပထမပတ် ကုလားပဲဈေး စံချိန်တင်

မုံရွာကုန်စည်ဒိုင် ပဲဈေးကွက် ဇူလိုင်လလယ်မှာ ကုလားပဲမျိုးစုံ စံချိန်တင် ဈေးမြင့်လာခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ဖြစ်ပေါ်ခဲ့တဲ့ အမြင့်ဆုံးဈေးထက် တစ်တင်း ၂၀၀၀ ကျပ်မှ ၂၅၀၀ ကျပ်အထိ ဈေးတက်ခဲ့တာဖြစ်ပြီး ယခုတစ်ပတ်မှာ ထိုင်ဝမ်ပဲလက်ကျန်မရှိလို့ ဈေးမဖွင့်နိုင်ခဲ့ပေမယ့် V2 ကတော့ တစ်တင်း ၂၈၀၀၀ ကျပ်အထိနဲ့၊ ၉၂၉ ကုလားပဲက တစ်တင်း ၂၈၅၀၀ ကျပ်အထိ အသီးသီးပေါက်ဈေးဖြစ်ခဲ့ပါတယ်။

Export ဝယ်လက်ဝယ်လိုအားရှိခဲ့တဲ့အပြင် မုံရွာဒေသ ပဲခွဲစက်နှင့် အမှုန့်ကြိတ်စက်လုပ်ငန်းတွေ ဝါတွင်းကာလကုန်ချောဝယ်လိုအားသွက်ခဲ့ခြင်းနဲ့ ပဲကြာဆံစက်လုပ်ငန်းသွက်လက်လာတာမို့ ဝယ်လိုအားကောင်းခဲ့ကာ အခုလို ဈေးမြောက်လာခြင်းဖြစ်တယ်လို့ ကုန်သည်ရပ်ကွက်က ဆိုပါတယ်။ ယခုတစ်ပတ်အတွင်း မုံရွာမြို့နယ်တစ်ဝန်း ရေလွှမ်းမိုးမှုကြောင့်ဒိုင်မှာ လူမစုံပေမယ့် ကုလားပဲမျိုးစုံ တစ်ရက်အိတ် ၇၀၀ မှ ၈၀၀ အကြား အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**



## မြစ်ရေများ မြင့်တက်လာမှုကြောင့် ပြည်ကုလားပဲ လက်လီသာ အရောင်းအဝယ်ဖြစ်

ပြည်ပဲဈေးကွက်မှာ ယခုဩဂုတ်လဆန်းပိုင်းတွင်သာ ပဲများ အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ကြပြီး ယခုနောက်ရက်များမှာ မြစ်ရေများ မြင့်တက်လာတဲ့အတွက် ပဲဝင်ရောက်နိုင်တဲ့ မြို့နယ်များတွင်လည်း ရေကြီးမှုများ ရှိနေတာကြောင့် ဈေးကွက်သို့ ပဲအဝင်မရှိတော့ဘဲ ပွဲရုံအချို့ပိတ်ထားသလို အချို့ပွဲရုံများမှာလည်း လက်လီသမားသာ အဝယ်ရှိခဲ့တဲ့အတွက် ဒေသတွင်း အရောင်းအဝယ်ဖြစ်တဲ့ ကုလားပဲ သီးနှံမှာ အိတ်အနည်းငယ်သာ အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ပဲဈေးမှာတော့ တစ်တင်း ၂၈၀၀၀ ကျပ်ဖြင့် ရောင်းဝယ်နေခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ချင်း

### မိုးကောင်းနေလို့ ချင်းအရောင်းအဝယ်အေး

ရှမ်းပြည်နယ်မှာလည်း မိုးကောင်းနေတာကြောင့် ဒီတစ်ပတ်တော့ ချင်းအရောင်းအဝယ် အေးနေပါတယ်။ မိုးကနှစ်ပတ်ခန့် မရပ်မနားရွာခဲ့တာကြောင့် တောင်သူတွေကလည်းထပ်ပြီး မဖော်နိုင်သေးပါဘူး၊ ဟိုပုံးဈေးကွက် မှာလည်း ချင်းဥမတွေ အဝင်နည်းနေပါတယ်။ မိုးကြောင့် အရောင်းအဝယ်က ခပ်ပါးပါးဖြစ်နေပေမယ့် ဒီတစ်ပတ်တော့ ရန်ကုန်ဝယ်လက်တွေ အဝယ်ရှိလာလို့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။

ရန်ကုန်ဝယ်လက်တွေကတော့ လက်လီရောင်းဖို့အတွက်သာ ဝယ်ယူနေပြီး တစ်ပတ်အတွင်းမှာ ချင်းပိဿာချိန် တစ်သောင်းခွဲ၊ နှစ်သောင်းခန့် ဝယ်ယူသွားတယ်လို့ သိရပါတယ်။ ဟိုပုံးချင်းက အောင်ပန်းချင်းထက် အခက်အလက်ကြီးပြီး အရည်အသွေးလည်းကောင်းတာကြောင့် ဝယ်လက်တွေက ပိုပြီးကြိုက်ကြတယ်၊ အောင်ပန်းချင်းက ချင်းတက်ကို ပြန်စိုက်တဲ့အချိန်မှာ အပင်အရေအတွက်များအောင် အခက်တွေကို သုံးခက်၊ လေးခက်ခန့် ဖဲ့ပြီးစိုက်ကြပါတယ်။ ဟိုပုံးချင်းကတော့ တစ်ခက်၊ နှစ်ခက်သာဖဲ့ပြီး စိုက်ကြတာကြောင့် အခက်ပိုကြီးတယ်လို့လည်း ဆိုပါတယ်။ ဟိုပုံးဈေးကွက်မှာ ချင်းဥမ တစ်ပိဿာ ၈၅၀ ကျပ်ပေါက်နေပါတယ်။ ချင်းခြောက်ကတော့ ပစ္စည်းလက်ကျန်မရှိတော့တာကြောင့် ဈေးလည်းမရှိတော့ဘူးလို့ သိရပါတယ်။

အောင်ပန်းဈေးကွက်မှာလည်း ရာသီဥတုကြောင့် ပစ္စည်းအဝင်နည်းနေပါတယ်။ ပုံမှန်ဝယ်နေကြဖြစ်တဲ့ ပြည်၊ မကွေး၊ တောင်ကုတ် ဝယ်လက်တွေက ဒီတစ်ပတ်မှာ အဝယ်ရပ်နေပါတယ်။ ရေလွတ်တဲ့ ရန်ကုန်၊ မန်းဒေသတွေက ဝယ်ယူနေလို့ တစ်ပတ်အတွင်း ချင်းဥမ ပိဿာချိန်ပေါင်း ၃၆၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ချင်းဥမက တစ်ပိဿာ ၇၀၀ ကျပ်၊ ၇၅၀ ကျပ်ဈေးနဲ့ ချင်းခြောက်က တစ်ပိဿာ ၂၀၀၀ ကျပ်၊ ၂၂၀၀ ကျပ် ဈေးရှိတယ်လို့ သိရပါတယ်။ **ဇေခိုင်-တောင်ကြီး**

### ပြည်ချင်းဈေးကွက်အဝင်အေး အရောင်းအဝယ်အေး

ယခုတစ်ပတ် ပြည်ဈေးကွက်သို့ တောင်ကြီး၊ အောင်ပန်းဘက်မှ ချင်းဥမများ အဝင်မရှိတော့ဘဲ အဝင်အေးသွားပါတယ်။ နေရာအနှံ့ မိုးများ အဆက်မပြတ်ရွာသွန်းနေတာကြောင့် နယ်ဝယ်လက်ကလည်း လမ်းပန်းဆက်သွယ်ရေး အခက်အခဲဖြစ်လို့ အဝယ်ရပ်နေခဲ့ပါတယ်။ ချင်းအဝင်နည်းပြီး အရောင်းအဝယ်လည်း နည်းတာကြောင့် ဈေးငြိမ်နေပါတယ်။ လက်လီသမားများဖြစ်တဲ့ စားသုံးသူများကြောင့်သာ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ချင်းဥမတစ်ပိဿာ ၁၁၀၀ ကျပ်မှ ၁၂၀၀ ကျပ်ဖြင့် တစ်ရက်လျှင် ပိဿာချိန် ၃၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

### ယခင်တစ်ပတ်ထက် ချင်းတန်ချိန် ၁၀၀ နီးပါးပိုမိုတင်ပို့

ဇူလိုင်လ ၂၆ ရက်မှ ဩဂုတ် ၁ ရက်သီတင်းပတ်အတွင်း ချင်း ၁၂၉ ဒသမ ၄၃၄ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ တရုတ်နိုင်ငံကို ၄ ဒသမ ၀၀၈ တန်နဲ့ မလေးရှားကို ၁၂၅ ဒသမ ၄၂၆ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်မှာ ၂၆ တန်ကျော် တင်ပို့ထားခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ယှဉ်ရင် တန်ချိန် ၁၀၀ နီးပါး ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ချင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၇၅၅၉၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

## မန်ကျည်း

### မန်ကျည်း ပုံမှန်တင်ပို့လျက်ရှိ

ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ဇူလိုင်နောက်ဆုံးသီတင်းပတ်အတွင်း မန်ကျည်း ၁၀၀ ဒသမ ၂၀ တန်ကို တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဘူဂေးရီးယားကို ၅၀ ဒသမ ၁ တန်နဲ့ စင်ကာပူကို ၅၀ ဒသမ ၁ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်မှာလည်း ၉၉ တန်ကျော်တင်ပို့တာကြောင့် ဒီတစ်ပတ်မှာ လည်း ပုံမှန်တင်ပို့လျက်ရှိပါတယ်။ မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၂၇၅၀၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**



## နနွင်း



### ရှမ်းနနွင်းလည်းရာသီဥတုကြောင့် အရောင်းအဝယ်အေး

ရှမ်းနနွင်းကလည်း ရာသီဥတုကြောင့်အရောင်းအဝယ်က ခပ်အေးအေးသာဖြစ်နေပြီး အဝင်ကလည်း မရှိသလောက် ဖြစ်နေပါတယ်။ ငါးရက် တစ်ဈေးမှာ နနွင်းအဝင် ပိဿာချိန်ရာဂဏန်းခန့်သာ အဝင်ရှိတော့တယ်လို့လည်း သိရပါတယ်။ တောင်သူအချို့ကသာ လာရောက်ရောင်းချပြီး ပွဲရုံတွေကလည်း ကောက်သင်းကောက်သလို ဝယ်ယူနေရတယ်လို့ သိရပါတယ်၊ အောင်ပန်းပွဲရုံတွေကနေ ဇူလိုင်လ တစ်လအတွင်းမှာ နနွင်းပိဿာချိန် ၉ သောင်းခန့် အရောင်းအဝယ် ဖြစ်ခဲ့တာကြောင့် ချင်းစိုတွေလောက်တော့ ရောင်းမကောင်းခဲ့ဘူးလို့ သိရပါတယ်။ လဆန်းပိုင်းမှာတော့ တစ်ပိဿာကို အနိမ့်ဆုံး ၁၂၀၀ ကျပ်မှ အမြင့်ဆုံး ၁၈၀၀ ကျပ်ထိ ဈေးရှိခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ ၁၀၀၀ ကျပ်မှ ၁၅၀၀ ကျပ်ဈေးသာရှိပါတယ်။

ဒီတစ်ပတ်မှာ ဟိုပုံးနနွင်းက အောင်ပန်းနနွင်းထက် အရောင်းသွက်နေရပါတယ်။ မူဆယ်ဝယ်လက်တွေ ဝယ်လာတာကြောင့် ငါးရက်တစ်ဈေးမှာ ပိဿာချိန် တစ်သောင်းခွဲခန့်ရောင်းရပါတယ်။ အဝင်မရှိတော့ပေမဲ့လည်း ပွဲရုံလက်ကျန်တွေကနေ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ဟိုပုံးနနွင်းက တစ်ပိဿာ ၁၅၅၀ ကျပ်ဈေးရှိတယ်လို့ ပွဲရုံတွေက သိရပါတယ်။

**ဇေခိုင်-တောင်ကြီး**

### နနွင်းတင်ပို့မှုလျော့

သီတင်းတစ်ပတ်ဖြစ်တဲ့ ဇူလိုင်လ ၂၆ ရက်မှ ဩဂုတ် ၁ ရက် သီတင်းပတ်အတွင်း နနွင်း ၁၀၃ ဒသမ ၀၈၁ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ မလေးရှားနိုင်ငံကို ၇၅ တန်နဲ့ အိန္ဒိယနိုင်ငံကို ၂၈ ဒသမ ၀၈၄ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်နနွင်းတန်ချိန် ၂၄၀ ထိတင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်မှာ နနွင်းတင်ပို့မှုလျော့ခဲ့ပါတယ်။ FOB ဈေးက တစ်တန်ကို ကန်ဒေါ်လာ ၇၅၀-၇၅၅ ဝန်းကျင်ရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## သီဟိုဠ်

### မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်း ကုန်သွယ်ရေးစခန်းမှ သီဟိုဠ်စေ့ ၁၆ တန်ကျော် တင်ပို့

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းများမှ ဇူလိုင်လ ၂၅ ရက် မှ ၃၁ ရက်တာကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၁၂၄ သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ ၁၆ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့နှိုင်းယှဉ်ပါက ကန်ဒေါ်လာ သုည ဒသမ ၂၀၅ သန်းလျော့နည်း တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုများမှာ-

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၁၆ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၁၅ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့နှိုင်းယှဉ်ပါက သုည ဒသမ ၁၂၀ သန်း လျော့နည်းတင်ပို့ခဲ့ပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ ကော့သောင်းကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၀၀၈ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၁ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့နှိုင်းယှဉ်ပါက ကန်ဒေါ်လာ သုည ဒသမ ၀၆၁ သန်းလျော့နည်း တင်ပို့ခဲ့ပါတယ်။ မြဝတီကုန်သွယ်ရေးဇုန်မှ ယခုသီတင်းပတ်တွင် တင်ပို့နိုင်ခြင်းမရှိတဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ကန်ဒေါ်လာ သုည ဒသမ ၀၂၄ သန်း လျော့နည်းခဲ့ပါတယ်။

**ခင်မြနွယ်**

## ကြက်သွန်

### ကြက်သွန်နီပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဇူလိုင်နောက်ဆုံးပတ်မှာ ကန်ဒေါ်လာ ၈၄၉၇၃ တန်ဖိုးရှိ ကြက်သွန်နီ ၃၀၆ တန်ခွဲ ၊ မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၂၉၉၀၇၅ တန်ဖိုးရှိကြက်သွန်နီ ၇၅၁ တန်ခွဲ တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်မှ ၅၂ တန်ခွဲ၊ မြဝတီမှ ၁၀၂ တန်နဲ့ တာချီလိတ်မှ ၂၆၅ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် ကြက်သွန်နီ တင်ပို့မှု ၅၈၈ တန်ခွဲ ပိုမိုလာတာတွေ့ရပါတယ်။ ဇူလိုင်လ တစ်လလုံးပြည်ပနိုင်ငံများသို့ နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းဖြင့် ကြက်သွန်နီ တန်ချိန် ၃၀၄၄ တန်ခွဲတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံက ထွက်ရှိတဲ့ ကြက်သွန်နီဟာ အခြားနိုင်ငံတွေက ထွက်တဲ့ ကြက်သွန်နီတွေထက်အရည်အသွေးပိုကောင်းလို့ ယခုလိုနယ်စပ်စခန်းများမှတစ်ဆင့် တင်ပို့နိုင်တာဖြစ်ပါတယ်။

**မော်မော်အောင်**

### ရေဘေးနဲ့အတူ လမ်းပန်းခက်ခဲမှုကြောင့် ပြည်ကြက်သွန်နီဈေးတက်

ပြည်နယ်နဲ့ တိုင်းဒေသကြီးအချို့ ရေကြီးမှုတွေရှိနေပြီး မိုးဆက်တိုက်ရွာသွန်းမှုကြောင့် လမ်းပန်းသယ်ယူပို့ဆောင်ရေးများ အခက်အခဲဖြစ်နေကြောင်း တွေ့ရပါတယ်။ ပြည်ပွဲရုံများသို့လည်း ကြက်သွန်နီအိတ်များ အဝင်နည်းပြီး ဒေသတွင်း ရေကြီးမှုတွေ ဖြစ်ပေါ်နေတာကြောင့် အရောင်းအဝယ်အေးနေပါတယ်။ အဝင်နည်းနေတဲ့အတွက် အရောင်းအဝယ် နည်းပေမယ့်လည်း ဈေးတက်လာပြီး ပြည်ပွဲရုံဈေးတွင် တစ်ပိဿာကို ကြီး ၁၀၅၀ ကျပ်၊ လတ် ၁၀၀၀ ကျပ်၊ သေး ၉၀၀ ကျပ်တို့ဖြင့်ဈေးမြင့်တက်လာခဲ့ပါတယ်။ ဒေသတွင်း လက်လီအရောင်းအဝယ်ဈေးမှာ တစ်ပိဿာ ကြီး ၁၃၀၀ ကျပ်၊ လတ် ၁၂၀၀ ကျပ်၊ သေး ၁၀၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်ပြုလုပ်လျက် ရှိပါတယ်။ ပွဲရုံများတွင် တစ်ရက်ကို အိတ်ရေ ၁၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ပါတယ်။ ယခုဩဂုတ်လ ပထမပတ်အတွင်း ကြက်သွန်နီ တစ်ပိဿာကို ၁၅၀ ကျပ်ထိ ဈေးတက်လာခြင်းဖြစ်ပါတယ်။ **နီနီဝင်း-ပြည်**

### မလှိုင်ကြက်သွန်နီ ဈေးမာသော်လည်း အရောင်းအဝယ်အေး

မလှိုင်မြို့နယ်ရဲ့ ကြက်သွန်နီဈေးကွက်မှာ တက်ဈေးဖြင့် ဈေးမာနေသော်လည်း အရောင်းအဝယ် အေးလျက်ရှိပါတယ်။ ကြက်သွန်နီလက်ကျန်မှာ တောင်သူလက်ဝယ်မရှိပေမယ့် လှောင်လက်တောင်သူကြီးများ၊ နယ်ပွဲစား လှောင်လက်သမားများထံတွင် လက်ကျန်ရှိနေသေးကြောင်း၊ ဈေးမာနေသော်လည်း တက်ဈေးကို မျှော်နေသေးကြောင်း သိရပါတယ်။ ယခုတစ်ပတ် ကြက်သွန်နီဈေးမှာ ဂွန်တစ်ပိဿာ၇၀၀ ကျပ်၊ ၇၅၀ ကျပ်ရှိပါတယ်။ **ရဲမြင့်ဆန်း-မလှိုင်**

# စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ အသေးစားစီးပွားရေးလုပ်ငန်းများ

|မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)|



စွန့်ဦးတီထွင်လုပ်ငန်းရှင်များသည် အသေးစားလုပ်ငန်းများ (Small business) ကိုစတင်လုပ်ကိုင်ရာတွင် ယင်းတို့၏ အရင်းအမြစ်များအကန့် အသတ်ရှိခြင်း၊ စီမံခန့်ခွဲမှု အတွေ့အကြုံမရှိခြင်းနှင့် ငွေရေး ကြေးရေးတည်ငြိမ်မှုအားနည်းခြင်းကြောင့် အခက်အခဲများနှင့် ကြုံတွေ့နေရသည်။

**စီမံခန့်ခွဲမှုလုပ်ရည်ကိုင်ရည်မပြည့်ဝမှု**

အသေးစားစီးပွားရေးလုပ်ငန်းများတွင် စီမံခန့်ခွဲမှုဆိုင်ရာ အတွေ့အကြုံမရှိခြင်းနှင့် ညံ့ဖျင်းသောဆုံးဖြတ်ချက်ချခြင်းစသည့် အရည် အသွေးသည် စွန့်ဦးတီထွင်လုပ်ငန်းမအောင်မြင်ခြင်း၏ အဓိက ပြဿနာဖြစ်သည်။ တစ်ခါတစ်ရံတွင် အသေးစားလုပ်ငန်းကို စီမံ ခန့်ခွဲသူသည် လုပ်ငန်းကိုအောင်မြင်စွာဆောင်ရွက်ရန် စွမ်းရည် မရှိချေ။ စီးပွားရေးလုပ်ငန်းအလုပ်ဖြစ်ရန် ယင်းပုဂ္ဂိုလ်သည် လိုအပ်သော ခေါင်းဆောင်မှုအရည်အသွေးနှင့် အသိပညာနည်းပါးလှသည်။

**အတွေ့အကြုံနည်းပါးမှု**

အသေးစားလုပ်ငန်းကိုစီမံဆောင်ရွက်သူများသည် သူတို့ ဝင်ရောက်လိုသောစီးပွားရေးနယ်ပယ်တွင် အတွေ့အကြုံရှိရန်လို အပ်သည်။ ဥပမာအားဖြင့် လူပုဂ္ဂိုလ်တစ်ဦးသည် လက်လီအရောင်း အဝယ်အထည်လုပ်ငန်းဖွင့်လှစ်ဆောင်ရွက်လိုလျှင် လက်လီအဝတ် အထည်အရောင်းဆိုင်တွင် ပထမဆုံးအလုပ်လုပ်ခဲ့လျှင် ပိုမိုအဆင် ပြေနိုင်သည်။ အဝတ်အထည်လုပ်ငန်းသဘာဝနှင့် ပတ်သက်၍ အသိပညာဗဟုသုတနှင့် လက်တွေ့လုပ်ငန်းအတွေ့အကြုံပံ့ပိုးမှုကို ပေးမည်ဖြစ်သည်။ ယင်းအတွေ့အကြုံမျိုးသည် အောင်မြင်မှုနှင့် ဆုံးရှုံးမှုကို ထင်ဟပ်ပြနိုင်သည်။

အလားအလာရှိသော စွန့်ဦးတီထွင်လုပ်ငန်းရှင်တစ်ဦးတွင် လုံလောက်သောနည်းပညာဆိုင်ရာစွမ်းရည်ရှိသင့်သည်။ ဆိုလိုသည်မှာ စီးပွားရေးလုပ်ငန်းအကောင်အထည်ဖော် လုပ်ကိုင်ဆောင်ရွက်မှုဆိုင်ရာ အသိပညာနှင့် လုံလောက်သောသိမြင်ယူဆမှုဆိုင်ရာ စွမ်းရည်ရှိသင့်သည်။ စီးပွားရေးလုပ်ငန်းခွင်မျိုးစုံကို ညှိနှိုင်းပေးရန်နှင့် ပေါင်းစည်းဆောင်ရွက်ရန် စွမ်းရည်ရှိသင့်သည်။ ဤသို့ဖြင့် စီးပွားရေးလုပ်ငန်းတစ်ခုလုံးကို စုပေါင်းအား (စုပေါင်းဆောင်ရွက်မှု၏ အကျိုး ရလဒ်) ဟုဆိုအပ်သော Synergy သို့ အသွင်ပြောင်းနိုင်ရမည် ဖြစ်သည်။ ထို့ပြင် အဖွဲ့အစည်း၏ဝန်ထမ်းအားလုံးကို စီမံခန့်ခွဲရန် ကျွမ်းကျင်မှုရှိရမည်ဖြစ်သည်။ ဤသို့ဖြင့် ထိုဝန်ထမ်းများကို စွမ်းဆောင်ရည် (Performance) အမြင့်ဆုံးအဆင့်ရောက်ရှိရန် စိတ်ဓာတ်မြှင့်တင်ပေးရမည်ဖြစ်သည်။

**ညံ့ဖျင်းသောငွေရေးကြေးရေးထိန်းချုပ်မှု**

ခိုင်မာအားကောင်းသော စီမံခန့်ခွဲမှုသည် အသေးစားလုပ်ငန်း အောင်မြင်မှု၏ သော့ချက်ဖြစ်သည်။ ထိရောက်အောင်မြင်သော စီမံခန့်ခွဲသူများသည် အောင်မြင်သောစီးပွားရေးလုပ်ငန်းတွင် သင့်တော်သောငွေရေးကြေးရေးထိန်းချုပ်မှုလိုအပ်ကြောင်း သိရှိသဘောပေါက်ကြသည်။ အသေးစားလုပ်ငန်းများတွင် တွေ့မြင်နေကျ အခက်အခဲနှစ်မျိုးမှာ အရင်းအနှီးနည်းပါးမှုနှင့် ဖောက်သည်များအား အကြွေးပေးရာတွင် စည်းကမ်းလျော့ရဲမှုများပင်ဖြစ်သည်။

**အရင်းအနှီးနည်းပါးမှု**

အသေးစားလုပ်ငန်းပိုင်ရှင်များသည် သူတို့၏စီးပွားရေးလုပ်ငန်းအစပိုင်းတွင်အရင်းအနှီးနည်းပါးခြင်းသည် အမှားတစ်ခုဖြစ်သည်။ စီးပွားရေးလုပ်ငန်းဆောင်ရွက်ရာတွင် ငွေရေးကြေးရေးအကဲဖြတ်သုံးသပ်ရာ၌ စွန့်ဦးတီထွင်လုပ်ငန်းရှင်များသည် ဆန်းစစ်သုံးသပ်မှု မှားယွင်းတတ်ပြီး အကောင်းမြင်လွန်းခြင်းပင်ဖြစ်သည်။ ထို့အတွက်ကြောင့် သူတို့သည်အရင်းအနှီးနည်းနည်းနှင့် လုပ်ငန်းစတင်ခဲ့ကြသည်။ သူတို့လုပ်ငန်းတိုးတက်မှုအတွက် မောင်းနှင်ရာတွင် ငွေကြေးပမာဏနှင့်မြှင့်တင်ရန် မစွမ်းကြချေ။ အမှီမလိုက်နိုင်ကြချေ။ အတိုင်ပင်ခံပုဂ္ဂိုလ်တစ်ဦးက "နည်းပါးသောငွေကြေးသည် အန္တရာယ်ရှိသောကိစ္စရပ်တစ်ခုဖြစ်သည်" ဟုဆိုသည်။

**ဖောက်သည်အကြွေးပေးရာတွင် လျော့ရဲမှု**

အသေးစားလုပ်ငန်းတွင် အကြွေးဖြင့်ရောင်းချရန် ဖိအားပေးမှုသည် ပြင်းထန်လှသည်။ အချို့လုပ်ငန်းရှင်များသည် အကြွေးပေးခြင်းဖြင့် ပြိုင်ဘက်များပေါ်တွင် အသာစီးရရန်အခွင့်အလမ်းရှိသည်ဟု ရှုမြင်ကြသည်။ အခြားသူများက ဖောက်သည်များကို အကြွေးရောင်းချနေသော ပြိုင်ဘက်များကိုအမှီလိုက်ရန် တွန်းအားပေးရမည်ဟု ခံစားနားလည်ကြသည်။ အသေးစားလုပ်ငန်း၏ ဘဏ္ဍာရေးအခြေအနေကို ပျက်စီးစေနိုင်သောကြောင့် အသေးစားလုပ်ငန်းပိုင်ရှင်များသည် ဆုံးရှုံးမှုမဖြစ်ရန် အကြွေးဖြင့်ရောင်းချခြင်းကို ဂရုတစိုက်ထိန်းချုပ်ရမည်ဖြစ်သည်။ အသေးစားလုပ်ငန်း ဒေဝါလီခံရသည့် ကိစ္စများကိုကြည့်ပါက အကြွေးပေးညံ့ဖျင်းမှုနှင့် အကြွေးကောက်ခံရာတွင် ညံ့ဖျင်းမှုတို့ကြောင့် ဖြစ်သည်ကို တွေ့မြင်နေကျဖြစ်သည်။

**မဟာဗျူဟာမြောက် စီမံချက်ချခြင်းအားနည်းမှု**

အသေးစားလုပ်ငန်းရှင်များစွာသည် မဟာဗျူဟာမြောက် စီမံချက်ချခြင်း (Strategic Planning) လုပ်ငန်းစဉ်ကိုလျစ်လျူရှုကြသည်။ ယင်းသည်ကြီးမားသောကုမ္ပဏီများနှင့်သာ သက်ဆိုင်သည်ဟုမြင်ကြသည်။

"ကျွန်တော်တို့မှာ အချိန်မရှိဘူး၊ မဟာဗျူဟာမြောက်စီမံချက်ချဖို့ ကျွန်တော်တို့လုပ်ငန်းကသေးလွန်းလှပါတယ်" ဟုဆိုကြသည်။ သူတို့တွင် ရည်ရွယ်ချက်ရှိသော်လည်း စီမံချက် (Plan) ချရန်ပျက်ကွက်ကြသည်။ များသောအားဖြင့်သူတို့လုပ်ငန်းရှင်သန်ရန် အခက်တွေ့ကြသည်။ စီးပွားရေးလုပ်ငန်းတစ်ခုတွင် ရှင်းရှင်းလင်းလင်း အဓိပ္ပါယ်ရှိသောမဟာဗျူဟာတစ်ခုကို ဈေးကွက်နေရာတွင် ယှဉ်ပြိုင်နိုင်သောအသာစီးရချက်ထိန်းသိမ်းခြင်းနှင့် ဖန်တီးခြင်းအတွက် ရေရှည်ထိန်းသိမ်းနိုင်သော အခြေခံရှိရမည်ဖြစ်သည်။ မဟာဗျူဟာမြောက်စီမံချက်တစ်ခုတည်ဆောက်ခြင်းဖြင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်ကို တွန်းအားပေးလိုက်သည်။ စီးပွားရေးလုပ်ငန်းအလားအလာကို စစ်စစ်မှန်မှန်လက်ခံနိုင်ရန် ဖြစ်သည်။

"ဖောက်သည်များသည် တစ်စုံတစ်ရာကို စိတ်ပါဝင်စားစွာဝယ်ယူနိုင်ပါသလား"

"ပစ်မှတ်ဖောက်သည်ဟာ ဘယ်သူလဲ"

"စီးပွားရေးလုပ်ငန်းက ဖောက်သည်တွေကို ဘယ်လိုဆွဲဆောင်ပြီး ထိန်းသိမ်းကြမလဲ"

"ဖောက်သည်တွေရဲ့လိုအင်တွေကို လက်ရှိကုမ္ပဏီများထက် ပိုမိုကောင်းမွန်တဲ့ ဝန်ဆောင်မှုပေးနိုင်တဲ့ ကုမ္ပဏီရဲ့အခြေခံက ဘာလဲ"

ယင်းကိုမဟာဗျူဟာမြောက် စီမံချက်ချခြင်းက ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်အတွက် မဟာဗျူဟာမြောက်စီမံခန့်ခွဲမှု (Strategic Management) သဘောသဘာဝကို သိရှိရန်လိုအပ်သည်။

**မထိန်းသိမ်းနိုင်သော တိုးတက်မှု**

တိုးတက်မှု (Growth) သည် သဘာဝကျသော၊ ကောင်းမွန်သော၊ နှစ်လိုဖွယ်ကောင်းသော စီးပွားရေးလုပ်ငန်းတစ်ခု၏ အစိတ်အပိုင်းဖြစ်သည်။ စီမံခန့်ခွဲမှု၏ ဂုရုဖြစ်သူ ပီတာဒရပ်ကာ (Peter Drucker) က ထူထောင်စကုမ္ပဏီများသည် သူတို့၏အရင်းအနှီးကို ၄၀ မှ ၅၀ ရာခိုင်နှုန်းသို့ တိုးတက်ရန်မျှော်လင့်နိုင်သည်ဟုဆိုသည်။ စံပြအနေဖြင့် ပိုင်ရှင်ထံမှ အရင်းအနှီးပါဝင်ကူညီခြင်း (သို့မဟုတ်) ဝင်ငွေများထိန်းသိမ်းခြင်းကြောင့် ငွေရေးကြေးရေးကို တိုးချဲ့ရင်းနှီးမှု ပြုကြသည်။ သို့ရာတွင် အချို့လုပ်ငန်းများကို ရင်းနှီးမြှုပ်နှံမှု အစိတ်အပိုင်းအနေဖြင့် ချေးယူခြင်းဖြင့်လည်း ပြုလုပ်ကြသည်။

လုပ်ငန်းများတိုးချဲ့သည့်အခါ များသောအားဖြင့်အဖွဲ့အစည်းဖွဲ့စည်းပုံတွင် အဓိကပြောင်းလဲမှုများလိုအပ်သည်။ ဥပမာအားဖြင့် ကုန်ပစ္စည်းများ နှင့် ဘဏ္ဍာရေးထိန်းချုပ်မှုလုပ်ထုံးလုပ်နည်းများ၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ တာဝန်ပေးမှုများနှင့် အခြားနယ်ပယ်များ အကျုံးဝင်သည်။ သို့ရာတွင် အရေးပါဆုံးပြောင်းလဲမှုသည် စီမံခန့်ခွဲမှုဆိုင်ရာကျွမ်းကျင်မှုတွင် ဖြစ်ပေါ်သည်။ စီးပွားရေးလုပ်ငန်းသည် အရွယ်အစားအားဖြင့် တိုးတက်ပြီးရှုပ်ထွေးမှုဖြစ်လာသောအခါ ပြဿနာများသည် အချိုးအစားအလိုက်မြင့်တက်လာသည်။ ဤသည်ကို လိုက်လျောညီထွေ ဆောင်ရွက်တတ်ဖို့လိုသည်။ တစ်ခါတစ်ရံ သည် စွန့်ဦးတီထွင်လုပ်ငန်းရှင်များသည် လျင်မြန်သော တိုးတက်မှုကို အားပေးကြသည်။

**မသင့်တော်သောနေရာ**

စီးပွားရေးလုပ်ငန်းတစ်ခုခုအတွက် မှန်ကန်သောတည်နေရာ ရွေးချယ်ခြင်းသည် တစ်စိတ်တစ်ပိုင်းအားဖြင့် အနုပညာဆန်ပြီး တစ်စိတ်တစ်ပိုင်းအားဖြင့် သိပ္ပံဆန်သည်။ မကြာခဏဆိုသလို စီးပွားရေးလုပ်ငန်းတည်နေရာကို သင့်တင့်သောလေ့လာခြင်း၊ စုံစမ်းမေးမြန်းခြင်း၊ စီမံချက်ချခြင်းမရှိဘဲ ရွေးချယ်တတ်ကြသည်။ တချို့လုပ်ငန်းရှင်များက လွတ်နေသောအဆောက်အအုံကို တွေ့ရုံမျှဖြင့် လုပ်ငန်းနေရာအဖြစ် ရွေးချယ်ကြသည်။ သို့ရာတွင် နေရာနှင့်ပတ်သက်သောမေးခွန်းသည် အခွင့်အရေးရရန် အလွန် အရေးပါလှသည်။ အထူးသဖြင့် လက်လီအရောင်းသမားများအတွက် နေရာရွေးချယ်မှုသည် စီးပွားရေးလုပ်ငန်း၏ အသက်သွေးကြောဖြစ်သည်။ လက်လီ အရောင်းသမားများကို တည်နေရာရွေးချယ်မှုက ကြီးမားစွာလွှမ်းမိုး သည်။ နေရာအဆင်မပြေသောကြောင့် ရောင်းချမှုတွင် အခက်အခဲတွေ့ပြီး စီးပွားရေးကျဆင်းတတ်သည်။

နောက်ထပ် စဉ်းစားဖွယ်ရာအချက်မှာ ရွေးချယ်ထားသောနေရာအတွက် ငှားရမ်းခပမာဏပင်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းပိုင်ရှင်သည် တည်နေရာကြောင့် ရရှိလာမည့် ရောင်းအားအပေါ် အကျိုးသက်ရောက်မှုနှင့် ယှဉ်သောကုန်ကျစရိတ်ပေါ်တွင် ချိန်ဆသင့်သည်။ တည်နေရာရွေးချယ်ရာတွင် အရေးကြီးသောအချက်နှစ်ချက်ရှိသည်။ ယင်းတို့မှာ နေရာအတွက်မည်မျှကုန်ကျသလဲဆိုသောအချက်တို့နှင့် ယင်းနေရာမှ အရောင်းပမာဏမည်မျှရရှိနိုင်သလဲဆိုသောအချက်တို့ ဖြစ်သည်။

**Ref: The Small Business Failure Record: can we beat the odds?**
**by Narman M.Scarborough & Thomas W.Zimmerer**

## ဓာတ်ဆီ/ဒီဇယ်

### ဓာတ်ဆီ၊ ဒီဇယ် တန်ချိန် ၄၇၉ တန်ကျော်ဝင်

ဇူလိုင် ၂၆ ရက်မှ ဩဂုတ်လ ၁ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃၃၅၈၀၇၀၀ တန်ဖိုးရှိ ဒီဇယ် ၄၀၄ ဒသမ ၃၈၃ တန်နဲ့ ကန်ဒေါ်လာ ၅၈၃၆၈၄၄ တန်ဖိုးရှိ ဓာတ်ဆီ ၇၄ ဒသမ ၈၅၃ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းဖို့ သွင်းကုန်လိုင်စင်လျှောက်ထားခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် ဒီဇယ်အဝင်မှာ တန်ချိန် ၇၁၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၃၀၀ ကျော် အဝင်လျော့ခဲ့သလို ယခင်တစ်ပတ်ဓာတ်ဆီအဝင်မှာ ၂၇၄ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၀၀ နီးပါးအဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဓါတ်ဆီရော ဒီဇယ်ပါအဝင်လျော့ခဲ့ပါတယ်။

လချုပ်အနေနဲ့ ကြည့်မယ်ဆိုရင် ဇွန်လ ဓာတ်ဆီ၊ ဒီဇယ်အဝင် စုစုပေါင်းမှာ ၂၂၂၀ ကျော်ရှိခဲ့ပြီး ဇူလိုင်လအဝင်စုစုပေါင်းမှာ ၁၉၇၀ ကျော်ရှိခဲ့တာကြောင့် ဇူလိုင်လမှာ တန်ချိန် ၂၅၀ကျော် အဝင်လျော့ခဲ့ပါတယ်။ ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ဩဂုတ် ၃ ရက်နေ့မှ ဩဂုတ် ၇ ရက်နေ့အတွင်းရောင်းချနေတဲ့ ဓာတ်ဆီ၊ ဒီဇယ်ဈေးများက မော်လမြိုင်နဲ့ တောင်ကြီးမှာ ဈေးငြိမ်နေပြီး ရန်ကုန်မှာဈေးကျလာတယ်လို့သိရပါတယ်။ ဒီတစ်ပတ်ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ဓာတ်ဆီ ပီပါဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဓာတ်ဆီရော ဒီဇယ်ပါဈေးကျလာတယ်လို့ သိရပါ တယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဒီဇယ် ၆၇၀ ကျပ်၊အောက်တိန်း (92) ၇၂၀ကျပ်၊ အောက်တိန်း (95) ၈၀၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၂၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါဈေးများမှာ ဩဂုတ်လ ၃ ရက်နေ့ ဓာတ်ဆီဝယ်ဈေး ၁၄၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာမှာ ဩဂုတ် ၆ ရက်မှာ ဝယ်ဈေး၊ ရောင်းဈေး ၂၀၀၀ ကျပ်ဈေးကျပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီဇယ်ဈေးမှာ ဩဂုတ်လ ၃ ရက်မှာ ဝယ်ဈေး ၁၃၂၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ရာမှ နောက်ရက်များမှာ တစ်ရက်ပြီး တစ်ရက် ဈေးများကျဆင်းလျက်ရှိရာ ဩဂုတ်လ ၆ ရက်နေ့မှာ ဝယ်ဈေး ၁၂၇၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၀၀၀၀ ကျပ်ထိ ဈေးကျလာခဲ့တယ်လို့ သိရပါတယ်။ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဓာတ်ဆီရော ဒီဇယ်ပါ ဈေးကျလာခဲ့တယ်လို့ သိရပါတယ်။တစ်ဂါလန် ဝယ်ဈေး၊ ရောင်းဈေးများမှာ ဓာတ်ဆီဈေးက တစ်ဂါလန် ၃၅၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဓာတ်ဆီ၊ ဒီဇယ်အရောင်းအဝယ်သမားတစ်ဦးထံမှ စုံစမ်းသိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များမှာ ရောင်းချနေတဲ့ဈေးမှာ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ ဓာတ်ဆီနဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီတစ်လီတာ ၇၃၅ ကျပ်၊ အောက်တိန်း ၈၀၀ ကျပ်၊ ဒီဇယ် ၆၇၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၈၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဩဂုတ်လ ၃ ရက်နေ့မှာ ဒီဇယ်ဝယ်ဈေး ၁၃၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၃၀၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်ရာမှ ဩဂုတ်လ ၅ ရက်မှာ ဝယ်ဈေး၊ ရောင်းဈေး ၁၀၀၀ ကျပ်ဈေးကျ လာခဲ့ တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ ဇူလိုင်လ ၂၇ ရက် ဝယ်ဈေး ၁၄၄၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၇၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ တစ်ဂါလန် ဈေးမှာ ဒီဇယ် ၃၂၀၀ ကျပ်၊ ဓာတ်ဆီ ၃၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီ၊ အောက်တိန်း၊ ဒီဇယ်မှာဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ဓာတ်ဆီတစ်ဂါလန် ၃၇၈၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၃၃၀ ကျပ်၊ အောက်တိန်း ၃၄၆၅ ကျပ်နဲ့ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓါတ်ဆီတစ်ဂါလန် ၃၈၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၄၀၀ ကျပ်၊အောက်တိန်း ၃၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရ ပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် စက်သုံးဆီဈေးများ ငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်ရဲ့ဈေးမှာ ဓာတ်ဆီတစ်ဂါလန် ၃၂၀၀ ကျပ်၊ ဒီဇယ်၃၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ ၃၃၀၀ ကျပ်၊ ဒီဇယ် ၃၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါ တယ်။

**သီတာဝင်း (DOT)**

## Energy NYMEX 7-8-2015

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 44.77 | 0.11 | 0.23 |
| Brent Crude Futr (USD/bbl) | 49.68 | 0.16 | 0.32 |
| Gasoline Rbob Fut (Cent/gal) | 164.95 | 0.17 | 0.10 |
| Natural Gas Futr (USD/MMBtu) | 2.82 | 0.00 | 0.14 |
| Heating Oil Futr (Cent/gal) | 155.22 | 0.23 | 0.15 |

## ရေလွှမ်းမိုးမှုနှင့်အတူ ပြည်တွင်းငွေလဲနှုန်းများ အနည်းငယ် ပြန်လည်မြင့်တက်

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ကျဆင်းခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင် ရေလွှမ်းမိုးနစ်မြုပ်မှုများနှင့်အတူ အနည်းငယ်ပြန်လည်မြင့်တက်လာခဲ့ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ဗဟိုဘဏ်မှ ပြန်လည်ထိန်းချုပ်မှုများကြောင့် ဈေးကွက်အတွင်း ငွေလဲနှုန်းများ အနည်းငယ်တည်ငြိမ်လျက်ရှိပြီး အတက်အကျအနည်းငယ်ဖြင့်သာ ဈေးကွက်အတွင်း လှုပ်ရှားလျက်ရှိကြောင်း သိရသည်။ ပုဂ္ဂလိကဘဏ်များနှင့် ပြင်ပငွေလဲစင်တာများ၏ ငွေလဲနှုန်းများ တူညီလုနီးပါးရှိလာသဖြင့် ပုဂ္ဂလိကဘဏ်များတွင် နိုင်ငံခြားသုံးငွေများ ပြန်လည်ရောင်းဝယ်လာခဲ့ကြကြောင်း သိရသည်။

ယင်းကဲ့သို့ ဘဏ်များမှ ပြန်လည်ရောင်းချလာသည့်အတွက် ဈေးမြင့်တက်မှုနှုန်း နည်းပါးရခြင်းဖြစ်ကြောင်း ဈေးကွက်အတွင်း ရောင်းဝယ်နေသူတစ်ဦးက ဆိုသည်။

“ဈေးကွက်ထဲမှာ ဘဏ်တွေကလည်း ဝယ်ရောင်းလို့ရတယ်။ အပြင်ငွေလဲစင်တာမှာလည်း ဝယ်လို့ရတဲ့အတွက် ဈေးကွက်ထဲမှာ ငွေလဲချင်တဲ့သူတွေက ဘယ်နေရာမှာမဆို အဆင်ပြေနေကြပါတယ်။ ဈေးနှုန်းကလည်း တစ်နေရာနဲ့ တစ်နေရာ သိပ်မကွာတော့ ငွေလဲချင်တဲ့သူကသူကြိုက်တဲ့နေရာမှာ လဲနိုင်ကြတာကြောင့် ဈေးသိပ်မတက်တာပါ”ဟု ၎င်းကဆိုသည်။

ဩဂုတ်လ ၃ ရက်နေ့က ရောင်းဈေး ၁၂၃၃ကျပ်၊ ဝယ်ဈေး၁၂၂၈ ကျပ်ရှိပြီး ဩဂုတ်လ ၅ ရက်တွင် ရောင်းဈေး ၁၂၃၇ကျပ်၊ ဝယ်ဈေး ၁၂၃၂ကျပ်၊ ဩဂုတ်လ ၇ရက်နေ့တွင် ရောင်းဈေး ၁၂၄၂ကျပ်၊ ဝယ်ဈေး ၁၂၃၆ကျပ်ရှိခဲ့သည်။

**မယ်သီတာ**

## မြန်မာ့ရွှေဈေး ဈေးအမြင့်အတိုင်း ငြိမ်သက်လျက်ရှိနေ



ပြီးခဲ့သည့် ဇူလိုင်လအတွင်းက မြင့်တက်လျက်ရှိသည့် မြန်မာ့ရွှေဈေးသည် ယခု ဩဂုတ်လ ပထမပတ်တွင် ဈေးအမြင့်ဖြင့် ငြိမ်သက်လျက်ရှိကြောင်းသိရသည်။ ပြည်တွင်းငွေလဲနှုန်းများ အထိုက်အလျောက်ကျဆင်းလာခဲ့ပြီး နောက်ပိုင်းတွင် ယခုကဲ့သို့ ပြည်တွင်းရွှေဈေးများပါ ပြန်လည်ကျဆင်းလာခဲ့ကြောင်း၊ ပြည်တွင်းရွှေဈေးများ ကျဆင်းလာသော်လည်း သိသိသာသာ ကျဆင်းခြင်းမျိုးမဟုတ်သဖြင့် ဈေးကွက်အတွင်း အရောင်းအဝယ်များ ပါးလျက်ရှိကြောင်း၊ ထို့ပြင် ပြည်နယ်တိုင်းဒေသအသီးသီးတွင် ရေလွှမ်းမိုးမှုများဖြစ်ပွားနေခြင်းကြောင့်လည်း ဈေးကွက်အတွင်း အရောင်းအဝယ်များပါးနေခြင်းဖြစ်ကြောင်း ရွှေကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

“ဈေးကွက်ထဲမှာ အရောင်းအဝယ်ကတော့ တော်တော်လေးကိုပါးတယ်။ မိုးတွင်းလည်းဖြစ်တယ်။ ရေကြီးတာကလည်း ပြည်နယ်တိုင်း နေရာအနှံ့ဆိုတော့ဈေးကွက်ထဲမှာ အရောင်းအဝယ်က မဆိုစလောက်ကလေးပဲဖြစ်နေတာ။ ပြည်တွင်းငွေလဲနှုန်းတွေက ကျတယ်လို့ ပြောရပေမယ့် သိပ်အကျကြီးမဟုတ်တဲ့အတွက် ပြည်တွင်းရွှေဈေးက သိသိသာသာကြီး ကျမသွားဘူး။ ဈေးကျမသွားတဲ့အတွက်လည်း အရောင်းအဝယ်ပါးလာတယ်လို့ ပြောရမှာပဲ။ ဒါပေမယ့် ကမ္ဘာ့ရွှေဈေးကတော့ ဒီတစ်ပတ်ထဲမှာ နည်းနည်းထပ်ကျသွားတယ်”ဟု ရွှေကုန်သည် ဦးစံမြင့်က ပြောကြားခဲ့သည်။

ဩဂုတ်လ ၃ရက်နေ့က ကျပ် ၇၂၁၀၀၀ ရှိခဲ့သည့်မြန်မာ့ရွှေဈေးသည် ဩဂုတ်လ ၇ ရက်နေ့တွင်လည်း ကျပ် ၇၂၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ကမ္ဘာ့ရွှေဈေးသည် ဩဂုတ်လ ၃ ရက်နေ့က ၁၀၉၅ ဒေါ်လာရှိခဲ့ပြီး ဩဂုတ်လ ၇ရက်နေ့တွင် ၁၀၈၈ ဒေါ်လာသို့ကျဆင်းခဲ့သည်။

**မယ်သီတာ**

## Currency Exchange Rate

August 7, 2015

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.36 |
| BDT | Bangladesh Taka | 77.76 |
| CAD | Canada Dollars | 1.31 |
| CNY | China Yuan Renminbi | 6.21 |
| EUR | Euro | 0.92 |
| HKD | Hong Kong Dollars | 7.75 |
| INR | India Rupees | 63.81 |
| IDR | Indonesia Rupiahs | 13538.57 |
| JPY | Japan Yen | 124.79 |
| MYR | Malaysia | 3.93 |
| PKR | Pakistan Rupees | 101.77 |
| PHP | Philippines Pesos | 45.80 |
| RUB | Russia Rubles | 63.94 |
| SGD | Singapore Dollars | 1.39 |
| KRW | South Korea Won | 1167.34 |
| LKR | Sri Lanka Rupe | 133.60 |
| THB | Thailand Baht | 35.17 |
| GBP | United Kingdom Pounds | 0.65 |
| VND | Vietnam Dong | 21812.09 |

*Source : xe.com*

## World Gold Price

August, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 3 | 1094 | 1091 | 1092 |
| 4 | 1088 | 1088 | 1088 |
| 5 | 1085 | 1086 | 1085 |
| 6 | 1084 | 1084 | 1084 |
| 7 | 1090 | 1090 | 1090 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 2-8- 2015 | 721.00 | 720.50 |
| 3-8- 2015 | 717.50 | 717.00 |
| 4-8- 2015 | 718.00 | 718.50 |
| 5-8- 2015 | 723.00 | 721.80 |
| 6-8- 2015 | 720.00 | 719.90 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇူလိုင် ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 3 | 6 .21 | 35.05 | 77.81 | 64.05 |
| 4 | 6. 21 | 35.06 | 77.70 | 63.74 |
| 5 | 6 .21 | 35.13 | 78.41 | 63.78 |
| 6 | 6 .21 | 35.16 | 77.52 | 63.76 |
| 7 | 6.21 | 35.17 | 77.76 | 63.81 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 2-August | 14.72 | 1923.71 | 1601.15 | 5241.60 | 977.00 |
| 3-August | 14.55 | 1939.84 | 1602.05 | 5301.86 | 952.00 |
| 4-August | 14.54 | 1948.57 | 1604.29 | 5287.97 | 950.00 |
| 5-August | 14.61 | 1919.23 | 1578.53 | 5268.93 | 952.00 |
| 6-August | 14.74 | 1882.50 | 1572.03 | 5231.30 | 955.00 |

Source:kitco.com

## ဘိလပ်မြေ

### ဘိလပ်မြေတန်ချိန် ခြောက်သောင်းငါးထောင်ကျော်ဝင်

သီတင်းတစ်ပတ်ဖြစ်တဲ့ ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၁ ရက်အတွင်း ကန်ဒေါ်လာ ၅၄၇၄၁၆၆ တန်ဖိုးရှိ ဘိလပ်မြေ ၆၅၂၄၀ ဒသမ ၈၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဗီယက်နမ်နိုင်ငံမှ ၁၂၅ တန်၊ စင်ကာပူနိုင်ငံမှ ၄၁၀၆ ဒသမ ၆၅ တန်နဲ့ ထိုင်းနိုင်ငံမှ ၆၁၀၀၉ ဒသမ ၂၀ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ခုတစ်ပတ်မှာတော့ စိန်ဘိလပ်မြေနဲ့ ဆင်ဘိလပ်မြေများသာ ဝင်လာခဲ့ပါတယ်။ ယခင်သီတင်းပတ်မှာ ဘိလပ်မြေတန်ချိန် တစ်သောင်းခြောက်ထောင်ကျော်သာ ရှိခဲ့တာကြောင့် ဒီတစ်ပတ် အဝင်နဲ့ ယှဉ်ရင် တန်ချိန် ၄၈၀၀၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### ဈေးကွက်အတွင်း ပြောင်းလဲမှုမရှိဘဲ ဘိလပ်မြေ အရောင်းအဝယ်အေး

ဇူလိုင်လ ၂၆ ရက်မှ ဩဂုတ်လ ၁ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ ၆၅၂၄၀ တန်ကျော် ရှိခဲ့တယ်လို့ သိရပါတယ်။ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ ၁၆၅၁၂ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေ တန် ၄၈၀၀၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၈၇၅၅ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၁၁၄၅ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၂၃၈၉ တန်ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်ပိုခဲ့ပြီး နယ်စပ် လမ်းမှအဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ် ပုံမှန်ရှိ တယ်လို့ သိရပါတယ်။ မိုးကာလဖြစ်နေပေမယ့် အသုံးရှိနေတဲ့အတွက် အရောင်းအဝယ်ဖြစ်ပေမယ့် ဈေးငြိမ်နေတယ်လို့ သိရပါ တယ်။ ဈေးကွက် ထဲ အရောင်းအဝယ်ဖြစ်တဲ့ ဈေးကဆင်(ထိုင်း) ၆၀၀၀ ကျပ်၊ စိန် (ထိုင်း) ၅၉၀၀ ကျပ်၊ ကြံ့နှစ်ကောင်(အနီ) ၅၅၀၀ ကျပ်၊ ကြံ့နှစ်ကောင်(အစိမ်း) ၅၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ် တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဘိလပ်မြေက အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ မိုးများလာတာကြောင့် မသုံးမဖြစ် ဆက်သုံးနေတဲ့သူများသာ အဝယ်ရှိနေတာကြောင့် ဘိလပ်မြေအရောင်းဖြစ်နေပေမယ့် ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ၅၈၀၀ ကျပ်၊ မြန်မာဆင် ၅၀၀၀ ကျပ်၊ ဆင်မင်း (ကျောက်ဆည်) ၄၉၀၀ ကျပ်၊ ကျားခေါင်း ၄၉၀၀ ကျပ်၊ မြင်းခေါင်း ၄၉၀၀ ကျပ်၊ ဆင်(ထိုင်း) ၇၃၀၀ ကျပ်၊ စိန်(ထိုင်း)၇၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေက အရောင်းအေးတယ်လို့ သိရပါ တယ်။ မိုးများနေတာကြောင့် အရောင်းအဝယ်ပါးတယ်။ ဒီတစ်ပတ်မှာ စိန်ကဈေးကျလာပြီး ဆင်နဲ့ ကြံ့(မြိုင်ကလေး) က ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာဆင်(ထိုင်း) ၅၄၀၀ ကျပ်၊ စိန်(ထိုင်း) ၅၂၀၀ ကျပ်၊ ကြံ့(မြိုင်ကလေး) ၅၀၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

## ဓာတ်မြေဩဇာ

### မြေဩဇာတန်ချိန် နှစ်သောင်းကျော်ဝင်

ဇူလိုင်လ ၂၆ ရက်မှ ဩဂုတ်လ ၁ ရက် သီတင်း ပတ်အတွင်း ကန်ဒေါ်လာ ၂၉၆၂၃၁၇ တန်ဖိုးရှိ မြေဩဇာ ၂၀၆၆၂ ဒသမ ၃၃ တန် ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၁၇ ဒသမ ၉၈၈ တန်၊ ဂျာမနီနိုင်ငံမှ ၂၅ တန်နဲ့ ထိုင်းနိုင်ငံမှ ၂၆၄၉ ဒသမ ၃၃ တန် တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံမှ အများဆုံး တင်သွင်းခဲ့ပါတယ်။ ဝင်လာတဲ့ အမျိုးအစားများမှာ ကွန်ပေါင်းမြေဩဇာနဲ့ ရွှေနဂါး မြေဩဇာတို့ ဖြစ်ပါတယ်။ ယခင်သီတင်းပတ်မှာ မြေဩဇာတန်ချိန် ၄၃၀၀ ကျော် ဝင်လာခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် တစ်သောင်းခြောက် ထောင်ကျော် အဝင်ပိုခဲ့ပါတယ်။

### ရာသီဥတုအခြေအနေကြောင့် ဈေးကွက်အတွင်း ဓာတ်မြေဩဇာ အရောင်းအဝယ်တည်ငြိမ်

ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၁ ရက်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေဩဇာ ၂၀၆၆၂ တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၄၃၅၃ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၆၀၀၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ်မြေဩဇာ အဝင်မှာ ၁၅၀၉၅ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၈၃၀၆ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၃၈၉ ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မန္တလေး၊ မော်လမြိုင်နဲ့ တောင်ကြီးမှာ ဈေးငြိမ်ပြီး ရန်ကုန်ဈေးကွက်မှာ ဈေးအနည်းငယ်ကျကာ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အဝယ်ကအေးပြီး မြေဩဇာများက ယခင်တစ်ပတ်ဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲအသေး ၄၆% (ရွှေတုံး၊ရွှေပျား၊ရွှေတောင်)(တရုတ်) ၂၄၀၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅ ပတ်လည်(ထိုင်း) ၃၆၅၀၀ ကျပ်၊ ကွန်ပေါင်း(ပန်းရောင်) ၁၅ ပတ်လည်(ထိုင်း) ၃၁၅၀၀ ကျပ်၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ၂၁၅၀၀ ကျပ်၊တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်) ၁၂၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** မြေဩဇာက အရောင်းအေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ပိုတက်၊ ကွန်ပေါင်း ၁၅ ပတ်လည်နဲ့ ကွန်ပေါင်း(၂၅း၇း၇) မြေဩဇာများက ဈေးငြိမ်နေပြီး ယူရီးယားက ဈေးနည်းနည်းကျလာပြီး တီစူပါ က ၁၀၀ ကျပ်ဝန်းကျင်ဈေးတက်လာတယ်လို့ သိရပါတယ်။ ဈေးကွက် ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးမှာ ယူရီးယား (နေရွက်လှေ-တရုတ်) ၂၂၂၀၀ ကျပ်၊ ယူရီးယား (ရွှေတောင်-တရုတ်) ၂၂၀၀၀ကျပ်၊ ယူရီးယား(ကမ္ဘာလုံး-တရုတ်)၂၂၀၀၀ကျပ်၊ တီစူပါ(သံကွင်း-တရုတ်) ၂၁၁၀၀ ကျပ်၊ ပိုတက် (အိန္ဒိယ) ၂၃၀၀၀ ကျပ်၊ ကွန်ပေါင်း(၁၅း၁၅း၁၅) (နေရွက်လှေ-တရုတ်) ၃၄၅၀၀ ကျပ်၊ ကွန်ပေါင်း(၂၅း၇း၇) ၃၁၇၀၀ ကျပ် ဈေးရှိတယ်လို့ မြေဩဇာ အရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေဩဇာက မိုးကောင်းနေတာကြောင့် အရောင်းအေးနေသလို ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား-ပုလဲ (ကမ္ဘာလုံး-တရုတ်) ၂၃၈၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၂၃၈၀၀ ကျပ်၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်)၂၄၇၀၀ ကျပ်၊ တီစူပါ ၁၂% (တရုတ်) ၁၁၄၀၀ ကျပ်၊ တီစူပါ ၁၆% (တရုတ်) ၁၂၀၀၀ ကျပ်၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ၃၇၃၀၀ ကျပ်၊ တီစူပါ (၁၀း၁၀း၅-တရုတ်) ၁၆၀၀၀ ကျပ်၊ ဓာတ်ဆား (တရုတ်) ၁၆၀၀၀ ကျပ်၊ ပိုတက်(တရုတ်)၂၆၇၀၀ ကျပ်၊ ယူရီးယား (ယူအေအီး) ၂၁၀၀၀ ကျပ်၊မြားကမ္ဘာ ၁၅၈၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဒီတစ်ပတ် မြေဩဇာက အရောင်းအဝယ် အေးတယ်လို့ သိရပါတယ်။ တရုတ်ငွေ ဈေးကျတာနဲ့အတူ ကုမ္ပဏီဈေးတွေလည်း ကျလာတာကြောင့် မြေဩဇာ ဈေးကျလာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ၂၁၃၀၀ကျပ်၊ယူရီးယား(ပန်းဖူး-တရုတ်) ၂၂၄၀၀ ကျပ်၊ တီစူပါ(၄၆%-တရုတ်) ၂၀၅၀၀ ကျပ်၊ တီစူပါ(၁၆%-တရုတ်) ၁၁၅၀၀ ကျပ်၊ တီစူပါ(၁၂%-တရုတ်) ၁၁၀၀၀ ကျပ်၊ ကွန်ပေါင်း(၁၀း၁၀း၅) ၁၄၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီတန်ချိန် ၉၀ ကျော်နဲ့ နို့မှုန့် ၁၃ တန်ကျော်ဝင်

သီတင်းတစ်ပတ်ဖြစ်တဲ့ ဇူလိုင်လ ၂၆ ရက်မှ ဩဂုတ်လ ၁ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၄၆၆၆၀ တန်ဖိုးရှိ နို့ဆီ ၉၃ ဒသမ ၃၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်တန်ချိန် ၅၇၀ ကျော်တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၄၇၀ ကျော် အဝင်လျော့ခဲ့ပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ ၁၃ ဒသမ ၉၉ တန်သာ ဝင်လာခဲ့ပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူနိုင်ငံမှသာ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၇၇၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ နို့ဆီရော နို့မှုန့်ပါ အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၂၅/၇ မှ ၃၁/၇ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၁၈/၇ မှ ၂၄/၇ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၁၄၁.၀၀ | ၁၂၄၁.၄၅ | (-) | ၁၀၀.၄၅ |
| ၂။ | လွယ်ဂျယ် | ၂၈၆.၀၀ | ၁၇၆.၀၀ | (+) | ၁၁၀.၀၀ |
| ၃။ | ချင်းရွှေဟော် | - | ၃၂.၅၀ | (-) | ၃၂.၅၀ |
| ၄။ | ကန်ပိုက်တီး | ၂၀၂၉.၀၀ | ၈၃၈.၀၀ | (+) | ၁၁၉၁.၀၀ |
| ၅။ | တာချီလိတ် | ၁၀၀၀.၀၀ | ၅၀၀.၀၀ | (+) | ၅၀၀.၀၀ |
| ၆။ | မြဝတီ | ၅၂.၀၀ | ၈၉၂.၅၀ | (-) | ၈၄၀.၅၀ |
| ၇။ | ကော့သောင်း | ၃၇၃၂.၅၀ | ၅၁၉၀.၀၀ | (-) | ၁၄၅၇.၅၀ |
| ၈။ | မြိတ် | ၅၁၅.၀၀ | ၂၂၇၅.၀၀ | (-) | ၁၇၆၀.၀၀ |
| ၉။ | မောင်တော | - | - | | - |
| | စုစုပေါင်း | ၈၇၅၅.၅၀ | ၁၁၁၄၅.၄၅ | (-) | ၂၃၈၉.၉၅ |

မြင့်မြင့်မာ MIRT (DCCA)

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၂၅/၇ မှ ၃၁/၇ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၁၈/၇ မှ ၂၄/၇ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၃၂၈၅.၄၃၄ | ၁၆၆၄၀.၇၅၀ | (-) | ၃၃၅၅.၃၁၆ |
| ၂။ | လွယ်ဂျယ် | ၂၄၆.၀၀၀ | ၆၄.၀၀၀ | (+) | ၁၈၂.၀၀၀ |
| ၃။ | ချင်းရွှေဟော် | ၄၁၅.၁၅၀ | ၆၅၅.၂၅၀ | (-) | ၂၄၀.၀၀ |
| ၄။ | တာချီလိတ် | - | ၉၀.၀၀၀ | (-) | ၉၀.၀၀၀ |
| ၅။ | မြဝတီ | ၂၄၉.၁၇၀ | ၄၀၄.၈၆၅ | (-) | ၁၅၅.၆၉၅ |
| ၆။ | ကော့သောင်း | - | ၂၅၁.၅၀၀ | (-) | ၂၅၁.၅၀၀ |
| ၇။ | မြိတ် | ၅၀၀.၀၀၀ | - | (+) | ၅၀၀.၀၀၀ |
| ၈။ | ရိုဒ် | ၄၀၀.၀၀၀ | ၂၀၀.၀၀၀ | (+) | ၂၀၀.၀၀၀ |
| | စုစုပေါင်း | ၁၅၀၉၅.၇၅၄ | ၁၈၃၀၆.၃၆၅ | (-) | ၃၂၁၀.၆၁၁ |

တင်တင်ထွန်း MIRT (DCCA)

# နှမ်း/မြေပဲ

## ဇူလိုင်လအတွင်း နှမ်းတန်ချိန် ခြောက်သောင်းနီးပါးတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဇူလိုင်လ နောက်ဆုံးပတ်အတွင်း ကန်ဒေါ်လာ သုည ဒသမ ၀၇၈ သန်းတန်ဖိုးရှိ နှမ်းဖြူ ၄၉ တန်နဲ့ ကန်ဒေါ်လာ သုည ဒသမ ၀၉၈ သန်းတန်ဖိုးရှိ နှမ်းဖြူ (အခွံချွတ်) ၅၆ တန်၊ ချင်းရွှေဟော်စခန်းမှ ကန်ဒေါ်လာ ၄ ဒသမ ၅၃၉ သန်းဖိုးရှိ နှမ်းဖြူ ၁၅၂၅ တန်၊ နှမ်းနက် ၁၁၈၈ တန်၊ နှမ်းညို ၅၄၄ တန် တင်ပို့ခဲ့ပါတယ်။

ယခင်ရက်သတ္တပတ်က ချင်းရွှေဟော်မှ နှမ်းရောင်စုံ ၂၀၃၅ တန်ခွဲနဲ့ မူဆယ်မှ နှမ်းဖြူ(အခွံချွတ်)၁၈ တန်သာတင်ပို့ခဲ့လို့ ယခုတစ်ပတ် နှမ်းတင်ပို့မှု ပိုမိုလာတာတွေ့ရပါတယ်။မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က နှမ်းဖြူတစ်တန်ကို ၁၇၈၆၇၂၇ ကျပ်ရှိရာမှ ယခုတစ်ပတ်တွင် ၁၇၅၅၁၉၆ ကျပ်သို့ လည်းကောင်း၊ နှမ်းနက်တစ်တန်ကို ၂၀၈၆၁၂၈ ကျပ်မှ ၂၀၄၉၃၁၄ ကျပ်သို့ လည်းကောင်း ဈေးပြန်လည်ကျဆင်းသွားတာ တွေ့ရပါတယ်။ ဇူလိုင်လ တစ်လလုံး စခန်းအသီးသီးမှ နှမ်းရောင်စုံ ၅၉၅၂ တန်ခွဲ တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## ယင်းမာပင်ခရိုင်မှာ မိုးနှမ်းများစတင်ရိတ်သိမ်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်သည် စစ်ကိုင်းတိုင်းဒေသကြီးရဲ့ဆီအိုးကြီးတစ်လုံးလည်း ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးတစ်ခုလုံးရဲ့ လျာထားစိုက်ဧက ၄ ဒသမ ၇၃သိန်းရှိသည့်အနက် ယင်းမာပင်ခရိုင်ရဲ့ ၂၀၁၅-၁၆ ခုနှစ်မှာ မိုးနှမ်းဧက ၂ ဒသမ ၂၉၀ သိန်းကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။

ဇူလိုင်လ ၇ ရက်၊ ၈ ရက်မှ စတင်ရွာသွန်းတဲ့မိုးကြောင့် မိုးနှမ်းရိတ်သိမ်းချိန်မှာ အခက်အခဲများနဲ့ ကြုံတွေ့ရပါတယ်။ မိုးရွာထဲ နှမ်းရိတ်သိမ်းရသလို ထောင်လှမ်းတဲ့အချိန်မှာ မိုးအဆက်မပြတ်ရွာသွန်းခြင်းကြောင့် အထွက်နှုန်း အနည်းငယ်လျော့နည်းခဲ့ပါတယ်။ နှမ်းရိတ်ချိန်နဲ့ နှမ်းခါယူချိန် မိုးလွတ်တဲ့တောင်သူတွေကတော့ တစ်ဧကကို ၉ တင်းမှ ၁၀ တင်းရရှိကြပြီး မိုးအဆက်မပြတ်ရွာသွန်းချိန်မှာ နှမ်းခါယူရတဲ့ တောင်သူများမှာ တစ်ဧက ၅ တင်း ၆ တင်းလောက်သာ ရရှိတယ်လို့သိရှိရပါတယ်။

ယင်းမာပင်ခရိုင်မှာ အဓိကစိုက်ပျိုးတဲ့ နှမ်းမျိုးကတော့ ဆင်းရတနာ-၃ ခေါ်တဲ့နှမ်းနက်၊ ရှမ်းကလေးလို့ ခေါ်တဲ့နှမ်းဖြူ ရိုးစိမ်းလို့ခေါ်တဲ့ နှမ်းနီကြား(ဆီနှမ်း)တို့ဖြစ်ကြပါတယ်။ လက်ရှိပေါက်ဈေးအနေဖြင့် နှမ်းနက် တစ်တင်း ၅၅၀၀၀ ကျပ်၊ နှမ်းဖြူ တစ်တင်း ၃၁၅၀၀ ကျပ်၊ နှမ်းနီကြားတစ်တင်း ၂၉၀၀၀ ကျပ်ဈေးရှိကြောင်း သိရှိရပါတယ်။ တစ်ဧကပျမ်းမျှ ၇ တင်းနှုန်းနှင့် တွက်လျှင် ယင်းမာပင်ခရိုင်မှာ နှမ်းတင်းပေါင်း ၁၆ ဒသမ ၀၃၂ သိန်းထွက်ရှိမယ်လို့ ခန့်မှန်းရပါတယ်။

**သန်းပို-ယင်းမာပင်**

# စားအုန်းဆီ

## ထုတ်လုပ်မှုမြင့်တက်ခြင်းနဲ့ ဝယ်လိုအား ကျဆင်းမှုတို့ကြောင့် စားအုန်းဆီဈေးနှုန်းကျဆင်း

မလေးရှားရင်းဂစ်တန်ဖိုး ကျဆင်းမှုနဲ့ ပြိုင်ဘက်ဆီထွက်သီးနှံဈေးနှုန်းတွေ မြင့်တက်လာတဲ့အတွက် စားအုန်းဆီတင်ပို့မှုမြင့်တက်စေရန် အထောက်အကူ ဖြစ်စေခဲ့ပေမယ့် စားအုန်းဆီထုတ်လုပ်မှု မြင့်တက်လာခြင်းနဲ့ ဝယ်လိုအား ကျဆင်းမှုတို့ကြောင့် မလေးရှားစားအုန်းဆီရဲ့ ကြိုရောင်းကြိုဝယ်ဈေးက ၁၁ လအတွင်း အနိမ့်ဆုံးနှုန်းကို ရောက်ရှိခဲ့ပါတယ်။



ကမ္ဘာ့စားအုန်းဆီဈေးနှုန်းတွေ ကျဆင်းတဲ့ အလားအလာကလည်းမလေးရှားစားအုန်းဆီဈေးနှုန်းအပေါ် အကျိုးသက်ရောက်မှုရှိခဲ့ပါတယ်။ အိန္ဒိယ၊ ဥရောပသမဂ္ဂနဲ့ တရုတ်နိုင်ငံတို့အပါအဝင် ကမ္ဘာ့အဓိကဝယ်လက်များက ဈေးအကျကို အခွင့်ကောင်းယူပြီး အရန်သိုလှောင်မှုတွေကို မြှင့်တင်ဖို့ ကြိုးပမ်းကြပါတယ်။ အစဉ်အလာအားဖြင့် ပါကစ္စတန်မှ စားအုန်းဆီတင်သွင်းသူတွေက အပြည်ပြည်ဆိုင်ရာဈေးနှုန်းကို ကြည့်ပြီး ဝယ်ယူမှုကို အလျော့အတင်းပြုလုပ်တတ်ပါတယ်။ ဒါပေမယ့် မကြာသေးမီက တင်သွင်းခဲ့တဲ့ အရေအတွက်က လွန်ခဲ့တဲ့ ငါးနှစ်အတွင်း ပျမ်းမျှတင်သွင်းမှုထက်မြင့်မားခဲ့ပါတယ်။ ပါကစ္စတန်နိုင်ငံမှာ ရက်ပေါင်း ၃၀ ထက်ကျော်လွန်သိုလှောင်ထားရင် အကောက်ခွန်နှုန်းကို လေးဆထိမြှင့်တင်ထားတဲ့အတွက် ယခုတစ်ကြိမ်မှာ ဈေးကျတဲ့ အခွင့်အရေးကို အပြည့်အဝ အသုံးချခွင့် မရခဲ့ဘူးလို့ Pakistan Vanaspati Association ရဲ့ပြောရေးဆိုခွင့်ရှိသူက ပြောပါတယ်။

ဘာဆာမလေးရှားကုန်စည်ဒိုင်ဖြစ်တဲ့ (Bursa Malaysia Derivatives Exchange) မှာ အောက်တိုဘာအတွက်ကန် ထရိုက်စာချုပ်ဈေးက ၁ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းပြီး တစ်တန်ကို ၂၀၃၅ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၅၂၅) နှုန်းရှိခဲ့ပါတယ်။ စောစောပိုင်းက စားအုန်းဆီဈေးက တစ်တန်ကို ၂၀၈၂ ရင်းဂစ်ထိ ရောက်ရှိခဲ့ပေမယ့် အနိမ့်ဆုံးဈေးအဖြစ် တစ်တန်ကို ၂၀၂၃ ရင်းဂစ်ထိ ရောက်ရှိကာ ၁၁ လအတွင်း အနိမ့်ဆုံးနှုန်းကို ရောက်ရှိခဲ့ပါတယ်။

ယခုလအတွင်းမှာ စားအုန်းဆီဈေးက ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။ ရောင်းဝယ်တဲ့ပမာဏက ၂၅ တန်ပါအတွဲ ၃၇၂၅၆ တွဲရှိခဲ့တဲ့အတွက် ပျမ်းမျှရောင်းချနှုန်းဖြစ်တဲ့ အတွဲ ၃၅၀၀၀ ထက် ကျော်လွန်ခဲ့ပါတယ်။

"ဝယ်လိုအားကျဆင်းမှုက မကြုံစဖူး ထူးထူးကဲကဲဖြစ်ခဲ့ပါတယ်။ အိန္ဒိယနဲ့ တရုတ်တို့ကလည်း လက်ရှောင်ပြီး ဘေးထိုင်ကြည့်နေပါတယ်။ ကုန်စည်ရန်ပုံငွေအဖွဲ့တွေအများစုကလည်း ပြန်ရောင်းကြတာများပါတယ်"လို့ ကုန်သည်တစ်ဦးက ပြောပါတယ်။

အမေရိကန်ပြည်ထောင်စု ပဲပုပ်ဆီရဲ့ ဩဂုတ်လအတွက် စာချုပ်ဈေးက အာရှဈေးကွက်မှာ သုည ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ပါတယ်။ တရုတ်နိုင်ငံ၊ ဒါလီယန်ကုန်စည်ဒိုင်မှာ ၁ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။

**ညဏ်တင်**

### ပြည်တွင်းဆီဈေးနှုန်းများ (၇-၈-၂၀၁၅)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၈၀၀ | ၄၈၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၇၀၀ | ၁၆၅၀ | ▽ |
| ရန်ကုန် | ၅၇၀၀ | ၅၇၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၄၄၀ | ၁၄၀၅ | ▽ |
| မန္တလေး | ၅၀၀၀ | ၅၀၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၅၅၀ | ၁၅၂၀ | ▽ |
| ပဲခူး | ၃၁၀၀ | ၃၁၀၀ | □ | ၅၁၀၀ | ၄၉၀၀ | ▽ | ၁၅၅၀ | ၁၅၀၀ | ▽ |
| မကွေး | ၅၃၀၀ | ၆၀၀၀ | △ | ၃၉၀၀ | ၄၀၀၀ | △ | ၁၆၀၀ | ၁၄၀၀ | ▽ |
| မုံရွာ | ၅၈၀၀ | ၆၈၀၀ | △ | ၃၇၀၀ | ၄၀၀၀ | △ | ၁၆၀၀ | ၁၅၆၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |

*Source: mirt*

### စားအုန်းဆီဈေးနှုန်းများ (၃-၈-၂၀၁၅ မှ ၆-၈-၂၀၁၅ နေ့ထိ)

ရေတွက်ပုံ - ဒေါ်လာ

| စဉ် | နေ့စွဲ | CIF (ရန်ကုန်) |
|---|---|---|
| (၁) | ၃-၈-၂၀၁၅ | ၆၃၄ |
| (၂) | ၄-၈-၂၀၁၅ | ၆၂၈ |
| (၃) | ၅-၈-၂၀၁၅ | ၆၂၈ |
| (၄) | ၆-၈-၂၀၁၅ | ၆၁၅ |

Source: ဆီကုန်သည်များအသင်း

### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၇-၈-၂၀၁၅ US$/Ton

| အမျိုးအစား | ဇူလိုင်လပဥ္စမပတ် | ဩဂုတ်လပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၈၃.၅၀ | ၅၇၅.၀၀ | ▽ |
| RBD P.Olein | ၆၀၃.၅၀ | ၅၇၈.၀၀ | ▽ |
| RBD P.Strarin | ၅၁၈.၀၀ | ၅၁၇.၀၀ | ▽ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၆- ၈ -၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၂၄၀.၀၅ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၁၀ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၂၀ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၀၈ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၁.၃၈ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၃၅.၁၇ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၀၅ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၃၇၄.၈၃ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၆-၈-၂၀၁၅ နေ့ (CIF ဈေး Cloud Point 8˚C Max ၆၁၅ဒေါ်လာ၊ FOB ၅၉၀ဒေါ်လာနှင့် USD ဈေး ၁၂၃၄ ကျပ်)ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။

၂။ ၆-၈-၂၀၁၅ နေ့ ဝယ်ယူပြီးနောက် (၁၀) ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ဒေါ်လာဈေး ၁၂၃၄ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်းဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများအပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

၈။ ၇. ၈. ၂၀၁၅ ရက်နေ့သည် စင်ကာပူနိုင်ငံတွင် အစိုးရရုံး ပိတ်ရက်ဖြစ်ပါသဖြင့် FOB နှင့် CIF ဈေးများမရရှိပါ။

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# စင်ကာပူကုမ္ပဏီများပူးပေါင်းအဖွဲ့မှ အိန္ဒိယနိုင်ငံ၌တည်ဆောက်မည့် အမရာဝတီမြို့ပြစီမံကိန်း အပြီးသတ်မဟာစီမံချက်အားလွှဲအပ်

အိန္ဒိယနိုင်ငံတောင်ပိုင်း အန်ဒရာပရာဒေ့ရှ်ပြည်နယ်၌ မြို့တော်အသစ်တည်ထောင်နိုင်ရန်အတွက် မဟာစီမံချက်ရေးဆွဲခြင်းကို စင်ကာပူနိုင်ငံအခြေစိုက် ဆာဘာနာအတိုင်ပင်ခံလုပ်ငန်းနှင့်ဂျူရောင်းဦးပိုင်လီမိတက်တို့ ပူးပေါင်းအဖွဲ့မှ တာဝန်ယူဆောင်ရွက်ခဲ့ရာ နောက်ဆုံးအဆင့်ဖြစ်သော မြို့ပြတည်ထောင်မှုသန္ဓေဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ကို အပြီးသတ်ရေးဆွဲနိုင်ခဲ့ပြီဖြစ်သည်။

သို့ဖြစ်၍ အဆိုပါမဟာစီမံချက်လွှဲပြောင်းပေးအပ်မှုအခမ်းအနားကို ဇူလိုင်လ ၂၀ ရက်နေ့က အန်ဒရာပရာဒေ့ရှ်ပြည်နယ်တွင် ကျင်းပခဲ့ရာ ၎င်းပြည်နယ်ဝန်ကြီးချုပ် မစ္စတာချန်ဒရာဘာဘူနိုင်ဒူးနှင့် စင်ကာပူနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး မစ္စတာအက်စ်အစ္စဝါရန်တို့ တက်ရောက်ခဲ့ကြပါသည်။

အမရာဝတီမြို့ (Amaravati) ဟုခေါ်တွင်မည့် မြို့သစ်တည်ဆောက်ရေးစီမံချက်ရေးဆွဲမှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို ယခင်နှစ်ဒီဇင်ဘာလအတွင်း စင်ကာပူနှင့်အိန္ဒိယနှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးခဲ့ပြီး အဆင့်သုံးရပ်ဖြင့် မဟာစီမံချက်ရေးဆွဲခဲ့ရာ ပထမအဆင့်ဖြစ်သော မြို့တော်တည်ဆောက်မှုစီမံချက်ကို ယခုနှစ်မတ်လ၌လည်းကောင်း၊ ဒုတိယအဆင့်ဖြစ်သည့် မြို့တော်၏အနီးပတ်ဝန်းကျင်ဒေသတည်ဆောက်ရေးစီမံချက်အားမေလတွင်လည်းကောင်း၊ အန်ဒရာပရာဒေ့ရှ်ပြည်နယ်အစိုးရသို့ ပေးအပ်ပြီးဖြစ်ပါသည်။ ၎င်းစီမံချက်နှစ်ရပ်တွင် အမြန်ရထားလမ်းကွန်ရက်များ၊ စက်မှုဇုန်များ၊ ကူးသန်းရောင်းဝယ်ရေးဇုန်များနှင့် လေယာဉ်ကွင်းတည်ဆောက်ရန် အစီအစဉ်များပါဝင်ပြီး ယခုတစ်ကြိမ် လွှဲပြောင်းပေးသည့် မြို့ပြသန္ဓေဖွံ့ဖြိုးတိုးတက်ရေးစီမံချက်၌ အကျယ်အဝန်း ၁၆ ဒသမ ၉ စတုရန်းကီလိုမီတာအတွင်း အစိုးရဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းများနှင့်လူနေထိုင်ရန်တို့အတွက် အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများပါဝင်မည်ဖြစ်သည်။

မြို့ပြတည်ဆောက်ရေးလုပ်ငန်းများကို လာမည့်အောက်တိုဘာလ ၂၂ ရက်နေ့၌ အုတ်မြစ်ချအခမ်းအနားဖြင့် စတင်နိုင်ရန်ကြိုးပမ်းလျက်ရှိပြီး သန္ဓေဖွံ့ဖြိုးတိုးတက်ရေးစီမံချက်အား အကောင်အထည်ဖော်ဆောင်ရွက်မည့် အဆင့်ငါးရပ်အနက် ပထမအဆင့်ကို ၂၀၁၈ ခုနှစ်၌ပြီးစီးရန် အန်ဒရာပရာဒေ့ရှ်ပြည်နယ်ဝန်ကြီးချုပ်မစ္စတာနိုင်ဒူးမှ မျှော်လင့်လျက်ရှိပါသည်။ မစ္စတာအက်စ်အစ္စဝါရန်လည်း ယခု စီမံကိန်း၏ ကြီးမားကျယ်ပြန့်မှု အနေအထားအရ စင်ကာပူကုမ္ပဏီများ အနေဖြင့် ဝင်ရောက်လုပ်ကိုင်နိုင်မည့်အခွင့်အလမ်းများစွာရှိနေကြောင်း ပြောဆိုပါသည်။ လက်ရှိကာလတွင် စင်ကာပူအခြေစိုက် စက်မှုဇုန်တည် ထောင်ခြင်းဆိုင်ရာ ထောက်ပံ့မှု လုပ်ငန်းများအား ဆောင်ရွက်နေသော Sembcorp လီမိတက်နှင့် မြို့ပြဖွံ့ဖြိုးရေး လုပ်ကိုင်သည့် Ascendas-Singbridge ကုမ္ပဏီတို့မှ အမရဝတီမြို့တော်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်ရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားထားပါသည်။ **နေအေးလွင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ စင်ကာပူမြို့**

# ဝမ်ငွေနှင့် အမေရိကန်ဒေါ်လာ လဲလှယ်နှုန်း သုံးနှစ်အတွင်း အမြင့်ဆုံး ရောက်ရှိ

ဇူလိုင်လ ၂၃ ရက်နေ့က ဝမ်ငွေနှင့်အမေရိကန်ဒေါ်လာ လဲလှယ်နှုန်းသည် သုံးနှစ်အတွင်း အမြင့်ဆုံးရောက်ရှိ၍ ဒေါ်လာငွေတန်ဖိုးတက်နေခဲ့သည်။ ၎င်းအပြင် ဒေါ်လာငွေတန်ဖိုးတက်မှုသည် သုံးလအတွင်း ရှစ်ရာခိုင်နှုန်း သို့ရောက်ရှိခဲ့သည်။ ၂၀၁၂ ခုနှစ်အတွင်း အမြင့်ဆုံးလဲလှယ်နှုန်းအဖြစ် ရှိခဲ့သည့် တစ်ဒေါ်လာလျှင် ၁,၁၆၅ ဒသမ ၆ ဝမ်သည် သုံးနှစ်အတွင်း အမြင့်ဆုံးနှုန်းထားဖြစ်ခဲ့ရာ ယင်းနှုန်းထားကို ကျော်၍ စံချိန်သစ် တင်သွားဖွယ်ရှိသည်။

ကိုရီးယားရှိ ရင်းနှီးမြှုပ်နှံမှုဘဏ်များ၊ ငွေကြေးလဲလှယ်ရေးလုပ်ငန်းများ၏ ခန့်မှန်းချက်အရ ကိုရီးယားဝမ်နှင့် ဒေါ်လာလဲလှယ်နှုန်းသည် လာမည့်ရက်သတ္တပတ်တွင် ဝမ် ၁,၂၀၀ အထိ ရှိနိုင်ပြီး ယခုနှစ်အတွင်း ဝမ် ၁,၃၀၀ အထိ အမြင့်ဆုံးရှိနိုင်ကြောင်း ခန့်မှန်းသုံးသပ်ထားကြသည်။ Goldman Sachs ကလည်း ၁၂ လတာကာလအတွင်း အမေရိကန်ဒေါ်လာ လဲလှယ်နှုန်းသည် ဝမ် ၁,၃၀၀ အထိ တက်နိုင်ကြောင်း သုံးသပ်ထားခဲ့သည်။

အမေရိကန်၏ အိမ်ခြံမြေဈေးကွက်တွင်လည်း ဒေါ်လာငွေတန်ဖိုးမာနေသည်။ ၎င်းအပြင် နိုင်ငံခြားသားများသည် ကိုရီးယားစတော့ရှယ်ယာများကို ရောင်းထုတ်နေကြသည်။ ကိုရီးယားငွေကြေးအာဏာပိုင်များသည် ဒေါ်လာဈေးတက်နေမှုကို ကိုရီးယားဈေးကွက်တွင် ထိန်းသိမ်းသွားရန် မူဝါဒများ ချမှတ်ထားသင့်ပေသည်။

**သန့်ဇင် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

# အာဖရိကသို့ ထိုင်းဆန်တင်ပို့ရောင်းချရန် ညှိနှိုင်း

ထိုင်းနိုင်ငံသည် အာဖရိကနိုင်ငံများသို့ အမေရိကန်ဒေါ်လာ ၃၁၃ သန်းဖိုးရှိသော ဆန်တန်ချိန် ၇၆၅,၀၀၀ ရောင်းချရန် အပြီးသတ်ဆွေးနွေးပြီးဖြစ်ပါသည်။ အာဖရိကသို့ သွားရောက်သည့် ငါးရက်ကြာခရီးစဉ်အတွင်း ထိုင်းပြည်ပတင်ပို့သူများနှင့် အာဖရိကမှ တင်သွင်းသူများသည် ဆန်အရောင်းအဝယ်အတွက် နားလည်မှုစာချွန်လွှာ ၁၁ ခုလက်မှတ်ရေးထိုးခဲ့ကြကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာချတ်ချိုင်းက ပြောကြားခဲ့ပါသည်။

တောင်အာဖရိကမှ ဆန်တန်ချိန် ၆၁၀,၅၀၀ ဝယ်ယူမည်ဖြစ်ကြောင်း၊ ကျန်ပမာဏကို အခြားသော အာဖရိကနိုင်ငံများမှ ဝယ်ယူမည်ဖြစ်ကြောင်း၊ အာဖရိကမှ ဝယ်ယူမည့် ဆန်အားလုံးသည် အဆင့်မြင့်ပေါင်းဆန်များဖြစ်ပြီး ယခုနှစ်နှင့်လာမည့်နှစ်တွင် တင်ပို့မည်ဖြစ်ကြောင်း သိရှိရပါသည်။

ဆန်ရောင်းဝယ်မှုအတွက် သာမက ဆင့်တက်ပြုပြင်ထုတ်လုပ်ထားသော စားသောက်ကုန်များ၊ ကားအပိုပစ္စည်းများ၊ ဖက်ရှင်ဆိုင်ရာထုတ်ကုန်များ စသည့်အခြားသော ကဏ္ဍများမှ ထိုင်းတင်ပို့သူများသည်လည်း စုစုပေါင်း အမေရိကန်ဒေါ်လာသန်း ၂၀ဖိုးရှိသော အရောင်းအဝယ်စာချုပ်များ ချုပ်ဆိုနိုင်ခဲ့ကြောင်းလည်း ဝန်ကြီး မစ္စတာချတ်ချိုင်းက ပြောကြားခဲ့ပါသည်။

ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၀ ဈေးနှုန်းရရှိခဲ့ကြောင်း၊ ဈေးကွက်၌ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၀ သာ ရှိကြောင်း ထိုင်းဆန်ပြည်ပတင်ပို့သူများအသင်းဥက္ကဋ္ဌကပြောကြားခဲ့ပါသည်။

ယခုနှစ် ပထမနှစ်ဝက်အတွင်းတွင် ထိုင်းနိုင်ငံမှဆန်အများဆုံးတင်သွင်းသည့်နိုင်ငံငါးနိုင်ငံတွင် တောင်အာဖရိကလည်းပါဝင်ကြောင်း၊ တောင်အာဖရိကနိုင်ငံသည် ထိုင်းနိုင်ငံမှဆန်ချိန် ၂၇၀,၂၉၁ တင်သွင်းခဲ့ကြောင်း သိရှိရပါသည်။

နိုင်ဂျီးရီးယားသည် ပထမနှစ်ဝက်အတွင်း ထိုင်းနိုင်ငံမှဆန်အများဆုံးတင်သွင်းသည့် နိုင်ငံဖြစ်ပြီးဆန်တန်ချိန် ၄၇၅,၃၆၂ တင်သွင်းခဲ့ရာ ပြီးခဲ့သည့်နှစ် အလားတူကာလက တင်သွင်းမှုထက် ၁၀၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ပါသည်။

ဖိလစ်ပိုင်၏ ထိုင်းဆန်တင်သွင်းမှုသည် ၂၅၅ ရာခိုင်နှုန်းမြင့်တက်၍ တန်ချိန် ၄၂၂,၁၁၀ ဖြစ်ပြီး တရုတ်နိုင်ငံ၏ ထိုင်းဆန်တင်သွင်းမှုသည် ၉ ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်၍ ၃၆၁,၁၀၆ ဖြစ်ပါသည်။ အဆိုပါကာလအတွင်းမှာပင် အမေရိကန်သို့ ထိုင်းဆန်တင်ပို့မှုသည် ၁ ဒသမ ၈ ရာခိုင်နှုန်းလျော့နည်း၍ တန်ချိန် ၂၂၆,၄၉၇ သာရှိခဲ့ပါသည်။

ယခုနှစ်ပထမခြောက်လအတွင်း ထိုင်းဆန်ပြည်ပတင်ပို့မှုသည် တန်ချိန်အားဖြင့် ၄ ဒသမ ၇ ရာခိုင်နှုန်းလျော့နည်း၍ တန်ချိန် ၄ ဒသမ ၄၆ သန်းဖြစ်ပြီး တန်ဖိုးအားဖြင့် ၅ ဒသမ ၅ ရာခိုင်နှုန်း လျော့နည်း၍ ဘတ် ၇၂ ဒသမ ၁ ဘီလီယံဖြစ်ကြောင်း သိရှိရပါသည်။

**ရီရီမွန် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

## ပြည်နယ်အတွင်းနိုင်ငံခြားရေးဝန်ကြီးဌာန ဖွဲ့စည်းထူထောင်ရန် ဖလန်ဒါပြည်နယ်အစိုးရ အတည်ပြု

ဘယ်လ်ဂျီယံနိုင်ငံရှိ ဖလန်ဒါပြည်နယ်အစိုးရသည် ဝန်ကြီးချုပ်ဖြစ်သူ Mr. Geert Bourgeois အဆိုပြုထားသော နိုင်ငံခြားရေးဝန်ကြီးဌာနဖွဲ့စည်းထူထောင်ရန်ကိစ္စအား အတည်ပြုလိုက်ပြီဖြစ်ပါသည်။ ယခုဖွဲ့စည်းထူထောင်မည့် နိုင်ငံခြားရေးဝန်ကြီးဌာန သစ်သည် ဖလန်ဒါပြည်နယ်အစိုးရ၏ နိုင်ငံခြားရေးမူဝါဒအား ပူးပေါင်းညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။

ယခင်က ဘယ်လ်ဂျီယံနိုင်ငံ၊ ဖလန်ဒါဒေသတွင် နိုင်ငံခြားရေးရာကိစ္စရပ်များအား International Vlaanderen Department က ဆောင်ရွက်ခဲ့ ပြီး ယခုအခါ ယင်းဌာန၏ လုပ်ငန်းတာဝန်များအား အသစ်ဖွဲ့စည်းလိုက်သည့် နိုင်ငံခြားရေးဝန်ကြီးဌာနက လွှဲပြောင်းရယူမည်ဖြစ်ပါသည်။

**ဖြူနှင်းဝတ်ရည် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# ကိုရီးယားလွှတ်တော်က စီးပွားရေးဖွံ့ဖြိုးရေးဥပဒေမူကြမ်းကို အတည်ပြု

ကိုရီးယားသမ္မတနိုင်ငံအတွင်း MERS ရောဂါပြန့်ပွားခဲ့မှု၊ မိုးခေါင်မှုနှင့်ပို့ကုန် ပမာဏကျဆင်းမှုတို့ကြောင့် ဖြစ်ပေါ်ခဲ့သော စီးပွားရေးဖွံ့ဖြိုးမှုလျော့ကျခြင်းကို ကုစားရန်အတွက် အစိုးရနှင့် အတိုက်အခံပါတီတို့က စီးပွားရေးဖွံ့ဖြိုးရေးဥပဒေမူကြမ်း (Stimulus bill) အတွက် ၂၂ထရီလီယံ ဝမ် (ဒေါ်လာ ၁၈ ဘီလီယံ) ပမာဏကို အတည်ပြုပေးခဲ့သည်။ အစိုးရနှင့် အတိုက်အခံပါတီတို့သည် ယင်း stimulus package အတွက် စေ့စပ်ညှိနှိုင်းမှုများပြုလုပ်ခဲ့ရသည်။ အာဏာရပါတီသည် ကော်ပိုရိတ်အခွန်တိုးကောက်မှုကို လျှော့ပေးခဲ့ရပြီး၊ အတိုက်အခံပါတီက ကော်ပိုရိတ်ခွန်နှုန်းထား ချက်ချင်းမြှင့်တင်ရန် တောင်းဆိုချက်ကို စွန့်လွှတ်ပေးခဲ့ရသည်။

အဓိကမေးခွန်းမှာ အဆိုပါ Stimulus package သည် ကျဆင်းနေသည့် ကိုရီးယားစီးပွားရေးဖွံ့ဖြိုးမှုကို ဗဟိုဘဏ်ကရည်မှန်းထားသည့် ၂ ဒသမ ၈ ရာခိုင်နှုန်းသို့မဟုတ် သုံးရာခိုင်နှုန်းအထိ ဆွဲတင်နိုင်ပါမည်လား ဆိုသည့်အချက်ဖြစ်သည်။ Stimulus package တွင် ဝမ် ၁၅၀ ဘီလီယံသည် MERS ရောဂါနှင့်ဆက် နွယ်သည့် စီးပွားရေးလုပ်ငန်းများ ထိခိုက်ခံရမှုကို ကူညီပေးမည်ဖြစ်၍ ဝမ် ၂၀ ဒသမ ၈ ဘီလီယံသည် ရောဂါကာကွယ်ရေးနှင့် ကုသရေးအတွက် သုံးစွဲသွားမည်ဖြစ်သည်။

ဝမ် ၁၆ ဒသမ ၈ ဘီလီယံကိုမူ နေ့ကလေးထိန်းကျောင်း များအတွက် ဆရာမများနှင့် လက်ထောက်များ ငှားရမ်းသုံးစွဲသွား မည်ဖြစ်သည်။

**သန့်ဇင် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကျဆင်းခြင်းကို ကိုရီးယားသမ္မတနိုင်ငံရင်ဆိုင်နေရ

ယခုနှစ် ဒုတိယ သုံးလပတ်အတွင်း ကိုရီးယားသမ္မတနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုနှေးကွေးခြင်းသည် ခြောက်နှစ်အတွင်း အနိမ့်ဆုံးနှုန်းဖြစ်နေသည်။ အကြောင်းရင်းမှာ MERS ရောဂါပြန့်ပွားခဲ့မှု၊ ပို့ကုန်ပမာဏကျဆင်းမှုနှင့် မိုးခေါင်မှု ကာလကြာရှည်နေခဲ့မှုတို့ကြောင့် ဖြစ်သည်။ ယင်းသို့စီးပွားရေးကျဆင်းခြင်းသည် ကိုရီးယားဗဟိုဘဏ်က မျှော်မှန်းထားခဲ့သည့် ယခုနှစ်ဖွံ့ဖြိုးမှုနှုန်း ၂ ဒသမ ၈ ရာခိုင်နှုန်းကို မီရန်ခက်ခဲနေသည်။ ပညာရှင်များက ကိုရီးယားစီးပွားရေးသည် ဖွံ့ဖြိုးမှုနိမ့်ကျသည့် ထောင်ချောက် Low growth trap ထဲကျရောက်နေကြောင်း သုံးသပ်ခဲ့ကြသည်။ ယခုနှစ်ဧပြီလမှ ဇွန်လအတွင်း GDP တိုးနှုန်းသည် သုည ဒသမ ၃ ရာခိုင်နှုန်းသာရှိခဲ့ရာ ၂၀၀၉ ခုနှစ် ပထမသုံးလပတ်ကရှိခဲ့သည့် အနိမ့်ဆုံး GDP တိုးနှုန်းသုည ဒသမ ၁ ရာခိုင်နှုန်းပြီးလျှင် ဒုတိယအနိမ့်ဆုံးသော GDP တိုးနှုန်းဖြစ်နေသည်။

ယခုနှစ် ဇန်နဝါရီလမှ မတ်လအထိတွင်လည်း GDP တိုးနှုန်း သုည ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ရာမှ MERS နှင့် ပို့ကုန်ပမာဏကျဆင်းခြင်း၊ မိုးခေါင်ခြင်းတို့ကြောင့် ဒုတိယသုံးလပတ်တွင် သုည ဒသမ ၃ ရာခိုင်နှုန်းထိ ထိုးကျသွားခဲ့သည်။ ဗဟိုဘဏ် အတိုးနှုန်းကို လေးကြိမ်တိုင်အောင် လျှော့ချပေးရာ ယခုအခါ ၁ ဒသမ ၅ ရာခိုင်နှုန်းသာရှိနေသော်လည်း စီးပွားရေးဖွံ့ဖြိုးမှုကို တွန်းအားပေးရန် ထင်သလောက် မစွမ်းနိုင်ခဲ့ချေ။ ယခုလအတွင်း အစိုးရ၏ နိုင်ငံစီးပွားရေးမှပေးသည့် Stimulus package ဝမ် ၂၂ ထရီလီယံ (ဒေါ်လာ ၁၉ ဘီလီယံ) သည်လည်း စားသုံးမှုတိုးလာစေရန် မဆောင်ရွက်နိုင်ချေ။

လေ့လာသုံးသပ်သူများ၏ အကြံပြုချက်အရ ကိုရီးယားအစိုးရသည် ဂျပန်အစိုးရ၊ ယူရိုဇုန်တို့နှင့်ပူးပေါင်း၍ ငွေကြေးဖြေလျှော့မှုပေါ်လစီ (Expanded monetary easing policy) ကိုကျင့်သုံးခြင်းအားဖြင့် ပြည်ပပို့ကုန်ပမာဏတိုးလာအောင် ဆောင်ရွက်သင့်သည်ဟုဆိုသည်။ ၎င်းအပြင် နိုင်ငံခြားငွေဈေးကွက်တွင်းသို့ အစိုးရက ဝင်ရောက်၍ ဝမ်ငွေတန်ဖိုးမာလာစေရန် ဗဟိုဘဏ်အတိုးနှုန်းကို ထပ်မံလျှော့ချသွားသင့်သည်ဟု အကြံပြုခဲ့ကြသည်။

**သန့်ဇင် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

# ထိုင်းဘဏ္ဍာရေးမူဝါဒဌာနက GDP တိုးတက်မှုနှုန်းကို သုံးရာခိုင်နှုန်းသို့ လျှော့ချခန့်မှန်း

ယခုနှစ် ပထမခြောက်လအတွင်း ထိုင်းနိုင်ငံ၏ပြည်ပတင်ပို့မှုသည် ခန့်မှန်းထားသည်ထက် ပိုမိုဆိုးရွားခဲ့ပြီးနောက် ဘဏ္ဍာရေးမူဝါဒဌာန (FPO) သည် ၎င်း၏ယခုနှစ် စီးပွားရေးတိုးတက်မှုနှုန်း ခန့်မှန်းချက်ကို သုံးရာခိုင်နှုန်းသို့ လျှော့ချလိုက်ပါသည်။ ယခုနှစ်ပြည်ပတင်ပို့မှုသည် တန်ဖိုးအားဖြင့် လေးရာခိုင်နှုန်း ကျဆင်းနိုင်သည်ဟူသော ယူဆချက်ကို အခြေခံပြီး ခန့်မှန်းချက်အသစ်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ် Mr. Krisada က ပြောကြားခဲ့ပါသည်။

ဘဏ္ဍာရေးဝန်ကြီးဌာန၏ အကြံပေးအဖွဲ့ (think tank) သည် ၂၀၁၅ ခုနှစ် စီးပွားရေး တိုးတက်မှုနှုန်းကို ဇန်နဝါရီလက ၃ ဒသမ ၉ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းခဲ့သော်လည်း ဧပြီလ၌ ၎င်း၏ခန့်မှန်းချက်ကို ၃ ဒသမ ၇ ရာခိုင်နှုန်းသို့ လျှော့ချခဲ့ကြောင်း၊ ပြည်ပတင်ပို့မှု တိုးတက်မှုနှုန်း သုည ဒသမ ၂ ရာခိုင်နှုန်းရှိနိုင်သည်ဟူသော ယူဆချက်ကို အခြေခံ၍ စီးပွားရေးတိုးတက်မှုနှုန်းကို ၃ ဒသမ ၇ ရာခိုင်နှုန်းဟု ခန့်မှန်းထားခြင်းဖြစ်ကြောင်း သိရှိရပါသည်။

မြင့်မားသော အနိမ့်ဆုံးလုပ်အားခ၊ စက်မှုကုန်ထုတ်လုပ်မှုနည်းပညာနိမ့်ခြင်း၊ အိမ်ယာမှအကောက်ခွန်သက်သာခွင့်ပြီးဆုံးခြင်းစသည့် ပြဿနာများနှင့် ကမ္ဘာ့စီးပွားရေးနာလန်ထူလာမှုနှေးနေခြင်းတို့သည် ပြည်ပတင်ပို့မှု လျော့နည်းစေသည့် အကြောင်းရင်းများ ဖြစ်သည်ဟု Mr. Krisada ကယူဆပါသည်။

ဘဏ္ဍာရေးမူဝါဒဌာန၏ ခန့်မှန်းချက်သည် ထိုင်းနိုင်ငံဗဟိုဘဏ်၏ ခန့်မှန်းချက် သုံးရာခိုင်နှုန်းနှင့်အတူတူပင် ဖြစ်ကြောင်း၊ သို့ရာတွင် ဗဟိုဘဏ်မှ ပြည်ပတင်ပို့မှုသည် ၁ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းမည်ဟု ခန့်မှန်းထားကြောင်း၊ အမျိုးသားစီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှုအဖွဲ့ (NESDB) သည်လည်း လာမည့်လတွင် ၎င်း၏ စီးပွားရေး တိုးတက်မှုနှုန်းခန့်မှန်းချက်ကို ၃-၄ ရာခိုင်နှုန်းသို့ လျှော့ချရန် စီစဉ်ထားကြောင်း သိရှိရပါသည်။

**ရီရီမွန် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ထိုင်းနိုင်ငံ၏ ဇွန်လပြည်ပတင်ပို့မှု ဆက်လက်ကျဆင်း

ထိုင်းနိုင်ငံ၏ ပြည်ပတင်ပို့မှုသည် ဇွန်လ၌ သုံးနှစ်နှင့်ခြောက်လအတွင်း အဆိုးဆုံးကျဆင်းခဲ့ပြီးနောက် ထိုင်းနိုင်ငံ၏ စီးပွားရေးသည် ပိုမိုဆိုးရွားသည့်ဘက်သို့ ဦးတည်နေပြီဟု ယူဆကြပါသည်။ ထိုင်းနိုင်ငံ၏ ပြည်ပတင်ပို့မှုသည် ဇွန်လ၌ ပြီးခဲ့သည့်နှစ် အလားတူကာလကထက် ၇ ဒသမ ၈၇ ရာခိုင်နှုန်းကျဆင်း၍ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၂ ဘီလီယံဖြစ်ကြောင်း၊ ပထမခြောက်လအတွင်း ပြည်ပတင်ပို့မှုသည် ၄ ဒသမ ၈၄ ရာခိုင်နှုန်းလျော့နည်း၍ အမေရိကန်ဒေါ်လာ ၁၀၇ ဘီလီယံဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ခဲ့ပါသည်။

ယခင်လက အမေရိကန်သို့ တင်ပို့မှုသည် သုည ဒသမ ၁ ရာခိုင်နှုန်း တရုတ်နိုင်ငံသို့ တင်ပို့မှုသည် သုည ဒသမ ၈ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံသို့ တင်ပို့မှုသည် ၄ ဒသမ ၂ ရာခိုင်နှုန်းနှင့် အီးယူသို့ တင်ပို့မှုသည် ၇ ဒသမ ၁ ရာခိုင်နှုန်းအသီးသီးကျဆင်းခဲ့ပါသည်။ ပြည်ပတင်ပို့မှု ကျဆင်းနေခြင်းသည် အဓိကအားဖြင့် မျှော်မှန်းသည်ထက် နှေးကွေးနေသော ကမ္ဘာ့စီးပွားရေးပြန်လည်နာလန်ထူလာမှုနှင့်ရေနံဈေးနှုန်းများ နိမ့်နေခြင်းတို့ကြောင့်ဖြစ်ကြောင်း ကုန်သွယ်မှုမူဝါဒနှင့် မဟာဗျူဟာဌာန ညွှန်ကြားရေးမှူး Mr. Somkiat ကယူဆပါသည်။

ဇွန်လ၌ တင်သွင်းမှုသည် သုည ဒသမ ၂၁ ရာခိုင်နှုန်းကျဆင်း၍ အမေရိကန်ဒေါ်လာ ၁၈ ဘီလီယံဖြစ်ကြောင်း၊ ယခုနှစ်ပထမခြောက်လအတွင်း တင်သွင်းမှုအနေဖြင့်မူ ၇ ဒသမ ၉၁ ရာခိုင်နှုန်းကျဆင်း၍ အမေရိကန်ဒေါ်လာ ၁၀၃ ဘီလီယံဖြစ်ကြောင်း သိရှိရပါသည်။ ယခုနှစ်တွင် ပြည်ပတင်ပို့မှုပြန်လည် မြင့်တက်လာမည့်ကိစ္စနှင့်ပတ်သက်၍ သေချာမပြောနိုင်သေးသော်လည်း ပြည်ပတင်ပို့မှုမြင့်တက်မည့် အရိပ်လက္ခဏာရှိနေကြောင်း၊ အထူးသဖြင့် မော်တော်ယာဉ်နှင့် လယ်ယာကဏ္ဍများဖြစ်ကြောင်း Mr. Somkiat က ပြောကြားခဲ့ပါသည်။

ဘတ်ငွေတန်ဖိုး အားပျော့နေခြင်းသည် ဒုတိယနှစ်ဝက်တွင် ပြည်ပတင်ပို့မှုကို အထောက်အကူပြုနိုင်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်ပတင်ပို့မှု တိုးတက်နှုန်း ခန့်မှန်းချက်ကို ၁ ဒသမ ၂ ရာခိုင်နှုန်းမှာပင် ဆက်လက်ထားရှိကြောင်း၊ သို့ရာတွင် ထိုင်းနိုင်ငံဗဟိုဘဏ်မှ ပြည်ပတင်ပို့မှုသည် ၁ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းနိုင်သည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။

**ရီရီမွန် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ဖလန်ဒါအစိုးရက အစိုးရအလုပ်အကိုင်များလျှော့ချမည်

၂၀၁၄ ခုနှစ်တွင် ဘယ်လ်ဂျီယံ နိုင်ငံ ဖလန်ဒါဒေသ၌ Mr.Geert Bourgeois ဦးဆောင်သော ဖလန်းမစ် အစိုးရအဖွဲ့ တာဝန်ရယူပြီးချိန်မှစ၍ အစိုးရဌာနအသီးသီးအား ၎င်းတို့၏ ပင်မလုပ်ငန်းများကို လေ့လာဆန်းစစ် လျက် လုပ်ငန်းပြီးမြောက်စေရန် ဝန်ထမ်းမည်မျှလိုအပ်သည်ကို ဆုံးဖြတ်ရန် တာဝန်ပေးအပ်ခဲ့ပါသည်။ ယခု အခါ အဆိုပါ ဆန်းစစ်မှုလုပ်ငန်းများ ပြီးမြောက်သွားပြီဖြစ်ပါသည်။ ထို့ကြောင့် ၂၀၁၅ ခုနှစ်ဇူလိုင်လတွင် ဖလန်ဒါဒေသဆိုင်ရာ အစိုးရက အစိုးရ ဌာနများရှိ အချိန်ပြည့်အလုပ်အကိုင် ၈၈၆ ခုကိုလျှော့ချသွားမည်ဖြစ်ကြောင်း ကြေညာခဲ့ပါသည်။

**ဖြူနှင်းဝတ်ရည် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# မြန်မာနှင့် ထိုင်းနိုင်ငံတို့ ဗီဇာမလိုဘဲ ၁၄ ရက်အထိ ဝင်ရောက်လည်ပတ်နိုင်

ထိုင်းနှင့်မြန်မာနိုင်ငံ နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအား ဗီဇာလျှောက်ထားရန်မလိုဘဲ ၁၄ ရက်အထိ ဝင်ရောက်လည်ပတ်ခွင့် ပြုမည့် နှစ်နိုင်ငံ သဘောတူစာချုပ်ကို ဇူလိုင်လ ၂၈ ရက်နေ့၌ လက်မှတ်ရေးထိုးခဲ့ကြပါသည်။

အဆိုပါ သဘောတူစာချုပ်ကို နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်ရန် ရည်ရွယ်၍ ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် ခရီးသွားလုပ်ငန်းနှင့်ကုန်သွယ်မှုမြှင့်တင်ရန်ဖြစ်ကြောင်း ဇူလိုင်လ ၂၈ ရက်နေ့တွင် ချင်းမိုင်၌ ကျင်းပခဲ့သော နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကော်မရှင် အစည်းအဝေး၌ ထိုင်းနိုင်ငံနိုင်ငံခြားရေးဝန်ကြီး ဌာန ဝန်ကြီး Mr.Tanasak ကပြော ကြားခဲ့ပါသည်။ ဗီဇာကင်းလွတ်ခွင့်ပြုလိုက်ခြင်းသည် နှစ်နိုင်ငံပိုမိုပူးပေါင်း ဆောင်ရွက်မှုရှိလာသည်ကို ထင်ဟပ် ပြသနေကြောင်းလည်း Mr.Tanasak က ပြောကြားခဲ့ပါသည်။

သို့ရာတွင် အပြည်ပြည်ဆိုင်ရာ လေဆိပ်များမှ ရောက်ရှိလာသော ခရီးသည်များသာ ဗီဇာကင်းလွတ်ခွင့် ရမည်ဖြစ်ဖြစ်ကြောင်း၊ သဘောတူညီချက် သို့မဟုတ် ဗီဇာကင်းလွတ်ခွင့် သည် ဩဂုတ်လ ၁၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

**ရီရီမွန် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ထိုင်းသုဝဏ္ဏဘူမိလေဆိပ်၌ အကောက်ခွန်ကို ဘဏ်ကတ်များဖြင့် ပေးချေခွင့်ပြုမည်

ထိုင်းနိုင်ငံသားများနှင့်နိုင်ငံခြားသား ခရီးသည်များသည် ပြည်ပမှ ယူဆောင်လာသောပစ္စည်းများအတွက် အကောက်ခွန်ပေးဆောင်ရန် ၎င်းတို့၏ debit card သို့မဟုတ် credit card များကို မကြာခင် အသုံးပြုနိုင်မည်ဖြစ်ပါသည်။ သုဝဏ္ဏဘူမိလေဆိပ်၌ စက်တင်ဘာလ ၁ ရက်နေ့မှစ၍ အကောက်ခွန်ပေးဆောင်နိုင်မည့် လမ်းကြောင်းသစ် (ဘဏ်ကတ်များဖြင့် ပေးချေခြင်း) ကို စတင်အသုံးပြုနိုင်မည် ဖြစ်ပါသည်။

အကောက်ခွန်ပေးဆောင်ခြင်းကို debit card သို့မဟုတ် credit card များဖြင့် ဘတ် ၁၀၀,၀၀၀ အထိသာ ခွင့်ပြုပေးမည်ဖြစ်ကြောင်း၊ Kasikornbank နှင့် Krungthai Bank တို့၏ကတ်များကို အသုံးပြုသူများအနေဖြင့် ဝန်ဆောင်ခ ပေးရန် မလိုကြောင်း၊ အခြားသောငွေကြေးအဖွဲ့အစည်းများ၏ ဘဏ်ကတ်များကို အသုံးပြုပါက ဝန်ဆောင်ခ တစ်ရာခိုင်နှုန်းပေးရမည် ဖြစ်ကြောင်း၊ ဘဏ်ကတ်များဖြင့် အကောက်ခွန် ပေးဆောင်ခြင်းကိုနောင်တွင် အခြားလေဆိပ်များတွင်ပါ ခွင့်ပြုပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

**ရီရီမွန် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**



# t wkuav;& fwb , Sfu mNydf

|သန်းပို-ယင်းမာပင်|

ဒီစာလေးရေးလိုက်လို့များ နောက်ထပ်အတုတွေများပေါ်လာလေမလားလို့ စိုးရိမ်မိပါတယ်။ ကိုကြီးကျော်ရဲ့နတ်ဒိုးသီချင်းကိုကြားမိတိုင်း ကျွန်တော်တို့မြန်မာနိုင်ငံမှာ အတုအယောင်တွေကများများလာတာကိုတွေးမိ ပါတယ်။ ဈေးလျှော့ပြီး အစစ်လို့ရောင်းတာကတစ်မျိုး၊ အစစ်ဈေးအတိုင်းအတုလုပ်ရောင်းတာတွေလည်း ကြုံဖူးကြမှာပါ။

ခိုသားကို ချိုးသားလုပ်ရောင်း၊ အိမ်မွေးယုန်ကို တောယုန်သားလုပ်ရောင်း၊ သိုးသားကို ဆိတ်သားလုပ်ရောင်း၊ ကျွဲသားကို အမဲသားလုပ်ရောင်း၊ အမဲ၊ ဝက်၊ ကြက်သားများကို ရေထိုးရောင်းတာ စားရတဲ့အရသာ ကွာခြားသွားတယ်။ လူအတွက်အန္တရာယ်မရှိနိုင်ပေမယ့် အီသာရင်းဆိုတဲ့သီးနှံမှည့်ဆေးတွေသုံးပြီး ပင်မှည့်ဆိုပြီး ညာရောင်း။ အခုဆိုလျှင် သရက်သီး၊ ငှက်ပျောသီးများကို အီသရင်းကိုရေနဲ့ဖျော်ပြီးမှည့်အောင်လုပ်နည်း မဟုတ်ဘဲ အပြင်ပန်းကြည့်လျှင် ဆေးမအုပ်ရသေးသောအသီးထင်ရသလို အတွင်းမှာမှည့်အိနေတဲ့နည်းပညာဖြစ်တဲ့ ငှက်ပျောခိုင်ရဲ့ထိပ်၊ အသီးညှာရဲ့ထိပ်ကို လေးစိတ်စိတ်ပြီး အီသရင်းဆေးတစ်စက်နှစ်စက်ထည့်သောနည်းကို အသုံးပြုလာပါတယ်။ စားသုံးသူများမှာ သဘာဝမှည့်သီးကို မက်မောကြသော်လည်း ရောင်းချသူများမှ မြန်မြန် ကုန်စေရန်အတွက် မှည့်ဆေးမသုံးဘူးလို့ လိမ်ပြီးရောင်းတာတွေ စားသုံးသူတွေလှည့်ဖျားခံနေရပါတယ်။ လှည့်ဖျား ခံရတာအကြောင်းမဟုတ်ပေမည့် ဘေးထွက်ဆိုးကျိုးတွေဖြစ်လာရင် ဘယ်လိုလုပ်မှာလဲ။ ပစ္စည်းမှန် ပစ္စည်းကောင်းမက်တဲ့ ရိုးရှင်းတဲ့စားသုံးသူတွေမှာခံစားနေရပါတယ်။

## အရက်

အရက်ဆိုရင်လည်း BE ထဲမှာ သကြားကိုကျွမ်းအောင်လှော်ပြီးထည့်ကာ အနံ့အမျိုးမျိုးသုံးပြီး ရမ်၊ ဝီစကီ၊ ဂျော်နီဝါကားတံဆိပ်ကပ်အခွန်ရှောင်ပြီး အတုလုပ်ရောင်းနေကြတယ်။ ဒ့ါအပြင် တောအရက်ကိုတောင်မှ ပြင်းအောင် ရာဘာဖိနပ်များ၊ ယူရီးယားများထည့်ပြီး ချက်ကာရောင်းကြတယ်။ မီးတောက်အောင်လုပ်တာလွယ်လွယ်လေးပါ။ ပေါင်းခံအိုးရဲ့ဖင်ကို ဓာတ်ဆီသုတ်လိုက်လျှင် မီးတောက်အရက်ဖြစ်ပါတယ်။ ဒါတင်ဘယ်ကမလဲ။ သဘာဝထန်းပင်ကရတဲ့ထန်းရည်ကိုတောင်မှ ထန်းရည်စစ်စစ်သောက်လိုသူများအတွက် ထန်းရည်အနယ် အရက်ဆီ၊ ပါဝါသကြား၊ အီသရင်း၊ ဆော်ဒါ၊ ဆန်ဆေးရည်ကိုရောပြီး ထန်းရည်စစ်ဆိုပြီးရောင်းကြတယ်၊ ထန်းရည်အနယ်ကတော့ထန်းရည်အနံ့ရအောင် အရက်ဆီနှင့်အီသရင်းကမှုးဝေအောင်၊ ဆော်ဒါကအမြှုပ်မသေ အောင်(ပင်ကျရည်သဘောမျိုးဖြစ်အောင်) ဆန်ဆေးရည်က အရောင်ရအောင်လုပ်ပြီး ရောင်းနေကြတာပါ။

## ထန်းရည်

ထန်းရည်လုပ်တဲ့နည်း ခြောက်နည်းရှိပါတယ်။ (၁)ထန်းဖိုနုကိုထန်းရည်ထွက်အောင်လုပ်နည်း၊ (၂) ထန်းဖိုရင့်ချိန်မှာ ညှပ်ရိုက်၍ထွက်အောင်လုပ်နည်း၊ (၃)ထန်းမနုချိန်မှာ သီးခိုင်ကို နှပ်၍ထွက်အောင်လုပ်နည်း၊ (၄)ထန်းသီးရင့်ချိန်မှာ သီးရင့်တိုက်ပြီးထွက်အောင်လုပ်နည်း၊ (၅)ထန်းပင်အောက်ကို လိုဏ်ဖွဲ့၍ ထန်းမြစ်ပောင်းများကို တူးထုတ်ကာ သဲဖို့၍ ထန်းမြစ်နုထွက်ချိန်တွင်ထန်းရည်ရအောင်လုပ်နည်း၊ (၆)ထွက်လာသော ထန်းလက်အရင့်များကို ပြောင်အောင်ခုတ်ထွင်ပြီး ထန်းဦးနှောက်မှထန်းရည်ရအောင်လုပ်နည်းများဖြစ်ပါတယ်။

(၁)နဲ့(၂) ကတော့ တပို့တွဲမှတန်ခူးလအထိ ရရှိနိုင်ပြီး (၃)နဲ့(၄) ကတော့ တန်ခူးလမှတန်ဆောင်မုန်း၊ နတ်တော် အထိရရှိနိုင်ပါတယ်။ ထန်းသမားများရဲ့အဆိုအရ သီတင်းကျွတ် တအာစွတ်၊ တော်သလင်းတစ်ပုလင်း၊ တန်ဆောင်မုန်း တုံးရင်တုံး မတုံးရင် တစ်လုံးလို့ဆိုပါတယ်။ တန်ဆောင်မုန်းလအထိရရှိတဲ့ထန်းပင်ဟာ ရိုးတံ (လက်ရိုး) စွဲလို့ဖြစ်ပါတယ်။ အင်မတန်ရှားပါတယ်။ အဲဒီအချိန်မှာထန်းရည်များများရပြီဆိုရင် အတုလို့သာမှတ် လိုက်ပါ။

## စားသုံးဆီ

စားသုံးဆီတွေဆိုရင် မြန်မာနိုင်ငံမှာထွက်တဲ့ ဆီများမှာ မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ ပန်းနှမ်းဆီ၊ မုန်ညှင်း ဆီ၊ ဖွဲနုဆီစတဲ့ဆီတွေပဲထွက်ပါတယ်။ ဖွဲနုဆီဆိုရင် နေရာတကာတိုင်း မထုတ်နိုင်ပါ။ ဖွဲနုဆီထုတ်ရန် FFA ဆိုတဲ့ Free, Fatty Acid အချဉ်ဓာတ်ကိန်းဟာ ဖွဲနုဆီစက်ရုံသို့ ၂၄ နာရီအတွင်း မရောက်လျှင် ပိုမိုများပြားလာမှုကြောင့် ထုတ်ချင်တိုင်းထုတ်လို့မရပါ။ မြန်မာနိုင်ငံမှာ အလွန်ရှားပါးတဲ့ဆီဖြစ်ပါတယ်။ မုန်ညှင်းဆီဆိုတာကတော့ စားသောက်တဲ့ မီးဖိုချောင်မှာအသုံးနည်းပြီး ကျန်းမာရေးအတွက်သာအသုံးပြုသဖြင့် သိပ်ပြီးမတွင်ကျယ်လှပါ။ ပန်းနှမ်းဆီကိုတော့ မြန်မာပြည်မှာအသုံးအလွန်နည်းပါတယ်။ နေကြာဆီဟာ အစေ့သုံးတင်းမှ ဆီ ၁၀ ပိဿာရပြီး ဈေးချိုသည့်အတွက် အသုံးနည်းသလိုဈေးလည်းသိပ်မကောင်းပါ။ ဒါပေမယ့် ကျန်းမာရေးအရ ကတော့ အလွန်ကောင်းပါတယ်။ သွေးတိုး၊ ဆီးချိုရောဂါရှိသူများ နေကြာဆီကို စားသုံးလျှင်ဘေးထွက်ဆိုးကျိုးမရှိတာတော့အမှန်ပါ။

မြေပဲဆီနှင့်နှမ်းဆီကိုတော့ မြန်မာတစ်ပြည်လုံးအပြင်တစ်ကမ္ဘာလုံးမှာ အသုံးပြုကြသဖြင့် တန်ဖိုးရှိလှပါတယ်။ မြေပဲကိုသွားရည်စာအဖြစ် ကြော်လှော်၊ မြေပဲယို၊ မြေပဲချိုချဉ်၊ မြေပဲဝေဖာအပြင် မြန်မာ့ဟင်းလျာများကိုလည်း အမွှန်းအဖြစ် အသုံးပြုခဲ့ကြသဖြင့် မြေပဲဆီထုတ်လုပ်နိုင်ရေးအတွက် အသုံးပြုမှုနည်းခဲ့ပါတယ်။ ထိုနည်းတူ နှမ်းကိုလည်း နှမ်းယို၊ နှမ်းပြစ်၊ နှမ်းချည်ထွေး၊ နှမ်းလှော်၊ နှမ်းထောင်းအဖြစ် အသုံးပြုတာများသောကြောင့် နှမ်းဆီထုတ်လုပ်နိုင်မှုနည်းခဲ့ပါတယ်။

မြန်မာနိုင်ငံမှာ ဘိုးစဉ်ဘောင်ဆက်က မြေပဲဆီနှင့် နှမ်းဆီကိုစွဲစွဲမြဲမြဲအသုံးပြုတတ်တာသိကြတဲ့ စီးပွားရေး အတ္တသမားတွေကအခွင့်ကောင်းယူပြီး ပြည်ပမှစားသုံးဖို့မသင့်တဲ့ စားအုန်းဆီအခဲများကိုခိုးယူတင်သွင်းပြီး ၎င်းအဆီခဲများတွင် ဆပ်ပြာမှုန့်ပါထည့်ကာအရည်ပျော်အောင် မခဲအောင်လုပ်၍ နှမ်းဆီအနံ့၊ မြေပဲအနံ့ထည့်ကာ ဈေးနှုန်းထက်ဝက်လျှော့ချပြီး ရောင်းပါတယ်။ ဒါကို စားသုံးသူပြည်သူများက နှမ်းဆီ၊ မြေပဲဆီဈေးချိုချိုနှင့် ရတယ်ဆိုကာ ဝယ်စားနေကြတယ်။ စားအုန်းဆီရဲ့ ဘေးထွက်ဆိုးကျိုးနှင့်ဆပ်ပြာမှုန့်ရဲ့ဘေးထွက်ဆိုးကျိုးကို သူတို့မသိရှာကြဘူး။ တကယ်ဆို နှမ်းဆီရဲ့ ဂုဏ်သတ္တိမှာ အရောင်မှာ နီညိုရောင်နှင့်ခါးသက်သက်အရသာရှိပြီးကြော်မည်ဆိုလျှင် အမြှုပ်ထွက်တတ်ပါတယ်။ မြေပဲဆီရဲ့ဂုဏ်သတ္တိမှာအရောင်ကတော့ ဝါကြည်ရောင်ရှိပြီး အရသာက ဖန့်တွဲ့တွဲ့အရသာနှင့် မြေပဲရဲ့အနံ့ရှိပါတယ်။ ဒါတွေကိုသတိမထားဘဲ ဈေးချိုတယ်ဆိုပြီးဝယ်တဲ့ သူတွေမှာ ကိုယ့်ရောဂါကို ကိုယ်ဝယ်ယူရသလိုဖြစ်မှာပါ။

## ပျားရည်

အလားတူ ပျားရည်ရဲ့ သဘာဝဟာ အမှိုက်၊ အညစ်အကြေးမှုန်သမျှအပေါ်သို့ ပို့ပါတယ်။ ရေရောလျှင် ပုပ်တတ်ပါတယ်။ စက္ကူပေါ်မှာတင်လျှင် အောက်သို့ စိမ့်ထွက်မှုမရှိပါဘူး။ ယမ်းမီးခြစ်ဆံကိုစိမ်ပြီးမီးခြစ်လျှင်တောက်ပါတယ်။ အဲဒီလောက်အထိဂုဏ်သတ္တိရှိပါတယ်။ ဒါပေမယ့် ယခုအခါမှာတော့ ပျားရည်စစ်စစ် တစ်ပုလင်းကို ၃၅၀၀မှ ၄၀၀၀ ကျပ်အထိရောင်းပါတယ်။ ပျားလေးရည်ကိုပြောတာနော်။

ပျားရည်အတုလုပ်နည်းကတော့ အလွယ်လေးပါ။ သကြားကိုအရည်ဖြစ်အောင်ကျိုပြီး သီးမွှေးငှက်ပျောသီးထည့်၍ပျော်အောင်မွှေလိုက်လျှင် ပျားရည်အတုရပါတယ်။ သကြားတစ်ပိဿာ ၁၁၀၀ ကျပ်၊ ၁၂၀၀ ကျပ်နှင့် သီးမွှေးငှက်ပျောတစ်ဖီး ၅၀၀ကျပ်ဆိုရင် ပျားရည်အတု သုံးပုလင်းလောက်ရနိုင်ပါတယ်။

အတုအတုတွေ အများကြီးရှိပါသေးတယ်။ အတုတွေ အများကြီးရှိတဲ့အထဲက စားသုံးသူတွေကို ဒုက္ခပေးမယ့် စားသောက်ကုန်အတုများကို ထုတ်လုပ်နေတာဟာ အန္တရာယ်များလှတဲ့လုပ်ရပ်တစ်ခုပဲဖြစ်ပါတယ်။ ထုတ်လုပ်သူလုပ်ငန်းရှင်တွေဟာ ငါ အမြတ်ရရင်ပြီးရောဆိုတဲ့သဘောမျိုးနဲ့ ထုတ်လုပ်နေကြသလို စားသုံးသူတွေကလည်း ဈေးပေါပေါနဲ့ ပစ္စည်းတစ်ခုကို ရယူလိုချင်တဲ့စိတ်တစ်ခုကြောင့် မသမာသူလုပ်ငန်းရှင်တွေ တစ်နေ့တခြား များပြားနေတာပဲဖြစ်ပါတယ်။

စားသုံးသူတွေအနေနဲ့ အသိနဲ့သတိချပ်ပြီး ရွေးချယ်ဝယ်ယူစားသောက်တတ်အောင် လေ့ကျင့်သင်ကြား ကြရမှာဖြစ်ပါတယ်။ ဈေးကြီးမှ၊ နိုင်ငံခြားကလာတဲ့ဟာမှ၊ အရောင်ကလေးကလှမှ ဝယ်စားတယ်ဆိုတဲ့စိတ်ကို ဖျောက်ကြဖို့ လိုသလို ထုတ်လုပ်သူလုပ်ငန်းရှင်များကလည်း မိမိရဲ့ကိုယ်ကျိုးစီးပွားထက် ပြည်သူတွေရဲ့အကျိုး စီးပွားကိုလည်း ပြန်ကြည့်ကြဖို့ လိုပါတယ်။

ဒါကြောင့်မို့ အတ္တကြီးတဲ့ပုဂ္ဂိုလ်များ ငါကအစစ်မှ ဝယ်စားတာပါ။ ငါကဦးဦးဖျားဖျားမှစားတယ်၊ ငါက တန်ဖိုးကြီးကြီးမှ ဝယ်စားတယ်၊ ငါကနိုင်ငံခြားကထုတ်တဲ့ပစ္စည်းကိုမှစားတယ်ကွဆိုတဲ့ အတ္တသမားကြီးတွေကို အသက်ရှည်အောင်နေနိုင်ရေးအတွက် အသိပညာပေးရေးသားလိုက်ရပါတယ်ခင်ဗျာ။

# မြစ်ကြီးနားမြို့တွင် သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်နည်းသင်တန်း ဖွင့်လှစ်ပို့ချမည်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန အစီအစဉ်ဖြင့် သမဝါယမဝန်ကြီးဌာန၊ ကချင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ပူးပေါင်း၍ ဌာန၏လုပ်ငန်းများဖြစ်သော အသေးစားအလတ်စား (SME) စက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးမြှင့်ထုတ်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်နှင့် ဒေသထွက်ရာသီပေါ် သီးနှံများအား ကျန်းမာရေးနှင့် ညီညွတ်သည့် တာရှည်ခံ အရည်အသွေးမီ တန်ဖိုးမြှင့် စားသောက်ကုန်များ ထုတ်လုပ်နိုင်ရန် " သီးနှံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်နည်းသင်တန်း" ကို -

(က) ရာသီချိန်သီးနှံများထွက်ပေါ်ချိန်တွင် ပိုလျှံသည့်သီးနှံများ လေလွင့်ဆုံးရှုံးမှုမရှိစေရန်နှင့် တစ်နှစ်ပတ်လုံး စားသုံးနိုင်သည့် တာရှည်ခံစားသောက်ကုန်များ ထုတ်လုပ်နိုင်ရန်

(ခ) တစ်ဖက်နိုင်ငံမှ ဝင်ရောက်သည့်ကျန်းမာရေးနှင့်မညီညွတ်သော တာရှည်ခံသီးနှံ စားသောက်ကုန်များကို ဈေးကွက်တွင် ဟန့်တားနိုင်ရန်နှင့် သွင်းကုန်အစားထိုးစားသောက်ကုန်များ ထုတ်လုပ်နိုင်ရန်

(ဂ) တစ်နိုင်တစ်ပိုင်မိသားစုလုပ်ငန်းအနေဖြင့် ဆောင်ရွက်ပြီး အလုပ်အကိုင်အခွင့်အလမ်းများရရှိ၍ စီးပွားရေးအထောက်အကူဖြစ်စေရန်

(ဃ) လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေမည့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်

(င) သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် သစ်သီးယို၊ သစ်သီးဖျော်ရည်၊ သစ်သီးဝိုင်၊ သစ်သီးဂျယ်လီ၊ သစ်သီးတော်ဖီများ ကိုယ်တိုင်ပြုလုပ်စားသုံးနိုင်စေရန်

(စ) မိသားစုလုပ်ငန်းမှတစ်ဆင့် စီးပွားဖြစ်လုပ်ငန်းအထိ တိုးချဲ့ဆောင်ရွက်ပြီး ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးရေး အထောက်အကူဖြစ်စေရန်

(ဆ) သီးနှံအခြေခံ စားသောက်ကုန်များကို ပြည်တွင်းဖြစ် စံချိန်မီ အရည်အသွေးကောင်းမွန်သော တန်ဖိုးမြှင့်ကုန်ပစ္စည်းများ ပေါ်ထွက်လာစေရန်

စသည့် ရည်ရွယ်ချက်များဖြင့် မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်ရှိ ကချင်ပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းတွင် ဩဂုတ်လအတွင်း ဖွင့်လှစ်ပေးမှာဖြစ်ပါတယ်။ သင်တန်းကာလမှာ ၇ ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရပါတယ်။

သင်တန်းသားများအနေနဲ့ သင်တန်းကြေးပေးသွင်းရန်မလိုဘဲ လက်တွေ့လုပ်ငန်းခွင်တွင် လုပ်ကိုင်စားသောက်နိုင်သည်အထိ

(က) တာရှည်ခံ သီးနှံစားသောက်ကုန်များ ထုတ်လုပ်နည်းပညာများအကြောင်း

(ခ) သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်များ ထုတ်လုပ်နည်းအဆင့်ဆင့် စာတွေ့လက်တွေ့ သင်ကြားခြင်း

(ဂ) စားသောက်ကုန်လုပ်ငန်းသုံး ဓာတုပစ္စည်းများနှင့် စားသုံးသူများ၏ ကျန်းမာရေး ဆက်နွယ်မှုများအကြောင်း သိကောင်းစရာ

(ဃ) သဘာဝသစ်သီးဝလံများနှင့် တာရှည်ခံပြုပြင်ထုတ်လုပ်သည့် သစ်သီးဝလံအခြေခံထုတ်ကုန်များ၏ အာဟာရတန်ဖိုးနှင့် စားသုံးသူများ၏ ကျန်းမာရေးဆက်နွယ်မှုများအကြောင်း သိကောင်းစရာ တို့ကို စာတွေ့လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း၊ လက်တွေ့လုပ်ငန်းခွင်တွင် တွေ့ကြုံရမည့် အခက်အခဲများ၊ လိုအပ်သောနည်းပညာရပ်များကိုလည်း ဆက်လက်ပံ့ပိုးကူညီဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရှိရပါတယ်။

သင်တန်းသားဦးရေ ကန့်သတ်ထားတဲ့အတွက် နီးစပ်ရာ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့တွင် စာရင်းပေးသွင်း၍ လျှောက်လွှာများရယူပြီး တက်ရောက်နိုင်ကြောင်း၊ သင်တန်းတက်ရောက်ခြင်းအားဖြင့် သဘာဝသစ်သီးဝလံများကို ကျန်းမာရေးနှင့် ညီညွတ်ပြီး အရည်အသွေးမီတာရှည်ခံ စားသောက်ကုန်များအဖြစ် ထုတ်လုပ်စားသုံးနိုင်ခြင်း၊ စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် ရင်းနှီးလုပ်ကိုင်နိုင်သဖြင့် မိသားစုစီးပွားရေးကို အထောက်အကူပြုနိုင်မည့်အပြင် လူမှုစီးပွားဘဝ ပိုမိုမြင့်မားလာကာ အသေးစားအလတ်စားကုန်ထုတ်လုပ်ငန်းကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍများလည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။

**မောင်မောင်ခိုင် - မြစ်ကြီးနား**

# အာရှပစိဖိတ် ခရီးသွားအသင်းမှ ချီးမြှင့်သည့် ရွှေတံဆိပ်ဆုကို VietJet လေကြောင်းလိုင်းမှ ရရှိ

အာရှပစိဖိတ် ခရီးသွားအသင်း Pacific Asia Travel Association (PATA)မှ ချီးမြှင့်ကြောင့် ရွှေတံဆိပ်ဆုကို VietJet ကရရှိခဲ့ကြောင်းသိရသည်။ ယခုရရှိသည့်ဆုသည် Vietjet၏ ဆန်းသစ်ပြီး အဓိပ္ပာယ်ပြည့်ဝသည့်ဈေးကွက်ချဲ့ထွင်ရေးအစီစဉ်များနှင့် အာရှပစိဖိတ်ဒေသ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်နိုင်ရန် အထောက်အပံ့များ ပေးအပ်နိုင်ခဲ့ခြင်းတို့ကို ပိုမိုပေါ်လွင်စေခဲ့သည်။



ကမ္ဘာတစ်ဝန်းရှိ ခရီးသွားလုပ်ငန်းအဖွဲ့အစည်း ၈၃ ခုမှ ပြိုင်ပွဲဝင် ၂၆၉ ဦးအနက် Vietjet သည် ဗီယက်နမ်နိုင်ငံအတွက် ပထမဆုံးအကြိမ်အဖြစ် အဆိုပါရွှေတံဆိပ်ဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

PATA မှချီးမြှင့်သောရွှေတံဆိပ်ဆုသည် ခရီးသွားလုပ်ငန်းများအတွက် နှစ်စဉ်ချီးမြှင့်လျက်ရှိသည့် ဂုဏ်သိက္ခာကြီးမားသော နိုင်ငံတကာအသိအမှတ်ပြုဆုတစ်ခုဖြစ်သည်။ PATA သည် စတင်တည်ထောင်ခဲ့သည့် ၁၉၅၁ နှစ်မှစ၍ ဒေသတွင်းခရီးသွားလုပ်ငန်းများကို သိသာထင်ရှားစွာ ကူညီထောက်ပံ့ပေးလျှက်ရှိသည်။ အကျိုးအမြတ်မယူသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည့်အလျှောက် PATA သည် အရေးပါသည့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး အဖွဲ့ဝင်များအတွက် ကြီးမားကျယ်ပြန့်သည့် အခမ်းအနားနှင့် အစည်းအဝေးများကို လက်ခံကျင်းပပေးခဲ့ကာ ဒေသတွင်းရှိ အစိုးရနှင့် အဖွဲ့အစည်း ၈၇ ခု၊ နိုင်ငံတကာလေကြောင်းလိုင်း ၂၄ ခုနှင့် လေဆိပ်များ၊ ကုန်တင်သင်္ဘောလိုင်းများနှင့်ပညာရေးအဖွဲ့အစည်း ၅၉ ခုတို့ဖြင့်ပါဝင်ဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။

"ဒီနှစ်မှာ သီးခြားပါဝင်ယှဉ်သူများအပါအဝင် ခရီးသွားလုပ်ငန်း ၈၃ ခုက ဝင်ရောက်ယှဉ်ပြိုင်သူ ၂၆၉ ဦး ရှိပါတယ်။ ဒီအရေအတွက်ဟာ ၂၀၀၇ ခုနှစ်နောက်ပိုင်း အများဆုံးအရေအတွက်ပါပဲ" ဟု PATA ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr. Mario Hardy ကပြောသည်။ Vietjet သည် Asia Pacific Stevie Awards 2015 ဆု၊ ကမ္ဘာတစ်ဝန်းတွင် စတင်ပြေးဆွဲခဲ့သော Top 5 Best New Routes ဆု၊ လေယာဉ်ပျံသန်းစဉ် ယဉ်ကျေးမှုနှင့် ဆန်းသစ်မှုရှိပြီး ဖျော်ဖြေမှုအကောင်းမွန်ဆုံး အစီအစဉ်ကိုတင်ဆက်နိုင်သော လေကြောင်းလိုင်းဆုနှင့် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့ရှိ Business Initiative Directions မှပေးအပ်သည့် အရည်သွေးပြည့်ဝမှုဆိုင်ရာ ရွှေကြယ်ဆုတို့ကို ထိုက်တန်စွာ ဆွတ်ခူးရရှိခဲ့သည်။

ထို့ပြင် VietJet သည် ဗီယက်နမ်နိုင်ငံ၏ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ခရီးသွား၊ အားကစားနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဆုကိုလည်းရရှိခဲ့သည်။ VietJet လေကြောင်းလိုင်း၏ ရန်ကုန်-ဟိုချီမင်း ခရီးစဉ်ကို လာမည့်အောက်တိုဘာလဆန်းတွင် စတင်ပျံသန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **မယ်သီတာ**

# Myanmar Water 2015 ပြပွဲ

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ရှင်စောပုလမ်းရှိ Myanmar Event Park (MEP) တွင် စက်တင်ဘာလ ၁၇ ရက်နေ့မှ ၁၉ ရက်နေ့အထိ ကျင်းပပြုလုပ်မည့် Myanmar Water 2015 ပြပွဲကို ပြည်တွင်းကုမ္ပဏီ ဖြစ်သော Care Freight Services Ltd. မှ တာဝန်ယူကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

Myanmar Water 2015 ပြပွဲသို့ ထိုင်း၊ ဂျပန်၊ တရုတ်၊ စင်္ကာပူ၊ မလေးရှား၊ အမေရိကန်၊ အီတလီ၊ ဂျာမနီ၊ ဗီယက်နမ်နိုင်ငံ စသည့် ကုမ္ပဏီပေါင်း ၁၀၀ ခန့်မှ Plastics & Rubber Processing Machine & Accessories, Pumps, Valves, Fitting & General Hardware စသည်ဖြင့် အမျိုးအစားစုံလင်စွာ လာရောက်ပြသရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**ဥမ္မာကြူ (ကုန်စည်ပြပွဲ)**

# အင်္ဂလန်နိုင်ငံတွင် International Jewellery London 2015(IJL) ပြပွဲပြသမည်

"International Jewellery London 2015 (IJL)" ပြပွဲကို စက်တင်ဘာလ ၆ ရက်နေ့မှ ၈ ရက်နေ့အထိ အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့တွင် ကျင်းပသွားမည်ဖြစ်ပါသည်။

"International Jewellery London 2015 (IJL)" ပြပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်လက်အောက်ရှိ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ အသင်းဝင်ကုမ္ပဏီ ရှစ်ခုတို့က လက်ဝတ်ရတနာပစ္စည်းများအား သွားရောက်ပြသရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**ဥမ္မာကြူ (ကုန်စည်ပြပွဲ)**

Commodity Exchange News
Vol: 15, No.30 Monday August 10 2015

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁၀–၈–၂၀၁၅)

ခင်မောင်မောင်အုန်း



## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲဈေးလှုပ်ပြီး အရောင်းအဝယ်ဖြစ်

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲ (RC) ကို အိန္ဒိယဝယ်လက်ကဈေးကွက်စဖွင့်ချိန်မှာ တစ်တန်ကို ၁၃၂၇၀၀၀ ကျပ်ဈေးဖြင့် ဈေးဖွင့်အဝယ်ရှိပေမယ့် နောက်ပိုင်းရက်တွေမှာ ဈေးချအဝယ်ရှိသလို ဝယ်လိုအားပါနည်းသွားတာကြောင့် ဈေးတရိပ်ရိပ်ကျဆင်းလာပြီး ဈေးကွက်ပိတ်ချိန်မှာတော့ တစ်တန်ကို ကျပ် ၁၂၉၉၅၀၀ သာရှိတော့ကြောင်း သိရပါတယ်။ မတ်ပဲအနေဖြင့် ရောင်းသူ ကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန်နည်းနေပြီး ရောင်းသူကုန်သည်များက ဈေးကျချိန်မှာတော့ အရောင်းပါးခဲ့ကြောင်း သိရပါ တယ်။ ပဲစင်းငုံနီအနေဖြင့် ကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန် အနည်းငယ်ရှိပေမယ့် အိန္ဒိယဘက်မှာ ဈေးဖွင့်အဝယ်မရှိတာကြောင့် အရောင်းအဝယ်အေးခဲ့ကြောင်း သိရပါတယ်။

## ပခုက္ကူဈေးကွက်မှာ ပဲမျိုးစုံအရောင်းအဝယ်ပါး

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ်ပဲတီစိမ်းလုံးကြီးကို မန္တလေးဝယ် လက်က တစ်ပိဿာကို ၂၀၀၀ ကျပ် (တစ်တန်ကို ၁၂၂၄၇၈၀ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၂၀၀ ခန့်ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ ကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန်နည်းနေသလို ရန်ကုန်ဝယ်လက်ကလည်း ဝယ်လိုအားနည်းခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၀၇၅ ကျပ် (တစ်တန်ကို ၁၂၇၀၇၀၀ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၁၀၀ ခန့်ဖြစ်ခဲ့ ကြောင်း သိရပါတယ်။

## မူဆယ်ဈေးကွက်မှာ ပြောင်းအဝင်ပါး

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းသီးနှံ နယ်စုံမှ ဈေးကွက်သို့ ဝင်ရောက်မှုနည်းသွားသလို တရုတ်ဘက်ကလည်း ဝယ်လိုအား အေးတာကြောင့် အရောင်းအဝယ်ဖြစ်မှုပမာဏလျော့နည်းခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ၅၀ ကီလိုတစ်အိတ်ကို အနိမ့်ဆုံး ၉၆ ယွမ်မှ အမြင့်ဆုံး ၁၀၂ ယွမ်ကြား အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မန္တလေးဈေးကွက်မှာ မတ်ပဲနှင့် ပဲတီစိမ်းအရောင်းအဝယ် ပုံမှန်ဖြစ်၊ ပဲစင်းငုံနီ အရောင်းအဝယ်အေး

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲကို ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၂၅၀ ကျပ် (တစ်တန်ကို ၁၃၇၇၈၇၇ ကျပ်) ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီး (ထိပ်စ) ကို မန္တလေးဝယ်လက်က တစ်ပိဿာကို ၂၁၃၃ ကျပ် (တစ်တန်ကို ၁၃၀၆၂၂၇ ကျပ်) ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း ဈေးကွက် အတွင်းမှ သိရပါတယ်။ ပဲစင်းငုံနီကတော့ ရောင်းသူကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန်အနည်းငယ်ရှိပေမယ့် Export အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဈေးဖွင့်အဝယ်မရှိခဲ့ကြောင်း သိရပါတယ်။ မြို့ခံပဲခွဲစက်များက ကုလားပဲ (ထိုင်ဝမ်) ကို ဈေးမြင့်အဝယ်ရှိပေမယ့် ဝယ်လိုအားနည်းခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၄၄၀ ကျပ် (တစ်တန်ကို ၈၈၁၈၄၁ ကျပ်) ဈေးဖြင့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါ တယ်။

## မုတ်သုံမိုးကြောင့် ရေကြီး၍ မုံရွာဈေးကွက်မှာ ပဲမျိုးစုံအဝင်လျော့

ဒီတစ်ပတ်မုတ်သုံမိုးကြောင့် ရေကြီးလို့ မုံရွာပဲမျိုးစုံဈေးကွက်သို့ အဝင်ပါးခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးအနေဖြင့် မန္တလေးဝယ်လက်က တစ်ပိဿာကို ၂၀၂၆ ကျပ် (တစ်တန်ကို ၁၂၄၀၇၀၀ ကျပ်) ဈေးဖြင့် ဝယ်အားပုံမှန်ရှိပေမယ့် ဈေး ကွက်သို့ ပစ္စည်းအဝင်နည်းလို့ အရောင်းအဝယ်ဖြစ်မှု နည်းခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးကို မြို့ခံပဲခွဲစက်များက ဝယ်လိုအားဆက် တိုက်ရှိတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာကို ၁၄၇၄ ကျပ် (တစ်တန်ကို ၉၀၂၆၆၂ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။



## အောင်လံဈေးကွက်မှာ ပဲတီစိမ်းအရောင်းအဝယ်ပါး သိပ္ပံနှမ်းပုံမှန်အရောင်း အဝယ်ဖြစ်

အောင်လံဈေးကွက်မှာ ဒီတစ်ပတ်ပဲတီစိမ်းကြီးကို မန္တလေးဝယ်လက်က ဝယ်လိုအားပါးသွားတာကြောင့် ဈေးလည်းတန့်နေပြီး တစ်ပိဿာကို ၁၉၂၅ ကျပ် (တစ်တန်ကို ၁၁၇၈၈၅၀ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၁၅၀ မှ ၃၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒေသထွက်သိပ္ပံနှမ်းနက်ကို မန္တလေးဝယ်လက်က တစ်ပိဿာကို ၄၂၂၂ ကျပ်ဈေးဖြင့် တစ်ရက်ကို အိတ် ၅၀ မှ ၁၀၀ ကြားအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မကွေးဈေးကွက်မှာ ကုလားပဲဈေးမာ နှမ်းဖြူနှင့် နှမ်းနီ အရောင်းအဝယ်ဖြစ်မှုနည်း

မကွေးဈေးကွက်မှာ ဒီတစ်ပတ်ပဲကုလားပဲ (ထိုင်ဝမ်) ကို ပဲခွဲစက်များက အရည်အသွေးပေါ် မူတည်ပြီး ဈေးပေးအဝယ်ရှိခဲ့တာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာ ၁၄၅၀ ကျပ် (တစ်တန်ကို ၈၈၇၉၆၅ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းဖြူ (ထိပ်စ) ကို မန္တလေးဝယ်လက်မှ ဝယ်လိုအားပုံမှန်ရှိပေမယ့် ရောင်းသူကုန်သည်များက အရောင်းနည်းခဲ့ကြောင်း ၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၄၄၄ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှု နည်းခဲ့ကြောင်း သိရပါတယ်။ နှမ်းနီကို မြို့ခံဆီစက်များက (ထိပ်စ) နှင့် (ပုံမှန်စ) ကို ဝယ်အားနည်းခဲ့ကြောင်း သိရပါတယ်။ အရောင်းအ ဝယ်အနေဖြင့် နှမ်းနီ (ထိပ်စ) တစ်ပိဿာ ၂၂၈၉ ကျပ်၊ နှမ်းနီ (ပုံမှန်စ) တစ်ပိဿာ ၂၁၇၈ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုပမာဏနည်း ခဲ့ကြောင်း သိရပါတယ်။

## ဟသ်ာတဈေးကွက်မှာ မတ်ပဲကို ရန်ကုန်အဆွဲပါး

ဟသ်ာတဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲ (Raw) ကို Export အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က အိန္ဒိယဈေးကွက်ရဲ့ဝယ်လိုအားလျော့သွားတာကို အကြောင်းပြပြီး ဝယ်လိုအားနည်းသွားကြောင်း ၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၀၂၅ ကျပ် (တစ်တန်ကို ၁၂၄၀၀၈၉ ကျပ်) ဈေးဖြင့် အရောင်းအဝယ် ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ ဒေသထွက်အစေ့ထုတ်ပြောင်းကို ရန်ကုန်-မန္တလေးဝယ်လက်က တစ်ပိဿာကို ၄၇၅ ကျပ်ဈေးဖြင့် တစ်ရက်ကိုအိတ် ၈၀၀ ခန့်အဝယ်ရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## တောင်ကြီးဈေးကွက်မှာ ပြောင်းနှင့် ပဲပုပ် ပုံမှန်အရောင်းအဝယ်ဖြစ်

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းသီးနှံကို တရုတ်တင်ပို့မယ့်သူများနှင့် အစာစပ်လုပ်ငန်းရှင်များက တစ်ပိဿာကို ၅၁၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၁၅၀၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲပုပ်ကို ရန်ကုန်ဝယ်လက်က တစ်ပိဿာ ၈၅၀ ကျပ်ဈေးဖြင့် တစ်ရက်ကိုအိတ် ၂၀၀ ခန့်ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။

## လားရှိုးဈေးကွက်မှာ ပြောင်းအရောင်းအဝယ်နည်း

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းသီးနှံကို တရုတ်ဘက်မှ ဝယ်လိုအားလျော့သွားသလို ရောင်းသူကုန်သည်များကလည်း ဈေးကွက်မျှော်လင့်ချက်ဖြင့် အရောင်းနည်းခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၅၂၅ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ပြည်ဈေးကွက်မှာ ကုလားပဲ(ထိုင်ဝမ်)ကို ပဲခွဲစက်တွေ ဝယ်လိုအားပုံမှန်ရှိ မတ်ပဲနှင့် ပဲစင်းငုံနီအရောင်းအဝယ်အေး

ပြည်ဈေးကွက်မှာ ဒီတစ်ပတ်ကုလားပဲ (ထိုင်ဝမ်) ကို မြို့ခံပဲခွဲစက် များက ဝယ်လိုအားပုံမှန်ရှိတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာကို ၁၄၀၀ ကျပ် (တစ်တန်ကို ၈၅၇၃၄၆ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၄၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲနှင့် ပဲစင်းငုံနီကို Export အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအား အေးတာကြောင့် အရောင်းအဝယ် ဖြစ်မှုလည်းမရှိခဲ့ ကြောင်း သိရပါတယ်။

## ရေစကြိုဈေးကွက်မှာ ကုလားပဲ(ထိုင်ဝမ်) ပုံမှန်အရောင်းအဝယ်ဖြစ်

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ်ကုလားပဲ (ထိုင်ဝမ်) မြို့ခံပဲခွဲစက်များက ဝယ်လိုအားပုံမှန်ရှိတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာကို ၁၄၅၀ ကျပ် (တစ်တန်ကို ၈၈၇၉၆၅ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၂၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။



# ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ သဃ်န်းကျွန်းမြို့နယ် စံပြဈေးနှင့် သာကေတမြို့နယ် အမှတ် (၃) ဈေးတို့တွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများဟောပြောဆွေးနွေးကွင်းဆင်းဆောင်ရွက်

ကုန်ပစ္စည်း ထုတ်လုပ်ရောင်းချသူ စီးပွားရေးလုပ်ငန်းရှင်များ၊ စားသုံးသူပြည်သူများ၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို သိရှိနားလည်စေရန်နှင့် ကုန်စည်နှင့်ဝန်ဆောင်မှုများနှင့် ပတ်သက်၍ ဥပဒေအကာအကွယ်ပေးမှုများကို ခံစားသိရှိစေရန် အရည်အသွေးမီသော စားသောက်ကုန်များကြောင့် စားသုံးသူပြည်သူများ ဘေးဥပဒ်အန္တရာယ်မဖြစ်စေရန်ရည်ရွယ်၍ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းနှင့် အဖွဲ့သည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ ဒုတိယကြီးကြပ်ရေးမှူး ဒေါ်ထက်သစ္စာခိုင်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဈေးများဌာန၊ အရှေ့ပိုင်းခရိုင်ဌာနမှူး ဦးအောင်ဒင်ဦးနှင့်ဝန်ထမ်းများ၊ မြန်မာနိုင်ငံစားသုံးသူကြိုတင်ကာကွယ်ရေးအသင်း ဥက္ကဋ္ဌ ဦးဗအုပ်ခိုင် တို့နှင့်ပူးပေါင်း၍ ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၁ ရက် နံနက် ၉း၀၀ နာရီတွင် သဃ်န်းကျွန်းမြို့နယ် စံပြဈေးရှိ ကုန်ပစ္စည်းရောင်းချသည့်သူများအား ဈေးကော်မတီရုံးတွင် တွေ့ဆုံ၍ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများကို အသိပညာပေးခြင်းနှင့် ဈေးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပညာပေးခြင်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ပါသည်။

ပထမဦးစွာ ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာန၊ အရှေ့ပိုင်းခရိုင်ဌာနမှူး ဦးအောင်ဒင်ဦးက အဖွင့်အမှာစကားပြောကြားခြင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ချိုက ဥပဒေနှင့်ပတ်သက်ပြီး စားသုံးသူများ၊ ထုတ်လုပ်သူများ၏အခွင့်အရေးနှင့်တာဝန်များ ပိုးသတ်ဆေးနှင့်ဓာတု



ဆိုးဆေးများသုံးစွဲရာတွင် စားသုံးသူများ အန္တရာယ်ဖြစ်ခြင်းမှ ကင်းဝေးစေရန်တို့ကိုလည်းကောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒုတိယကြီးကြပ်ရေးမှူး ဒေါ်ထက်သစ္စာခိုင်က ဆိုးဆေးများကို ငါးပိ၊ ငရုတ်သီးမှုန့်၊ ကြံမဆိုင်၊ နနွင်းမှုန့်၊ ဂျင်း အစရှိသည်တို့တွင် အများဆုံးတွေ့ရှိရခြင်းကြောင့် ဆိုးဆေးများမသုံးဘဲ သဘာဝအတိုင်းရောင်းချစေလိုကြောင်း၊ မြန်မာနိုင်ငံစားသုံးသူကြိုတင်ကာကွယ်ရေးအသင်း ဥက္ကဋ္ဌ ဦးဗအုပ်ခိုင်က စားသောက်ကုန်များ တာရှည်ခံဆေးများပါရှိကြောင်းကိုလည်းကောင်း အကျယ်တဝင့်ဆွေးနွေးပေးခဲ့ပြီး စုစုပေါင်း ၆၅ ဦး တက်ရောက်ကြောင်း သတင်းရရှိပါသည်။

ဆက်လက်၍ ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၃ ရက် နေ့တွင် သာကေတ အမှတ်(၃) ဈေးတာဝန်ခံနှင့် ဝန်ထမ်းများ ဈေးသူ၊ ဈေးသားများနှင့် တွေ့ဆုံ၍ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

အဖွဲ့များအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို သိရှိနားလည်စေရန်အတွက် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီဖွဲ့စည်းခြင်း၊ စားသုံးသူများရရှိနိုင်မည့်အခွင့်အရေးနှင့်တာဝန် များနှင့် အမှတ်တံဆိပ်အပြည့်အစုံပါရှိသော၊ သန့်ရှင်းလတ်ဆတ်သော စားသောက်ကုန်များကိုသာ ဝယ်ယူစားသောက် အလေ့အကျင့်ပြုလုပ်ရန်၊ ဈေးရောင်းချသည့် ဈေးသူ/ဈေးသားနှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း အရည်အသွေးစံချိန်စံညွှန်းပြည့်မီစေရန်နှင့် အမှတ်တံဆိပ်ပြည့်စုံစွာဖြင့် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချရန်နှင့် ဥပဒေပါ သိသင့်သိထိုက်သည့် အချက်များအား အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ တာဝန်ရှိသူများမှလည်း ကုန်ပစ္စည်းများတွင် ဆက်သွယ်ရန်လိပ်စာ၊ စားသုံးသူပြည်သူ အားလုံးသိရှိစေရန် ထုတ်လုပ်/ကုန်ဆုံးရက်စွဲ၊ အမှတ်တံဆိပ်ပါဝင်သောပစ္စည်းများပါရှိသည့် ကုန်ပစ္စည်းများကိုသာ ရွေးချယ်ရောင်းချရန်၊ FDA မှ စားသုံးရန်နှင့် သုံးစွဲရန်မသင့်ဟု ထုတ်ပြန်ကြေငြာထားသော အစားအစာ၊ ဆေးဝါး၊ အလှကုန်ပစ္စည်းများနှင့်သက်တမ်းကုန်ဆုံးနေသည့်ကုန်ပစ္စည်းများအား ရောင်းချခြင်းမပြုရန် တို့ကို စည်းရုံးပညာပေးဆွေးနွေးခဲ့ပါသည်။

ကွင်းဆင်းဆောင်ရွက်ခဲ့သည့် သာကေတမြို့နယ်အတွင်းရှိ အမှတ် (၃) ဈေးတွင် စားသောက်ကုန်၊ လူသုံးကုန်၊ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်၊ အလှကုန်၊ ဆေးဝါးနှင့် ကုန်ပစ္စည်းမျိုးစုံရောင်းချသည့်ဆိုင်ခန်း စုစုပေါင်း ၄၁၁ ခန့်ရှိကြောင်း သိရှိရပါသည်။

**လဲ့လဲ့ငွေး၊ အိနွေအောင်**
**(စားသုံးသူ) ရန်ကုန်**

## မွန်ပြည်နယ် စာသင်ကျောင်းနှင့်မုန့်ဈေးတန်းများတွင် အစားအသောက်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးခြင်းအား အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိ

မွန်ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန အနေဖြင့် မွန်ပြည်နယ်အတွင်းရှိ စာသင်ကျောင်းများမုန့်ဈေးတန်းရှိ အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဆောင်ရွက်ခြင်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင် ဦးဆောင်၍ ဝန်ထမ်းအဖွဲ့များသည် မော်လမြိုင်နှင့် ပေါင်မြို့နယ်များရှိ အထက်တန်းကျောင်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သတင်း ရရှိ ပါသည်။

မော်လမြိုင်မြို့အမှတ် (၃)၊ အခြေခံပညာအထက်တန်းကျောင်းတွင် ဇူလိုင်လ ၇ ရက်၌ လည်းကောင်း၊ အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်းတွင် ဇူလိုင် ၂၀ ရက်နေ့တွင် ရာပြည့်ဆောင်၌လည်းကောင်း၊ အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်းတွင် ဇူလိုင် ၂၁ ရက်နေ့ မြစိမ်းဆောင် ၌လည်းကောင်း၊ ယင်းနေ့ ညနေပိုင်းတွင် ပေါင်မြို့နယ် မုတ္တမရှိ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကံ့ကော်ဝတ်ဆံခန်းမ၌လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးခြင်းအား ဒုတိယပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင်ကလည်းကောင်း၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုမရှိသော စားသုံးရန်မသင့် တားမြစ်ထားသော အစားအသောက်၊ ဆေးဝါး၊ အလှကုန်များအား ဒုဦးစီးမှူး ဦးအောင်ကျော်မိုးကလည်းကောင်း ရှင်းလင်း၍ သတိပေးကြေညာခြင်းများအား ဆွေးနွေးခဲ့ပြီး၊ စာသင်ကျောင်းရှိ မုန့်ဈေးတန်းများတွင် စားသုံးရန်မသင့် တားမြစ်ထားသော အစားအသောက်များ ရောင်းချခြင်း ရှိ၊ မရှိ အား စစ်ဆေးခဲ့ပါသည် စာသင်ကျောင်းမှ တာဝန်ရှိ ဆရာ၊ ဆရာမများက ယခုကဲ့သို့ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးခြင်း၊ မုန့်ဈေးတန်းများ စစ်ဆေးဆောင်ရွက်ပေး ခြင်းသည် ကျောင်းသူ/ကျောင်းသားများအတွက် ဘေးဥပါဒ်အန္တရာယ်ကင်းဝေးစေရန် အလွန်လိုအပ်ပါသဖြင့် ဝမ်းသာကျေးဇူးတင်ပါကြောင်းနှင့် ပိုမိုဆောင်ရွက်ပေးစေလိုပါကြောင်း သတင်း ရရှိပါသည်။

**Mon Consumer**

# ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ် အတွင်းရှိကျောင်းများသို့ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ကွင်းဆင်းဟောပြော

ကျောင်းသူ/ကျောင်းသားများ စားသုံးသူအကာ အကွယ်ပေးရေးနှင့်ကျန်းမာရေးအသိပညာဗဟုသုတ ရရှိစေရန် စာသင်ကျောင်းများသို့ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အရှိန်အဟုန်မပျက်ဆောင်ရွက် လျက်ရှိရာ ကချင်ပြည်နယ်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲ ရေးဦးစီးဌာန၊ ကျောင်းကျန်းမာရေးဌာန၊ NGO အဖွဲ့အစည်းများနှင့် ဇူလိုင် ၂၁ ရက်နေ့တွင် အ. မ. က မူလွန်၊ ဇူလိုင်လ ၂၃ ရက်နေ့တွင် အ. လ. ကခွဲ(၂) ဇူလိုင်လ ၂၈ ရက်နေ့တွင် အ. လ. က ခွဲ တပ်ကုန်း(ရွာမ) စာသင်ကျောင်းများသို့ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေးပွဲများ ဆောင်ရွက်ခဲ့ပါသည်။

ဟောပြောပွဲများတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးကိုကိုဦး၊ ဒု-ပြည်နယ်ဦးစီးမှူး ဦးစန်းလွင်ဦးတို့က စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနများ ၊ အသင်းအဖွဲ့များ၊ NGO အဖွဲ့များနှင့် ပူးပေါင်း၍ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများအား ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းသူ/ကျောင်းသားများ ဘေးဥပါဒ်အန္တရာယ် ကင်းရှင်းရေးနှင့် စားသုံးသူအကာအကွယ်ပေးရေး သိကောင်းစရာများအား အကျယ်တဝင့်ဆွေးနွေးခဲ့ပါသည်။ အစားအသောက်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ပြည်နယ်တာဝန်ခံ ဒေါက်တာတင်ထွန်းဦးက အမျိုးသားအစားအသောက်နှင့်ဥပဒေဆိုင်ရာ အသိပညာပေး ဆွေးနွေးခြင်း၊ ကျောင်းကျန်းမာရေးတာဝန်ခံ ဒေါက်တာဖြိုးနန္ဒာဆွေက ကျောင်းသားများ တစ်ကိုယ်ရည် ကျန်းမာရေးနှင့် သွေးလွန်တုတ်ကွေးအကြောင်း၊ ဒေါက်တာအေးအိဖြိုးက သွားဘက်ဆိုင်ရာ သိကောင်းစရာများ အကြောင်း၊ စားသုံးသူရေးရာဌာနခွဲမှ တာဝန်ခံဒု-ဦးစီးမှူး ဦးဘောမ်ဇုန်းက စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးဆိုင်ရာ လုပ်ငန်းများအကြောင်း၊ ဒု-ဦးစီးမှူး ဦးဝင်းသိန်းဦးက ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းများအကြောင်းတို့ကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ကြပါသည်။

အဆိုပါ ကျောင်းများတွင် NGO မှ တာဝန်ခံ ဒေါ်တွမ်ဖန်နှင့် အဖွဲ့များမှလည်း စားသုံးမှုဆိုင်ရာ ပြခန်းများဖြင့် လက်တွေ့ သရုပ်ပြရှင်းလင်း၍ စားသုံးရန် သင့်/မသင့်နှင့် ဘေးထွက်ဆိုးကျိုးများအကြောင်းတို့ကို ဓာတ်ပုံ၊ ဗွီနိုင်းကားချပ်များ၊ ပရိုဂျက်တာများဖြင့် ပြသခဲ့ပါသည်။

ဟောပြောပွဲများတွင် သက်ဆိုင်ရာဌာနတာဝန်ရှိ ပုဂ္ဂိုလ်များ၊ အမျိုးသမီးရေးရာအဖွဲ့နှင့်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့တို့တက်ရောက်ခဲ့ကြသည့်အပြင် ကျောင်းများမှ ဆရာ/ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းဈေးရောင်းချသူများနှင့် ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၁၂၂၃ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မောင်မောင်ခိုင် ( မြစ်ကြီးနား)**

## မိုးရွာသွန်းမှုကြောင့် လမ်းဆိုးရွားနေသော်လည်း ရိဒ်မှ တီးတိန်မြို့ ကုန်သွယ်မှုကိုထိခိုက်မှုမရှိ

ရိဒ်မှ တီးတိန်မြို့အထိ ၃၄ မိုင်သည် မိုးရွာသွန်းမှုကြောင့် တောင်ပြိုခြင်း၊ ရွှံ့ဗွက်ထူပြောခြင်းကြောင့် လမ်းအင်မတန်ဆိုးရွားနေသော်လည်း အဓိကပို့ကုန်ဖြစ်သော ကွမ်းသီးအား တီးတိန်မြို့နဲ့ လွိုက်တီးကျေးရွာများမှာ ကလေးမှကဲ့ယူ dumping ပြုလုပ်ထားပြီး ဟိုင်မွာဂျစ် (ဂျစ်ဘီလူး) များနဲ့ တစ်ဆင့်ပြန်လည်သယ်တဲ့အတွက် ကုန်သွယ်မှုထိခိုက်မှုမရှိခဲ့ဘူးလို့သိရပါတယ်။

ဒါပေမဲ့ ယခုရက်ပိုင်း အဆက်မပြတ်ရွာသွန်းတဲ့ မိုးကြောင့် လမ်းပျက်စီးမှုများဖြစ်ပေါ်ပြီး ဩဂုတ်လနဲ့ စက်တင်ဘာလများရဲ့ ကုန်သွယ်မှုကိုတော့ ထိခိုက်နိုင်ချေရှိတယ်။ တီအိုချောင်းရေကျလာတဲ့အတွက် မြေဆီ တင်သွင်းမှုကိုလည်း ထိခိုက်နိုင်တယ်၊ ဒါပေမယ့် စက်ယန္တရားကြီးများ၊ မော်တော်ဆိုင်ကယ်များ တင်သွင်းလာနိုင်တယ်လို့ ခန့်မှန်းထားကြောင်း ရိဒ်ကုန်သည်တစ်ဦးက သုံးသပ်ပြောကြားထားပါတယ်။

**MIRT**

## ဇူလိုင်လအတွင်း မောင်တောနယ်စပ်မှ ကုန်သွယ်မှုပိုမိုဆောင်ရွက်ခဲ့

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဇူလိုင်လအတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တော ကုန်သွယ်ရေးစခန်းက ပို့ကုန် ကန်ဒေါ်လာ သုည ဒသမ ၃၉၄ သန်း၊ သွင်းကုန် ကန်ဒေါ်လာ သုည ဒသမ ၀၀၅ သန်း ၊ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ သုည ဒသမ ၃၉၉ သန်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ မောင်တောကုန်သွယ်ရေးစခန်းရဲ့ အများဆုံးပို့ကုန်များမှာ ရေငန် ပုစွန်၊ ကဏန်း၊ ချင်း(အစို)၊ သရက်သီးနှင့် ဖိနပ်၊ ထွန်းရှွေဝါ၊ သနပ်ခါးခဲ၊ ဆီးယိုထုပ်များ တင်ပို့နိုင်ခဲ့ပါတယ်။ သွင်းကုန်များကတော့ ဒန်ရေတကောင်း၊ ပလတ်စတစ်ပုံး၊ တီရှပ်၊ဖိနပ်တို့ဖြစ်ကြပါတယ်။

ယခု ဇူလိုင်လသည် ယခင်ဇွန်လထက် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ သုည ဒသမ ၀၀၂ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။ထိုကဲ့သို့ ပိုမိုဆောင်ရွက်နိုင်ခြင်းမှာ ချင်း(အစို)၊ သရက်သီး၊ ရေငန်ပုစွန်နှင့်ကဏန်းတို့ ပိုမိုတင်ပို့နိုင်ခြင်းကြောင့်ဖြစ်ပါတယ်။လာမယ့်လများမှလည်း ကုန်သွယ်မှုလျာထားချက် ပြည့်မီကျော်လွန်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမယ်လို့ သိရပါတယ်။

**မြင့်မြင့်မာ**

## မြဝတီကုန်သွယ်ရေးဇုန်မှ ရေထွက်ကုန် ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းတို့မှ ဇူလိုင်လ ၂၅ ရက်မှ ၃၁ ရက်တာကာလအတွင်း ကန်ဒေါ်လာ ၂ ဒသမ ၀၉၄ သန်း တန်ဖိုးရှိရေထွက်ကုန် တန် ၂၀၃၀ ကျော်တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၂၇၁ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။စခန်းအလိုက် တင်ပို့မှုမှာ-

မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၃၃ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၆၂ တန်ခန့်၊ကဏန်း ၂၄ တန်ကျော် ၊ ပုစွန် ၁ တန်ကျော်၊ ငါးရှဥ့် ၅ တန်ကျော် တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၈ တန်ကျော် ပိုမိုတင်ပို့ခဲ့ပါတယ်။

ကော့သောင်းကုန်သွယ်ရေး စခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၂၃၂ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၂၄၉ တန်ကျော်နဲ့ ပုစွန် ၂ တန်ကျော်သာတင်ပို့ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၂၇၁ တန်ကျော်လျော့နည်းတင်ပို့ခဲ့ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁ ဒသမ ၇၂၉ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၁၂၂၂ တန်ကျော်၊ငါးမှုန့် တန် ၄၄၀၊ ပုစွန် ၁၇ တန်၊ ကဏန်းသေး(အသေ)၃ တန်ကျော်၊ ကင်းမွန် ၁ တန်ကျော်နဲ့ သဲကဏန်းအနည်းငယ် တင်ပို့ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၈ တန်ကျော်လျော့နည်း တင်ပို့ခဲ့ပါတယ်။

**ခင်မြနွယ်**

## တရုတ်နဲ့ ထိုင်းနယ်စပ်မှ သစ်သီးဝလံစုံတင်သွင်း

၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်း မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၂၇၁၆၆၄ တန်ဖိုးရှိ ပန်းသီး၊ ပျားလိမ္မော်နဲ့ ပန်းသစ်တော်သီး တန်ချိန် ၃၀၀၀ ခန့်ကို တင်သွင်းမှုရှိခဲ့သလို မြန်မာ-ထိုင်း နယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှလည်း ပန်းသီး၊ နဂါးမောက်သီး၊ စပျစ်သီး၊ ရေငန်းသီး၊ လီမွန်သီး၊ နန်းမြားသီး၊ လိမ္မော်သီး၊ သစ်တော်သီး၊ နာနတ်သီး၊ ကြက်မောက်သီးနဲ့ မန်ကျည်းချိုသီး တန် ၈၁၀ ကို ကန်ဒေါ်လာ ၁၈၇၃၂၅ ဖိုး တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## စစ်တွေကုန်သွယ်ရေးစခန်းမှ ယခုတစ်ပတ်တင်ပို့ကုန်များအနက် ရေထွက်ကုန်အများဆုံးဖြစ်

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ ဇူလိုင်လ ၂၅ ရက်မှ ၃၁ ရက်ထိ သီတင်းပတ်အတွင်း ပို့ကုန် ကန်ဒေါ်လာ သုည ဒသမ ၀၅၃ သန်းဖိုး တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်မှာတော့ ကန်ဒေါ်လာ သုညဒသမ ၀၉၅ သန်းတင်ပို့ခဲ့သဖြင့် ယခုသီတင်းပတ်မှာတော့ ကန်ဒေါ်လာ သုည ဒသမ ၀၄၂ သန်းလျော့နည်းတင်ပို့ခဲ့တာတွေ့ရပါတယ်။

ယခုသီတင်းပတ်မှာ အများဆုံး တင်ပို့ခဲ့တဲ့ ကုန်ပစ္စည်း ရေချိုငါးမြစ်ချင်းဖြစ်ပြီး၊ တန်ချိန်အားဖြင့် ၈၄ တန်၊ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ သုည ဒသမ ၀၈၃ သန်းတင်ပို့ခဲ့တယ်လို့သိရပါတယ်။ လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်တဲ့ မန်ကျည်းစေ့ ၄၉ တန်၊ ဆီးသီးခြောက် ၁၂ တန်၊ ချင်းအစို ၅ တန်နဲ့ စက်မှုကုန်ချောပစ္စည်းဖြစ်တဲ့ ဆီးယိုထုတ် ၄ တန်တို့ကို တစ်ဘက်နိုင်ငံဘင်္ဂလားဒေ့ရှ်သို့ တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**တင်တင်ထွန်း**

## တွေ့ကြုံရတဲ့ အခက်အခဲများ ဖြေရှင်းနိုင်ရန်ရည်ရွယ်၍ ကုန်သွယ်မှု မြှင့်တင်ရေးအစည်းအဝေးများကို ကျင်းပရခြင်းဖြစ်သည်ဟုဆို

လက်ရှိကျင့်သုံးဆောင်ရွက်နေတဲ့ ကုန်သွယ်မှုစနစ်ရဲ့ လိုအပ်ချက် အခြေအနေများကြောင့် ကုန်သွယ်မှု မှာ တွေ့ကြုံနေရတဲ့ ပို့ကုန် သွင်းကုန်လိုင်စင်နဲ့ ပတ်သက်တဲ့ ကိစ္စများ၊ လူဝင်လူထွက်ကိစ္စများ၊ သယ်ယူပို့ဆောင်ရေးနဲ့ ပတ်သက်တဲ့ကိစ္စများ၊ အခြားမိတ်ဖက်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနဲ့ ပတ်သက်တဲ့ ကိစ္စများ၊ အခွန်အကောက်နဲ့ ပတ်သက်တဲ့ကိစ္စများ ဆောင်ရွက်ရာမှာ တွေ့ကြုံရတဲ့ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်နိုင်ဖို့အတွက် ရည်ရွယ်ပြီး ယခုလိုအစည်းအဝေးကျင်းပရတာဖြစ်ကြောင်း မြိတ်ကုန်သွယ်ရေး စခန်းတာဝန်ခံက ဇူလိုင်လ ၂၈ ရက်နေ့က မြိတ်ခရိုင်ကုန်သည်များနဲ့ စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းရုံးခန်းမမှာ ကျင်းပပြုလုပ်တဲ့ ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးမှာ ပြောကြားခဲ့တာဖြစ်ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းဟာ ပို့ကုန်ကို အဓိကအားထားပြီး ကုန်သွယ်မှုပြုလုပ်တဲ့စခန်းဖြစ်ကြောင်း ၊ ပို့ကုန်မှာလည်း ရေထွက်ကုန်များကို အဓိကထားတင်ပို့နေရပြီးရော်ဘာနဲ့ သစ်တောထွက်ကုန်များကို ဒုတိယအများဆုံးတင်ပို့တဲ့စခန်းတစ်ခုဖြစ်ပါတယ်။တင်သွင်းမှုအပိုင်းမှာတော့ မြိတ်ခရိုင်အတွင်း လိုအပ်တဲ့ ကုန်ပစ္စည်းအမယ်များကို အဓိကထားတင်သွင်းနေတာဖြစ်ပါတယ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လ ၂၄ ရက်ထိ မြိတ်ကုန်သွယ်ရေးစခန်းရဲ့ ကုန်သွယ်မှု လျာထားချက်အပေါ် ဆောင်ရွက်နိုင်မှုများကို ဖော်ပြပေးလိုက်ရပါတယ်-

| ကာလ | လျာထားချက်အပေါ် ဆောင်ရွက်နိုင်မှု (ရာခိုင်နှုန်း) |
|---|---|
| ဧပြီ | ၁၅၄. ၅၅ |
| မေ | ၉၆. ၂၄ |
| ဇွန် | ၉၃. ၈၈ |
| ဇူလိုင် | ၉၁. ၃၀ |
| | (၂၄ ရက်ထိ) |

ကုန်သွယ်မှုပမာဏဟာ တစ်လထက်တစ်လလျော့နည်းလျက်ရှိနေပါတယ်။ ပို့ကုန်ပိုင်းမှာ ရေထွက်ကုန်တင်ပို့မှုက ဇွန် ၊ ဇူလိုင်၊ ဩဂုတ် သုံးလအတွင်းမှာ ၅၀ ရာခိုင်နှုန်းလျော့ချဆောင်ရွက်ခဲ့သလို သွင်းကုန်ပိုင်းမှာ အဓိကသွင်းကုန်ဖြစ်တဲ့ စားသုံးဆီတင်သွင်းမှုမရှိခြင်း၊ ငွေလဲနှုန်းဆက်တိုက်မြင့်တက်နေခြင်းကြောင့် သွင်းကုန်ပိုင်းလျော့နည်းခဲ့ရာ ကုန်သွယ်မှုပမာဏ လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

**MIRT**

## ဘဏ္ဍာနှစ်ပထမ သုံးလပတ်ကာလတွင် ရိဒ်ကုန်သွယ်ရေးစခန်းက ကုန်သွယ်မှု လျာထားချက်အပေါ် အများဆုံးဆောင်ရွက်နိုင်

မြန်မာ-အိန္ဒိယနယ်စပ်ရှိ ရိဒ်ကုန်သွယ်ရေးစခန်းသည် ကုန်သွယ်ရေးစခန်း ၁၅ ခုရှိတဲ့အနက် ဘဏ္ဍာနှစ်ပထမသုံးလပတ်ကာလ (ဧပြီ၊ မေ၊ ဇွန်) အတွင်းမှာ ကုန်သွယ်မှုလျာထားချက်အပေါ် အများဆုံး ဆောင်ရွက်နိုင်တဲ့အဆင့် (၁) ရရှိပြီး ရာနှုန်းပြည့်ထက်ကျော်လွန်အောင် ဆောင်ရွက်နိုင်သောစခန်းများအလိုက် ထိပ်ဆုံးမှာရှိတဲ့ စခန်းတစ်ခုလည်းဖြစ်ပါတယ်။ ယခုကဲ့သို့ လျာထားချက် ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ခြင်းဟာ ကုန်သည်များ၊ ကုမ္ပဏီလုပ်ငန်းရှင်များ၊ ကုန်သည်အသင်း၊ ဌာနဆိုင်ရာတို့စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်နိုင်မှုကြောင့်ဖြစ်တယ်လို့ ဇူလိုင်လ ၃၀ ရက်နေ့က ရိဒ်ကုန်သွယ်ရေးစခန်း အစည်းအဝေးခန်းမမှာ ကျင်းပပြုလုပ်တဲ့ ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးမှာ ရိဒ်ကုန်သွယ်ရေးစခန်း တာဝန်ခံက ပြောကြားခဲ့တယ်လို့ သတင်းရရှိပါတယ်။

ရိဒ်ကုန်သွယ်ရေးစခန်းရဲ့ အများဆုံးပို့ကုန်များမှာ ကွမ်းသီး၊ မုန့်မျိုးစုံ၊ စီးကရက်၊ ပလတ်စတစ်အိတ်ဖြစ်ပြီး အများဆုံးသွင်းကုန်များမှာ ဓာတ်မြေဩဇာ၊ ပုလဲ၊ ဆံပင်၊ နိုင်လွန်ချည်၊ မော်တော်ဆိုင်ကယ်တို့ ဖြစ်ကြပါတယ်။

**MIRT**



# နိုင်ငံခြား အရက်မျိုးစုံကို Mobile Team လရ–၂ အဖွဲ့မှ သိမ်းဆည်း






မြဝတီ-ရန်ကုန် ကုန်သွယ်မှု လမ်းကြောင်းတလျှောက်ရှိတရားမဝင် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိတဲ့ Mobile Team လရ-၂ အဖွဲ့သည် ကိုယ်ပိုင်ယာဉ်ငယ်များနဲ့ ခရီးသည်တင် မှန်လုံယာဉ်များပေါ်တွင် နိုင်ငံခြားဖြစ် အရက်၊ ဘီယာများ တင်ဆောင်၍ သယ်ယူရန်ပြင်ဆင်လျက်ရှိကြောင်း သတင်းရရှိသဖြင့် ဇူလိုင်လ ၇ ရက်နေ့ ဝ၉း၀၀ နာရီတွင် လရ-၂ အခြေပြုရာဖြစ်သော ညောင်ခါးရှည်လမ်းဆုံနဲ့ စစ်တောင်းတံတားသစ်တို့ကြားရှိပြည်ထောင်စုလမ်းမကြီးတစ်လျှောက်နဲ့ ကျေးရွာအဝင်လမ်းတို့အား ကင်းပုန်းစောင့်ကြည့်လျက်ရှိစဉ် ယင်းနေ့ ၁၆း၃၀ ချိန်တွင် ပြည့်အားမာန် ယာဉ်လိုင်း မှန်လုံယာဉ်အမှတ် IA/xxxx သည် စစ်တောင်းတံတားသစ်နဲ့ မီးရထားသံလမ်းကြား ပြည်ထောင်စုလမ်းမကြီး၏ ဘေးတွင်ရပ်တန့်ထားသည်ကို တွေ့ရှိရသဖြင့် Mobile Team အဖွဲ့စုံမှ ယာဉ်အား စစ်ဆေးရာယာဉ်ပေါ်တွင် ABOSOLUT VODKA (1x700 ml x 12 pcs) ၂၃၈၈ ပုလင်း၊ BLENDED SCOTCH (1 x 1 Lit x 12 pcs) ၂၂၈ ပုလင်း၊ BLENDED SCOTCH (1 x 150 ml x 12 pcs) ၁၈၀ ပုလင်း၊ JAGERMEISTER (1 x 700 ml x 12 pcs) ၇၀၈ ပုလင်း၊ Vit C (Stawberry Tablet) (1x1000 tab x 50 bot) ၆၀၀ ပုလင်း၊ စုစုပေါင်း နိုင်ငံခြားအရက်မျိုးစုံ ၄၁၀၄ ပုလင်းကို စစ်ဆေးတွေ့ရှိ သိမ်းဆည်းနိုင်ခဲ့ပါတယ်။ စစ်ဆေးတွေ့ရှိ အရက်မျိုးစုံနဲ့ တင်ဆောင်လာတဲ့ မှန်လုံယာဉ်အား အကောက်ခွန်အမှုတွဲ ဖွင့်လှစ်ပြီး နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ခဲ့တယ်လို့ သိရပါတယ်။

**MIRT**

## ယာဉ်လေးစီးပေါ်မှ သိုဝှက်တင်ဆောင်လာတဲ့ စားသုံးရန်မသင့်တဲ့ ကုန်ပစ္စည်းများတွေ့ရှိ

နောင်ချိုမြို့အနီး ယာယီအခြေပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိတဲ့ Mobile Team လရ-၁ အဖွဲ့သည် ဇူလိုင်လ ၃၀ ရက်နေ့တွင် မူဆယ်မှ မန္တလေးသို့ ထွက်ခွာလာတဲ့ ရွှေလီရတနာ၊ ရှမ်းမင်းသား၊ တောင်ပြာတန်း၊ စိတ်ကြိုက်ခရီးသည်တင်ယာဉ်လေးစီးပေါ်မှ စားသုံးရန်မသင့်တဲ့ စားသောက်ကုန်များကို စစ်ဆေးတွေ့ရှိခဲ့တယ်လို့ သတင်းရရှိပါတယ်။ယာဉ်များကို လရ-၁ အဖွဲ့စုံမှ စစ်ဆေးမှုများ ပြုလုပ်ရာ ခရီးသည်နဲ့ ပစ္စည်းများကြားသိုဝှက် တင်ဆောင်လာတဲ့ (၁x၁၅)ပါရေညှိပြား၊(၅၀၀ml x၁၅)ပါ အားဖြည့်အချိုရည်၊ (၅၀၀ml x၁၅)ပါ အားဖြည့် အချိုရည်(စိမ်း)နဲ့ (၅၀၀ml x၁၂)ပါ ငံပြာရည်တို့ကို စစ်ဆေးတွေ့ရှိခဲ့ပါတယ်။စစ်ဆေးတွေ့ရှိ စားသောက်ကုန်များအား အကောက်ခွန်အမှုတွဲဖွင့်လှစ်ပြီး စားသုံးရန်မသင့်တဲ့အတွက် Mobile Team အဖွဲ့ဝင်ဌာန ကိုယ်စားလှယ်များပါဝင်သောအဖွဲ့ဖြင့် မီးရှို့ဖျက်ဆီးသွားမယ်လို့သိရပါတယ်။

**MIRT**

## ဒိုင်နာယာဉ်ပေါ်မှာ သိုဝှက်တင်ဆောင်လာတဲ့ စပါးမျိုးစေ့အိတ်များကို လရ-၁ အဖွဲ့မှစစ်ဆေးတွေ့ရှိ

နောင်ချိုမြို့အနီး ယာယီအခြေပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိတဲ့ Mobile Team လရ-၁ အဖွဲ့သည် ဩဂုတ်လ ၁ ရက်နေ့တွင် မူဆယ်မှ မန္တလေးသို့ မောင်းနှင်လာသော ယာဉ်များကို စစ်ဆေးရာ ယာဉ်ပေါ်တွင် သိုဝှက်တင်ဆောင်လာတဲ့ 30 Kg ပါ စပါးမျိုးစေ့အိတ် ၉ အိတ်နဲ့ 2 Kg ပါ စပါးမျိုးစေ့ ၂၅ အိတ်တို့ကို စစ်ဆေး တွေ့ရှိခဲ့တယ်လို့ သတင်းရရှိပါတယ်။ တရားမဝင်အကောက်ခွန်မဲ့တင်သွင်းလာတဲ့စပါးမျိုးစေ့အိတ်များကို အကောက်ခွန်အမှုတွဲ ဖွင့်လှစ်ပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ ဆက်လက်ဆောင်ရွက်သွားမယ်လို့ သိရပါတယ်။

**MIRT**

## တရုတ်သို့ တရားမဝင်တင်ပို့မည့် ကျွဲနှစ်ကောင်အား နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းဆည်း

ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့အနီး ယာယီအခြေပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိတဲ့ Mobile Team လရ-၁ အဖွဲ့သည် ဇူလိုင်လ ၂၇ ရက်နေ့ ၁၈း၀၀ ချိန်တွင် ရွှေပြည်ညွန့်နတ်စင်ရှောင်ကွင်းလမ်း အတွင်း ကျွဲနှစ်ကောင်အား သုံးဘီးဆိုင်ကယ်ဖြင့် တင်ဆောင်ရန် ဆောင်ရွက်နေသည်ကို စစ်ဆေးတွေ့ရှိရပါတယ်။ အဖွဲ့စုံဖြင့် အသေးစိတ်စစ်ဆေးမေးမြန်းရာ တရုတ်နိုင်ငံသို့ တရားမဝင်ပို့ဆောင်မည့် ကျွဲများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အဆိုပါကျွဲနှစ်ကောင်အား အကောက်ခွန်အမှုတွဲဖွင့်လှစ်ပြီး နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့တယ်လို့ သိရပါတယ်။

**MIRT**

## ယာဉ်လိုင်းပေါ်မှ အကောက်ခွန်မဲ့ကုန်ပစ္စည်းများကို တာချီလိတ် Mobile Team မှစစ်ဆေးတွေ့ရှိ

ကုန်သွယ်ရေးဦးစီးဌာန တာချီလိတ် Mobile Team အဖွဲ့သည် ဇူလိုင်လ ၂၈ ရက်နေ့ ၁၆း၄၀ ချိန်တွင် တာလေတိုးဂိတ်အနီး တာဝန်များထမ်းဆောင်စဉ် တာချီလိတ်ဘက်မှ လာသော ရွှေရေကန်ယာဉ်လိုင်းပေါ်မှ တရားမဝင်တင်ဆောင်လာတဲ့ စားဆီဖာ ၂၀၊ အားဖြည့်အချိုရည်ဖာ ၂၀၊ ပေါင်းသတ်ဆေး ၅ ဖာနဲ့ ပလတ်စတစ်များ ၅ စီးတို့ကို ပိုင်ရှင်မဲ့ စစ်ဆေးတွေ့ရှိခဲ့တယ်လို့ သတင်းရရှိပါတယ်။အဆိုပါသိမ်းဆည်းရမိ အကောက်ခွန်မဲ့ပစ္စည်းများ၏ ခန့်မှန်းတန်ဖိုးမှာ ကျပ် ၈ သိန်း ၈ သောင်းခန့်ဖြစ်ပြီး Mobile Team အဖွဲ့စုံဖြင့် စနစ်တကျစစ်ဆေးပြီး တာချီလိတ်မြို့နယ်အကောက်ခွန်ရုံးတွင် အကောက်ခွန်အမှုတွဲဖွင့်လှစ်ပြီးဖြစ်တယ်လို့ သိရပါတယ်။

**MIRT**

## သတင်းအရ စစ်ဆေးရာ ကန့်သတ်ကုန် ဘီယာများကို သုံးဘီးဆိုင်ကယ်ပေါ်မှ တွေ့ရှိ

ညောင်ခါးရှည် အခြေပြု Mobile Team လရ-၂ အဖွဲ့သည် ဇူလိုင်လ ၃၀ ရက်နေ့တွင် မြစ်ကျိုး-ပုဂံ-ဆတ်သွားခြံသို့သွားသည့် ကျေးရွာချင်းဆက်လမ်းတွင် ကန့်သတ်ကုန်ဘီယာများကို သုံးဘီးဆိုင်ကယ်များနဲ့ သယ်ဆောင်နေကြောင်း သတင်းရရှိတဲ့အတွက် သွားရောက် စစ်ဆေးခဲ့တယ်လို့ သိရပါတယ်။သတင်းပေးချက်အရ ၁၂း၃၀ ချိန်တွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့ လရ-၂သည် မြစ်ကျိုးတူးမြောင်းသို့ မရောက်ခင် အောက်ကွေ့ကြီးကျေးရွာအဝင်အနီး၌ ကန့်သတ်ကုန်ဘီယာ ၁၈၀ ကဒ်အား သုံးဘီးဆိုင်ကယ်နှစ်စီးဖြင့် မောင်းနှင်သယ်ဆောင်လာကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။

ယင်းကန့်သတ်ကုန်ဘီယာများနဲ့ သယ်ဆောင်လာသော သုံးဘီးယာဉ်နှစ်စီးအား တားဆီးစဉ် ယာဉ်မောင်းနှစ်ဦးမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ပါတယ်။ သိမ်းဆည်းရမိဘီယာများနဲ့ သယ်ဆောင်လာတဲ့ သုံးဘီးယာဉ်နှစ်စီးအား အကောက်ခွန်အမှုတွဲဖွင့်လှစ်ပြီး ကန့်သတ်ကုန်ဘီယာများအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်နဲ့အညီ မီးရှို့ဖျက်ဆီးသွားမယ်လို့ သိရပါတယ်။

**MIRT**

## စပယ်ယာဘီးခွက်အတွင်းသိုဝှက်တင်ဆောင်လာတဲ့ ကျောက်စိမ်းဟုယူဆရတဲ့ ကျောက်တုံးများတွေ့ရှိ

မူဆယ်-မန္တလေး လမ်းကြောင်းတစ်လျှောက်ရှိ Mobile Team လရ-၁ အဖွဲ့သည် ဇူလိုင် ၂၃ ရက် နေ့တွင် မန္တလေး-မူဆယ် လမ်းကြောင်းအတိုင်း ဝင်ရောက်စစ်ဆေးခံတဲ့ Honda CR-V ယာဉ်အမှတ် IE/xxxx အားစစ်ဆေးရာ ယာဉ်ပေါ်မှ စပယ်ယာဘီးခွက်အတွင်း တရားမဝင်သိုဝှက်တင်ဆောင်လာတဲ့ ကျောက်စိမ်းဟုယူဆရတဲ့ ကျောက်တုံးအသေး ၁၈ တုံးအား ဖမ်းဆီးသိမ်းဆည်းရမိခဲ့ပါတယ်။ ယာဉ်အား အဖွဲ့စုံဖြင့် အသေးစိတ် စစ်ဆေးစဉ် ယာဉ်မောင်းမှာထွက်ပြေးတိမ်းရှောင်သွားခဲ့တယ်လို့သိရပါတယ်။ ယာဉ်ပေါ်မှ သိမ်းဆည်းရမိ ကျောက်စိမ်းဟုယူဆရတဲ့ ကျောက်တုံးများနဲ့ မော်တော်ယာဉ်အား အကောက်ခွန်အမှုတွဲ ဖွင့်လှစ်ပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ ဆက်လက်ဆောင်ရွက်သွားမယ်လို့သိရပါတယ်။

**MIRT**

## အကောက်ခွန်မဲ့ စားသောက်ကုန်များအား စစ်ဆေးတွေ့ရှိသိမ်းဆည်း

နောင်ချိုမြို့အနီး ယာယီအခြေပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိတဲ့ Mobile Team လရ-၁ အဖွဲ့သည် ဇူလိုင် ၂၉ ရက် ၁၅း၃၀ ချိန်တွင် မူဆယ်မှ မန္တလေးသို့ မောင်းနှင်ထွက်ခွာလာတဲ့ ယာဉ်များကို စစ်ဆေးရာ ချစ်မင်းခန့်ခရီးသည်တင် ယာဉ်အမှတ် ၆ယ/xxxx ပေါ်မှ ခရီးသည်ပစ္စည်းများကြား သိုဝှက်တင်ဆောင်လာတဲ့ (1.7 kg x 6) ပါ လိုက်ချီးဗူး (၅၅) ဖာနဲ့ ၁၉း၀၀ ချိန်တွင် မူဆယ်သူခရီးသည်တင် ယာဉ်အမှတ် ၇ဂ/xxxx ပေါ်မှ ခရီးသည်ပစ္စည်းများကြား သိုဝှက်တင်ဆောင်လာတဲ့ ခေါက်ဆွဲစိမ်း (၃၀) ထုပ်ကို စစ်ဆေးတွေ့ရှိခဲ့တယ်လို့ သတင်းရရှိပါတယ်။ သိမ်းဆည်းရမိစားသောက်ကုန်များအား အကောက်ခွန်အမှုတွဲ ဖွင့်လှစ်ပြီး စားသုံးရန်မသင့်တဲ့ ကုန်ပစ္စည်းများဖြစ်၍ Mobile Team အဖွဲ့ဝင်ဌာနများမှ ကိုယ်စားလှယ်များပါဝင်သောအဖွဲ့ဖြင့် ဖျက်ဆီးဆောင်ရွက်သွားမယ်လို့သိရပါတယ်။

**MIRT**

## စွယ်တော်ကားဝင်းအတွင်း ရပ်နားယာဉ်ပေါ်မှ လူသုံးအိမ်သုံး လျှပ်စစ်ပစ္စည်းများ စစ်ဆေးတွေ့ရှိ

မန္တလေး Mobile Team အဖွဲ့က မန္တလေးမြို့ရှိ အဝေးပြေးကုန်တင်ကားများရပ်နားတဲ့ စွယ်တော်ကားဝင်းအတွင်း သတင်းအရ ရပ်နားထားသော ၂၂ ဘီးတွဲကား 4F/xxxx အား စစ်ဆေးမှုပြုလုပ်ခဲ့ပါတယ်။ အဆိုပါ ၂၂ ဘီးတွဲကားပေါ်မှ လိုင်စင်/ID အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိတဲ့ Computer Speaker ၁၉ ဖာ၊ LED TV ၁၆ ဖာ၊ Portable DVD Player ၆၀ ဖာကို စစ်ဆေးတွေ့ရှိခဲ့ ရတယ်လို့ သတင်းရရှိပါတယ်။ စစ်ဆေးတွေ့ရှိပစ္စည်းများကို အသေးစိတ်ဖွင့်ဖောက်စစ်ဆေးမှုပြုလုပ်ပြီး မန္တလေး အကောက်ခွန်သို့ လုပ်ထုံးလုပ်နည်းနဲ့အညီ လွှဲပြောင်းအပ်နှံနိုင်ရေး ဆောင်ရွက်နေတယ်လို့သိရပါတယ်။






# မြန်မာ့စိန်တလုံး

တင်မာကြည်

ကျွန်တော်က မြန်မာပြည်ဖွား သရက်သီးလေးပါ။ ဇာတိက မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ဟံမြင့်မိုရ် ရွာပါ။ ဒီရွာမှာ ဟိုးရှေးရှေးကတည်းက ရှိခဲ့တဲ့ မြန်မာ့ မျိုးရင်း သရက်တစ်မျိုးပါ။ ဒီနေ့အထိ ဟံမြင့်မိုရ် ရွာမှာကျွန်တော့် မျိုးရင်းအပင်ကြီးတွေ ရှိနေပါတယ်။ ပင်စည်ကြီးတွေက လူနှစ်ဖက်စာ လောက်ရှိနေပါပြီ။ ကျွန်တော့်ရဲ့ ထူးခြားတဲ့အနံ့အရသာကြောင့် လူသိများလာပြီး ၁၉၈၃-၈၄ ခုနှစ်မှာ စပြီးနာမည်ကျော်ကြားလာ ခဲ့ပါတယ်။ စိန်တလုံးဆိုတဲ့နာမည်လား။ စပြီးလူသိများလာတာက ဟံမြင့်မိုရ်ရွာ ဦးစိန်ရဲ့ ခြံကသရက်သီးဖြစ်ပြီး တစ်လုံးဆို ဆိုသလောက် အနံ့အရသာကောင်းတာကြောင့် စိန်တလုံးဆိုပြီး နာမည်ကြီးခဲ့တာ လို့ ရွာသားတွေက ပြောစမှတ်ပြုကြပါတယ်။ ကျွန်တော့်ကို နာမည် ကျော်ကြားစေတဲ့ အရည်အသွေးတွေက ရင့်မှည့်လာရင် တောက် ပြောင်ပြီး လှပတဲ့ လိမ္မော်ဝါရောင်ကို ပြောင်းသွားတာရယ်။ အရောင် ပြောင်းတာနဲ့အတူ မွှေးပျံ့တဲ့ အနံ့လည်းထွက်လာတာရယ်၊ အရောင် နဲ့ အနံ့ရဲ့ ဆွဲဆောင်မှုကြောင့် စားချင်စိတ်ကို မျိုသိပ်မရဘဲ အပြင်ခွံ ကို ခွာလိုက်မယ်ဆိုရင် အမျှင်နည်းပြီး ဝါဝင်းတဲ့ ကျွန်တော့်ရဲ့ အတွင်း သားကို တွေ့ရပြီး လှပသလောက် နူးညံ့မှုရှိတာရယ်၊ စားကြည့်လိုက် ရင် အရသာက လျှာထဲအထိ စိမ့်ဝင်သွားတာမို့ စွဲမက်သွားစေတာတွေ ကြောင့်ပါ။နောက်ထူးခြားချက်တစ်ခုက အသီးမှည့်လာရင် အသီး သား ပျော့မသွားဘဲ အထားအသိုခံတာကြောင့် ထုပ်ပိုးမှု၊ သယ်ယူမှုပြု ရာမှာ အပျက်အစီးနည်းပါးပါတယ်။ Export အတွက် အထူး သင့်တော်ပါတယ်။ Export လုပ်ရာမှာလည်း ကျွန်တော့်ရဲ့ အရောင် အဆင်း၊ အနံ့၊အရသာကြောင့် အောင်မြင်မှုရပြီး တရုတ်၊ ထိုင်း၊ မလေးရှား၊ ဟောင် ကောင်၊ စင်္ကာပူ စတဲ့နိုင်ငံတွေကို တင်ပို့နေ ပါတယ်။ မြန်မာနိုင်ငံရဲ့ ထွက်ကုန် (Country of Origin-CO) ဖြစ်ကြောင်း မှတ်ပုံတင်ပြီးတဲ့ အပြင် Myanmar Trade Mark လည်း ရပြီးပါပြီ။

ခုဆိုရင် ကျွန်တော့်မျိုးနွယ်တွေဟာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်းတို့အထိ ပျံ့နှံ့စိုက်ပျိုးဖြစ်ထွန်းနေကြပါပြီ။ စိန်တလုံး သရက်ကို နေရာတိုင်းမှာတော့ စိုက်မရပါဘူး။ စိန်တလုံး နှစ်သက်တဲ့ ရေမြေရာသီဥတုရှိမှ စိုက်လို့ရပါတယ်။ စိန်တလုံး သဘာဝက အပူပိုင်းဒေသကို နှစ်သက်ပေမယ့် သရက်ပွင့်ချိန်မှာ အေးမြမှ အသီးတင်ပါတယ်။ ဒါကြောင့်လည်း ရှမ်းပြည်နယ် တောင် ပိုင်းမှာ စိုက်ပျိုးနိုင်တာပါ။ အခုဆိုရင် မန္တလေးတိုင်းဒေသကြီးနဲ့ ရှမ်းပြည်နယ်တောင်ပိုင်းမှ ထွက်ရှိမှုက အများဆုံးဖြစ်ပါတယ်။ စိန်တလုံးသရက် နာမည်ကြီးလာတာနဲ့အမျှ ဈေးကွက်ကျယ်ပြန့် လာပြီး ဈေးလည်းမြင့်လာပါတယ်။ ဈေးကကြီးပြီး စားကလည်း စားချင်၊ ဝယ်စားကာမှ အတုနဲ့မိရင် သွားပါလေရော။

ဒါကြောင့် ကျွန်တော့်အကြောင်းကို သေချာပြောပြပေးပါမယ်။ အများစုကတော့ ပျမ်းမျှအရှည် ၁၁ စင်တီမီတာ၊ လုံးပတ် ၇. ၇ စင်တီ မီတာရှိပြီး ပျမ်းမျှအလေးချိန်က ၃၅၁ ဒသမ ၆ ဂရမ်ရှိပြီး နိုင်ငံခြား တင်ပို့တဲ့ စံအနေအထားပေါ့။ ဒါပေမယ့် ကျွန်တော်တို့ စိန်တလုံးမျိုး မှာက မျိုးကွဲ ၆ မျိုးလောက်ရှိပါတယ်။ ပုံသဏ္ဌာန်အနေနဲ့ ၄ မျိုး ရှိပါတယ်။ ဒီပုံသဏ္ဌာန်တွေက အလုံးကြီး၊ အလုံးသေး၊ ဗိုက်ပူ၊ အရှည် ဆိုပြီး ၄ မျိုးပါ။ စိန်တလုံးသရက်သီးရဲ့ ထူးခြားချက်က အသီးထိပ်ဖျား ကျယ်တဲ့ ပုံသဏ္ဌာန်ရှိပြီး အသီးဖျားမှာ နှုတ်သီးချွန် နှစ်ခုပါပါတယ်။ တစ်ခုက ရှေ့တည့်တည့်ကို ချွန်နေပြီး ချွန်တဲ့တစ်ခုရဲ့ အောက်ဖက်မှာ ရှိတဲ့ တစ်ခုက သိပ်မချွန်ပေမယ့် အာရုံတွေကို ခံစားနိုင်ပါတယ်။ အသီးရဲ့ ကျောဖက် ပိုင်းက ခုံးနေတာမို့ လုံးတဲ့သဏ္ဌာန် လို့ထင်ရတာ ပါ။ အသီးညှာကလည်း အသီးအရင်းရဲ့ အလယ်တည့်တည့်မှာ မရှိပေမယ့် ခိုင်မြဲပါတယ်။ အတွင်းကိုလည်း နည်းနည်းပဲ ချိုင့်ဝင် တာကြောင့် လည်တိုင်လို့ ခေါ်နိုင်လောက်တဲ့ အပိုင်းက မထင်ရှားပါ ဘူး။ ဒါတွေက အသီးရဲ့ ထူးခြား ချက်တွေပါ။ အပင်အနေနဲ့ဆိုရင် ပုံသဏ္ဌာန်က လုံးဝိုင်းပုံလို့ခေါ်နိုင်ပါတယ်။ အကိုင်းတွေ တွဲကျနေ တတ်ပြီး အရွက် သိပ်သည်းမှု အသင့်အတင့်ရှိပါတယ်။ ပင်စည်ရဲ့ အခေါက်ကထူပြီး အညိုဖျော့ရောင်ရှိပါတယ်။ အခေါက် မျက်နှာပြင် ကြမ်းပါတယ်။ စိန်တလုံးအရွက်ရဲ့ ထူးခြားမှုကတော့ ရွက်ပြားပုံ သဏ္ဌာန်က လုံသွားပုံရှိပြီး ရွက်နားချောပါတယ်။ ရွက်ထိပ်ဖျားက ကျဉ်းပြီးချွန်ပါတယ်။ ရွက်အောက်ခြေက ကျဉ်းပြီး သွယ်ပါတယ်။ အရွက်နုချိန်ဆိုရင် အစိမ်းဖျော့မှာ အညိုရောင်သမ်းပြီး အန်သို ဆိုင်ယာနင် ပါဝင်မှု နည်းပါတယ်။ အရွက်ရင့်လာရင်တော့ အစိမ်း ရောင်ရှိပြီး ရနံ့အနည်းငယ်ရှိပါတယ်။

ကျွန်တော်တို့ စိန်တလုံးရဲ့ သဘာဝက အသီးမှည့်တာစောပါ တယ်။ မန္တလေးတိုင်းဒေသကြီးမှာဆိုရင် ဧပြီလကုန်ကနေ ဇွန်လ အထိ အသီးမှည့်တဲ့ကာလဖြစ်ပြီး ရှမ်းပြည်နယ်တောင်ပိုင်းမှာတော့ ဇွန်လကနေ စက်တင်ဘာလအထိဖြစ်ပါတယ်။ အထွက်အများဆုံး ဒေသနှစ်ခုရဲ့ ရင့်မှည့်ချိန်ကွာခြားတဲ့အတွက် စိန်တလုံးကို ဧပြီလ ကုန်ကနေ စက်တင်ဘာလအထိ တွေ့နိုင်ပါတယ်။ ပညာရှင်တွေ ကလည်း နာမည်ကြီးလာပြီဆိုတော့ ကျွန်တော့်သက်တမ်းကို ဆွဲဆန့် ဖို့ ကြိုးစားနေကြပါတယ်။ တစ်နှစ်မှာ နှစ်ကြိမ်၊ သုံးကြိမ်အထိ သီး အောင် နည်းပညာတွေ ရှာဖွေစမ်းသပ်နေကြပါတယ်။ ရာသီ သီးနှံက နေ တစ်နှစ်လုံးထွက်ရှိတဲ့ သီးနှံဖြစ်အောင် ပြောင်းလဲနိုင်ရင် ပြည်တွင်းစားသုံးမှုရော၊ နိုင်ငံခြားတင်ပို့မှုကပါ ဝင်ငွေများလာ နိုင်တယ်လေ။ လက်ရှိအခြေအနေမှာတော့ စိန်တလုံးက မြန်မာနိုင်ငံ ၏ နေရာတိုင်းမှာ စိုက်မရတဲ့မျိုးဖြစ်ပြီး တခြားသရက်မျိုးတွေ ထက် စောစောရင့်မှည့်တယ်။ အထွက်နှုန်းကလည်းနည်းပါတယ်။ နောက် ပြီး ပညာရှင်တွေရဲ့ လေ့လာချက် အရဆိုရင် နှစ်စဉ်ပုံမှန် သီးထွက် နှုန်းမကောင်းဘဲ တစ်နှစ်ခြားတစ်ခါပဲ သီးထွက်နှုန်း ကောင်းတယ်လို့ ပြောပါတယ်။ ဒါကြောင့် ကျွန်တော်တို့ကို နှစ်စဉ် ပုံမှန် သီးထွက်နှုန်း ကောင်းအောင် အရည်အသွေးရော အရေအတွက် ပါကောင်းအောင် တစ်ဆင့်တက်ပြီး တစ်နှစ်ပတ်လုံးထွက်ရှိအောင် ပညာရှင်တွေ ကြိုးပမ်းနေကြတာပါ။ အခုအချိန်မှာ နယ်မြေချင်း ထိစပ်နေတဲ့ တရုတ်နိုင်ငံ မှာသာမက မြန်မာနိုင်ငံကိုရောက်ဖူးပြီး ကျွန်တော့် အရသာကို မြည်းစမ်းဖူးတဲ့ စင်္ကာပူ၊ ဂျပန်၊ ကိုရီးယားလူမျိုးတွေပါ နှစ်သက်နေကြတာမို့ ဈေးကွက်ချဲ့ထွင်ဖို့ လိုလာပါပြီ။

ဈေးကွက်တိုးချဲ့ဖို့ဆိုရင် သရက်အထွက်တန်ချိန်များဖို့ လိုပါ တယ်။ ဒါကြောင့် မြန်မာပညာရှင်တွေနဲ့ ဂျာမန်အစိုးရ စီးပွားရေးပူး ပေါင်းဆောင်ရွက်မှုနဲ့ ဖွံ့ဖြိုးရေးဝန်ကြီးဌာန (BMZ) ကိုယ်စား GIZ (The Deutsche Gesellschaft fur Internationale Zusammenarbeit (GIZ) GmbH) တို့ပူးပေါင်းပြီး ၂၀၁၂-၁၃ ခုနှစ်မှာ မြန်မာ့သရက် စိုက်ပျိုးထုတ်လုပ်မှုတွေကို ကွင်းဆင်းလေ့လာခဲ့ကြပါတယ်။ ဒီလို လေ့လာချက်တွေအရ စိန်တလုံး ရဲ့ အရည်အသွေးဟာ အရေးပါတဲ့ အနံ့ အရသာကောင်းမွန်မှု၊ အမျှင်ပါဝင်မှုနည်းပြီး အသားပိုင်းနူးညံ့မှု တွေက ကျွန်တော့်မွေးရာဇာတိဖြစ်တဲ့ မန္တလေးတိုင်းဒေသကြီး ထွက်ကုန်က အကောင်းဆုံးဖြစ်ပြီး ထွက်ရှိမှုကလည်း အများဆုံး ဖြစ်နေပါတယ်။ ဒါပေမယ့်လည်း အပင်တွေက သက်ရင့်ပိုင်းကို ရောက်နေပြီး စိုက်ပျိုးမှုကလည်း နေရာအနှံ့မှာ ပိုင်ဆိုင်သူတွေက ကိုယ့်စိတ်ကြိုက်ပုံစံတွေနဲ့ စိုက်ပျိုးထားတာမို့ အရည်အသွေးနဲ့ အရေအတွက် ကို နည်းပညာအသစ်တွေနဲ့ ပြောင်းလဲတိုးတက်အောင် လုပ်ဆောင်ဖို့ အခက်အခဲတွေ ရှိနေတယ်လို့ ပညာရှင်တွေက သုံးသပ်ကြပါတယ်။ ရှမ်းပြည်တောင်ပိုင်းမှာ စိန်တလုံးစိုက်ပျိုးမှုက အချိန်မကြာသေးပေမယ့် စစိုက်ကတည်းက နည်းစနစ်တကျ စိုက်ပျိုး ထားတယ်။ သရက်ဇုန်အနေနဲ့လည်း ဖွဲ့စည်းပြီးဖြစ်တာမို့ စာရင်း ကောက်ယူမယ်ဆိုရင်လည်း လွယ်ကူတယ်။ ပြုပြင်ထိန်းသိမ်းရေး လုပ်မယ်၊ ခေတ်မီနည်းပညာအရ ပြုပြင် ပြောင်းလဲမှုတွေလုပ်မယ် ဆိုရင်လည်း လွယ်ကူနိုင်တယ်။ ဒီလိုတွေ့ရှိချက်တွေအရ ရှမ်း ပြည်နယ်တောင်ပိုင်း၊ ရပ်စောက်မြို့နယ်၊ Mango Group ကို Production & Trade လုပ်ဖို့ ရည်ရွယ်ရွေးချယ်ခဲ့ပါတယ်။ ဒီစီမံကိန်း ကို ငါးနှစ်စီမံကိန်းအဖြစ် သတ်မှတ်ထားပါတယ်။ ၂၀၁၄-၁၅ ခုနှစ် မှာ စိန်တလုံးသရက်ဟာ ရှမ်းပြည်နယ် တောင်ပိုင်းမှာ တစ်ဧက တစ်တန်နှုန်းပဲထွက်ခဲ့ပါတယ်။ ၂၀၁၉ ခုနှစ်မှာ တစ်ဧက ၁၀ တန်နှုန်း ထွက်ရှိအောင် ဆောင်ရွက်မယ်လို့ ငါးနှစ်စီမံကိန်းချမှတ်ပြီး ရည်ရွယ် ထားပါတယ်။ ဒီလို အထွက်နှုန်းတိုးအောင် ဆောင်ရွက်နိုင်ဖို့နဲ့ တင်ပို့တဲ့နိုင်ငံမှ တောင်းဆိုတဲ့ အရည်အသွေးရရှိအောင် ဆောင်ရွက် နိုင်ဖို့ အတွက် GIZ နဲ့ MFVP တို့ ပူးပေါင်းပြီး ၂၀၁၄ ခုနှစ် မေလ ကနေ ၂၀၁၅ ဇွန်လအထိ ရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်း တွေ ပို့ချပေးခဲ့တယ်လို့ သိရပါတယ်။

ဒီလိုသင်တန်းတွေပို့ချပေးရာမှာ အပင်သစ်၊ ခြံသစ်တွေ ထူထောင်ပါက စနစ်တကျစိုက်ပျိုးနိုင်ရန် Good Agricultural Practices - GAP နည်းစနစ်များ၊ စိုက်ပျိုးပြီး အပင်ကြီးတွေကို အပင် သစ်ဖြစ်အောင် ပြုပြင်နည်းများ၊ ကိုင်းခုတ်ခြင်း၊ ကိုင်းချိုင်ခြင်း (Pruning) နည်းပညာများ၊ မျိုးပြောင်းလိုပါက လက်ရှိအပင်ကြီးတွေ ပေါ်မှာ မိမိပြောင်းလိုတဲ့မျိုးကို ခေတ်မီကိုင်းဆက်နည်းတွေသုံးပြီး မျိုးပြောင်းနည်း၊ အသီးတင်အောင် အပင်များကို ပြုပြင်နည်း၊ စိန်တလုံးသရက်နဲ့ တွဲစိုက်သင့်တဲ့ သရက်မျိုးများအကြောင်း၊ အသီး တင်ရန်အတွက် ပန်းပွင့်ချိန် မှ စပြီး လိုအပ်တဲ့ ပိုးသတ်ဆေးများကို စနစ်တကျသုံးစွဲနည်း၊ သရက်ရောဂါများနဲ့ နှိမ်နင်းနည်းများ၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းများ၊ သရက်သီးအိတ်စွပ်နည်း ပညာများ၊ သီးထိုးယင် မကျရောက် အောင် ကာကွယ်နည်းများ၊ သရက်သီးတန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်နည်းများ၊ ပြည်တွင်း/ ပြည်ပ သရက်သီးဈေးကွက် အခြေအနေများ၊ Organic Mango ထုတ်လုပ်ရန် ပြုပြင်ပြောင်းလဲရမယ့်အချက်များ၊ သရက်စိုက်ပျိုး ထုတ်လုပ်ရာမှာ စံနှုန်းထားရှိမှုနှင့် လိုက်နာရမယ့် အချက်များ၊ Export လုပ်ရာမှာ အရေးပါတဲ့ Integrated Crop Management - ICM & Integrated Pest Management - IPM Certificate များရရှိရန် ဆောင်ရွက်ရမယ့်အချက်များ၊ လျှောက်ထားရမယ့် နည်းစဉ်များ၊ ပိုးမွှားကင်းစင်ပြီး ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သရက်သီးထုတ်လုပ် နည်းများ၊ ပြည်ပဈေးကွက်တင်ပို့ရာမှာ လိုအပ်တဲ့ ခေတ်မီထုပ်ပိုးမှု ပုံစံများ စသည်တို့ကို ဆွေးနွေးပညာပေးခဲ့တယ်လို့ သိရပါတယ်။

MFVP ဦးဆောင်မှု၊ စိုက်ပျိုးရေးဝန်ကြီးဌာနမှ ပညာရှင်များ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ၏ ကူညီပံ့ပိုးမှုများ၊ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် INGO တို့၏ ထောက်ပံ့ပေးမှုများ၊ ဒေသအလိုက် ဖွဲ့စည်းထားတဲ့ သရက်အစု အဖွဲ့ဝင်များ၊ သရက်တောင်သူများရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှု တို့ကြောင့် မြန်မာ့စိန်တလုံးဟာ အာရှဈေးကွက်ကနေ ဥရောပ ဈေးကွက်အထိ ခြေဆန့်နိုင်တော့မှာ ဖြစ်ပါတယ်။ ကျွန်တော် အောင်မြင်မှုနဲ့အတူ ကျွန်တော့်ရဲ့ ညီနောင်များဖြစ်ကြတဲ့ ရွှေဟသ်ာ၊ မြကျောက်နဲ့ ပတ္တမြားငမောက် သရက်များပါ တင်ပို့နိုင်ရေးနဲ့ အကြမ်းသီးဖြစ်တဲ့ ရင်ကွဲသရက်ကိုလည်း တိုးချဲ့တင်ပို့နိုင်တော့မှာ ဖြစ်ပါကြောင်း သတင်းကောင်းပါး လိုက်ပါတယ်။

Source: ၂၀၁၅ ခုနှစ်၊ မေလ ၂၃ ရက်မှ ၂၅ ရက်နေ့အထိ ကျင်းပခဲ့သော ဒုတိယအကြိမ် မြန်မာ့သရက်ပွဲတော်မှ စာတမ်းဖတ်ပွဲ အတွေ့အကြုံများ

## စာမျက်နှာ ၃ ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေး. . . . မှအဆက်

ဗဟိုဘဏ်ငွေလဲလှယ်နှုန်းဖြင့် ဘဏ်များမှ ဒေါ်လာဝယ်ယူပြီး မမှန်မကန် ဆောင်ရွက်သည့်အတွက် သက်ဆိုင်ရာဌာနများမှ လိုအပ်သလို အရေးယူရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊

အလားတူ ပို့ကုန်ဝင်ငွေအနေဖြင့် နိုင်ငံတော်က ပုဂ္ဂလိကလုပ်ငန်းရှင်များ လုပ်သာကိုင်သာ ရှိစေရန်နှင့် လုပ်ငန်းများ လျင်မြန်သွက်လက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဖြေလျှော့မှုများ ဆောင်ရွက်ပေးခဲ့ရာတွင် Exporter အများစုက အခွင့်ကောင်းယူပြီး ပို့ကုန်ရငွေများ ပြည်တွင်းသို့ပြန်လည်လွှဲပြောင်းမှုများ မရှိတော့တာကို တွေ့ရှိရတဲ့အတွက် လိုအပ်သည့် စိစစ်အရေးယူမှုများ ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း၊

ယခုရက်ပိုင်းအတွင်းမှာ ငွေလဲလှယ်နှုန်းများ တည်ငြိမ်မှုရှိပြီး ဘဏ်စျေးနှုန်းနှင့် အပြင်စျေးနှုန်းများ သိပ်မကွာတော့ကြောင်း၊ အဓိကဒေါ်လာ ငွေကြေးကစားနေသည့်သူများအနေဖြင့် စီးပွားရေး ကမောက်ကမဖြစ်အောင် စျေးကစားတာမျိုး မလုပ်ရန်ပြောကြားလိုပါကြောင်းနှင့် လက်ရှိကြုံတွေ့နေရသည့် မြန်မာနိုင်ငံတစ်ဝန်း ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေး အန္တရာယ်များကြောင့် မိုးစပါးအပါအဝင် မိုးသီးနှံများ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ပြည်တွင်းစားသုံးမှု ဖူလုံစိတ်ချရမှုရှိစေရေး၊ စျေးနှုန်းများမြင့်တက်မှု မရှိစေရေးအတွက် ဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် ဆန်စပါးဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများအနေဖြင့် ပေါင်းစပ်ညှိနှိုင်းပြီး စားသုံးသူပြည်သူများအတွက် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူလူထုထိခိုက်နစ်နာအောင် အဖျက်အမှောင့်လုပ်သည့် ပုံစံဖြင့် ဆန်စပါးစျေးနှုန်းကြီးမြင့်အောင် ဖန်တီးနေကြသည့် ကိုယ်ကျိုးရှာဝိသမလောဘသမားများကိုလည်း ထိထိရောက်ရောက်နဲ့ ပြင်းထန်စွာအရေးယူသွားနိုင်ရေးအတွက် ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံဆန်စပါးကုန်သည်အသင်းတို့ကလည်း အများပြည်သူအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေမည့် ဆန်စျေးနှုန်းများ မဖြစ်ပေါ်စေရေး ပြည်တွင်းစားသုံးမှုဖူလုံရေးအတွက် ရေကြီးနစ်မြုပ်သည့် တိုင်းဒေသကြီး၊ ပြည်နယ်များကို သဘာဝဘေးအန္တရာယ် ကျရောက်သော ဒေသများအဖြစ်ကြေညာပြီး နိုင်ငံတော်မှဦးစီး၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်နေချိန်မှာ ဆန်ပြည်ပတင်ပို့ခြင်းအား အချိန်ကာလတစ်ခုအထိ ရပ်ဆိုင်းထားရှိဖို့ တင်ပြလာခဲ့သည့်အတွက် ဩဂုတ်လ ၇ ရက်နေ့မှစပြီး မန္တလေး (၁၆) မိုင်ဂိတ်တွင် စတင် တားဆီးပေးခဲ့ကြောင်း၊ ပြည်တွင်းစျေးနှုန်းတည်ငြိမ်ပြီး ပြည်တွင်းစားသုံးမှု လုံလောက်သည့်အချိန်ထိ ယာယီတားဆီးပေးမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် ပြည်တွင်းကုန်စျေးနှုန်းတည်ငြိမ်ရေးအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ လောလောဆယ် ရေဘေးသင့်ဒေသများအတွက် ဆန်စျေးနှုန်းကို စျေးရင်းအတိုင်း ၁၇၅၀၀ ကျပ်နှုန်းဖြင့် ရောင်းချပေးလျက်ရှိသည့်အပြင် စားဆီအသင်းမှလည်း စျေးရင်းအတိုင်း ကျသင့်စျေးနှုန်းနှင့် ရောင်းချပေးနေကြောင်း၊ လောလောဆယ် ပြည်တွင်းဆန်စပါး လက်ကျန်အခြေအနေအရ လုံလောက်မှုရှိကြောင်း၊ လိုအပ်ပါက နိုင်ငံတော်၏ လမ်းညွှန်ချက်နှင့်အညီ အာဆီယံအရံဆန်တင်သွင်းရေးကိုပါ ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပါကြောင်း၊

လိုအပ်ပါက ဆန်စပါးကို အရေးကြီးကုန်စည်အဖြစ် သတ်မှတ်ကြေညာပြီး တင်ပို့မှု၊ သယ်ဆောင်မှု၊ ဖြန့်ဖြူးမှုတို့ကို တားမြစ်အမိန့် ထုတ်ပြန်ဆောင်ရွက်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိ အခြေအနေအရ တစ်ဖက်က ဆန်စျေးနှုန်းများ တည်ငြိမ်အောင် ထိန်းသိမ်းနေသည်ကို အခွင့်ကောင်းယူပြီး နေ့စဉ်ဆန်ကားအစီး ရာနှင့်ချီပြီး နယ်စပ်သို့ သယ်ယူနေကြောင်း ကြားသိနေရပါကြောင်း၊

နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းများရဲ့ အဓိကထွက်ပေါက်ဖြစ်တဲ့ မန္တလေး (၁၆) မိုင်ဂိတ် စစ်ဆေးရေးစခန်းမှ ဆန်စပါးများဖြတ်သန်းသယ်ဆောင်ခြင်းကို တားဆီးလျက်ရှိပြီး ဒေသတွင်းစားသုံးရန် လိုအပ်ချက်ရှိပါကလည်း သက်ဆိုင်ရာဌာနများ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသကုန်သည်အသင်းများနဲ့ ဆက်လက်ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊

ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စားလှယ်များ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများအားလုံးမှ သဘာဝဘေးအန္တရာယ်ကြောင့် ဆန်စပါးစျေးအပါအဝင် အခြေခံစားကုန်စျေးနှုန်းများ မြင့်တက်မှုမရှိစေရေး၊ ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်စေရေး၊ ရေဘေးသင့်ဒေသအတွင်းရှိ ပြည်သူများ၏ဘဝ ပြန်လည်ထူထောင်ရေးတို့အတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြဖို့လိုပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်အရ ရေဘေးသင့်ဒေသများရှိ ပြည်သူများ ဆန်၊ ဆီ၊ ဆားအပါအဝင် အခြေခံစားကုန်များကို အမြတ်မယူဘဲ ရောင်းချပေးနိုင်မည့်ဆိုင်များ ပူးပေါင်းဖွင့်လှစ်သွားမည်ဖြစ်ပြီး ပြန်လည်တည်ထောင်ရေးလုပ်ငန်းများတွင် ကျရာကဏ္ဍအလိုက် ပူးပေါင်းပါဝင် ဆောင် ရွက်ကြဖို့ တိုက်တွန်းပြောကြားလိုပါကြောင်း နိဂုံးချုပ်ပြောကြားခဲ့ပါ သည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက ကိုယ်စားလှယ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များက ဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အထူးဖိတ်ကြားထားသော ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပြီး၊ အသင်းအဖွဲ့များက ရေဘေးသင့်ပြည်သူများအတွက် ကူညီဆောင်ရွက်ပေးမှုများ၊ အခြေခံစားသောက်ကုန်များကို စျေးရင်းအတိုင်းရောင်းချရန်ဆိုင်များ ဖွင့်လှစ်နိုင်မည့် အခြေအနေများကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

♦



## ပြောင်း



### မူဆယ်စခန်းတစ်ခုတည်းမှသာ ပြောင်းတင်ပို့

ဇူလိုင်လ နောက်ဆုံးပတ်တွင် မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် တစ်ခုတည်းမှသာ ကန်ဒေါ်လာ ၃ ဒသမ ၈၀၁ သန်း တန်ဖိုးရှိတဲ့ ပြောင်းဖူးစေ့ ၁၂၆၇၀ တန်သာ တင်ပို့မှုရှိခဲ့တာတွေ့ရပါတယ်။ ယခင်ရက်သတ္တပတ်က မူဆယ်မှ ၁၉၂၄၀ တန်၊ လွယ်ဂျယ်မှ တန် ၂၀၀၀ နဲ့ ကန်ပိုက်တီးမှ ၅ တန်ကျော် တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ် ပြောင်းတင်ပို့မှု ၈၅၇၅ တန်ကျော်လျော့နည်းသွားပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ပြောင်းတစ်တန်ကို ယခင်တစ်ပတ်က ၂၇၅၀၂၁ ကျပ်ရှိရာမှ ယခုတစ်ပတ်တွင် ၃၇၄၈၀၄ ကျပ်သို့ ဈေးပြန်လည်မြင့်တက်လာတာ တွေ့ရပါတယ်။ နေရာအနှံ့ မိုးဆက်တိုက်ရွာသွန်းမှုကြောင့် ပြောင်းသီးနှံကို တရုတ်ဘက်မှ ဝယ်လိုအားပုံမှန်ရှိပေမယ့် ကုန်သည်များက ဈေးကွက်သို့ ဝင်ရောက်လာမှုနည်းတာကြောင့် အရောင်းအဝယ် ပမာဏလည်းနည်းခဲ့ရတာလို့ သိရပါတယ်။

၂၀၁၅ ခုနှစ် ဇူလိုင်လတစ်လလုံး တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ပြောင်းတန်ချိန် ၆၁၈၃၃ တန်ခွဲ တင်ပို့နိုင်ခဲ့တယ်လို့ ကုန်စည်ဒိုင်များမှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

## သကြား

### တရုတ်နိုင်ငံသို့ ဇူလိုင်လအတွင်း သကြားတန်ချိန် ခြောက်ထောင်ကျော်တင်ပို့

ဇူလိုင်လ ၁ ရက်မှ ၃၁ ရက်ထိ ကာလအတွင်းမှာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တစ်ဖက်တရုတ်နိုင်ငံသို့ ကန်ဒေါ်လာ ၄ ဒသမ ၁၅၅ သန်းတန်ဖိုးရှိ သကြားဖြူ ၆၉၂၂ တန် ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ ယခုနှစ် အနီးစပ်ဆုံးကာလ ဇွန်လထက် သကြားဖြူ ၃၅၉၇ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။ တရုတ်ဝယ်လက်ရှိသဖြင့် မန္တလေးဈေးကွက်မှ တစ်ရက်လျှင် သကြားပိဿာဝင်အိတ်ရေ သုံးထောင်ခန့် တင်ပို့လျက်ရှိပြီး လက်လီသကြားတစ်ပိဿာပေါက်ဈေးကတော့ ၁၂၀၀ မှ ၁၃၀၀ ကျပ်ကြားရှိတယ်လို့ သိရှိရပါတယ်။

**မြင့်မြင့်မာ**

| ၃-၈-၂၀၁၅ မှ ၇-၈-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 267 | 17,416,882.882 |
| 2 | Form D | 33 | 2,330,369.584 |
| 3 | Form E | 86 | 2,697,682.910 |
| 4 | Korea GSP | 2 | 27,750.040 |
| 5 | Form AK | 54 | 3,699,128.818 |
| 6 | Form AJ | 10 | 306,104.160 |
| 7 | Form AI | 45 | 1,862,379.430 |
| 8 | Form AANZ | - | - |
| 9 | Form DFTP | - | - |
| **Grand Total** | | **497** | **28,340,297.824** |

## ရော်ဘာ

### ဇူလိုင်လတွင် ယမန်နှစ်ကာလတူထက် ရော်ဘာပိုမိုတင်ပို့

ယခုဘဏ္ဍာနှစ်ဇူလိုင်လအတွင်း ကုန်သွယ်ရေးစခန်းများမှ ရော်ဘာတင်ပို့မှုဟာ တန်ချိန်အားဖြင့် ၄၃၂၄ တန်ကျော် တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၆ ဒသမ ၁၁၆ သန်းဖိုးဖြစ်ပါတယ်။ ယခုလအတွင်း ရော်ဘာတင်ပို့ခဲ့တဲ့ စခန်းတွေကတော့ မူဆယ်(၁၀၅)မိုင်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းများဖြစ်ပါတယ်။ ဇူလိုင်လ ရော်ဘာတင်ပို့မှုဟာ အနီးစပ်ဆုံးဖြစ်တဲ့ ဇွန်လထက် ၂၉၁၂ တန်ကျော်လျော့နည်းခဲ့ပေမယ့် ယမန်နှစ်ကာလတူထက်တော့ တန် ၂၀၈၀ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ရော်ဘာပေါက်ဈေးအနေနဲ့ကတော့ ယမန်နှစ်ဇူလိုင်လ နောက်ဆုံးပတ်က RSS-3 တစ်တန်ကို မူဆယ် ကုန်စည်ဒိုင်ဈေး ၁၅၅၉၇၉၆ ကျပ်ဖြစ်ပြီး ယခုနှစ် ဇူလိုင်လနောက်ဆုံးပတ်မှာ ၁၇၇၆၇၉၆ ကျပ်ဖြစ်တဲ့အတွက် တစ်တန်ကို ၂၁၇၀၀၀ ကျပ်ဈေးမြင့်လာခဲ့တာ တွေ့ရပါတယ်။ ယခုအတိုင်း ရော်ဘာဈေးမှာ ခြံဖွင့်ရာသီရောက်တဲ့အထိ ဈေးကောင်းရနေရင်တော့ ယမန်နှစ်ကထက် ပိုမိုတင်ပို့နိုင်မှာဖြစ်ပါတယ်။ ယခုဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လအထိ ကန်ဒေါ်လာ ၂၉ ဒသမ ၅၉၃ သန်းဖိုးရှိ ရော်ဘာ ၂၂၃၇၇ တန်တင်ပို့ထားပြီး ၊ ယမန်နှစ် ကာလတူထိမှာ ကန်ဒေါ်လာ ၂၀ ဒသမ ၆၁၃သန်းဖိုးရှိ ရော်ဘာ ၁၂၁၇၃ တန်ကျော်သာ တင်ပို့ခဲ့တဲ့အတွက် ယခုဘဏ္ဍာနှစ် ၄ လပတ်အထိမှာ ၁၀၂၀၄ တန်ပိုမိုတင်ပို့ထားပြီးဖြစ်ပါတယ်။

**ယဉ်ယဉ်အေး**

### ဇူလိုင်လရော်ဘာတင်ပို့မှု အနီးစပ်ဆုံးဇွန်လထက်လျော့ကျ

ယခုဘဏ္ဍာနှစ် ဇူလိုင်လအတွင်း ပင်လယ်ရေကြောင်းမှ ရော်ဘာတင်ပို့မှုမှာ တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၈၀၇ သန်းဖိုးဖြစ်ပြီး တန်ချိန်မှာ ၆၀၂တန်ခန့်ဖြစ်ပါတယ်။ ဇူလိုင်လအတွင်း ရော်ဘာတင်ပို့မှုဟာ အနီးစပ်ဆုံးဇွန်လထက် တန် ၈၄၀ လျော့နည်းပြီး၊ ယမန်နှစ်ကာလတူထက် ၅၇၅ တန် လျော့နည်းခဲ့ပါတယ်။ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဇူလိုင်လအတွင်း တန် ၆၀၀ ကျော်သာတင်ပို့နိုင်ခဲ့သော်လည်း ကုန်သွယ်ရေးစခန်းများမှ ဇူလိုင်လအတွင်းမှာ ရော်ဘာ ၄၃၂၄ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။

ရော်ဘာတင်ပို့မှု လျော့ကျသလို ရော်ဘာဈေးကလည်း ထပ်မံကျဆင်းလာပါတယ်။ယခုတစ်ပတ်မှာ နိုင်ငံတကာရော်ဘာဈေးဟာ တစ်တန်ကို ဒေါ်လာ ၈၀ ကျော်အထိ ကျဆင်းခဲ့တဲ့အတွက် မြန်မာ့ FOB ရော်ဘာဈေးကိုလည်း တစ်တန်လျှင် ဒေါ်လာ ၁၀၀ ဈေးချ၍မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ဈေးနှုန်းထုတ်ပြန်ထားပါတယ်-

| | | |
|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ ၁၃၅၀-၁၄၅၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ ၁၃၀၀-၁၄၀၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ ၁၂၅၀-၁၃၅၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ ၁၂၀၀-၁၃၀၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ ၁၁၅၀-၁၂၅၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ ၁၂၅၀-၁၃၅၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ ၁၂၀၀-၁၃၀၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ ၁၁၀၀-၁၂၀၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ ၁၀၅၀-၁၁၅၀ |
| Concentrate Latex 60% DRC | တစ်တန်လျှင် | ဒေါ်လာ ၉၅၀-၁၀၅၀ |

**ယဉ်ယဉ်အေး**

## ဧရာပုသိမ် ဖွံ့ဖြိုးမှုအများနှင့် သက်ဆိုင်သောကုမ္ပဏီမှ ၂၀၁၅-၂၀၁၆ မိုးစပါးရာသီ၌ ဒေသခံတောင်သူများကို မျိုးစပါးစိုက်စရိတ်သွင်းအားစုများ ပံ့ပိုးပေးလျက်ရှိ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ဧရာပုသိမ်ဖွံ့ဖြိုးမှု အများနှင့်သက်ဆိုင်သော ကုမ္ပဏီသည် ၂၀၁၅-၂၀၁၆ မိုးစပါးရာသီ ဒေသခံတောင်သူများနှင့် အကျိုးတူပူးပေါင်းပြီး မျိုးစပါး၊ သွင်းအားစု၊ စိုက်ပျိုးစရိတ်များ ပံ့ပိုးပေးခြင်းနှင့် မျိုးထုတ်ဇုန်ဖြင့် မျိုးသန့်စပါးများ စိုက်ပျိုးထုတ်လုပ်ခြင်းကို ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၅-၂၀၁၆ မိုးစပါးရာသီ ဇူလိုင်လကုန်အထိ ပုသိမ်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုပေါင်း ၅၀ ကျော် တောင်သူဦးရေ ၃၆၅ ဦး၊ လယ်ဧက ၆၃၀၀ ကျော်အတွက် ပံ့ပိုးချေးငွေ သိန်းပေါင်း ၁၅၀၀ ကျော်ပံ့ပိုးပေးထားပြီး ဆက်လက်ပံ့ပိုးနိုင်ရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ် မိုးစပါးရာသီဒေသခံတောင်သူများကို သွင်းအားစုများပံ့ပိုးပေးရာတွင် ယူရီးယား၊ တီစူပါ၊ ပိုတက်စသော ဓာတ်မြေဩဇာများကို လျှော့ချပြီး ဧရာပုသိမ်မှ ထုတ်လုပ်သည့် အဏုဇီဝမြေဩဇာများကို တောင်သူများ သုံးစွဲမှုပို၍များပြားလာကြောင်း၊ တောင်သူများမှ ဓာတ်မြေဩဇာများ ဝယ်ယူသုံးစွဲရာတွင် ကြော်ငြာအင်အား မည်မျှပင်ကောင်းကောင်း လက်တွေ့အသုံးပြုရာတွင် ကြိုက်နှစ်သက်မှုရှိမှသာ အများစုကဝယ်ယူသုံးစွဲကြကြောင်း၊ အချို့ကျေးရွာများတွင် ဓာတ်မြေဩဇာရဲ့ဆိုးကျိုးများကို တောင်သူများသိရှိနားလည်ပြီး ဓါတ်မြေဩဇာနေရာမှာ အဏုဇီဝမြေဩဇာများကို ၄၄ ရာခိုင်နှုန်းထိ ပို၍သုံးစွဲလာကြောင်း ကုမ္ပဏီတာဝန်ရှိသူတစ်ဦးက ပြောကြားပါတယ်။

ယခုနှစ် ဧရာပုသိမ်ဖွံ့ဖြိုးမှုအများနှင့် သက်ဆိုင်သော ကုမ္ပဏီမှ မျိုးထုတ်ဇုန်တွင် ပေါ်ဆန်းကြီး (ဧရာဝတီ) ဧက ၁၅၀၊ ဆင်းသွယ်လတ် ဧက ၂၅၀၊ ဆင်းသုခ ၁၂၅ ဧက၊ သီးထပ်ရင် ၁၅၀ ဧက၊ ရွှေဘိုပေါ်ဆန်းရင် ၁၅၀ ဧက၊ ဒေသမျိုးစပါး ၁၅၀ ဧက မျိုးထုတ်ဇုန်များမှ မျိုးသန့်စပါးများစိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း၊ မျိုးသန့်စပါးများ စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း၊ မျိုးသန့်စပါးများ စိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူများကို ကုမ္ပဏီမှ မျိုးစပါး၊ သွင်းအားစုစိုက်ပျိုးစရိတ်များ ပံ့ပိုးပေးပြီး ၁၅ ရက်တစ်ကြိမ်ကွင်းဆင်း၍ စစ်ဆေးလျက်ရှိကြောင်း မျိုးသန့်စိုက်ခင်းများတွင် ပင်ပွားစီးချိန်၊ ပန်းပွင့်ချိန်၊ ရင့်မှည့်ချိန်များတွင် ကုမ္ပဏီကောက်စိုက်သမအဖွဲ့မှ အခမဲ့မျိုးကွဲများ ပယ်ပေးသွားမှာဖြစ်ပြီး အရည်အသွေးမီထွက်ရှိလာသော မျိုးသန့်စပါးများရရှိလျှင် ပေါက်ဈေးထက် တင်း ၁၀၀ ကို တစ်သိန်းပိုပေး၍ ဝယ်ယူသွားမှာဖြစ်ကြောင်း ကုမ္ပဏီစီမံကိန်းမန်နေဂျာ ဦးဝင်းကြည်က ပြောပါတယ်။

**မင်းမင်းဦး-ပုသိမ်**

# ဧရာဝတီတိုင်းဒေသကြီးမြို့နယ်များမှ ဆန် (RICE SUPPLIES) များ ရန်ကုန်သို့ ဝင်ရောက်မှုအပြောင်းအလဲနှင့် ပတ်သက်၍ လေ့လာသုံးသပ်ချက်

|a u smjfr i|h

ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံအောက်ပိုင်း၊ မြစ်ဝကျွန်းပေါ်ဒေသ(Delta region) တွင်တည်ရှိပြီး ဆန်စပါးဖူလုံ ပိုလျှံသော ဒေသဖြစ်သည်။ ဧရာဝတီတိုင်းမှ ဆန်များသည် ရေလမ်းကားလမ်းဖြင့် ရန်ကုန် ဈေးကွက်သို့ ဝင်ရောက်သည်။ ရန်ကုန်တွင် ဆန်ကုန်စည်ဒိုင်နှစ်ဒိုင်ရှိပါသည်။ ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း) နှင့် ရန်ကုန်ဆန်စပါးကုန်စည်ဒိုင် (ဘုရင့်နောင်) တို့ဖြစ်သည်။ ဆန်စပါးကုန်စည်ဒိုင်(ဘုရင့်နောင်) သည် ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်းဒေသကြီးများမှ ကားလမ်းဖြင့် ဝင်ရောက်လာသော ဆန်များကို အရောင်းအဝယ်ပြုလုပ်ကြသည်။ ရန်ကုန်ဘုရင့်နောင်ဆန် ကုန်စည်ဒိုင်တွင် ဧည့်မထဆန်၊ ငစိန်ဆန်နှင့် ဆန်ကွဲများ အရောင်းအဝယ်ပြု လုပ်ကြသည်။

ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း) သည် ရန်ကုန်မြစ်နှင့် အလှမ်းမဝေးသောနေရာတွင် တည်ရှိသည်။ ဧရာဝတီတိုင်းမှဆန်များသည် ရေလမ်းဖြင့် ရန်ကုန်သို့ဝင်ရောက်လာပြီး ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း) တွင်ရောင်းချကြသည်။ ဧရာဝတီတိုင်းဒေသကြီးမှ ဖျာပုံ၊ ဘိုကလေး၊ မော်ကျွန်း၊ ကျိုက်လတ်၊ လပွတ္တာ၊ ဝါးခယ်မ၊ မြောင်းမြမှ ဆန်များရေလမ်းဖြင့် ရန်ကုန်သို့ ဝင်ရောက်သည်။ ဒေးဒရဲမှ ဆန်များကားလမ်းဖြင့် ရန်ကုန်သို့ ဝင်ရောက်သည်။ ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)တွင် အထွက်ကောင်းစပါးမျိုးမှ ကြိတ်ခွဲ ရရှိသည့်ဆန်၊ ဒေသစပါးမျိုးမှ ကြိတ်ခွဲရရှိသည့်ဆန် (ပေါ်ဆန်း၊ ငကျွဲ၊ဧယာ) များ အရောင်းအဝယ်ပြုလုပ်ကြသည်။

ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)ရန်ကုန်က ဧရာဝတီတိုင်းဒေသ ကြီးမြို့နယ်များမှ ရန်ကုန်သို့ ဆန်ဝင်ရောက်မှု၊ ရန်ကုန်ဘုရင့်နောင်သို့ ဆန်အဝင်၊ အင်းစိန်မှ ဆန်အဝင်၊ ပုဇွန်တောင်မှ ဆန်အဝင်များကို နေ့စဉ်မှတ်သားပြီး၊ လအလိုက်ရန်ကုန်သို့ ဆန်ဝင်ရောက်မှုပမာဏကိုပြုစုထုတ်ပြန်ပါသည်။ ဆန်စပါးကုန်စည်ဒိုင် ရန်ကုန်ဝါးတန်းမှထုတ်ပြန်သည့်စာရင်းအရ ရန်ကုန်သို့ ဆန်ဝင်ရောက်မှုပမာဏ ဆန်အိတ်များကို ဇယား-၁ တွင် စုစည်း ဖော်ပြထားပါသည်။

**ဇယား-၁။ ဧရာဝတီတိုင်းဒေသကြီးမြို့နယ်များမှ ရန်ကုန်သို့ ဆန်ဝင်ရောက်မှု(၂၀၀၉ မှ ၂၀၁၅)**

| အကြောင်းအရာ | ၂၀၀၉ | ၂၀၁၀ | ၂၀၁၁ | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄ | ၂၀၁၅ (ဇန်မှဇွန်) |
|---|---|---|---|---|---|---|---|
| | (ဆန်အိတ်ထောင်ပေါင်း) | | | | | | |
| ဖျာပုံ | ၁၃၇၄ | ၁၆၄၁ | ၁၃၃၉ | ၉၈၄ | ၁၂၇၇ | ၁၃၇၆ | ၆၂၆ |
| ဒေးဒရဲ | ၅၆၅ | ၁၂၁၅ | ၄၆၃ | ၁၀၁၆ | ၄၂၁ | ၃၄၆ | ၁၅၉ |
| ဘိုကလေး | ၁၁၁၀ | ၁၄၆၈ | ၁၁၈၆ | ၂၁၃၇ | ၈၄၂ | ၁၀၄၅ | ၂၄၅ |
| မော်ကျွန်း | ၁၅၄၀ | ၁၀၀၀ | ၁၈၉၁ | ၇၇၃ | ၁၉၅၅ | ၂၀၅၀ | ၉၅၉ |
| ကျိုက်လတ် | ၃၂၀၄ | ၁၄၃၀ | ၃၄၂၂ | ၁၄၀၀ | ၃၆၄၈ | ၃၂၇၂ | ၁၄၇၂ |
| လပွတ္တာ | ၁၃၁ | ၁၀၆၄ | ၆၃ | ၁၂၈၃ | ၇၉ | ၁၂၄ | ၈၅ |
| ဝါးခယ်မ | ၇၈၄ | ၉၁၄ | ၉၆၃ | ၁၀၉၈ | ၆၅၂ | ၅၃၇ | ၁၇၇ |
| မြောင်းမြ | ၂၀၃၁ | ၁၀၈၄ | ၁၄၇၁ | ၁၁၀၅ | ၉၆၀ | ၇၄၄ | ၄၀၉ |
| ဘုရင့်နောင်အဝင် | ၄၈၂၄ | ၁၀၂၁ | ၂၇၈၄ | ၁၀၀၈ | ၂၈၂၁ | ၃၀၀၄ | ၁၅၃၀ |
| အင်းစိန်အဝင် | ၂၁၀၂ | ၉၆၃ | ၁၇၁၆ | ၁၀၆၈ | ၂၂၁၁ | ၂၄၈၅ | ၁၂၀၃ |
| ပုဇွန်တောင်အဝင် | ၆၄၈ | ၁၂၀၇ | ၇၉၇ | ၁၁၃၅ | ၃၆၄ | ၄၄၈ | ၂၂၀ |
| စုစုပေါင်း(ဆန်အိတ်ထောင်ပေါင်း) | ၁၈၃၁၃ | ၁၄၅၇၆ | ၁၆၀၉၆ | ၁၄၁၇၆ | ၁၅၂၃၀ | ၁၅၄၃၁ | ၇၀၈၄++ |
| စုစုပေါင်း(ဆန်မတန်ထောင်ပေါင်း) | ၈၉၇ | ၇၁၄ | ၇၈၈ | ၆၉၄ | ၇၄၆ | ၇၅၆ | ၃၄၇++ |

*မှတ်ချက်။ ၁ မက်တန် = ၂၂၀၅ ပေါင်၊ ဆန်တစ်အိတ်=၁၀၈ ပေါင်။*
*ဆန် ၁ မက်တန်=၂၀ဒသမ ၄၁၆၆၇ အိတ်*
*++ ၂၀၁၅ ခုနှစ်သည် ဇန်နဝါရီလမှ ဇွန်လထိဖြစ်ပါသည်။*
*၂၀၀၉ မှ ၂၀၁၄ ခုနှစ်ထိ ဇန်နဝါရီလမှ ဒီဇင်ဘာလထိဖြစ်သည်။*

***ဇာစ်မြစ်။ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ (Myanmar Rice & Paddy Traders Association) ဆန်စပါးကုန်စည် ဒိုင်(ဝါးတန်း)- ရန်ကုန်***

ရန်ကုန်သို့ ဝင်ရောက်လာသောဆန်များသည် ရန်ကုန်စားသုံးသူ များသာမက ဆန်ရောင်းဝယ်သည့်ကုန်သည်များက ဆန်ဖူလုံမှုမရှိသော အညာဒေသမှ ဈေးကွက်များသို့ ထပ်မံတင်ပို့ရောင်းချကြသည်။ ဧရာဝတီ တိုင်းဒေသကြီးမှ ပေါ်ဆန်းဆန်ကို မြဝတီဈေးကွက်နှင့် အထက်အညာဒေသမှ ဈေးကွက်များသို့ ထပ်မံတင်ပို့ရောင်းချကြသည်။ စစ်ကိုင်းတိုင်းရွှေဘိုမှ ပေါ်ဆန်းဆန်သည် ရန်ကုန်ဘုရင့်နောင်လက်ကားဈေးသို့ ဝင်ရောက်လာပြီး ရန်ကုန်မှ စားသုံးသူအချို့ကဝယ်လိုအားရှိကြသည်။

ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း) ရန်ကုန်မှပြုစုထုတ်ပြန်သော စာရင်းအရ လအလိုက်ရန်ကုန်သို့ ဆန်ဝင်ရောက်မှုပမာဏကို ပုံ-၁ တွင် ရေးဆွဲဖော်ပြထားသည်ကို လေ့လာကြည့်ရှုရန်ဖြစ်ပါသည်။ ၂၀၀၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်ထိ လအလိုက်ရန်ကုန်သို့ ဆန်ဝင်ရောက်မှုပမာဏကို လေ့လာပါက ၂၀၁၂ ခုနှစ်သည် ထူးခြားချက်အဖြစ် စိစစ်တွေ့ရှိရသည်။ ဧရာဝတီတိုင်းဒေသကြီး၏ ၂၀၁၂ ခုနှစ် မတ်လနွေစပါးရိတ်ချိန်တွင် အမြင့်ဆုံးအဖြစ် ဆန်အိတ်ပေါင်း ၂၁ သိန်းဝင်ရောက်ခဲ့ပြီး ဧပြီလတွင် ဆန်အိတ် ပေါင်း ၇ သိန်းကျော်သာဝင်ရောက်ခဲ့သည်။ ဧပြီလသည် သင်္ကြန်ကာလအများ ပြည်သူအားလပ်ရက်များရှိသဖြင့် ဆန်အရောင်းအဝယ်လုပ်ငန်းများ ရက်အနည်းငယ်ရပ်တန့်နေသဖြင့် ရန်ကုန်သို့ ဆန်ဝင်ရောက်မှုသိသာစွာ လျော့နည်းသွားခဲ့သည်။ ၂၀၁၂ ခုနှစ်မှအပ ကျန်နှစ်များမှ ဧပြီလတွင် ရန်ကုန်သို့ ဆန်ဝင်ရောက်မှုပမာဏ လျော့နည်းသွားလေ့ရှိသည်။

**ပုံ-၁။ ဆန်ကုန်စည်ဒိုင်ဝါးတန်းရန်ကုန်မှ ထုတ်ပြန်သည့်စာရင်းအရ လအလိုက်ရန်ကုန်သို့ ဝင်ရောက်သည့်ဆန်အိတ်ပေါင်း (၂၀၀၉ ခုနှစ်မှ ၂၀၁၅ ခုနှစ်ဇွန်လထိ)**




**ပုံ-၂။ ဆန်ကုန်စည်ဒိုင်ဝါးတန်းရန်ကုန်မှ ထုတ်ပြန်သည့် စာရင်းအရ ၆ နှစ်ပျမ်းမျှလအလိုက် ရန်ကုန်သို့ ဝင်ရောက်သည့် ဆန် အိတ်ပေါင်း (၂၀၀၉-၂၀၁၄)**




**ဇာစ်မြစ်။ ဆန်စပါးကုန်စည်ဒိုင်ဝါးတန်း ရန်ကုန်**

ဆန်ရောင်းဝယ်မှုရာသီကာလ (Rice marketing season) အတွင်း ဧရာဝတီတိုင်းဒေသကြီး၏ မိုးစပါးလှိုင်လှိုင်ရိတ်သိမ်းသည့်ကာလဖြစ်သည့် နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီလများတွင် ရန်ကုန်သို့ ဆန်ဝင်ရောက်မှုပမာဏများလာပြီး ဧရာဝတီတိုင်းဒေသကြီးမှ နွေစပါးရိတ်သိမ်းချိန် မတ်လတွင်လည်း ရန်ကုန်သို့ ဆန်ဝင်ရောက်မှုပမာဏများလာသည်ကို စိစစ်တွေ့ရှိရသည်။ ပုံ-၂ ကို လေ့လာကြည့်ရှုရန်ဖြစ်ပါသည်။

ဆန်ရောင်းဝယ်မှုရာသီကာလ (Rice marketing season) အတွင်း ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်သို့လအလိုက် ဆန်ဝင်ရောက်မှုပမာဏကို ၂၀၀၉ ခုနှစ်မှ ၂၀၁၅ ခုနှစ်ထိအခြေခံ၍ 12-month centered moving average နည်းလမ်းဖြင့် ရာသီအလိုက် ရန်ကုန်သို့ ဆန်ဝင်ရောက်မှုဆန္ဒနှုန်းကိန်း (Seasonal index)၊ ရန်ကုန် သို့ ဆန်ဝင်ရောက်မှုဆန္ဒနှုန်းကိန်းအမြင့်ဆုံးနှင့် အနိမ့်ဆုံးတွက်ချက်ပြီး ဇယား-၂ တွင်စုစည်းဖော်ပြထားသည့်အပြင် ပုံ-၃ တွင်ပါ ရေးဆွဲဖော်ပြထားသည်ကို လေ့လာကြည့်ရှုရန်ဖြစ်ပါသည်။

**ပုံ-၃။ ရာသီအလိုက်ရန်ကုန်သို့ ဆန်ဝင်ရောက်မှုဆန္ဒနှုန်းကိန်း (Seasonal index)နှင့် (Range or zone of instability) အခြေပြပုံ**




**ဇယား-၂။ ရာသီအလိုက်ရန်ကုန်သို့ဆန်ဝင်ရောက်မှု ဆန္ဒနှုန်းကိန်း (Seasonal index)**

| လအမည် | Seasonal index | High | Low |
|---|---|---|---|
| ဇန် | ၁၀၇. ၁ | ၁၂၃. ၂ | ၇၈. ၉ |
| ဖေ | ၉၃. ၆ | ၉၈. ၅ | ၈၃. ၅ |
| မတ် | ၁၁၈. ၇ | ၁၇၉. ၉ | ၈၈. ၃ |
| ဧပြီ | ၈၄. ၅ | ၁၀၉. ၃ | ၆၅. ၆ |
| မေ | ၁၂၃. ၂ | ၁၆၇. ၀ | ၁၀၆. ၆ |
| ဇွန် | ၁၂၂. ၆ | ၂၁၅. ၁ | ၈၇. ၃ |
| ဇူ | ၉၈. ၃ | ၁၁၁. ၈ | ၇၅. ၄ |
| ဩ | ၁၀၄. ၀ | ၁၁၇. ၆ | ၈၉. ၂ |
| စက် | ၉၈. ၄ | ၁၁၄. ၃ | ၈၄. ၄ |
| အောက် | ၈၉. ၅ | ၁၁၀. ၀ | ၇၃. ၃ |
| နို | ၉၁. ၀ | ၉၈. ၆ | ၇၉. ၉ |
| ဒီ | ၁၀၇. ၀ | ၁၂၅. ၄ | ၉၆. ၆ |

**ဇာစ်မြစ် ၊ www.etrademyanmar.net.**

ပုံ -၂ ကိုလေ့လာပါက ဧရာဝတီတိုင်း ဒေသကြီး၏ နွေစပါးရိတ်သိမ်းချိန် မတ်လတွင် ရန်ကုန်သို့ ဆန်ဝင်ရောက်မှု များလာခဲ့သည်။ ဧပြီလတွင် သင်္ကြန်ကာလအများ ပြည်သူ အားလပ်ရက်များရှိသဖြင့် ဆန်အရောင်းအဝယ်လုပ်ငန်းများ တစ်ပတ်ခန့်ရပ်တန့်နေသောကြောင့် ရန်ကုန်သို့ဆန်ဝင်ရောက်မှု သိသာစွာလျော့နည်းသွားခဲ့သည်။ ဧပြီလဆန္ဒနှုန်းကိန်းသည် ဆန္ဒနှုန်းကိန်း(Value of index) တန်ဖိုး ၁၀၀ အောက်သို့ ရောက်ရှိသွားခဲ့သည်။ ဧရာဝတီတိုင်းဒေသကြီး၏ မိုးစပါး စတင်ရိတ်သိမ်းချိန်မှာ အောက်တိုဘာလဖြစ်သည်။ မိုးစပါးလှိုင်လှိုင် ရိတ်သိမ်းသည့်ကာလဖြစ်သည့် နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် ရန်ကုန်သို့ ဆန်ဝင်ရောက်မှုပမာဏ များလာပြီး ဆန္ဒနှုန်းကိန်း (Value of index) တန်ဖိုး ၁၀၀ အထက်တွင်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။ ဆန်ရောင်းဝယ်မှုရာသီကာလ (Rice marketing season)အတွင်း ဧရာဝတီတိုင်းဒေသကြီး၏ မိုးစပါးရိတ်သိမ်းချိန်ကာလ၊ နွေစပါးရိတ်သိမ်းချိန်ရာသီကာလများတွင် ရန်ကုန်သို့ ဆန်ဝင်ရောက်မှုပမာဏများလာသည်။ ရန်ကုန်သို့ ရောက်ရှိလာသော ဆန်များသည် ရန်ကုန်မှ တစ်ဆင့် ဆန်ဖူလုံမှု မရှိသောဒေသများသို့ ထပ်မံတင်ပို့ရောင်းချခြင်း၊ ရန်ကုန်လက်လီ ရောင်းချသူများမှ ဥပမာ-ဧရာဝတီပေါ်ဆန်းဆန်ကို ရန်ကုန်စားသုံး သူများအား ဖြန့်ဖြူးရောင်းချကြသည်။

ရန်ကုန်တိုင်းဒေသကြီးသည် ဆန်စပါးထုတ်လုပ်မှုတွင် ဖူလုံသော ဒေသကြီးဖြစ်သည်။ သို့သော် ရန်ကုန်မြို့တော်တွင် ပုံမှန်နေထိုင်သည့် လူဦးရေအပြင်၊ အခြားဒေသများမှ ခရီးသွား ခရီးလာများ အများအပြားအဝင်အထွက်ရှိခြင်း (A large floating population)၊ ခရီးသွားခရီးလာများအတွက် မြန်မာထမင်းဟင်း ရောင်းချသော စားသောက်ဆိုင်များရှိခြင်းများကြောင့် ရန်ကုန်မြို့ တော်သည် ဆန်လိုအပ်ချက်များသော မြို့ပြဒေသဖြစ်သည်။

➡စာမျက်နှာ ၂၆ သို့

# သေခန်းပြတ်ခြင်းရဲ့တရားခံ

ကျွန်တော်ဗန်းမောက်မြို့နယ်တာဝန်ခံ ကိုမင်းဇော်ဦးနှင့်အတူ တစ်ကျောင်းဝင် တစ်ကျောင်းထွက် စားသုံးသူ အသိပညာပေး ဟောပြောပွဲများကို ကျင်းပလျက် ရှိပါတယ်။

တစ်နေ့ . . . . ဆုံဆည်းရာ လက်ဖက်ရည်ဆိုင် ထိုင်နေစဉ် -

'ဟေ့ ကိုဖိုးဇော် ဘယ်သွားမလို့လဲဗျ . . . မိုးကရွာပါဘိနဲ့'

'အော်. . . ဟောပြောပွဲသွားမလို့ပါဗျာ၊ ဒီက ကျွန်တော်တို့ ခရိုင်က အဖွဲ့တွေနဲ့လေ'

'ဒါနဲ့ ဘာတွေများဟောပြောတာလဲဗျ'

'စားသုံးသူတွေကို အသိပညာပေးတဲ့ စားသုံးသူရေးရာ သိကောင်းစရာ ပညာပေးဟောပြောပွဲပါ'

'အော် ဟုတ်လား. . . ကျွန်တော်တရားခံလိုက်ရှာနေတာ၊ ခုမှပဲ တွေ့တော့တယ်'

'ဘယ်နှယ့် တရားခံရမှာလဲခင်ဗျား မဦးမချွတ်၊ စပါးတင်း သိန်းနဲ့ ချီဝယ်လာတာ တရားခံ မဖြစ်ဘဲ ခင်ဗျားလက်ထက်မှ လူတရားခံ ဖြစ်ရမယ်လို့၊ ကဲ ဘယ်လိုတရားခံလဲ လင်းစမ်းပါဦး'

'ဒီလိုဗျ တစ်နေ့က သားကျောင်းက ပြန်အရောက်မှာ ကဲကွာ ဝှစ်. . . ဒုတ်. . . ခွမ်း. . .'

'ဟဲ့ မီးဖိုထဲက ဘာသံတွေလဲ သမီး သွားကြည့်စမ်း'

'မေမေ . . . မေမေရေ. . . မောင်လေးက အချိုမှုန့်ပုလင်းတွေ ရိုက်ခွဲနေတယ် လာကြည့်ပါဦး. . . မေမေရဲ့'

မေ။ 'ဟယ်. . . . သား ဘာတွေ စိတ်ရူးပေါက်လာတာလဲ. . . ဒီအချိုမှုန့်တွေက မေမေ ပိုက်ဆံပေးပြီး ဝယ်ထားရတာကွဲ့'

သား။ 'အဲ့ဒါခက်တာပေ့ါ မေမေရဲ့. . . မေမေတို့က ရောဂါတွေကို ငွေနဲ့ဝယ်ပြီး ယူနေတာကိုး'

မေ။ 'အို. . . မေမေလည်း ဘာရောဂါမှ မဝယ်မိပါလားကွယ်'

သား။ 'အခု သားခွဲပစ်လိုက်တဲ့ ပုလင်းထဲက အချိုမှုန့်တွေက ကင်ဆာတွေ မေမေရဲ့'

မေ။ 'ဟယ် သား နေများကောင်းရဲ့လားကွယ်၊ ဘယ်နှယ့်အချိုမှုန့်က ကင်ဆာတွေဖြစ်ရတာလဲ'

သား။ 'အော်. . . မေမေက သိမှမသိသေးဘဲကိုး သားပြောပြမယ်'

မေ။ 'ကဲ ပြောပါဦးသားရဲ့'

သား။ 'ဒီလို မေမေရေ. . . ဒီနေ့သားတို့ကျောင်းမှာ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာတွေကို ဘဘကြီးတွေ လာပြောတယ်၊ သူတို့က အချိုမှုန့်အကြောင်းကို သေသေချာချာ ရှင်းပြတယ်၊ ဟင်းချိုမှုန့်ကို ဂျပန်နိုင်ငံက စပြီးတီထွင်တယ်။ တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံကလည်း ထုတ်လုပ်တယ်တဲ့၊ ဒါပေမယ့် အဲဒီ သုံးနိုင်ငံအပါအဝင် နိုင်ငံတော်တော်များများက အသိပညာရှိတဲ့ ပြည်သူတွေက ဟင်းချိုမှုန့်တွေကို မစားကြဘူးတဲ့။ ပြီးတော့ ဖိုက်စတားအဆင့်ရှိတဲ့ ဟိုတယ်ကြီးတွေမှာ အချိုမှုန့် လုံးဝမသုံးကြဘူးတဲ့ . . ဘာလို့လဲဆိုတော့ သူတို့က အချိုမှုန့်တွေရဲ့ အန္တရာယ်ကို သိကြလို့တဲ့။ ဂျပန်နိုင်ငံက စတင်တီထွင်လိုက်စဉ်က ပင်လယ်ရေညှိကနေ ပြုလုပ်တယ်၊ နောက်ပြီး ပီလောပီနံ၊ ဂျုံနဲ့ ကြံတွေကလည်း ထုတ်သတဲ့။ ဒါပေမယ့် စီးပွားရေးလုပ်ငန်းရှင်တွေက ရေညှိတွေ၊ ပီလောပီနံ၊ ဂျုံနဲ့ ကြံတွေကို သူတို့ပြည်သူတွေအတွက် အကျိုးဖြစ်ထွန်းမဲ့ အစားအစာတွေအတွက် အသုံးပြုကြတယ်။ ကျွန်တော်တို့ နိုင်ငံကို တင်ပို့မယ့် အချိုမှုန့်ကိုတော့ ဓါတ်ခွဲခန်းထဲမှာပဲ 'မိုနို ဆိုဒီယမ် ဂလူတမိတ်' ဆိုတဲ့ဒြပ်ပေါင်းကို ထုတ်လုပ်လိုက်တယ်။ အဲဒါဟာ အချိုမှုန့်ပါပဲ အချိုမှုန့်ရဲ့ သတ္တိကအရသာများကို ဆပ္ပွားပေးပါတယ်။ ဒါ့အပြင် 'ကင်ဆာဆဲလ်' တွေကိုလည်း ဆပ္ပွားပေးတယ်။ ဒါကြောင့် ဘဘကြီးက မှာလိုက်တယ် အိမ်ကိုရောက်လျှင် မီးဖိုခန်းထဲကိုဝင် အချိုမှုန့်ကိုတွေ့ရင် အမှိုက်တောင်းထဲကို သွန်ထည့်လိုက်ပါတဲ့။ ပြီးတော့ အချိုမှုန့်ကို သေခန်းပြတ်လိုက်ပါတဲ့. . . အဲဒီတော့ သားကတော့ အချိုမှုန့်ကို ဒီနေ့ကစပြီး သေခန်းဖြတ်လိုက်ပြီ . . . တဲ့'

'အော်. . . ဒါကြောင့်ကိုး . . .'

'ကဲသမီးရေ မေမေတို့လဲ သေခန်းပြတ်လိုက်ကြစို့တဲ့ဗျား. . .'

'အဲဒီ တရားခံက ခင်ဗျားတို့ အဖွဲ့ကိုး'

**သန်းထွန်း (ကသာ)**

# ဘားအံမြို့ရှိ စာသင်ကျောင်းများတွင် အစားအသောက်ဘေးအန္တရာယ် ကင်းရှင်းရေးနဲ့ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဆောင်ရွက်



ကရင်ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနက ကရင်ပြည်နယ်၊ ဘားအံမြို့ပေါ်ရှိ စာသင်ကျောင်းများတွင် ရောင်းချနေတဲ့မုန့်ဈေးတန်းရှိအစားအသောက်များ ဘေးအန္တရာယ် ကင်းရှင်းရေးနဲ့ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဆောင်ရွက်ခြင်းကို ကျောင်းကျန်းမာရေးအဖွဲ့၊ အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးအဖွဲ့ (FDA)နဲ့ ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။

ယင်းသို့ဆောင်ရွက်ရာ ဇူလိုင်လ ၂၁ ရက်နေ့တွင် ဘားအံမြို့ အမှတ် (၈) အ. မ. က ကျောင်း၊ ဇူလိုင် ၂၃ ရက်နေ့တွင် အမှတ် (၉) အ. မ. က မူလွန်ကျောင်း၊ ဇူလိုင် ၂၈ ရက်နေ့တွင် အ. မ. က (၁၀) မူလွန် ကျောင်းတွင်လည်းကောင်း၊ ဩဂုတ်လ ၆ ရက်နေ့တွင် အမှတ်(၁၂)မူလတန်းကျောင်းတွင်လည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ကရင်ပြည်နယ်၊ ဘားအံမြို့နယ် ကျောင်းကျန်းမာရေးအဖွဲ့မှ ဒေါက်တာအေးသဥ္ဇာရှိန်နဲ့ ဝန်ထမ်းများ၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယကြီးကြပ်ရေးမှူး ဒေါ်ဖြူရတနာနဲ့ ဝန်ထမ်းများ စုပေါင်းပြီး ပညာပေးဟောပြောခြင်း၊ စားသုံးသူအကာအကွယ်ပေးရေး သိကောင်းစရာ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ စာသင်ကျောင်းမုန့်ဈေးတန်းတွင် ရောင်းချနေသော စားသုံးရန် မသင့်သည့် အစားအသောက်များကို စစ်ဆေးဆောင်ရွက်ခဲ့ကြပါတယ်။

ယခုကဲ့သို့ စားသုံးရန် အကာအကွယ်ပေးရေးလုပ်ငန်းများအား ဆောင်ရွက်ပေးခြင်းကို စာသင်ကျောင်းများမှ တာဝန်ရှိ ဆရာ/ဆရာမများနဲ့ ကျောင်းသားမိဘများမှ ကျေးဇူးတင်ရှိပါကြောင်း၊ ဝမ်းမြောက်ပီတိဖြစ်ရပါကြောင်းနဲ့ ဆက်လက်တိုးမြှင့်ဆောင်ရွက်ပေးပါရန် တုံ့ပြန်မှုရရှိပါကြောင်း သတင်း ရရှိပါတယ်။

**Consumer (Kayin)**

# စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ်တွင် စားသုံးသူ အကာအကွယ်ပေးရေးအသိပညာပေး ဟောပြောပွဲများကွင်းဆင်းဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်း ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ရွှေဘိုခရိုင်ဦးစီးမှူး ဦးကျော်ငွေဦးစီးသည့် ဝန်ထမ်းရှစ်ဦးသည် ဇူလိုင်လ ၂၇ ရက်နေ့တွင် ရွှေဘိုမြို့ အမှတ် (၂) အခြေခံပညာအလယ်တန်းကျောင်း (အ. ထ. က ခွဲ) ကျောင်းသို့ နံနက်ပိုင်းတွင် သွားရောက်ပညာပေးဟောပြောခဲ့ရာ ကျောင်းသား၊ ကျောင်းသူ ၂၈၉ ဦး၊ ဆရာ၊ ဆရာမ ၁၆ ဦး၊ ပေါင်း ၃၀၅ ဦးတို့တက်ရောက်ကြပါသည်။ နေ့လယ်ပိုင်းတွင် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပညာပေးဟောပြောခဲ့ရာ ကျောင်းသား၊ ကျောင်းသူ ၃၅၁ ဦး၊ ဆရာ၊ ဆရာမ ၆ ဦး၊ စုစုပေါင်း ၃၅၆ ဦးတို့ တက်ရောက်ကြပါသည်။

ဇူလိုင်လ ၂၈ ရက်နေ့တွင် ရွှေဘို အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းသို့ နံနက်ပိုင်းတွင် သွားရောက်ပညာပေးဟောပြောခဲ့ရာ ကျောင်းသား၊ ကျောင်းသူ ၅၀၀ ဦး၊ ဆရာ၊ ဆရာမ ၂၀ ဦး ၊ ပေါင်း ၅၂၀ ဦးတို့ တက်ရောက်ကြပါသည်။ နေ့လယ်ပိုင်းတွင် အမှတ် (၁) အခြေခံပညာအလယ်တန်းကျောင်း (အ. ထ. က ခွဲ) ကျောင်းသို့ သွားရောက်ပညာပေးဟောပြောခဲ့ရာ ကျောင်းသား၊ ကျောင်းသူ ၁၅၇၀ ဦး၊ ဆရာ၊ ဆရာမ ၈၅ ဦး၊ ပေါင်း ၁၆၅၅ ဦးတို့ တက်ရောက်ကြပါသည်။

ဇူလိုင်လ ၂၉ ရက်နေ့တွင် ရွှေဘိုမြို့နယ် ချီပါ(မြောက်) ရွာ အ. လ. က ခွဲကျောင်းသို့ သွားရောက်ပညာပေးဟောပြောခဲ့ရာ ကျောင်းသား၊ ကျောင်းသူ ၁၆၃ ဦး၊ ဆရာ၊ ဆရာမ ၈ ဦး၊ ပေါင်း ၁၇၁ ဦးတို့တက်ရောက်ကြပါသည်။ နေ့လည်ပိုင်းတွင် ချီပါ(တောင်) ရွာ အ. လ. က ခွဲ ကျောင်းသို့ သွားရောက် ပညာပေး ဟောပြောခဲ့ရာ ကျောင်းသား၊ ကျောင်းသူ ၁၅၃ ဦး၊ ဆရာ၊ ဆရာမ ၁၀ ဦး၊ ပေါင်း ၁၆၃ ဦးတက်ရောက်ကြပါသည်။

ဟောပြောပွဲတွင် ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားများအား စားသုံးသူအကာအကွယ်ပေးရေး သိမှတ်ဖွယ်ရာလက်ကမ်း စာစောင်များ ဖြန့်ဝေပြီး ခရိုင် ဦးစီးမှူး ဦးကျော်ငွေက စားသုံးသူအကာအကွယ်ပေးရေးသိကောင်းစရာများနှင့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေများအကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး၊ မြို့နယ်တာဝန်ခံ ဦးခင်မောင်ဆွေက အန္တရာယ်ရှိ အချိုမှုန့်၊ အသားမှုန့်နှင့် စားသုံးဆီအမျိုးမျိုးအကြောင်း၊ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒေါ်နှင်းနှင်းခိုင်က စားသောက်ကုန်များတွင် အန္တရာယ်ရှိ မုန့်မျိုးစုံ၊ အချိုရည်၊ အကင်များနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှု သိကောင်းစရာများအကြောင်း၊ ဒေါ်ညိုညိုက အန္တရာယ်ရှိ စားသောက်ကုန်များ အကြောင်း၊ ဒေါ်ဝင်းဝင်းသန်းက ဆေးလိပ်၊ အရက်၊ ဘီယာ၊ မူးယစ်ဆေးဝါးတို့၏ ဘေးဥပဒ်အန္တရာယ်များ အကြောင်း၊ ဒေါ်ထွေးထွေးအေးက ကွမ်းစားခြင်း၏ နောက်ဆက်တွဲဖြစ်ပေါ်လာသော ဘေးထွက်ဆိုးကျိုးများ အကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် ဟောပြောရှင်းလင်းပြသ ကြပါသည်။

ဟောပြောပွဲပြီးဆုံးချိန်တွင် ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများမှ ကျောင်းမုန့်ဈေးဆိုင်များအား စားသုံးသူအကာအကွယ်ပေးရေး ရှုထောင့်အရ စစ်ဆေးခြင်း၊ ပညာပေးဆွေးနွေးခြင်း စသည့် လုပ်ငန်းများ ဆောင်ရွက်ကြပါသည်။

ရွှေဘိုခရိုင်အတွင်း မြို့နယ်များရှိ အ. ထ. က၊ အ. လ. က စာသင်ကျောင်းများသို့ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများ အရှိန်အဟုန်မြှင့် ဆက်လက်ကွင်းဆင်း ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရှိရပါသည်။

**ထွေးထွေးအေး (ရွှေဘို)**

# တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးမှ ထားဝယ်မြို့နယ် အခြေခံပညာအထက် တန်းကျောင်းများတွင် ကျောင်းမုန့်ဈေးတန်းများစစ်ဆေးပြီး စားသုံးသူအကာအကွယ်ပေးရေးအကြောင်း အသိပညာပေးဆွေးနွေး





စားသုံးသူပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းရေးနဲ့ ဓာတုဆိုးဆေးများ ကင်းစင်သန့်ရှင်းတဲ့ အစားအစာများ ဝယ်ယူသုံးစွဲနိုင်စေရန်နဲ့ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာဗဟုသုတများ အဆက်မပြတ်ရရှိစေရန် ရည်ရွယ်ချက်ဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးနှင့် အဖွဲ့သည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူများနဲ့ပူးပေါင်း၍ စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း အသိပညာပေးဆွေးနွေးပွဲကို ဇူလိုင်လ ၁၇ရက်နေ့နှင့် ၂၄ရက်နေ့တို့တွင် သက်ဆိုင်ရာနေရာအသီးသီးမှာ ကျင်းပခဲ့ကြပါတယ်။

အဆိုပါဆွေးနွေးပွဲများကို ဇူလိုင်လ ၁၇ ရက်တွင် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ် (၃) အခြေခံပညာ အထက်တန်းကျောင်းတို့၌လည်းကောင်း၊ ဇူလိုင်လ ၂၄ ရက်နေ့တွင် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းနှင့်အမှတ်(၄)အခြေခံပညာအထက်ကျောင်း၌လည်းကောင်း ကွင်းဆင်းစစ် ဆေးဆောင်ရွက်ခဲ့ကြောင်း သိရပါတယ်။ ယင်းကဲ့သို့ စစ်ဆေးရာတွင် ကျောင်းမုန့်ဈေးတန်းများအတွင်း ရောင်းချလျက်ရှိတဲ့ စားသောက်ကုန်များနှင့်ပတ်သက်ပြီးအစားအသောက်များအား သန့်ရှင်းစွာရောင်းချရေး၊ လတ်ဆတ်သည့်စားသောက်ကုန်များ ရောင်းချရေး၊ ကျန်းမာရေးဌာနမှ ထုတ်ပြန်ထားသည့် တားမြစ်ထားသော ဆိုးဆေးများပါဝင်သော အစားအစာများရောင်းချခြင်း မပြုရေးနှင့် စားသောက် ကုန်ပစ္စည်းများတွင် ပါဝင်ရမည့် အမှတ်တံဆိပ်၊ ပါဝင်ပစ္စည်းအမျိုးအစား၊ ထုတ်လုပ်သည့်ရက်၊ နောက်ဆုံး သုံးစွဲရမည့်ရက်စွဲ၊ ဘေးထွက်ဆိုးကျိုး၊ ဓာတ်မတည့်ကြောင်းဖော်ပြချက်၊ ထုတ်လုပ်သည့်အမည်နှင့် လိပ်စာစတဲ့ပါဝင်ရမယ့် အချက်တွေကို ရှင်းလင်း ဆွေးနွေးမှာကြားခဲ့သည့်အပြင် စားသုံးသူအကာအကွယ်ပေးရေး ဗဟုသုတများကို အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရပါတယ်။

**ZML -ထားဝယ်**

## အိန္ဒိယနိုင်ငံ ဝန်ကြီးအဖွဲ့ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေကို ပြန်လည်ပြင်ဆင်သည့် ဥပဒေမူကြမ်းသစ်ကို ထုတ်ပြန်ကြေညာရန်အတည်ပြု

အိန္ဒိယနိုင်ငံ ပြည်ထောင်စုဝန်ကြီးအဖွဲ့သည် စားသုံးသူများ၏ ထိခိုက်နစ်နာမှုများကို စရိတ်လျော့နည်းသက်သာစွာဖြင့် လျင်မြန်စွာဖြေရှင်းပေးနိုင်ရန်နှင့် တရားမျှတမှုမရှိသော ကုန်သွယ်မှုအလေ့အထများကို ထိန်းချုပ်နိုင်ရန် စည်းမျဉ်းထိန်းညှိသည့် အာဏာပိုင်အဖွဲ့အစည်းကို ဖွဲ့စည်းတည်ထောင် သွားနိုင်ရေးအတွက် စားသုံးသူအကာအကွယ်ပေးရေးဥပဒေသစ်အား ပြင်ဆင်သည့် ဥပဒေမူကြမ်းသစ်ကို ထုတ်ပြန်ရန် အတည်ပြုခဲ့ပါ သည်။ ဥပဒေမူကြမ်းတွင် ဥပဒေသစ်အရ ဖွဲ့စည်းဆောင်ရွက်မည့် ဗဟိုစားသုံးသူကာကွယ်ရေး အဖွဲ့အစည်းသည် တရားမျှတမှုမရှိသည့် ကုန်သွယ်မှုအလေ့အထများကို စုံစမ်းစစ်ဆေးသွားရန်၊ ထင်ယောင်ထင်မှားဖြစ်စေသည့် ကြော်ငြာများကို စစ်ဆေးသွားရန်နှင့် အပြစ်အနာအဆာပါရှိသည့် ထုတ်ကုန်များကို ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းရန်နှင့် ပြန်လည်အစားထိုးပေးရန်တို့အတွက် အမိန့်များကို တာဝန်ယူထုတ်ပြန်ဆောင်ရွက်သွားရန်လည်း အဆိုပြုထားသည်ကို တွေ့ရှိရပါသည်။

ပြန်လည်ပြင်ဆင်မည့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေမူကြမ်းသစ်တွင် ၁၉၈၆ ခုနှစ်၌ပြဋ္ဌာန်းခဲ့သည့် မူလစားသုံးသူ ကာကွယ်ရေးဥပဒေအား ပြီးပြည့်စုံသည့်ပြောင်းလဲမှုများ ပြုလုပ်ထားသည့် အချက်အလက် များကို ထည့်သွင်းပြဋ္ဌာန်းသွားမည်ဖြစ်ပြီး ပြင်ဆင်မှုများအနက် ကုန်စည် နှင့် ဝန်ဆောင်မှုထုတ်လုပ်ပေးအပ်ရောင်းချသူများအနေဖြင့် စံချိန်စံညွှန်း နိမ့်ကျသော ကုန်စည်နှင့်ဝန်ဆောင်မှုများအတွက် တာဝန်ယူဆောင်ရွက်ပေးရမည့် ထုတ်ကုန်တာဝန်ရှိမှုပြဋ္ဌာန်းချက်ကိုလည်း ထည့်သွင်းပြဋ္ဌာန်းထားပါသည်။

အဆိုပါစားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ပြန်လည်ပြင်ဆင်သည့် ဥပဒေမူကြမ်းသစ်ကို မုတ်သုံကာလအတွင်း လွှတ်တော်တွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်းလည်း သိရှိရပါသည်။

**မျိုးမျိုးထိုက်၊ စားသုံးသူရေးရာဌာနခွဲ**

# ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အင်းစိန်မြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေး

စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် အစားအစာနှင့် လူသုံးကုန်ပစ္စည်းများကို ဝယ်ယူသုံးစွဲနိုင်ရန်နှင့် စားသုံးသူအကာအကွယ်ပေးရေးနှင့်ပတ်သက်သည့် အသိပညာများ အဆက်မပြတ် ရရှိစေရန် ရည်ရွယ်ချက်ဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူနှင့်ဝန်ထမ်းများသည် အစား အသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာန(ကိုယ်စား) အင်းစိန်မြို့နယ်ပြည်သူကျန်းမာရေးဦးစီးဌာနတို့နှင့်ပူးပေါင်း၍ ဩဂုတ်လ ၄ ရက်နေ့က အင်းစိန်မြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ခန်းမတွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပခဲ့ပါသည်။



ပထမဦးစွာ အင်းစိန်မြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ် ဆရာမကြီး ဒေါ်နွယ်နွယ်တင်က အဖွင့်အမှာစကား ပြောကြားရာတွင် ယခုကဲ့သို့ အစားအသောက်နှင့် ပတ်သက်ပြီး စားသုံးရန်သင့်မသင့်အကြောင်း၊ သား/သမီးတွေကို အသိပညာပေးတဲ့အတွက် ကျေးဇူးတင်ကြောင်း၊ မည်သည့်ရာသီ၊ အချိန်၊ နေရာမှာ မည်သို့စားသုံးရမယ်ဆိုသည့် အသိပညာများကို မိဘ၊ ညီအစ်ကိုမောင်နှမများ၊ မိတ်ဆွေသူငယ်ချင်းများအား ထပ်ဆင့်အသိပေးနိုင်သည့်အတွက် ကျန်းမာရေးအသိပညာရရှိကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ချိုက စားသုံးသူ အကာအကွယ်ပေးရေးနှင့် ပတ်သက်ပြီး အစားအသောက်ကြောင့် ရောဂါများရရှိကြကြောင်း၊ စားသုံးသူ ဥပဒေအကြောင်း ရှင်းလင်းပြောကြားပြီး အစားအသောက်ကို စားသုံးမည်ဆိုလျှင် ဗဟုသုတရှိရှိ ရွေးချယ် စားသုံးသင့်ကြောင်း၊ သက်ရှည်ကျန်းမာစေဖို့ ဘေးအန္တရာယ်ရှိသော အစားအစာများကို မစားသုံးသင့်ကြောင်း ပြောကြားပြီး တစ်ဦးနဲ့ တစ်ဦး စည်းလုံးမှုမရှိဘဲ ကိုယ်နဲ့မဆိုင်သလိုနေတတ်တဲ့သူ ဒုက္ခရောက်ရတဲ့အကြောင်းကို ကြွက်ထောင်ချောက်ပုံပြင်ကို ဥပမာပေးပြောကြားပြီး မိမိတို့လည်း ဝိုင်းဝန်းလုပ်ဆောင်တတ်ဖို့ မဆိုင်ဘူးဆိုပြီး တာဝန်မဲ့ မလုပ်ကြစေလိုကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ) မှ ဒုတိယကြီးကြပ်ရေးမှူး ဒေါ်ခိုင်စုမြတ်က ယနေ့ဟောပြောရမှာ ကလေးများဖြစ်တဲ့ အတွက် ပဏာမအနေနဲ့ သိသင့်သိထိုက်တဲ့ ရုံးလုပ်ငန်း အကြောင်း အနည်းငယ်ပြောကြားပြီး ဈေးကွက်မတင်မီနှင့်ဈေးကွက်တင်ပြီး စားသောက်ကုန် များစစ်ဆေးခြင်းအကြောင်း၊ ပြီးခဲ့သောနှစ် ၂၀၁၄ က ကျောင်းပေါင်း ၂၉ ကျောင်း၏ မုန့်ဈေးတန်းများက မုန့်များကိုစစ်ဆေးခဲ့သည့်အကြောင်းများ၊ ဆေးဝါးထောက်ခံချက်အကြောင်း ကို ဗဟုသုတအဖြစ် ပြောကြားပြီး မုန့်စားမယ်ဆိုရင် သိထားသင့်သည့်အကြောင်းအရာများနှင့် ဆိုးဆေးနှစ်မျိုးရှိကြောင်း၊ နေ့စဉ်အစားအစာများကို အာဟာရ ခြောက်မျိုးပြည့်စုံအောင် စားသင့်ကြောင်း ပြောကြားသွားပါသည်။

မြို့နယ်ကျောင်းကျန်းမာရေး တာဝန်ရှိသူလည်းဖြစ်၊ မြို့နယ်ဆေးဝါးနှင့် အစားအသောက်ကြီးကြပ်ရေး ဥက္ကဋ္ဌဖြစ်သော ဒေါက်တာ နော်သန္တာဆွေက ယခုလာရောက်နားထောင်သော ကျောင်းသူ/ ကျောင်းသားများဟာ အင်အားဖြစ်ပြီး အာဟာရလည်းရှိ ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအစာကို ရွေးချယ်စားသုံးသင့်ကြောင်း၊ မသန့်ရှင်း မလတ်ဆတ်တဲ့ အစားများကို မစားကြရန်၊ ကွမ်း၊ ဆေးလိပ်တို့ကို မသုံးစွဲသင့်ကြောင်း ပြောကြားခဲ့ပါတယ်။ ထို့နောက် သက်ဆိုင်ရာအဖွဲ့များသည် ကျောင်းမုန့်ဈေးတန်းသို့ သွားရောက်ကြည့်ရှုခဲ့ကြပါသည်။

အဆိုပါဟောပြောပွဲတွင် သတ္တမတန်းကျောင်းသား လင်းသစ်သူရက ပုံပြင်ပါအကြောင်း၊ စုလတ် မင်းမင်းက ဆိုးဆေးနှစ်မျိုးအကြောင်း၊ ဆုမြတ်အိန္ဒြေက ဖုန်းဆက်တိုင်ကြားလျှင် မည်သို့အရေးယူကြောင်းနှင့် မောင်ပြည့်စုံအောင်က အစားအသောက်ထောက်ခံချက်ပြုလုပ်ခြင်းအကြောင်းနှင့် မူမမှန်သော ပစ္စည်းများနှင့် ဝန်ဆောင်မှုအကြောင်းတို့ကို မေးမြန်းခဲ့ရာ သက်ဆိုင်ရာမေးခွန်းများအလိုက် သက်ဆိုင်ရာ ဟောပြောသူများက ပြန်လည်ဖြေကြားခဲ့ပါသည်။ ဟောပြောပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် အရာထမ်း၊ အမှုထမ်းများ၊ ခရိုင်မှူးနှင့် ဝန်ထမ်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ တာဝန်ရှိသူများ၊ မြို့နယ်ကျောင်းကျန်းမာရေးဥက္ကဋ္ဌ ဒေါက်တာ နော်သန္တာဆွေ၊ အထက (၁) အင်းစိန်မှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများ စုစုပေါင်း ၄၂၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိခဲ့ပါသည်။

**စိုးစိုးဦး (စားသုံးသူ) ရန်ကုန်**

# Colgate ၏ ကမ္ဘာလုံးဆိုင်ရာ ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကျင်းပ




Colgate မှ ကြီးမှူးကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာအစီအစဉ်တစ်ခုဖြစ်သည့် "တောက်ပသောအပြုံး၊တောက်ပသောအနာဂတ်အစီအစဉ်"၏တစ်စိတ်တစ်ဒေသဖြစ်သည့် ကမ္ဘာလုံးဆိုင်ရာ ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်သည့်အခမ်းအနားကို ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်တွင် ဩဂုတ် ၅ရက်နေ့က ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲကို မြန်မာနိုင်ငံမှ ကျောင်းသား၊ ကျောင်းသူ ၁၃၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ၎င်းတို့၏ပန်းချီကားများကို အကဲဖြတ်အဖွဲ့သို့ ပေးပို့ယှဉ်ပြိုင်ခဲ့ရာ ပြည်တွင်းအဆင့်တွင် ဆုရရှိသူ ၁၀ ဦးရှိခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာအဆင့်တွင် ဆုရရှိသူ နှစ်ဦးရှိခဲ့ကြောင်း သိရသည်။

ကမ္ဘာလုံးဆိုင်ရာအဆင့်တွင် ဆုရရှိသူနှစ်ဦးမှာ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ကုလားတန် အခြေခံပညာ အလယ်တန်းကျောင်းမှ မောင်ဇော်သူဟိန်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်အခြေခံပညာအလယ်တန်းကျောင်းအမှတ်(၅)မှ မောင်မင်းဘုန်းခန့်ဖြစ်ကြောင်း သိရသည်။

Colgate ၏ ကမ္ဘာလုံးဆိုင်ရာ ပန်းချီပြိုင်ပွဲသည် အသက် ၆နှစ်မှ ၉နှစ်အရွယ် ကလေးငယ်များအား သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု အသိပညာမြှင့်တင်ရေးအတွက် ကနဦးခြေလှမ်းတစ်ခုဖြစ်ကြောင်း သိရသည်။

Colgate သည် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၈၀မှ ကလေးငယ်ထောင်ပေါင်းများစွာ၏ ပြိုင်ပွဲဝင်ပန်းချီကားများကို လေ့လာအကဲဖြတ်ပြီး ဆုများကို ရွေးချယ်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ပန်းချီပြိုင်ပွဲတွင် နိုင်ငံတကာအဆင့်ဆုရရှိသူများသည် Colgate ၏ တောက်ပသောအပြုံး၊ တောက်ပသော အနာဂတ်ပညာသင်ဆုကြေးအဖြစ် ငွေကျပ် ၂၇၅,၀၀၀နှင့် Colgate မှချီးမြှင့်သည့်အသိအမှတ်ပြုလက်မှတ်ကိုပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့ပြင် နိုင်ငံတကာအဆင့်ဆုရရှိသော ကျောင်းသားပညာသင်ယူနေသည့် စာသင်ကျောင်းကိုလည်း Colgate-Palmolive ၏ စာသင်ခန်းထောက်ပံ့ခြင်းဆုငွေအဖြစ် ငွေကျပ် ၅၅၀,၀၀၀ ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ မြန်မာကျောင်းသားတွေရဲ့ ပါဝင်ယှဉ်ပြိုင်မှုနဲ့ ဆုရရှိမှုနှစ်ခုစလုံးအတွက် ဂုဏ်ယူမိပါတယ်။ မြန်မာနိုင်ငံမှာထူးချွန်ပြီးအရည်အချင်းနဲ့ပြည့်ဝတဲ့ကျောင်းသားကျောင်းသူတွေရှိနေပေမယ့် ဒီလိုပြိုင်ပွဲတွေမှာ ပါဝင်ခွင့်ရရှိဖို့ အခွင့်အလမ်းတွေ နည်းပါးလွန်းလှပါတယ်။ဒီအစီအစဉ်ကို နှစ်တိုင်း လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ နိုင်ငံအနှံ့အပြားက ကလေးငယ်တွေအတွက် သွားနှင့်ခံတွင်းကျန်းမာရေး အသိပညာပေးနဲ့သက်ဆိုင်တဲ့လှုပ်ရှားမှုတွေ လုပ်ဆောင်ဖို့ အစီအမံတွေလည်း ရှိပါတယ်။ လာမယ့်နှစ်မှာ ကလေးသူငယ်တွေရဲ့ဖန်တီးနိုင်စွမ်းနဲ့ယုံကြည်မှုတွေကိုမြှင့်တင်ပေးတဲ့နေရာမှာ အဓိကပါဝင်ပြီး လုပ်ဆောင်ပေးသွားမှာဖြစ်ပါတယ်"ဟုColgate-Palmolive မြန်မာ၏ အထွေထွေမန်နေဂျာဖြစ်သူ Durgesh Chugh က ပြောကြားခဲ့သည်။

Colgate သည် ယခုနှစ်အတွင်း မြန်မာနိုင်ငံရှိ ကျောင်းသားကျောင်းသူပေါင်း သုံးသိန်းနီးပါးကို သွားတိုက်ဆေးများမျှဝေပေးအပ်ခဲ့ကြောင်း သိရသည်။

**မယ်သီတာ**

# 3rd Myanmar Water 2015 နှင့် Renewable Energy Myanmar 2015 ပြပွဲကျင်းပမည်

The 3rd Myanmar Water 2015 နှင့် Renewable Energy Myanmar 2015 ပြပွဲကို စက်တင်ဘာ ၁၇ရက်မှ ၁၉ ရက်အထိ Myanmar Event Park တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲကို နှစ်စဉ်ကျင်းပလျက်ရှိရာ ယခုနှစ်ကျင်းပသည့်ပွဲသည် သုံးကြိမ်မြောက်ဖြစ်ပြီး နိုင်ငံတကာမှ ရေ နှင့်ဆက်စပ်ပစ္စည်းများ၊ ရေသန့်စင်ခြင်း၊ ရေသယံဇာတ အရင်းအမြစ်များနှင့် စက်မှုဇုန်မှ စွန့်ပစ်ရေဆိုးများ သန့်စင်ခြင်းတို့ ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါပြပွဲတွင် အာရှနိုင်ငံများတွင် အောင်မြင်လျက်ရှိသော ပြပွဲအသစ်နှစ်ခုဖြစ်သည့် Renewable Energy Myanmar 2015 နှင့် REVAC Myanmar 2015 တို့ပါ ပူးတွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Renewable Energy Myanmar 2015 ပြပွဲသည်မြန်မာနိုင်ငံ၏ ပြီးပြည့်စုံပြီး ပြန်လည်အသုံးပြုနိုင်သည့် စွမ်းအင်ကုန်သွယ်မှုဆိုင်ရာပြပွဲ တစ်ပွဲဖြစ်ကြောင်း သိရသည်။

ယခုကျင်းပမည့်ပြပွဲသည် တခြားပြပွဲများနှင့်အတူ ပူးပေါင်းကျင်းပမည့် ပြပွဲတစ်ရပ်ဖြစ်ရာ စက်မှုလုပ်ငန်းကျွမ်းကျင်သူများက ဆန်းသစ်သော ထုတ်ကုန်များကို ပြသမည်ဖြစ်ကြောင်းသိရသည်။

"ကျွန်တော့်အနေနဲ့ အခုလိုမြန်မာနိုင်ငံရဲ့ စက်မှုပိုင်းမှာ အကျိုးရှိမယ့် တတိယအကြိမ် Renewable Energy Myanmar နှင့် REVAC Myanmar တို့ ပူးပေါင်းကျင်းပသည့် ပြပွဲတစ်ပွဲဖြစ်ရာ ယင်းတို့နှင့် အတူပူးပေါင်းခွင့်ရသည့်အတွက် ဝမ်းသာပါတယ်"ဟု UBM Asia ၏ အာဆီယံ စီးပွားရေးဆိုင်ရာ မန်နေးဂျင်းဒါရိုက်တာ မစ္စတာဂန္ဒီက ပြောကြားခဲ့သည်။

ယင်းပြပွဲတွင် စက်မှုဆိုင်ရာပညာရှင်များသည် စက်မှုဇုန်မှ ထုတ်လုပ်သည့် ရေနှင့် ရေဆိုးသန့်စင်နည်းများ၊ မြန်မာပြည်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မူဝါဒများ၊ နိုင်ငံတော်၏အနာဂတ်တွင် ရေခဲစက်များနှင့် လေဝင်လေထွက် အကောင်းမွန်ဆုံးရရှိရန် စနစ်များနှင့် လာရောက်ကြည့်ရှုသူတို့၏ စီးပွားရေးဆိုင်ရာ ပြဿနာများကို အကောင်းဆုံး ဖြေရှင်းပေးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | တိုယိုတာ (ကယ်လ်ဒီးနား) (၂၀၀၁) | ယာယီ | ၁၆၀ သိန်း | 2 .0 ဓာတ်ဆီ |
| ၂။ | တိုယိုတာဝှစ်ရှ် (၂၀၀၄) | ယာယီ | ၁၅၈ သိန်း | 2 .0 ဓာတ်ဆီ |
| ၃။ | ရက်တစ် (၂၀၁၀) | ယာယီ | ၁၁၈ သိန်း | 1 .3 ဓာတ်ဆီ |
| ၄။ | ကလူဂျာ (၂၀၀၄) | ယာယီ | ၂၆၀ သိန်း | 2.4 ဓာတ်ဆီ |
| ၅။ | အာလ်ဖတ် (၂၀၀၄) | ယာယီ | ၂၄၈ သိန်း | 2 .4 ဓာတ်ဆီ |
| ၆။ | မတ်(ခ်)တူး (၂၀၀၃) | ယာယီ | ၁၆၅ သိန်း | 2 .0 ဓာတ်ဆီ |
| ၇။ | မတ်(ခ်) အိပ်(စ်) (၂၀၀၅) | ယာယီ | ၂၃၀ သိန်း | 2 .5 ဓာတ်ဆီ |
| ၈။ | ဟာရီယာ (၂၀၀၃) | ယာယီ | ၂၈၅ သိန်း | 2 .4 ဓာတ်ဆီ |
| ၉။ | ဒိုင်ဟတ်စု၊ ဟိုက်ဂျက် (၂၀၀၈) | ယာယီ | ၇၃ သိန်း | 660 ဓာတ်ဆီ |
| ၁၀။ | အပ်ကား (မိနီ) | | ၅၂ သိန်း | |

SN

# အသစ်တင်သွင်းလာသည့်ကားများ ဈေးတန်းမာသလို စလစ်ဈေးလည်း မြင့်တက်မှုရှိနေ

ဩဂုတ်လပထမပတ်၏ ရန်ကုန်ကားဈေးကွက်၏ အခြေအနေမှာ အရောင်းအဝယ်အေးနေဆဲဖြစ်ပြီး မိုးရာသီကာလအသုံးများကားအချို့သာ အရောင်းအဝယ်ရှိနေကြောင်းသိရ သည်။

လကုန်ပိုင်း၌ မိုးရွာသွန်းမှုများပြားနေပြီး ဒေါ်လာဈေးနှုန်းသတ်မှတ်ချက်လည်း ယခင်ထက်စာလျှင် မြင့်မားနေသဖြင့် ကားပွဲစားတန်းများတွင် ဈေးကွက်အေးနေပြီး အရောင်းပြခန်းများတွင် အမေးအဝယ်ရှိကြောင်း သိရသည်။ အသစ်သွင်းကားများအနေဖြင့် အရောင်းအဝယ်လုပ်ရာတွင် ဝယ်သူပေးသည့်ဈေးနှုန်းလိုက်မချနိုင်သဖြင့် အင်ဂျင်ပါဝါကြီးအသစ် တင်သွင်းလာသည့်ကားများ ယာဉ်နံပါတ်မထုတ်ရသေးသည့် ကားများအရောင်းအဝယ်ပါးနေကြောင်း သိရသည်။

ဇူလိုင်လတတိယပတ်ခန့်ကစတင်၍ ကညန၏အခွန်ပေးဆောင်မှုအတွက် ဒေါ်လာဈေးသတ်မှတ်ချက် တည်ငြိမ်လာသဖြင့် ကနဦးမှတ်ပုံတင်ယာဉ်များ ပြန်လည်စည်ကားလာကာအခွန်ပေးဆောင်မှုများရှိခဲ့သော်လည်း ယင်းတို့ထဲတွင် ဖရီးပါမစ်ကားငယ်များသာဖြစ်ကြောင်း သိရသည်။

ဖရီးပါမစ်ကားများမှာ အင်ဂျင်ပါဝါကြီးများနှင့်စာလျှင် အရောင်းအဝယ်ရှိသော်လည်း မိုးရာသီကာလတွင် အသုံးခံပြီးလူကြိုက်များသည့် ပရိုဘောက်ဗင်ကားငယ်များမှာ ဒေါ်လာဈေးလည်းတက်၊ ဂျပန်လေလံဈေးလည်း မြင့်တက်နေသဖြင့် ပရိုဘောက်သီးသန့်တင်သွင်းသူများပင် လိုင်းပြောင်း၍ တင်သွင်းလာကြောင်း သိရသည်။

ယာဉ်ဟောင်းအပ်နှံစလစ်များမှာလည်း လတ်တလော တဖြည်းဖြည်း ပြန်လည်မြင့်တက်နေပြီး နှစ် ၂၀ သက်တမ်းနှင့် စက်မှုဇုန်စလစ်မှာ ၆၇ သိန်း၊ ၆၈ သိန်းဖြစ်ပေါ်နေကာ မြန်မာမီနီဆလွန်းကားငယ်များပင် ၅၇ သိန်းထိ တက်လာကြောင်း၊ ယခုလအတွင်း နံပါတ်အနက်ကိုယ်ပိုင်ယာဉ်များ၊ အငှားယာဉ်နံပါတ်အနီပြောင်းလဲခွင့်မပြုဟု သိရသဖြင့် မြန်မာမီနီအပ်ကားများ ဈေးပိုလာနိုင်ကြောင်း၊ အငှားယာဉ်အုပ်စုများတွင် စီအန်ဂျီနှင့် ဒီဇယ်သုံးအကြမ်းခံပြီးရေစိုခံသည့် အောက်ပိုင်းတောင့်တင်းသည့် ဆလွန်းများ၊ ဗင်များ အကွာရာ ၁ တန်း၊ ၂ တန်းနိမ့်များ အရောင်းအဝယ်ရှိနေကြောင်း ဝါရင့်တက္ကစီအကျိုးဆောင် ဦးဖြိုးမှ ပြောသည်။

**SN**

**စာမျက်နှာ ၂၃ ဧရာဝတီတိုင်းဒေသကြီး မှအဆက်**

ယခု ဖော်ပြသော ဧရာဝတီတိုင်းဒေသကြီးမြို့နယ်များမှ ဆန်များရန်ကုန် သို့ ဝင်ရောက် မှု (Rice supplies) အပြောင်းအလဲစိစစ် သုံးသပ်ချက်သည် ပြည်တွင်းဈေးကွက်ဆန်ရောင်းဝယ်မှုလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်သူများ (Market participant) အတွက် အထောက်အကူပြုစေရန် ရည်ရွယ် ချက်ဖြင့် ဖော်ပြအပ်ပါသည်။

*Reference: Agricultural price analysis and forecasting (price movements overtime-seasonality), John W. Goodwin, University professor, University of Arkansas.*

*Theory and problems of Statistics by MURRAY R. SPIEGEL (Ph. D.) professor of Mathematics*

*Understanding and using Market information by Andrew W. Shepherd, FAO, Rome 2000*

သင့်ကျန်းမာရေး

## ykHrSefusef;rma&;ppfaq;jcif;

ဒေါက်တာလွင်သန့်

*မေး။ ။ဆရာခင်ဗျား။ လူတစ်ယောက်အတွက် ပုံမှန်ကျန်းမာရေးဆေးစစ်မှု ဘယ်လိုလုပ်သင့်ပါသလဲ။*

*ဦးကိုကိုကြီး(လက်ပံတန်း)*

***ဖြေ။ ကျန်းမာရေး ဆေးစစ်ခြင်း*** ဆိုတာ ရောဂါလက္ခဏာ မရှိလည်း ဆရာဝန်နဲ့ ပုံမှန်ပြသဆေးစစ်ခံယူခြင်းကိုဆိုလိုတယ်။ ရောဂါရှိပါမှ ဆရာဝန်နဲ့ ပြသခံယူခြင်းမျိုးမဟုတ်ပါဘူး။

ဆေးစစ်ခြင်းကနေ ထူးခြားချက်တစ်ခုခု တွေ့နိုင်တယ်။ ဥပမာ သွေးပေါင်ချိန်တိုင်းရင် သွေးပေါင်ချိန်မြင့်တက်သလို သွေးတိုးရောဂါစတင်တဲ့ အခြေအနေ သိခွင့်ရတယ်။ သွေးတွင်းသကြားဓာတ်ပမာဏကို တိုင်းလိုက်ရုံနဲ့ သွေးချို၊ ဆီးချိုဖြစ်နိုင်ချေရှိမရှိ ကြိုတင်သိနိုင်ခြင်းစတဲ့ အခွင့်အရေးကောင်းများရပါတယ်။ သွေးထဲအဆီဓာတ်များခြင်း၊ ကိုလက်စထရောမြင့်မားခြင်းရှိ၊ မရှိသိခွင့်ရနိုင်တယ်။

**ရောဂါ။** ရောဂါအမျိုးအစားသိခွင့်ရလို့ နေ့စဉ်ပြုလုပ်နေတဲ့ ဘဝနေထိုင်မှုပုံစံ ဆန်းစစ်ပြီးလိုအပ်ရင်အနည်းငယ် ပြောင်းလဲခြင်း ဥပမာအချို၊ အငန်၊ အဆီများနေရင် လျှော့စားရမယ်။ ကိုယ်လက်လှုပ်ရှားမှုမရှိရင် သွေးပေါင်ချိန် သွေးတွင်းသကြားဓာတ်၊ အဆီဓာတ်ပုံမှန်ပြန်ဖြစ်အောင် ပြန်ထိန်းနိုင်တဲ့သူများရှိတယ်။

**သွေးတိုး၊ ဆီးချိုဖြစ်မလာအောင်** ကာကွယ်နိုင်သူများရှိ တယ်။ ရောဂါပျိုးစမှာ လက္ခဏာမပြဘဲ၊ အချို့ရောဂါများဟာ ရောဂါရင့်တဲ့အထိ လက္ခဏာမပြဘဲရှိလို့၊ ဆရာဝန်နဲ့ပြသ စစ်ဆေးမှ ရောဂါရှိမှန်းသိရတယ်။ လူအများစုက နေမကောင်းမှ ဆရာဝန်နဲ့ပြတယ်။ နေကောင်းလျက် ပုံမှန်ပြသစစ်ဆေးခြင်း အလေ့ဟာ ရောဂါနုစဉ်မှာ တွေ့ရှိနိုင်တဲ့ အခွင့်အလမ်းကို ရပါမယ်။ မိသားစုမှာမျိုးရိုး (သွေးတိုး၊ ဆီးချို၊ ရင်ကြပ်)ရှိရင် ပိုဂရုစိုက်ရမယ်။ မိမိဟာမိသားစုဝင်တစ်ယောက်ဖြစ်လို့ သွေးချို၊ ဆီးချိုဖြစ်နိုင်ချေရှိနေနိုင်တယ်။

**ပုံမှန်ဆေးစစ်ရာမှာ** မိမိကျန်းမာရေး၊ မိမိကိုယ်တိုင်စမ်းသပ်ခြင်း (Self examination) ဟာအခြေခံကျတယ် အမျိုးသမီးများမိမိရင်သားမိမိစမ်းသပ်ခြင်း၊ အမျိုးသားအင်္ဂါစမ်းသပ်ခြင်းတို့ဟာ လွယ်ကူရှင်းလင်း စရိတ်မကုန်နေထိုင်ရာ မိမိအိပ်ခန်းမှာ စမ်းသပ်နိုင်လို့ ရှက်ကြောက်ဖို့မလို အခြားသူရဲ့အကူအညီမလိုစတဲ့ အားသာချက်များအဖြစ် ခန္ဓာကိုယ်ဖွဲ့စည်းပုံအရ ယင်းအင်္ဂါများစမ်းသပ်ဖို့လွယ်ကူတဲ့နေရာမှာ တည်ရှိနေပြန်တယ်။ သံသယဖြစ်ဖွယ် လက္ခဏာတွေ့ရင် ဆရာဝန်နဲ့ပြသဖို့လိုတယ်။

**ခန္ဓာကိုယ်ကျန်းမာရေးဆေးစစ်ရာမှာ** အထွေထွေဆရာဝန်နဲ့ပြရမယ်။ လိုအပ်ရင်အထူးကုဆရာဝန်နဲ့ပြသ၍ လမ်းညွှန်မှုခံယူရမယ်။ ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်ဖို့မဟုတ်ဘဲ စိတ်ကျန်းမာဖို့ အရေးကြီးတယ်။ အိပ်ပျော်ရမယ်။

**အမြင်အာရုံ၊** အကြားအာရုံ၊ သွားနဲ့ခံတွင်းစတဲ့ အသက်အရွယ်ကိုက်ညီမှုရှိမရှိ ပုံမှန်စစ်ဆေးမှုခံယူသင့်တယ်။ ကျန်းမာရေးပုံမှန်ဆေးစစ်ခြင်းဟာ အသက်အရွယ်အားလုံး၊ ကျား၊ မ မရွေးသက်ဆိုင်တယ်။ ပုံသေလမ်းညွှန်ချမှတ်စစ်ဆေးခြင်းမရှိလို့ တတ်ကျွမ်း နားလည်တဲ့ဆရာဝန်(မိသားစု) ဆရာဝန်နဲ့ပြသရမယ်။

**စမ်းသပ်နည်း** လက်နဲ့စမ်းသပ်နည်းအပြင်၊ စက်ကိရိယာနဲ့စမ်းသပ်ရာမှာ ဓာတုဆိုးဆေးများ၊ ဓာတ်ရောင်ခြည်များပါဝင်နေတယ်။ စမ်းသပ်နည်းတိုင်းအားသာချက်၊ အားနည်းချက်ရှိတယ်။ ရောဂါရှိမှဆေးစစ်ခြင်းထက် စောစီးစွာရောဂါတွေ့ရဖို့ မိမိကိုယ်တိုင်ဆေးစစ်ခံဖို့လိုတယ်။

ကျန်းမာရေးပုံမှန်ဆေးစစ်ခြင်းပြုလုပ်ပြီးရင် ကိုယ်တိုင်စမ်းသပ်ဖို့(သို့)ဆရာဝန်နဲ့ပြသဆေးစစ်ဖို့ မှတ်တမ်းမှတ်ရာရေးမှတ်ခြင်းဟာ အသက်ရှည်ကျန်းမာခြင်း လျှို့ဝှက်ချက်ဖြစ်တယ်။ ကြီးငယ်မရွေး၊ လူမျိုးဘာသာမရွေး၊ ရေးမှတ်သားဖို့လိုတယ်။ ဆရာဝန်များမှမှတ်ချက်၊ ညွှန်ကြားမှုခံယူရမယ်။ "အသက်ကို ဉာဏ်စောင့် " ဆိုသလို နေ့စဉ်နာရီဝက်ခန့် အားကစားလေးကျင့်ခန်းတွေ ပုံမှန်လုပ်သွားဖို့ လိုပါတယ်။

# တူနာငါး သို့မဟုတ် Oily Fish ကဲ့သို့သော ငါးများကို စားသုံးပါက နှာခေါင်းအတွင်း အကျိတ်ဖြစ်ပွားမှုကို လျှော့ချပေးနိုင်



တူနာငါး သို့မဟုတ် Oily Fish ကဲ့သို့သော ငါးမျိုးနွယ်ဝင်များကို နေ့စဉ်စားသုံးပေးပါက ငယ်ရွယ်စဉ်ဘဝကပင် ဖြစ်ပွားတတ်သည့် နှာခေါင်းအတွင်း အကျိတ်ဖြစ်ပွားခြင်းတို့ကို လျှော့နည်းသက်သာစေနိုင်ကြောင်းဖြင့် ဆွီဒင်သုတေသနပညာရှင်များ၏ လေ့လာဖော်ထုတ်ချက်များကို သတင်းများက ရေးသားဖော်ပြကြသည်။

တူနာငါးများ၊ Oily Fish ငါးမျိုးနွယ်ဝင်များတွင် အာဟာရဓာတ်များ အများအပြားပါဝင်နေပြီး သူ့ အုပ်စုနှင့်သူ အကျိုးသက်ရောက်မှုများ ရှိကြောင်း၊ ထို့ကြောင့် တူနာငါးများ၊ ဆယ်လ်မွန်ငါးများ၊ Oily Fish ငါးမျိုး စိတ်များကို စားသုံးပေးပါက အသက် ၅ နှစ်မှ ၁၆ နှစ်အတွင်း ဖြစ်ပွားတတ်သည့် နှာခေါင်းအတွင်း အကျိတ်ဖြစ်ပွားခြင်း၊ နှာခေါင်းအတွင်း မွေးကျွတ်နာ ဖြစ်ပွားခြင်း၊ နှာခေါင်းသွေးယိုခြင်းတို့ကို လျှော့နည်းပပျောက်စေနိုင်သည့်အပြင် အိုမင်းလာသည့်အချိန်တွင် ဖြစ်ပွားတတ်သည့် နားလေးခြင်းတို့ကိုပါ လျှော့နည်းစေနိုင်ကြောင်းဖြင့် ဆွီဒင်သုတေသနပညာရှင်တို့က လေ့လာတွေ့ရှိခဲ့သည်။

အမေရိကန်နိုင်ငံ အိုဟိုင်းအိုးပြည်နယ်မှ ကလဲဗားလန်းကလေးဆေးရုံမှ ဒေါက်တာဒိုင်ယာနာဒီဖေဘီယိုက "တူနာငါးတို့ ဆယ်လ်မွန်ငါးတို့ Oily Fish တို့လိုငါးမျိုးတွေကိုစားသုံးပေးမယ်ဆိုရင် လူတွေအတွက် လိုအပ်တဲ့အာဟာရဓာတ်တွေကို အဲဒီငါးတွေက ဖြည့်စွမ်းပေးပါလိမ့်မယ်"ဟု ပြောကြားခဲ့သည်။



ငါးစားသုံးခြင်းကြောင့် လူတို့တွင် အာဟာရပြည့်ဝစွာ ရရှိခဲ့ကြောင်းကို ရှစ်နှစ်ကြာ လေ့လာခဲ့ကြောင်း၊ ငါးစားသုံးသည့်သူများသည် မှတ်ဉာဏ်ကောင်းခြင်း၊ ခန္ဓာကိုယ်အတွက်လိုအပ်သည့် ဗီတာမင်နှင့်သတ္တုဓာတ်များကို ဖြည့်စွမ်းပေးခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိနိုင်ကြောင်း၊ ထို့ပြင် ငါးစားသုံးသည့် ကိုယ်ဝန်ဆောင်မိခင်များ အထူးသဖြင့် တူနာငါး၊ ဆယ်လ်မွန်ငါး Oily Fish မျိုးနွယ်ဝင်ငါးများကို စားသုံးသည့် ကိုယ်ဝန်ဆောင်မိခင်လောင်းများသည်ဉာဏ်ရည်ဉာဏ်သွေးများ မြင့်တက်ကာ စိတ်ဖိစီးမှုကို လျှော့နည်းစေနိုင်ကြောင်းဖြင့် ဒိုင်ယာနာဖေဘီယိုက ထပ်လောင်း ပြောကြားခဲ့သည်။

# စဉ်းစားတွေးခေါ်နိုင်မှု အားနည်းခြင်းနှင့် နှလုံးရောဂါဖြစ်ပွားမှုတို့ ဆက်နွယ်လျက်ရှိ



လူတို့ အသက်အရွယ်ကြီးလာသည့်အခါတွင် စဉ်းစားတွေးခေါ်နိုင်မှုများ အားနည်းလာခြင်းသည် နှလုံးရောဂါဖြစ်ပွားရန်ရာခိုင်နှုန်း ပိုမိုမြင့်မားလာခြင်းပင်ဖြစ်ကြောင်း Neurology ဂျာနယ်တွင် ရေးသားဖော်ပြထားသည်။

အမေရိကန်နိုင်ငံတွင် နှစ်စဉ် လူပေါင်း ၇၅၀၀၀၀ ခန့်သည် နှလုံးရောဂါများဖြစ်ပွားလျက်ရှိပြီး အမေရိကန်လူမျိုး ၇၉၅၀၀၀ ခန့်သည် လေသင်တုန်း ရောဂါဝေဒနာများကိုခံစားနေကြရသူများဖြစ်ကြောင်း အဆိုပါဂျာနယ်တွင် ဖော်ပြထားသည်။

နှလုံးရောဂါဖြစ်ပွားရခြင်းတွင် နှလုံးသွေးကြောမကြီးသို့ ပို့လွှတ်သည့် သွေးကြောတွင် သွေးများခဲကာ ပိတ်ဆို့တတ်ပြီး နှလုံးသို့ အောက်ဆီဂျင်လုံလောက်စွာမရရှိသဖြင့် ကာလကြာရှည်သည့်အခါတွင် နှလုံးရောဂါဖြစ်ပွားလာ ရခြင်းပင်ဖြစ်ကြောင်း၊ သို့သော် လတ်တလောလေ့လာတွေ့ရှိချက်များအရ နှလုံးရောဂါဖြစ်ပွားမှုသည် အထက်ပါအချက်များနှင့် အဓိကသက်ဆိုင်မှုမရှိဘဲ လူတို့၏ စိတ်ပိုင်းဆိုင်ရာများနှင့်သာ သက်ဆိုင်နေကြောင်း၊ အသက်အရွယ်ကြီးရင့်လာသည့်သူများတွင် စဉ်းစားတွေးခေါ်နိုင်မှုစွမ်းအားများ နိမ့်ကျလာမှုကြောင့် နှလုံးရောဂါဖြစ်ပွားလာရသည်ဟု ယူဆထားကြောင်းဖြင့် ဖော်ပြထားသည်။

"အရင်တုန်းကတော့ နှလုံးရောဂါဖြစ်ပြီဆိုရင် နှလုံးသွေးကြောမကြီးပိတ်လို့၊ နှလုံးသွေးကြောကျဉ်းလို့၊ နှလုံး အပေါက်ကျယ်လို့ အဲဒီလိုပဲသုတေသနပြုချက်တွေမှာ တွေ့ရှိခဲ့ရတယ်။ ဒါပေမယ့် အခုတွေ့ရှိထားတဲ့အချက်တော့ တကယ့်ကိုစိုးရိမ်စရာကောင်းတဲ့ အချက်ပဲဖြစ်ပါတယ်။ လူတွေအသက်ကြီးလာလေ ဦးနှောက်ရဲ့ အလုပ်လုပ်နိုင်စွမ်း လျှော့နည်းလာလေလေ၊ နှလုံးရောဂါပို ပြီးဖြစ်လာလေလေပဲဆိုတာကို ကျွန်တော်တို့အဖွဲ့တွေ လေ့လာတွေ့ရှိခဲ့ပါတယ်။ ဒီအချက်ဟာ ဦးနှောက်နဲ့နှလုံးဟာ ဆက်စပ်မှုရှိနေတယ်ဆိုတာကို ပြသတာပဲဖြစ်ပါတယ်"ဟု နယ်သာလန်နိုင်ငံ Leiden University Medical Center မှ ဒေါက်တာဘင်ဟန်းဆာဘာယန်းက ပြောကြားခဲ့သည်။

**မယ်သီတာ**

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၁၀-၈-၂၀၁၅ မှ ၁၆-၈-၂၀၁၅ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** ငွေကြေးကိစ္စနှင့်ပတ်သက်၍ စကားပြောဆိုရမှုများရှိနေတတ်ပါသည်။ လုပ်ငန်းခွင်တွင်အေးဆေးတည်ငြိမ်စွာဖြင့်လုပ်ကိုင်နေရတတ်သည်။ ခရီးသွားလုပ်ငန်း၊ လူမှုဝန်ထမ်းလုပ်ငန်းများ များနေတတ်ပါသည်။ ပုံမှန်ဝင်ငွေ သင့်တင့်နေမည်။ ကျန်းမာရေးတွင် အအေးမိ၍ ဖျားသောဝေဒနာခံစားရတတ်သည်။ အချစ်ရေးတွင် မေတ္တာနှင့်ဝန်းရံပြီးရိုးသားသော သံယောဇဉ်ဖြင့် ချစ်ခင်နှစ်သက်နေရတတ်ပါသည်။

**ယတြာ။ ထန်းသီးမုန့် ကျွေးပါ။**



**တနင်္လာသားသမီးများအတွက်** စိတ်မြန်ကိုယ်မြန်လုပ်တတ်ခြင်းကြောင့် အခက်အခဲများကြုံဆုံရတတ်သည်။ အထွေထွေဗဟုသုတပြည့်စုံပြီးအတွေ့အကြုံပေါ မှုတည်၍ စီးပွားရေးလုပ်ငန်းများအထူးအားကောင်းနေတတ်ပါသည်။ စက်မှုလက်မှုလုပ်ငန်းပိုမိုအကျိုးပေးလိမ့်မည်။ ကျန်းမာရေးတွင် ရာသီဥတု ဖောက်ပြန်ခြင်းကြောင့် ခန္ဓာကိုယ်အတွင်းရောဂါအနည်းငယ်ဖြစ်တတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေး သာယာအေးချမ်းနေလိမ့်မည်။

**ယတြာ။ ရွှေရင်အေးလှူပါ။**



**အင်္ဂါသားသမီးများအတွက်** ဘဝတွင် အောင်မြင်မှုများကို သိုသိုသိပ်သိပ်ဖြင့်ရရှိနေတတ်သည်။ စားသောက်ကုန်လုပ်ငန်းအကျိုးပေးနေမည်။ စွန့်စားခြင်းဖြင့် ငွေကြေးကံကောင်းမည်။ ကျန်းမာရေးအနေဖြင့် ကိုယ်လက်ကိုက်ခဲသောဝေဒနာ ခံစားရတတ်သည်။ တစ်ခါတစ်ရံ အဆိပ်ဖြစ်သောရောဂါရတတ်သည်ကို သတိရှိသင့်ပါသည်။ အချစ်ရေးတွင် မေတ္တာပေးဆပ်သူဖြစ်နေတတ်သည်။

**ယတြာ။ သစ်တော်သီးဆွမ်းကပ်ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** တက်ကြွသောစိတ်ဆန္ဒထား၍ လုပ်စရာကိစ္စများကို မှန်ကန်ရဲဝံ့စွာဆောင်ရွက်ပါက မဖြစ်ဘူးဆိုတာရှားလိမ့်မည်။ အနုပညာဆန်သော ပန်းချီ၊ ပန်းပုလုပ်ငန်းကံကောင်းလိမ့်မည်။ မျှော်လင့်ချက်ပြည့်ဝခြင်းမျိုး ရှိလာတတ်သည်။ ကျန်းမာရေးအနေဖြင့် သွေးနှင့်ပတ်သက်သော ဝေဒနာ၊ ယားယံသော အရေပြားဝေဒနာခံစားရတတ်သည်ကို သတိရှိသင့်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးကံကောင်းနေမည်။

**ယတြာ။ မိမိအိမ်မှ ဘုရားတွင် သပြေညွန့်လှူပါ။**



**ကြာသပတေးသားသမီးများအတွက်** စိတ်ဆန္ဒနှင့်အညီလုပ်ငန်းများကိုဆောင်ရွက်နေရတတ်သည်။ စာပေနှင့်ပတ်သက်သောလုပ်ငန်း၊ ဆေးနှင့်ပတ်သက်သောလုပ်ငန်းများ အကျိုးပေးကံကောင်းတတ်ပါသည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အသက်ရှူလမ်းကြောင်းပိတ်ဆို့ခြင်း ဝေဒနာ ခံစားရရှိတတ်သည်။ အချစ်ရေးတွင် မေတ္တာစစ်နှင့် ချစ်သူကိုတွေ့ရလိမ့်မည်။ အိမ်ထောင်ရေး သာယာပျော်ရွှင်မှုရှိနေမည်။

**ယတြာ။ မုန့်လိပ်ပြာလှူပါ။**



**သောကြာသားသမီးများအတွက်** စိတ်စေတနာသဒ္ဒါတရား ထက်သန်နေတတ်သည်။ လူ့ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မည်။ အလုပ်အကိုင် အကြံအစည်များမှ ဝင်ငွေများတိုးပွားလိမ့်မည်။ ဟိုတယ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်းများ အထူးအောင်မြင်နေတတ်ပါသည်။ ကျန်းမာရေးနှင့်ပတ်သက်၍ နှလုံးနှင့်ပတ်သက်သောဝေဒနာခံစားရတတ်သည်။ အချစ်ရေးတွင် စိတ်တူကိုယ်တူရှိသူနှင့် ကြုံဆုံလိမ့်မည်။ အိမ်ထောင်ရေး သာယာမှုရှိနေတတ်ပါသည်။

**ယတြာ။ ထောပတ်ထမင်းလှူပါ။**



**စနေသားသမီးများအတွက်** လုပ်ငန်းခွင်တွင် အေးဆေးတည်ငြိမ်စွာဖြင့် လုပ်ကိုင်နေရတတ်သည်။ ငွေကြေးကိစ္စနှင့်ပတ်သက်၍ အခက်အခဲများရှိတတ်သည်။ အရောင်းအဝယ်လုပ်ငန်းစာပေနှင့်ပတ်သက်သော ဘာသာရေးလုပ်ငန်းများ အဆင်ပြေမည်။ နိုင်ငံရပ်ခြားစီးပွားကုန်သွယ်မှုလုပ်ငန်းများ လုပ်ရတတ်သည်။ ကျန်းမာရေးတွင် ထိခိုက်ဒဏ်ရာရတတ်သည့် ဝေဒနာ ခံစားရမှုရှိလိမ့်မည်။ အချစ်ရေး မေတ္တာရေးကံကောင်းနေမည်။

**ယတြာ။ ခေါင်းကို အုန်းဆီလူးပြီးမှ အလုပ်လုပ်ပါ။**

# ရေဘေးကြောင့် တမူးမြို့တွင်းရှိ တံတားအချို့ပျက်စီးမှုရှိသော်လည်း မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးတံတားပျက်စီးမှုမရှိ

မြန်မာနိုင်ငံတစ်ဝန်း ဇွန်လနောက်ဆုံးပတ်မှစပြီး တိုင်းဒေသကြီးနဲ့ပြည်နယ်များ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပေါ်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့တွင် ရေဘေးကြောင့် တမူး-ကလေး-ကားလမ်းပေါ်ရှိ တံတားလေးစင်းသည် ရေစီးကြမ်းမှုကြောင့် ပျက်စီးမှုရှိခဲ့သော်လည်း မြန်မာ-အိန္ဒိယ ကုန်သွယ်မှုပြုလုပ်နေတဲ့ မြန်မာ-အိန္ဒိယချစ်ကြည်ရေးတံတားမှာ ယာဉ်များသွားလာနိုင်ပြီး ပျက်စီးမှုများ မရှိကြောင်း တွေ့ရပါတယ်။

ပျက်စီးသွားတဲ့ တံတားလေးစင်းမှာ တမူး-ကလေးကားလမ်းပေါ်ရှိ မိုင်တိုင်အမှတ်(၇၁/၃-၇၁/၄ ကြား) တံတားအမှတ်(၄/၇၂)တွံ့ဗန်တံတား၊ မိုင်တိုင်အမှတ်(၆၀/၁) နှင့် (၆၀/၂)ကြားရှိ ကမ္ဘာကြီးဘေလီတံတားအမှတ်(၁/၆)၊ မိုင်တိုင်အမှတ်(၅၇/၅)နှင့်(၅၇/၆)ကြားရှိ ခမ်းပတ်မြို့အဝင် ကနန်းကျေးရွာ ဘေလီသစ်သား ကနန်းတံတား အမှတ်(၁/၅၈)၊ ခမ်းပတ်မြို့ အမှတ်(၂)ရပ်ကွက် မိုင်တိုင်(၅၆/၆) နှင့်(၅၆/၇) ကြားရှိ ဘေလီတံတား အမှတ်(၇/၅၇)တို့ဖြစ်ပါတယ်။ တမူး-ကလေးလမ်းပေါ်ရှိ ပျက်စီးနေသော လမ်းတံတားများ ချောင်းရေလျော့နည်းချိန်တွင် တံတားဦးစီးဌာနမှ ပြင်ဆင်ခြင်း၊ ကုန်တင်ကားများသွားလာနိုင်ရေး ရှောင်ကွင်းလမ်းများ ဖောက်လုပ်ခြင်းများဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သတင်းရရှိပါတယ်။

တမူး-ကလေး ရေလွှမ်းမိုးမှုကြောင့် ပို့ကုန်သွင်းကုန်လုပ်ငန်းများ ယာယီရပ်ဆိုင်းထားရသော်လည်း မိမိဘက်သို လှောင်ရုံများတွင် ပို့ကုန်ကွမ်းသီးများသိုလှောင်ထားရှိ၍ တစ်ဖက်နိုင်ငံမှ လက်ခံနိုင်သည့်အချိန်တွင် တင်ပို့ပြီး သွင်းကုန်ပစ္စည်းများကိုမူ တံတားများ ပြန်လည်ကောင်းမွန်တဲ့အခါ တင်သွင်းမှာဖြစ်တယ်လို့ သိရပါတယ်။

**ခင်မိုးသူ**

# ရေတက်လာမှုကြောင့် ဒေသတွင်းငါးမွေးမြူရေးကန်များမှ ငါးကြင်းဈေး မြင့်လာခဲ့

အသားငါးကဏ္ဍတွင် ငါးကြင်းဈေးကွက်မှာ ပုံမှန်တင်ပို့မှုနဲ့ ဒေသတွင်းမွေးမြူရေးကန်များမှ အလှည့်ကျ ပုံမှန်ထုတ်လုပ်မှုကြောင့် စားသုံးမှုတွင် ငါးဈေးကွက်အတော်လေးငြိမ်သက်ပြီး ပုံမှန်အရောင်းအဝယ်ပြုနေကြောင်း တွေ့ရပါတယ်။

ယခုလ ဩဂုတ်လ ပထမပတ်တွင် မိုးများခြင်း၊ ရေကြီးခြင်းများဖြစ်ပေါ်မှုကြောင့် ချောင်းရေများ စီးဆင်းမှုနည်းကာ၊ မြစ်ရေများ တက်ပြီး၊ ကန်ဖော်မှုများ ခက်ခဲနေခဲ့ပါတယ်။ နေ့စဉ် ဈေးကွက်သို့ ပုံမှန်ထုတ်လုပ်ပေးမှု အခက်အခဲများကြောင့် ငါးကြင်းဈေးတက်လာတာတွေ့ရပါတယ်။ မိုးများဆက်တိုက်ရွာသွန်းမှုကြောင့် ရန်ကုန်မှဝင်ရောက်လာသော ငါးကြင်းပိဿာချိန်ကောင်တွေလည်း အဝင်နည်းခဲ့တာ တွေ့ရပါတယ်။ အခက်အခဲ အမျိုးမျိုးကြောင့် ငါးဈေးတွေမြင့်တက်လာခြင်းဖြစ်ပါတယ်။ ငါးဈေးကွက်တွင် ယခင်ငါးကြင်းဖြူခုတ်သား ကြီး တစ်ပိဿာဈေး ၄၀၀၀ ကျပ်၊ လတ် ၃၅၀၀ ကျပ်နှင့် ငါးမြစ်ချင်း ကြီး ခုတ်သား ၃၀၀၀ ကျပ်၊ လတ် ၂၅၀၀ ကျပ် ဈေးဖြစ်ပြီး ယခုဩဂုတ်လတွင် ငါးကြင်းဖြူ ခုတ်သားကြီး တစ်ပိဿာ ၅၀၀၀ ကျပ်၊ လတ် ၄၀၀၀ ကျပ်နှင့် ငါးမြစ်ချင်း ကြီး ၄၀၀၀ ကျပ်၊ လတ် ၃၂၀၀ ကျပ်နဲ့ ဈေးမြင့်နေပါတယ်။

**နီနီဝင်း-ပြည်**

# ရာသီစာ ဖရုံသီးလေးများ မိတ္ထီလာဈေးကွက်သို့ရောက်ရှိ

မိတ္ထီလာမြို့နယ် သီးနှံဈေးကွက်သို့ လယ်ဝေးမြို့နယ်နှင့် တပ်ကုန်းမြို့နယ်များမှ ဖရုံသီး နှစ်သောင်းခန့်စတင်ဝင် ရောက်လျက်ရှိကြောင်း သိရပါတယ်။ နှစ်စဉ်နှစ်တိုင်း ဝါဆိုလတွင် ဖရုံသီးများလှိုင်လှိုင် ထွက်ပေါ် လာတဲ့အတွက် မိတ္ထီလာမြို့နယ်သို့ လာရောက်ရောင်းချခြင်းဖြစ်ပါတယ်။

ထိုမြို့နယ်မှတစ်ဆင့် မန္တလေး၊ ကျောက်ပန်းတောင်း၊ မြင်းခြံမြို့များသို့ ဆက်လက်တင်ပို့ရောင်းချပါတယ်။ ဖရုံသီးကို တန်ခူးလကုန်တွင်စိုက်ပျိုးပြီး၊ ဝါခေါင်နဲ့ တော်သလင်းလတွင် ဆွတ်ခူးရောင်းချကြပါတယ်။ ဈေးကွက်အနေဖြင့် ဖရုံသီး အကြီး တစ်လုံး ၁၂၀၀ ကျပ်၊ အလတ် ၈၅၀ ကျပ်၊ အသေး ၄၀၀ ကျပ်ဖြင့် လက်လီရောင်းချလျက်ရှိတယ်လို့ သိရပါတယ်။

**တင်ဌေး-မိတ္ထီလာ**

# ကန့်ဘလူမြို့နယ်အတွင်း ကုန်စည်စီးဆင်းမှုနဲ့ ကူးသန်းသွားလာမှုများ အရှိန်မပျက်ဆောင်ရွက်လျက်ရှိ

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်အတွင်း ဇူလိုင်လ ၁၆ ရက်နေ့မှ ၁၉ ရက်နေ့ထိ မိုးရေချိန် ၁၄ လက်မအထိ ရွာသွန်းခဲ့သည့်အတွက် ရေကြီးရေလျှံနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့ပါတယ်။ ရေဘေးကျရောက်တဲ့ ဒေသများသို့ တပ်မတော်၊ ပြည်သူနဲ့ ဌာနဆိုင်ရာများ သွားရောက်ကူညီ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။

ကျေးရွာအုပ်စု ၁၃ အုပ်စု၊ ကျေးရွာပေါင်း ၂၅ ရွာ၊ အိမ်ခြေ ၉၉၁ ရေဝင်ရောက်ခဲ့ပြီး လူဦးရေတစ်သိန်းခန့် ရွှေ့ပြောင်းမှုများပြုလုပ်ခဲ့ပါတယ်။ အထူးသဖြင့် တံတားချဉ်းကပ်လမ်းများ ပျက်စီးခြင်း၊ လမ်းများကျိုးပျက်ခြင်း၊ လယ်ယာ သီးနှံစိုက်ခင်းများ ရေဝင်ရောက်၍ ဧက ၄၉၁၇ ထိခိုက်ပျက်စီးခဲ့ပါတယ်။

ယခုအခါ ကော်မတီများဖွဲ့စည်းပြီး ပြန်လည်ထူ ထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ အထူးသဖြင့် ကန့်ဘလူမှ ချပ်သင်းအထိ မီးရထားဖြင့် သွားလာနိုင်ပြီး ချပ်သင်းနှင့် ကောလင်းကြား ရထားသံလမ်းများကျိုးပျက်သွား၍ ၂၄ နာရီ နေ့ဆိုင်း၊ ညဆိုင်းများဖြင့် ရထားလမ်းပိုင်းများ လျင်မြန်စွာ ကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိပါတယ်။ မကြာမီရက်ပိုင်းအတွင်း မီးရထားများ ပုံမှန်သွားလာ နိုင်၍ ကုန်စည်များပုံမှန်စီးဆင်းနိုင်မည်ဖြစ်ပါတယ်။ ကုန်စည်စီးဆင်းမှု ကူးသန်းသွားလာမှု အဆင်ပြေစေရေးအတွက် ကန့်ဘလူဘူတာမှ ကောလင်းဘူတာအထိ ကုန်စည်ပို့ဆောင်ရေးဌာနမှ ကားများစီစဉ်၍ ဆောင်ရွက်ပေးထားရာလူတစ်ဦးကို ကန့်ဘလူ-ကောလင်း ၁၀၀၀ ကျပ်နှုန်းဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း သိရှိရပါတယ်။

**စောမောင်-ကန့်ဘလူ**

# မြို့ကြီးများ၏ ၁၀-၈-၂၀၁၅ မှ ၁၄-၈-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၀-၈-၂၀၁၅) | အင်္ဂါ(၁၁-၈-၂၀၁၅) | ဗုဒ္ဓဟူး(၁၂-၈-၂၀၁၅) | ကြာသပတေး(၁၃-၈-၂၀၁၅) | သောကြာ(၁၄-၈-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | ၆၀% ၃၁˚C/၈၈˚F | ၈၀% ၃၁˚C/၈၇˚F | ၈၀% ၃၁˚C/၈၈˚F | ၈၀% ၃၀˚C/၈၆˚F | ၈၀% ၃၀˚C/၈၆˚F |
| ရန်ကုန်မြို့ | ၈၀% ၃၀˚C/၈၆˚F | ၈၀% ၂၉˚C/၈၄˚F | ၈၀% ၂၉˚C/၈၄˚F | ၈၀% ၂၉˚C/၈၄˚F | ၈၀% ၂၉˚C/၈၅˚F |
| မန္တလေးမြို့ | ၉၀% ၃၁˚C/၈၇˚F | ၈၀% ၃၁˚C/၈၈˚F | ၈၀% ၃၂˚C/၈၉˚F | ၆၀% ၃၂˚C/၉၀˚F | တိမ်ထူထပ် ၃၂˚C/၉၀˚F |
| မြစ်ကြီးနား | ၈၀% ၃၁˚C/၈၇˚F | ၈၀% ၃၂˚C/၈၉˚F | ၈၀% ၃၁˚C/၈၈˚F | ၈၀% ၃၁˚C/၈၈˚F | ၈၀% ၃၁˚C/၈၈˚F |
| လားရှိုး | ၈၀% ၂၅˚C/၇၇˚F | ၈၀% ၂၇˚C/၈၀˚F | ၇၀% ၂၇˚C/၈၀˚F | ၈၀% ၂၇˚C/၈၁˚F | ၈၀% ၂၇˚C/၈၀˚F |
| ကျိုင်းတုံ | ၉၀% ၂၈˚C/၈၄˚F | ၇၀% ၂၉˚C/၈၅˚F | ၆၀% ၃၁˚C/၈၇˚F | ၆၀% ၂၉˚C/၈၄˚F | ၈၀% ၂၉˚C/၈၄˚F |
| လွိုင်ကော် | ၈၀% ၂၇˚C/၈၀˚F | ၈၀% ၂၇˚C/၈၀˚F | ၈၀% ၂၇˚C/၈၀˚F | ၈၀% ၂၇˚C/၈၀˚F | ၆၀% ၂၇˚C/၈၀˚F |
| တောင်ကြီး | ၈၀% ၂၄˚C/၇၅˚F | ၈၀% ၂၄˚C/၇၆˚F | ၈၀% ၂၄˚C/၇၅˚F | ၈၀% ၂၄˚C/၇၆˚F | ၈၀% ၂၃˚C/၇၃˚F |
| မော်လမြိုင် | ၉၀% ၂၉˚C/၈၄˚F | ၈၀% ၂၉˚C/၈၅˚F | ၇၀% ၂၈˚C/၈၃˚F | ၆၀% ၂၉˚C/၈၄˚F | ၆၀% ၂၉˚C/၈၅˚F |
| ဘားအံ | ၈၀% ၂၉˚C/၈၄˚F | ၈၀% ၂၈˚C/၈၃˚F | ၇၀% ၂၈˚C/၈၃˚F | ၆၀% ၂၈˚C/၈၃˚F | ၈၀% ၂၉˚C/၈၄˚F |
| တောင်ငူ | ၈၀% ၃၁˚C/၈၈˚F | ၈၀% ၃၁˚C/၈၇˚F | ၈၀% ၃၁˚C/၈၇˚F | ၈၀% ၃၀˚C/၈၆˚F | ၈၀% ၃၀˚C/၈၆˚F |
| မိုးညှင်း | ၉၀% ၃၀˚C/၈၆˚F | ၈၀% ၃၀˚C/၈၆˚F | ၈၀% ၃၁˚C/၈၈˚F | ၆၀% ၃၂˚C/၈၉˚F | ၅၀% ၃၁˚C/၈၈˚F |
| ပုသိမ် | ၈၀% ၂၈˚C/၈၃˚F | ၈၀% ၂၉˚C/၈၄˚F | ၈၀% ၂၈˚C/၈၃˚F | ၈၀% ၂၈˚C/၈၃˚F | ၈၀% ၂၉˚C/၈၄˚F |
| မြိတ် | ၉၀% ၂၈˚C/၈၃˚F | ၈၀% ၂၈˚C/၈၃˚F | ၇၀% ၂၈˚C/၈၃˚F | ၆၀% ၂၈˚C/၈၃˚F | ၆၀% ၂၉˚C/၈၄˚F |
| စစ်တွေ | ၃၀% ၂၈˚C/၈၃˚F | ၅၀% ၂၈˚C/၈၃˚F | ၆၀% ၂၈˚C/၈၃˚F | ၅၀% ၂၈˚C/၈၃˚F | ၅၀% ၂၈˚C/၈၃˚F |
| မကွေး | ၉၀% ၂၈˚C/၈၂˚F | ၈၀% ၂၈˚C/၈၃˚F | ၈၀% ၂၈˚C/၈၃˚F | ၆၀% ၂၈˚C/၈၃˚F | ၆၀% ၂၉˚C/၈၄˚F |
| ဖလမ်း | ၈၀% ၂၂˚C/၇၁˚F | ၈၀% ၂၁˚C/၇၀˚F | ၈၀% ၂၂˚C/၇၁˚F | ၈၀% ၂၃˚C/၇၃˚F | ၈၀% ၂၂˚C/၇၂˚F |



## တရုတ်(တိုင်ပေ)တွင် အင်အားပြင်း တိုင်ဖွန်းမုန်တိုင်း ဆော့ဒီလာ ဝင်ရောက်တိုက်ခတ်

တရုတ်(တိုင်ပေ)တွင် အင်အားပြင်းတိုင်ဖွန်းမုန်တိုင်း ဆော့ဒီလာ ဝင်ရောက်တိုက်ခတ်ခဲ့ရာ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ရေလွှမ်းမိုးမှုများ၊ မြေပြိုမှုများ ဖြစ်ပေါ်ခဲ့ရကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ထုတ်ဖော်ကြေညာခဲ့သည်။

တရုတ်(တိုင်ပေ)သို့ ဝင်ရောက်တိုက်ခတ်သည့်ဆော့ဒီလာမုန်တိုင်းကို အင်အားအဆင့်သုံး အင်အားအလွန် ပြင်းထန်သည့် မုန်တိုင်းအဖြစ် သတ်မှတ်ထားပြီး တရုတ်(တိုင်ပေ)သို့ ဩဂုတ်လ ၉ ရက်တွင် ဝင်ရောက်တိုက်ခတ်ခဲ့သည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှု စာရင်းကို အတိအကျမသိရှိရသေးသော်လည်း မုန်တိုင်းအစပျိုးဝင်ရောက်သည့် ဩဂုတ်လ ၇ ရက်တွင် အနည်းဆုံး လူငါးဦးခန့် သေဆုံးခဲ့ရပြီ ဖြစ်ကြောင်း စီအန်န်အန်န်သတင်းတွင် ဖော်ပြထားသည်။

အဆိုပါဆော့ဒီလာမုန်တိုင်းသည် တစ်နာရီလျှင်မိုင် ၁၅၀နှုန်းဖြင့် ချဉ်းကပ်လာပြီး မုန်တိုင်း၏ မျက်စိဗဟိုချက်သည် တရုတ်(တိုင်ပေ)မြို့တော်၏ အလယ်တည့်တည့်ကိုဖြတ်သန်းသွားခဲ့ကြောင်း၊ မုန်တိုင်းသည် တစ်နာရီလျှင် မိုင် ၁၅၀ နှုန်းဖြင့် ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း နိုင်ငံတကာမိုးလေဝသဌာနမှ ထုတ်ပြန်ကြေညာခဲ့သော်လည်း တရုတ်(တိုင်ပေ)မှအာဏာပိုင်များကမူ တစ်နာရီလျှင် ၁၂၅ မိုင်သာတိုက်ခတ်ခဲ့သည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။

မုန်တိုင်းမတိုက်ခတ်မီကပင် တရုတ်(တိုင်ပေ) စစ်သားပေါင်း ၃၅၀၀၀ ကျော်ကို ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် အသင့်ပြင်ဆင်ထားပြီးဖြစ်ကြောင်း၊ မုန်တိုင်းတိုက်ခတ်မှုကြောင့် တရုတ်(တိုင်ပေ)ရှိ မြို့ကြီး ၂၁ မြို့စလုံးပျက်စီးဆုံးရှုံးမှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရကြောင်းဖြင့် တရုတ်(တိုင်ပေ)မှ သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မုန်တိုင်းဆော့ဒီလာသည် တရုတ် (တိုင်ပေ) အရှေ့ဘက်ကမ်းခြေကို ဦးတည်တိုက်ခတ်ခဲ့ပြီးနောက် တရုတ်နိုင်ငံတွင်းသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့ကာ ဂျပန်နိုင်ငံ ကျူးရှူးကျွန်းသို့ ဝင်ရောက်တိုက်ခတ်မည်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ မိုးလေဝသဗျူရိုက ထုတ်ပြန်ကြေညာခဲ့သည်။

**မယ်သီတာ**

## အာရှတိုက်ရှိနိုင်ငံများတွင် ရေလွှမ်းမိုးမှုများကြောင့် လူသေဆုံးမှုများ တစ်နေ့တခြား များပြားလာ

ရာသီဥတု ပြောင်းလဲဖောက်ပြန်မှုများကြောင့် အာရှတိုက်ရှိနိုင်ငံအသီးသီးတွင် ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့ရာ လူသေဆုံးမှုများ ဖြစ်ပေါ်ခဲ့ရသည်။ ရေလွှမ်းမိုးမှုများသည် အာရှတိုက်ရှိနိုင်ငံများ၏ မြို့တိုင်းနီးပါးလိုလို ဖြစ်ပေါ်လျက်ရှိရာ အဆိုပါဖြစ်ပျက်မှုများကြောင့် လူနှင့်တိရစ္ဆာန်များ သေကျေ ပျက်စီးမှုများ၊ နေအိမ်အဆောက်အအုံ ပျက်စီးဆုံးရှုံးမှုများမှာ တဖြည်းဖြည်း များပြားလျက်ရှိနေကြောင်း စီအန်န်အန်န်သတင်းဌာနက ထုတ်ဖော်ရေးသားခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သည့် ကိုမန်မုန်တိုင်းကြောင့် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့တွင် ရေလွှမ်းမိုးမှုအန္တရာယ်များကို ဆိုးရွားစွာ ခံစားခဲ့ကြရကြောင်း၊ ထို့ပြင်မြေပြိုမှုများကြောင့်လည်း လူသေဆုံးမှုများဖြစ်ပေါ်ခဲ့ရာ အိန္ဒိယနိုင်ငံတွင်လူပေါင်း ၁၉၂ ဦးသေဆုံးခဲ့ရကြောင်း၊ အဆိုးရွားဆုံးဖြစ်စဉ်တစ်ခုမှာ အိန္ဒိယနိုင်ငံမဒ္ဒရာပရာဒေ့ရှ်ပြည်နယ်တွင် ရထားလမ်းမြေကျွံမှုများ ဖြစ်ပေါ်ခဲ့ရာ ရထားနှစ်စင်းတွေ့ဆုံသည့် နေရာတွင် ဖြစ်ပွားသော မြေကျွံကျမှုမှာ အနည်းဆုံး လူ ၁၂ ဦးသေဆုံးခဲ့ရကြောင်း စီအန်န်အန်န်သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

ထို့ပြင် ကိုလ်ကတ္တားမြို့တွင်လည်း ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ရာ ၈၃ ဦး သေဆုံးခဲ့ရပြီး လူထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့များဖြစ်ခဲ့ရသည်။

ပါကစ္စတန်နိုင်ငံတွင် ကိုမန်မုန်တိုင်းကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ရာ ဩဂုတ်လ ၃ရက်နေ့ကထုတ်ပြန်ခဲ့သည့် သတင်းများအရ လူပေါင်း ၈၆ ဦး သေဆုံးခဲ့ရသည်ဟု ဆိုသည်။

အလားတူ မြန်မာနိုင်ငံအထက်ပိုင်း ဒေသတစ်လျှောက် မိုးရွာသွန်းမှုများကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၆၉ ဦးသေဆုံးခဲ့ရပြီး ပြည်သူ ၂၅၉၀၀၀ မှာ ရေဘေးဒုက္ခကို ခံစားခဲ့ရကြောင်း၊ မြန်မာနိုင်ငံရှိ ပြည်နယ်တိုင်းဒေသကြီး ၁၄ခုအနက် ၁၂ ခုတို့တွင် ရေလွှမ်းမိုးမှုများကို ခံစားနေကြရကြောင်း၊ ရေလွှမ်းမိုးမှုများကြောင့် စိုက်ခင်းများ၊ ကျွဲနွားတိရစ္ဆာန်များသေကျေပျက်စီးခဲ့ရပြီး လယ်မြေဧက ထောင်ပေါင်းများစွာ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း ဩဂုတ်လ ၆ရက်နေ့က ထုတ်ပြန်ခဲ့သည့် ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး အဖွဲ့မှ ထုတ်ပြန်ကြေညာချက်အား ကိုးကား၍ စီအန်န်အန်န်သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

**မယ်သီတာ**

Domestic Sport News
Vol: 15, No.30 Monday August 10 2015



## မြန်မာအသင်းကို ဝတ်စုံစပွန်ဆာပေးမည့် JOMA နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ယခုလအတွင်း တရားဝင်စာချုပ်ချုပ်ဆိုမည်

မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းများကို ဝတ်စုံစပွန်ဆာပေးမည့် ဂျိုမာ (JOMA)နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ဆွေးနွေးညှိနှိုင်းခဲ့ရာတွင် အောင်မြင်မှုများရရှိခဲ့ကြောင်း သိရသည်။

ထို့ကြောင့် JOMA နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့၏ တရားဝင်စာချုပ် ချုပ်ဆိုပွဲကို ယခုလအတွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

စပိန်အားကစားကုမ္ပဏီတစ်ခုဖြစ်သည့် ဂျိုမာသည် မြန်မာလက်ရွေးစင် ဘောလုံးအသင်းများကို စပွန်ဆာပေးရန်အတွက် မြန်မာနိုင်ငံသို့ ဇူလိုင်လ ၃၀ ရက်ကရောက်ရှိခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

"ဂျိုမာနဲ့ သဘောတူညီမှုရရှိပြီးပါပြီ။ ဒီလထဲမှာ တရားဝင်စပွန်ဆာစာချုပ် ချုပ်ဆိုပါမယ်။သူတို့နဲ့ ဘယ်နှစ်နှစ်စာ ချုပ်ချုပ်ဆိုမလဲဆိုတာကို ညှိနှိုင်းနေပါတယ်။ နှစ်နှစ်သက်တမ်းလောက်တော့ ဖြစ်ဖို့များပါတယ်။ ဈေးနှုန်းကတော့ ကစားသမားဝတ်စုံကလေးသောင်းဝန်းကျင်ရှိပြီး ပရိသတ်အတွက်ကိုတော့ နှစ် သောင်းလောက်နဲ့ ရောင်းနိုင်အောင် ထုတ်ပေးမယ်လို့ ပြောပါတယ်"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြောကြားခဲ့သည်။

ဂျိုမာကုမ္ပဏီကို လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ ကျော်ကပင် တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ဥရောပတွင် လူသိများထင်ရှားသော အားကစားပစ္စည်းကုမ္ပဏီတစ်ခုဖြစ်ကြောင်း သိရသည်။

ဂျိုမာသည် ခရစ်ကက်၊ ဘောလုံး၊ ဘတ်စကက်ဘော၊ လက်ပစ်ဘော၊ တင်းနစ်၊ ဘော်လီဘော ဝတ်စုံများကို ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများအား စပွန်ဆာပေးထားကြောင်း သိရသည်။

ဂျိုမာသည် ဟွန်ဒူးရပ်စ်၊ ထရီနီဒက်တိုဘားဂိုး၊ ကျူးဘား၊ ကင်ညာ၊ ကာဇက်စတန်၊ ဘင်္ဂလားဒေ့ရှ်၊ မော်လ်ဒိုက်ဗ်၊ ဘူလ်ဂေးရီးယား၊ ရိုမေးနီးယား လက်ရွေးစင်ဘောလုံးအသင်းတို့ကို ဝတ်စုံစပွန်ဆာများပေးထားသည့် အားကစားပစ္စည်းကုမ္ပဏီတစ်ခုဖြစ်ကြောင်း သိရသည်။

အဆိုပါဝတ်စုံကို အာဆီယံယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲဝင်မည့် မြန်မာယူ-၁၉ အသင်းက စတင်ဝတ်ဆင်မည်ဖြစ်ပြီး ကိုယ်ပိုင်ဒီဇိုင်းအတွက်ကိုမူ ဂျိုမာကုမ္ပဏီသို့ ရေးဆွဲတင်ပြရမည်ဖြစ်သည်။

## အာဆီယံ ယူ-၁၆ ချန်ပီယံရှစ်ပြိုင်ပွဲဝင် မြန်မာယူ-၁၆ အသင်း ဗိုလ်လုပွဲတက်ပြီ ဗိုလ်လုပွဲတွင် ထိုင်းအသင်းနှင့် တွေ့ဆုံမည်



ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တွင် ကျင်းပလျက်ရှိသည့် အာဆီယံ ယူ-၁၆ချန်ပီယံရှစ်ပြိုင်ပွဲတွင်ဝင်ရောက်ယှဉ် ပြိုင်လျက်ရှိသည့် မြန်မာ ယူ-၁၆လက်ရွေးစင်အသင်းသည် ဆီမီးဖိုင်နယ်ပွဲစဉ်တွင် လာအိုအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ပြီဖြစ်သည်။

မြန်မာယူ-၁၆ အသင်းသည် ဗိုလ်လုပွဲတွင် ဩစတြေးလျအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာ ယူ-၁၆အသင်းသည် အုပ်စုနောက်ဆုံးပွဲစဉ်တွင် အိမ်ရှင်ကမ္ဘောဒီးယားအသင်းကို ဂိုးပြတ်အနိုင်ရရှိကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။

မြန်မာ ယူ-၁၆အသင်းသည်အုပ်စု (ခ)တွင် ဩစတြေးလျ၊ အိမ်ရှင်ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ စင်ကာပူအသင်းတို့နှင့် တွေ့ဆုံခဲ့သည်။ အုပ်စုတွင်းပွဲစဉ်များတွင် မြန်မာယူ-၁၆အသင်းသည် ဇူလိုင် ၂၈ ရက်က စင်ကာပူအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဩဂုတ် ၁ရက်တွင် ဖိလစ်ပိုင်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ထို့နောက် ဩဂုတ် ၃ရက်တွင် မြန်မာယူ-၁၆အသင်းသည် အာရှ၏ အင်အားကြီးဘောလုံးအသင်းတစ်သင်းဖြစ်သည့် ဩစတြေးလျအသင်းနှင့်ယှဉ်ပြိုင်ကစားခဲ့ရာ လေးဂိုး-ဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့သည်။ အုပ်စုနောက်ဆုံးပွဲစဉ်ဖြစ်သည့် ကမ္ဘောဒီးယားနှင့်ပွဲစဉ်သည် မြန်မာအသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့၏ ဆီမီးဖိုင်နယ်တက်ရောက်ခွင့်အတွက် အဆုံးအဖြတ်ပေးမည့်ပွဲတစ်ပွဲ ဖြစ်ခဲ့သည်။

ထို့ကြောင့် မြန်မာယူ-၁၆ အသင်းသားများသည် အိမ်ရှင် ပရိသတ်ရှေ့မှောက်တွင် ခြေအသာ ဂိုးအသာဖြင့် အနိုင်ယူကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။ ဆီမီးဖိုင်နယ်တွင် မြန်မာ ယူ-၁၆ အသင်းသည် အုပ်စု(က)မှ အုပ်စုပထမရရှိခဲ့သည့် လာအိုအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့သည်။

မြန်မာ ယူ-၁၆ အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပထမပိုင်း ၃၂မိနစ်တွင် ပြည်စုံနိုင်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲတွင် မြန်မာအသင်းမှ တိုက်စစ်မှူး ဝင်းနိုင်ထွန်းက သွင်းဂိုးပေါင်း သုံးဂိုးဖြင့် ဂိုးသွင်းအများဆုံး စတုတ္ထနေရာတွင် ရပ်တည်နေကြောင်း သိရသည်။

မြန်မာ ယူ-၁၆ နှင့် ထိုင်း ယူ-၁၆ အသင်းတို့သည် ဩဂုတ်လ ၉ ရက်နေ့ ညနေ ၆ နာရီခွဲတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

## အာဆီယံပြိုင်ပွဲမတိုင်မီ မြန်မာယူ-၁၉အသင်း ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်

အာဆီယံ ယူ-၁၉ ဘောလုံးပြိုင်ပွဲအတွက် ပြင်ဆင်နေသည့်မြန်မာယူ-၁၉ ဘောလုံးအသင်းသည် ပြိုင်ပွဲမတိုင်မီ အနည်းဆုံးခြေစမ်းပွဲနှစ်ပွဲ ထပ်မံကစားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ ယူ-၁၉ အသင်းသည် ဩဂုတ်လ ၂၂ရက်မှ စက်တင်ဘာ ၄ ရက်အထိ လာအိုနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် အာဆီယံ ယူ-၁၉ပြိုင်ပွဲမတိုင်မီ ပြည်တွင်းကလပ်အသင်းများနှင့် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး လာအိုနိုင်ငံသို့ ဩဂုတ် ၁၅ ရက်တွင်ထွက်ခွာမည်ဖြစ်သည်။

"ပြိုင်ပွဲမတိုင်ခင် ခြေစမ်းပွဲနှစ်ပွဲလောက် ကစားဖို့အတွက် စီစဉ်နေပါတယ်။ ဘယ်အသင်းတွေနဲ့ ကစားဖြစ်မယ်ဆိုတာတော့ မသိသေးဘူး။ ပြိုင်ပွဲ ကျင်းပမယ့်ရက်နဲ့ နီးကပ်နေတဲ့အတွက် ပြည်ပကလပ်အသင်းတွေနဲ့ ခြေစမ်းပွဲကစားမှာမဟုတ်ဘူး"ဟု ယူ-၁၉ အသင်း ပြန်ကြားရေးတာဝန်ခံ ဦးရဲမင်းဝင်းက ပြောသည်။



မြန်မာ ယူ-၁၉ အသင်းကို ဇူလိုင် ၂၆ ရက်မှစတင်ကာ ပဏာမကစားသမား ၂၉ ဦးဖြင့် စခန်းသွင်း လေ့ကျင့်လျက်ရှိကြောင်း သိရသည်။မြန်မာယူ-၁၉အသင်းသည် ဇူလိုင်တတိယပတ်အတွင်းက အာဆီယံ ယူ-၁၆ ပြိုင်ပွဲဝင်မြန်မာယူ-၁၆ အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲ ကစားခဲ့ရာတွင် တစ်ပွဲနိုင်၊ တစ်ပွဲရှုံးခဲ့ပြီး မနောမြေနှင့် ခြေစမ်းပွဲနှစ်ပွဲ ကစားရာတွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေရလဒ် ရရှိထားသည်။

ဩဂုတ် ၄ ရက်က မြန်မာနေရှင်နယ်လိဂ်ကလပ် မကွေးအသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဂိုးစီ သရေကျခဲ့သည်။ အဆိုပါခြေစမ်းပွဲတွင် မကွေးအသင်းဘက်မှ ပြည်ပကစားသမားများထုတ်သုံးခြင်းမရှိဘဲ ပြည်တွင်းကစားသမားများကိုသာ အသုံးပြုခဲ့သည်။မြန်မာယူ-၁၉အသင်းသည် အာဆီယံယူ-၁၉ ဘောလုံးပြိုင်ပွဲတွင် အုပ်စု(ခ)၌ ဗီယက်နမ်၊ တီမော၊ စင်ကာပူ၊ မလေးရှားအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်သည် မြန်မာယူ-၁၉ အသင်းလေ့ကျင့်လျက်ရှိသည့်နေရာသို့ ဩဂုတ် ၇ ရက်က ရောက်ရှိလာခဲ့ပြီး ကစားသမားများအား အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

## ကမ္ဘာ့တံခွန်စိုက်ပြေးခုန်ပစ်ပြိုင်ပွဲသို့ မြန်မာအားကစားသမားတစ်ဦး ဝင်ရောက်ယှဉ်ပြိုင်မည်

တရုတ်နိုင်ငံတွင်ကျင်းပမည့် (၁၅) ကြိမ်မြောက် ကမ္ဘာ့ပြေးခုန်ပစ်တံခွန် စိုက်ပြိုင်ပွဲသို့ မြန်မာအားကစားသမား တစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲကို တရုတ်နိုင်ငံ၊ ဘေဂျင်းမြို့တွင် ဩဂုတ် ၂၂ရက်မှ ၃၀ ရက်အထိကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှ လူငယ်ကစားသမား အေးအေးအောင်သည် အမျိုးသမီးမီတာ ၈၀၀ ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်မှ သိရသည်။

အဆိုပါပြိုင်ပွဲကို နှစ်နှစ်တစ်ကြိမ် ကျင်းပခြင်းဖြစ်ပြီး ကမ္ဘာ့ပြေးခုန်ပစ်အဖွဲ့ချုပ်သည် အဖွဲ့ဝင်နိုင်ငံအားလုံးမှ တစ်နိုင်ငံလျှင် ပြိုင်ပွဲဝင်အားကစားသမား တစ်ဦးဝင်ရောက်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ထားကာ ၎င်းအားကစားသမားအတွက် ကုန်ကျစရိတ်အားလုံးကို ကျခံပေးမည် ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲအမျိုးအစား(အမျိုးသား၊ အမျိုးသမီး) စုစုပေါင်း ၄၆ မျိုး ထည့်သွင်းကျင်းပမည့် ကမ္ဘာ့တံခွန်စိုက်ပြေးခုန်ပစ်ပြိုင်ပွဲသို့ ကမ္ဘာ့နိုင်ငံပေါင်း ၂၀၀ ကျော်မှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်အနေဖြင့် ၂၀၁၅ခုနှစ် (၂၈)ကြိမ်မြောက်စင်ကာပူနိုင်ငံတွင်ကျင်းပသည့်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပပြီးသည့်နောက်ပိုင်းတွင် မြန်မာအားကစားအဖွဲ့များကို လေ့ကျင့်မှုများ ခေတ္တရပ်နားထားကြောင်း သိရသည်။

သို့သော် အဆိုပါကမ္ဘာ့တံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် လူငယ်ကစားသမား အေးအေးအောင်သည် ရန်ကုန်ကျိုက္ကဆံကွင်းအတွင်းရှိ အားကစားနှင့် ကာယပညာ(သိပ္ပံ)ကျောင်းတွင် ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

## ချန်ပီယံလိဂ်တွင် အောင်မြင်မှုရရှိမည်ဟု ပီအက်စ်ဂျီကစားသမားသစ် ဒီမာရီယာရည်မှန်း




ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ခွင့်ရရှိခဲ့သည့် ဒီမာရီယာသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင်အောင်မြင်မှုရရှိရန် ရည်မှန်းထားကြောင်း ပြောကြားခဲ့သည်။

အာဂျင်တီးနား လက်ရွေးစင်ကစားသမားတစ်ဦးဖြစ်သူ ဒီမာရီယာသည် မန်ယူအသင်းတွင် ရုန်းကန်နေခဲ့ရပြီးနောက်ပီအက်စ်ဂျီအသင်းသို့ ယခုနှစ် ဘောလုံးရာသီတွင် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

ဒီမာရီယာသည် ပီအက်စ်ဂျီသို့ ပြောင်းရွှေ့ကြေး ပေါင် ၄၄ ဒသမ ၄ သန်းဖြင့် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ပြီး ယခုကဲ့သို့ ပြောင်းရွှေ့ခွင့်ရရှိရန် နွေရာသီအပြောင်းအရွှေ့ကာလတစ်လျှောက် ကြိုးပမ်းခဲ့သည်။ ၎င်းအနေဖြင့် မိမိကစားချင်သည့်အသင်းတွင် ကစားခွင့်ရရှိခဲ့သည့်အတွက် အလွန်ပင်ပျော်ရွှင်မိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

“ပီအက်စ်ဂျီကို ပြောင်းရွှေ့ခွင့်ရခဲ့တဲ့အတွက် သိပ်ကို ပျော်ရွှင်မိပါတယ်။ ကျွန်တော်သိထားတဲ့ ပီအက်စ်ဂျီအသင်းဟာ ပြီးခဲ့တဲ့နှစ်တုန်းက ပြင်သစ်မှာရနိုင်သမျှ ဆုဖလားအားလုံးကို ရခဲ့တဲ့အသင်းပါ။ အဲဒါဟာ အသင်းအတွက် တကယ်ကို အရေးပါတဲ့အချက်တစ်ချက်ပါ။ ချန်ပီယံလိဂ်မှာ ရောက်နိုင်သမျှ ရောက်အောင် ကျွန်တော်တို့ ကြိုးစားသွားမယ်”ဟု ပြောကြားခဲ့သည်။

ယခုအခါတွင် ဒီမာရီယာ၏ စုစုပေါင်းပြောင်းရွှေ့ကြေးမှာ ပေါင် ၁၃၂ သန်းအထိရှိလာခဲ့ရာ ဈေးအကြီးဆုံးကစားသမားလည်းဖြစ်လာခဲ့သည်။



## မန်ချက်စတာယူနိုက်တက်အသင်းခေါင်းဆောင် ဝိန်းရူနီအား NSPCC ၏ သံတမန်အဖြစ် ခန့်အပ်

မန်ချက်စတာယူနိုက်တက်အသင်း၏ အသင်းခေါင်းဆောင် ဝိန်းရူနီအား NSCPP (New Student & Carolina Parent Programs) ၏သံတမန်အဖြစ် ခန့်အပ်လိုက်ကြောင်း ဒေးလီးမေးလ်သတင်းတွင် ဖော်ပြထားသည်။

ယင်းကဲ့သို့ အသင်းခေါင်းဆောင် ဝိန်းရူနီအား သံတမန်အဖြစ် ခန့်အပ်ခြင်းသည် ကလေးငယ်များအတွက်ဖြစ်ပြီး ရူနီသည် NSCPP ၏ ပထမဦးဆုံးသော သံတမန်တစ်ဦးဖြစ်ကြောင်း NSCPP မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါအစီအစဉ်အရ ရူနီသည် NSCPP ၏လှုပ်ရှားမှုတိုင်းတွင် ပါဝင်ရမည်ဖြစ်ပြီး အခြားသောဖခင်များနှင့်အတူ NSCPP အား ပံ့ပိုးမှုများ ပြုလုပ်ပေးရမည်ဖြစ်သည်။

လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် NSCPP သည် ကလေးနှစ်ယောက်၏ဖခင်ဖြစ်သည့် ရူနီအားယခုကဲ့သို့သံတမန်အဖြစ် ခန့်အပ်ရခြင်းမှာ ကလေးငယ်များအား မိဘများ၊ မိသားစုများနှင့် ပိုမိုရင်းနှီးနွေးထွေးမှုများကို ပိုင်ဆိုင်ခွင့်ရရှိစေရန်အတွက်ပင်ဖြစ်သည်ဟုဆိုသည်။

ရူနီက “ကျွန်တော်ဘောလုံးကစားတိုင်းအသင်းခေါင်းဆောင်အဖြစ် တာဝန်ပေးခြင်းခံရပါတယ်။ ဒီလိုပါပဲ။ NSCPP ကလည်း ကျွန်တော့်ကို သံတမန်အဖြစ်ခန့်အပ်လိုက်တဲ့အတွက် အကူအညီ လိုအပ်နေတဲ့ကလေးငယ်တွေကို ကူညီဖို့ အခွင့်အလမ်းတွေ ပိုပြီးရသွားပါပြီ။ ကလေးနှစ်ယောက်ရဲ့ဖခင်ဖြစ်တဲ့အတွက် ကျွန်တော်ဟာ အရာရာတိုင်းမှာ ပါဝင်ဆောင်ရွက်နိုင်တဲ့အခွင့်အရေးကို ရရှိသွားခဲ့ပါပြီ။ တချို့မိဘတွေဟာ သားသမီးတွေနဲ့ နွေးနွေးထွေးထွေး မရှိကြတဲ့အတွက် တကယ်ပဲ စိတ်မကောင်းဖြစ်ရပါတယ်။ ကျွန်တော့်အဖေနဲ့အမေဟာ ကျွန်တော်တို့ကို သိပ်ချစ်ပါတယ်။ ကျွန်တော့်ကိုရော ကျွန်တော့်အစ်ကိုကိုပါ ပံ့ပိုးမှုတွေ ပေးခဲ့တယ်။ ဒါကြောင့်လည်း ကျွန်တော်ခုလိုကမ္ဘာကျော်ဘောလုံးသမားတစ်ယောက် ဖြစ်လာခဲ့တာပါ”ဟု ပြောကြားခဲ့သည်။

## အေမာခန်းနှင့် ထိုးသတ်မည့် အစီအစဉ်ကို ဖျက်သိမ်းပြီး အင်ဒရေဘာတိုနှင့်သာ ထိုးသတ်မည်ဟု မေဝဲသားကြေညာ

## မေဝဲသားသည် ၎င်းကိုကြောက်လန့်၍ ရှောင်ပြေးခြင်းဖြစ်သည်ဟု အေမာခန်းဆို

ဖိလစ်ပိုင်လက်ဝှေ့ကျော် မန်နီပက်ကွီယိုနှင့် ထိုးသတ်ပြီး ချန်ပီယံသရဖူကို ပိုင်ဆိုင်ထားမြဲဖြစ်သည့် ဖလွိုက်မေဝဲသားသည် ဗြိတိသျှလက်ဝှေ့ကျော် အေမာခန်းနှင့် ထိုးသတ်မည့် အစီအစဉ်ကိုဖျက်သိမ်းကာ တစ်နိုင်ငံတည်းသား အင်ဒရေဘာတိုနှင့်သာထိုးသတ်မည်ဖြစ်ကြောင်း ဩဂုတ်လ ၆ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့သည်။




မေဝဲသား၏ ကြေညာချက်ကြောင့် မေဝဲသားနှင့် အေမာခန်းတို့၏ယှဉ်ပြိုင်ထိုးသတ်ပွဲကို ကြည့်ရှုရန်အားခဲထားသည့်ပရိသတ်များ စိတ်ပျက်ခဲ့ရသည်။

ထို့ပြင် အေမာခန်းကလည်း မေဝဲသားသည် ၎င်းကိုကြောက်၍ရှောင်ပြေးသွားခြင်းဖြစ်သည်ဟုစွပ်စွဲပြောဆိုခဲ့သည်။

Money Man ဟု အမည်ပြောင်ပေးခံထားရသည့် မေဝဲသားသည် ၎င်း၏ နောက်ဆုံးထိုးသတ်ပွဲအဖြစ် ပြိုင်ဘက်ကို ရွေးချယ်ခဲ့ရာတွင် အချိန်ကြာမြင့်ခဲ့သော်လည်း ပြိုင်ဘက်ကို မတွေ့ရှိခဲ့သဖြင့် အေမာခန်းနှင့်ထိုးသတ်မည်ဖြစ်ကြောင်း ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ထုတ်ဖော်ပြောကြားခဲ့သည်။

သို့သော် ယခုအခါတွင် ၎င်း၏ နောက်ဆုံးထိုးသတ်ပွဲအဖြစ် ဘာတိုနှင့်သာ ထိုးသတ်တော့မည်ဖြစ်ကြောင်း ထုတ်ဖော်ကြေညာခဲ့သည်။ ဘာတိုနှင့် မေဝဲသားတို့သည် လာမည့်စက်တင်ဘာလ ၁၂ ရက်တွင် MGM Grand Garden Arena ၌ ထိုးသတ်ကြမည်ဖြစ်သည်။

မေဝဲသားသည် ပြီးခဲ့သည့်မေလအတွင်းက ထိုးသတ်ခဲ့သည့် ပက်ကွီအိုနှင့်ပွဲတွင် အနိုင်ရရှိခဲ့သော်လည်း တစ်ကမ္ဘာလုံးရှိ လက်ဝှေ့ပရိသတ်များ၏ ပြင်းပြင်းထန်ထန် ဝေဖန်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။

ထို့နောက် မေဝဲသားသည် နောက်တစ်ကြိမ် ထိုးသတ်ပြီးပါက လက်ဝှေ့ကြိုးဝိုင်းကို စွန့်ခွာတော့မည်ဟုကြေညာခဲ့ပြီး ၎င်း၏ပြိုင်ဘက်ကို လိုက်လံရှာဖွေခဲ့သည်။

ဗြိတိန်လက်ဝှေ့ကျော် အေမာခန်းက ၎င်းအား စိန်ခေါ်နေသည်မှာ ကြာမြင့်နေပြီဖြစ်သော်လည်း မသိကျိုးကျွန်ပြုနေခဲ့သည်။ သို့သော် အချိန်ကာလကြာမြင့်ခဲ့မှုကြောင့် စိန်ခေါ်သူအေမာခန်းအား ထိုးသတ်ရန်လက်ခံခဲ့သည်။

မေဝဲသားအားစိန်ခေါ်သူ အေမာခန်းသည် ပြီးခဲ့သည့်ဇွန်လအတွင်းက ခရစ္စအယ်လီဂရီနီနှင့် ထိုးသတ်ခဲ့ရာတွင် အနိုင်ရရှိခဲ့ပြီးနောက် မေဝဲသားအား စိန်ခေါ်ခဲ့ခြင်းဖြစ်သည်။ ၎င်းအနေဖြင့် မေဝဲသားနှင့် စက်တင်ဘာလအတွင်း ထိုးသတ်မည်ဆိုပါက အချိန်ကာလနီးကပ်နေသဖြင့် အရှုံးနှင့်ရင်ဆိုင်ရမည်ကို သိသော်လည်း စိန်ခေါ်ခဲ့ခြင်းဖြစ်သည်။

သို့သော် မေဝဲသားသည် အကြောင်းပြချက် တစ်စုံတစ်ရာမရှိဘဲ အေမာခန်းနှင့်ထိုးသတ်မည့်အစီအစဉ်အား ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

မေဝဲသားသည် ၎င်း၏နောက်ဆုံးယှဉ်ပြိုင်ထိုးသတ်ပွဲတွင် အရှုံးနှင့်ရင်မဆိုင်လိုသဖြင့် ယခုကဲ့သို့ အေမာခန်းနှင့် ထိုးသတ်မည့်အစီအစဉ်ကို ဖျက်သိမ်းလိုက်ခြင်းဖြစ်သည်ဟု သတင်းများက ရေးသားဖော်ပြထားသည်။

မေဝဲသားနှင့် ထိုးသတ်မည့် ဘာတိုသည် လက်ဝှေ့ပွဲပေါင်း ၃၃ပွဲ ထိုးသတ်ခဲ့သည့်အနက် ပွဲ ၃၀ အနိုင်ရရှိခဲ့ပြီး ၂၃ ပွဲမှာ အလဲထိုးပွဲများဖြစ်ကြောင်း သိရသည်။

■

## ARD ၏ ဖွင့်ချမှုအပေါ် အရေးယူပေးရန် IAAF နှင့် WADA တို့အား ဂျက်ဆီကာအင်းနစ်တောင်းဆို

ဂျာမန်ရုပ်သံ ARD နှင့် ဆန်းဒေးတိုင်းမ်သတင်းစာက ဖွင့်ချခဲ့သော အချက်အလက်များအပေါ် အရေးယူပေးရန် အပြည်ပြည်ဆိုင်ရာပြေးခုန်ပစ် အဖွဲ့ချုပ်(IAAF)နှင့် ကမ္ဘာ့တားမြစ်ဆေးဝါးဆန့်ကျင်ရေးအေဂျင်စီ (WADA) တို့အား ဗြိတိန်ခုနစ်မျိုးစုံချန်ပီယံ ဂျက်ဆီကာအင်းနစ်က တောင်းဆိုခဲ့ကြောင်း သိရသည်။

ARD က ၂၀၀၁ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း တာဝေးအပြေးပြိုင်ပွဲများတွင် ဆုတံဆိပ် ဆွတ်ခူးခဲ့သူများအနက် သုံးပုံတစ်ပုံမှာ တားမြစ်ဆေးသုံးစွဲခဲ့ပြီး ၎င်းတို့အနက် ရွှေတံဆိပ်ဆုရှင် ၅၅ဦးပါဝင်ခဲ့သည်ဟု ဖွင့်ချခဲ့ခြင်းဖြစ်သည်။ ထိုကဲ့သို့ဖွင့်ချခဲ့မှုကြောင့် အကြီးအကျယ်ဂယက်ရိုက်စေခဲ့ပြီး ပြေးခုန်ပစ်လောကကိုပါ နာမည်ပျက်စေခဲ့သည်။

အူစိန်ဘော့တ်၊ မိုဖာရက်တို့နှင့်အတူ ရိုးသားသန့်ရှင်းသူများအဖြစ် သတ်မှတ်ခံခဲ့ရသည့် အင်းနစ်က IAAF နှင့် WADA တို့ကျင့်သုံးနေသော လုပ်ထုံးလုပ်နည်းများအပေါ် ယုံကြည်ကြောင်း၊ ယခုစွပ်စွဲမှုများကိုလည်း စုံစမ်းစစ်ဆေးအရေးယူရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

# မြန်မာနိုင်ငံ၏ HS code 2012 Version အရ ကုန်စည်လိုင်းပေါင်း ၄၄၀၅ လိုင်းအား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတွင် သွင်းကုန်လိုင်စင်လျှောက်ထားရန် လိုအပ်သည့် ကုန်စည်စာရင်း Negative List များ

Chapter အလိုက် သွင်းကုန်လိုင်စင် လျှောက်ထားရန်လိုအပ်သော ကုန်စည်လိုင်း အရေအတွက်စာရင်း

| စဉ် | Chapter | Negative List | | |
|---|---|---|---|---|
| | | Auto-Licensing | Non- Auto | Total |
| 1 | 1 | | 50 | 50 |
| 2 | 2 | | 80 | 80 |
| 3 | 3 | | 316 | 316 |
| 4 | 4 | | 54 | 54 |
| 5 | 5 | | 28 | 28 |
| 6 | 6 | | 28 | 28 |
| 7 | 7 | | 169 | 169 |
| 8 | 8 | | 92 | 92 |
| 9 | 9 | 62 | - | 62 |
| 10 | 10 | | 44 | 44 |
| 11 | 11 | | 42 | 42 |
| 12 | 12 | | 78 | 78 |
| 13 | 13 | 20 | - | 20 |
| 14 | 14 | 16 | - | 16 |
| 15 | 15 | | 174 | 174 |
| 16 | 16 | | 78 | 78 |
| 17 | 17 | | 36 | 36 |
| 18 | 18 | 17 | - | 17 |
| 19 | 19 | 60 | - | 60 |
| 20 | 20 | 94 | - | 94 |
| 21 | 21 | 53 | - | 53 |
| 22 | 22 | | 57 | 57 |

Chapter အလိုက် သွင်းကုန်လိုင်စင် လျှောက်ထားရန်လိုအပ်သော ကုန်စည်လိုင်း အရေအတွက်စာရင်း

| စဉ် | Chapter | Negative List | | |
|---|---|---|---|---|
| | | Auto-Licensing | Non- Auto | Total |
| 23 | 23 | | 41 | 41 |
| 24 | 24 | | 42 | 42 |
| 25 | 25 | | 85 | 85 |
| 26 | 26 | | 40 | 40 |
| 27 | 27 | | 85 | 85 |
| 28 | 28 | | 194 | 194 |
| 29 | 29 | | 408 | 408 |
| 30 | 30 | 95 | - | 95 |
| 31 | 31 | | 32 | 32 |
| 32 | 34 | | 15 | 15 |
| 33 | 38 | | 72 | 72 |
| 34 | 40 | | 6655 | 121 |
| 35 | 41 | | 30 | 30 |
| 36 | 43 | | 16 | 16 |
| 37 | 47 | 22 | - | 22 |
| 38 | 50 | | 1 | 1 |
| 39 | 51 | | 3 | 3 |
| 40 | 52 | | 5 | 5 |
| 41 | 55 | | 2 | 2 |
| 42 | 63 | | 5 | 5 |
| 43 | 68 | | 3 | 3 |
| 44 | 70 | | 1 | 1 |

Chapter အလိုက် သွင်းကုန်လိုင်စင် လျှောက်ထားရန်လိုအပ်သော ကုန်စည်လိုင်း အရေအတွက်စာရင်း

| စဉ် | Chapter | Negative List | | |
|---|---|---|---|---|
| | | Auto-Licensing | Non- Auto | Total |
| 45 | 71 | | 84 | 84 |
| 46 | 72 | | 7 | 7 |
| 47 | 73 | | 1615 | 31 |
| 48 | 74 | 65 | - | 65 |
| 49 | 75 | 20 | - | 20 |
| 50 | 76 | | 13 | 4 |
| 51 | 78 | 10 | - | 10 |
| 52 | 79 | | 3 | 3 |
| 53 | 80 | | 1 | 1 |
| 54 | 81 | | 51 | 51 |
| 55 | 84 | | 224188 | 412 |
| 56 | 85 | | 62158 | 220 |
| 57 | 86 | 24 | - | 24 |
| 58 | 87 | | 3512 | 353 |
| 59 | 88 | | 22 | 22 |
| 60 | 89 | | 53 | 53 |
| 61 | 90 | | 1020 | 30 |
| 62 | 95 | | 16 | 16 |
| 63 | 96 | | 165 | 21 |
| 64 | 97 | | 12 | 12 |
| | | **909** | **3496** | **4405** |

## Negative List and Chapter for Import Licensing

| WCO H.S Code | AHTN Code | Stat. Code | Description | Negative List | |
|---|---|---|---|---|---|
| | | | | Auto Licence | Non-Auto Licence |
| **01.01** | | | **Live horses, asses, mules and hinnies.** | | |
| | | | - Horses: | | |
| 0101.21 | 0101.21.00 | 00 | - - Pure-bred breeding animals | | ✔ |
| 0101.29 | 0101.29.00 | 00 | - - Other | | ✔ |
| 0101.30 | | | - Asses: | | |
| | 0101.30.10 | 00 | - - Pure-bred breeding animals | | ✔ |
| | 0101.30.90 | 00 | - - Other | | ✔ |
| 0101.90 | 0101.90.00 | 00 | - Other | | ✔ |
| **01.02** | | | **Live bovine animals.** | | |
| | | | - Cattle: | | |
| 0102.21 | 0102.21.00 | 00 | - - Pure-bred breeding animals | | ✔ |
| 0102.29 | | | - - Other: | | |
| | 0102.29.10 | 00 | - - - Male cattle (including oxen) | | ✔ |
| | 0102.29.90 | 00 | - - - Other | | ✔ |
| | | | - Buffalo: | | |
| 0102.31 | 0102.31.00 | 00 | - - Pure-bred breeding animals | | ✔ |
| 0102.39 | 0102.39.00 | 00 | - - Other | | ✔ |
| 0102.90 | | | - Other: | | |
| | 0102.90.10 | 00 | - - Pure-bred breeding animals | | ✔ |
| | 0102.90.90 | 00 | - - Other | | ✔ |
| **01.03** | | | **Live swine.** | | |
| 0103.10 | 0103.10.00 | 00 | - Pure-bred breeding animals | | ✔ |
| | | | - Other: | | |
| 0103.91 | 0103.91.00 | 00 | - - Weighing less than 50 kg | | ✔ |
| 0103.92 | 0103.92.00 | 00 | - - Weighing 50 kg or more | | ✔ |
| **01.04** | | | **Live sheep and goats.** | | |
| 0104.10 | | | - Sheep: | | |
| | 0104.10.10 | 00 | - - Pure-bred breeding animals | | ✔ |
| | 0104.10.90 | 00 | - - Other | | ✔ |
| 0104.20 | | | - Goats: | | |
| | 0104.20.10 | 00 | - - Pure-bred breeding animals | | ✔ |
| | 0104.20.90 | 00 | - - Other | | ✔ |
| **01.05** | | | **Live poultry, that is to say, fowls of the species Gallus domesticus, ducks, geese, turkeys and guinea fowls.** | | |
| | | | - Weighing not more than 185 g: | | |
| 0105.11 | | | - - Fowls of the species Gallus domesticus: | | |
| | 0105.11.10 | 00 | - - - Breeding fowls | | ✔ |
| | 0105.11.90 | 00 | - - - Other | | ✔ |
| 0105.12 | | | - - Turkeys: | | |
| | 0105.12.10 | 00 | - - - Breeding turkeys | | ✔ |
| | 0105.12.90 | 00 | - - - Other | | ✔ |
| 0105.13 | | | - - Ducks: | | |
| | 0105.13.10 | 00 | - - - Breeding ducklings | | ✔ |
| | 0105.13.90 | 00 | - - - Other | | ✔ |
| 0105.14 | | | - - Geese: | | |
| | 0105.14.10 | 00 | - - - Breeding goslings | | ✔ |
| | 0105.14.90 | 00 | - - - Other | | ✔ |
| 0105.15 | | | - - Guinea fowls: | | |
| | 0105.15.10 | 00 | - - - Breeding guinea fowls | | ✔ |
| | 0105.15.90 | 00 | - - - Other | | ✔ |
| | | | - Other: | | |
| 0105.94 | | | - - Fowls of the species Gallus domesticus: | | |
| | 0105.94.10 | 00 | - - - Breeding fowls, other than fighting cocks | | ✔ |
| | 0105.94.40 | 00 | - - - Fighting cocks | | ✔ |
| | | | - - - Other: | | |
| | 0105.94.91 | 00 | - - - - Weighing not more than 2kg | | ✔ |
| | 0105.94.99 | 00 | - - - - Other | | ✔ |
| 0105.99 | | | - - Other: | | |
| | 0105.99.10 | 00 | - - - Breeding ducks | | ✔ |
| | 0105.99.20 | 00 | - - - Other ducks | | ✔ |
| | 0105.99.30 | 00 | - - - Breeding geese, turkeys and guinea fowls | | ✔ |
| | 0105.99.40 | 00 | - - - Other geese, turkeys and guinea fowls | | ✔ |
| **01.06** | | | **Other live animals.** | | |
| | | | - Mammals: | | |
| 0106.11 | 0106.11.00 | 00 | - - Primates | | ✔ |
| 0106.12 | 0106.12.00 | 00 | - - Whales, dolphins and porpoises (mammals of the order Cetacea); manatees and dugongs (mammals of the order Sirenia); seals, sea lions and walruses (mammals of the suborder Pinnipedia) | | ✔ |

| WCO H.S Code | AHTN Code | Stat. Code | Description | Negative List Auto Licence | Negative List Non-Auto Licence |
|---|---|---|---|---|---|
| 0106.13 | 0106.13.00 | 00 | - - Camels and other camelids (Camelidae) | | ✔ |
| 0106.14 | 0106.14.00 | 00 | - - Rabbits and hares | | ✔ |
| 0106.19 | 0106.19.00 | 00 | - - Other | | ✔ |
| 0106.20 | 0106.20.00 | 00 | - Reptiles (including snakes and turtles) | | ✔ |
| | | | - Birds: | | |
| 0106.31 | 0106.31.00 | 00 | - - Birds of prey | | ✔ |
| 0106.32 | 0106.32.00 | 00 | - - Psittaciformes (including parrots, parakeets, macaws and cockatoos) | | ✔ |
| 0106.33 | 0106.33.00 | 00 | - - Ostriches; emus (Dromaius novaehollandiae) | | ✔ |
| 0106.39 | 0106.39.00 | 00 | - - Other | | ✔ |
| | | | - Insects: | | |
| 0106.41 | 0106.41.00 | 00 | - - Bees | | ✔ |
| 0106.49 | 0106.49.00 | 00 | - - Other | | ✔ |
| 0106.90 | 0106.90.00 | 00 | - Other | | ✔ |
| **02.01** | | | **Meat of bovine animals, fresh or chilled.** | | |
| 0201.10 | 0201.10.00 | 00 | - Carcasses and half-carcasses | | ✔ |
| 0201.20 | 0201.20.00 | 00 | - Other cuts with bone in | | ✔ |
| 0201.30 | 0201.30.00 | 00 | - Boneless | | ✔ |
| **02.02** | | | **Meat of bovine animals, frozen.** | | |
| 0202.10 | 0202.10.00 | 00 | - Carcasses and half-carcasses | | ✔ |
| 0202.20 | 0202.20.00 | 00 | - Other cuts with bone in | | ✔ |
| 0202.30 | 0202.30.00 | 00 | - Boneless | | ✔ |
| **02.03** | | | **Meat of swine, fresh, chilled or frozen.** | | |
| | | | - Fresh or chilled: | | |
| 0203.11 | 0203.11.00 | 00 | - - Carcasses and half-carcasses | | ✔ |
| 0203.12 | 0203.12.00 | 00 | - - Hams, shoulders and cuts thereof, with bone in | | ✔ |
| 0203.19 | 0203.19.00 | 00 | - - Other | | ✔ |
| | | | - Frozen: | | |
| 0203.21 | 0203.21.00 | 00 | - - Carcasses and half-carcasses | | ✔ |
| 0203.22 | 0203.22.00 | 00 | - - Hams, shoulders and cuts thereof, with bone in | | ✔ |
| 0203.29 | 0203.29.00 | 00 | - - Other | | ✔ |
| **02.04** | | | **Meat of sheep or goats, fresh, chilled or frozen.** | | |
| 0204.10 | 0204.10.00 | 00 | - Carcasses and half-carcasses of lamb, fresh or chilled | | ✔ |
| | | | - Other meat of sheep, fresh or chilled: | | |
| 0204.21 | 0204.21.00 | 00 | - - Carcasses and half-carcasses | | ✔ |
| 0204.22 | 0204.22.00 | 00 | - - Other cuts with bone in | | ✔ |
| 0204.23 | 0204.23.00 | 00 | - - Boneless | | ✔ |
| 0204.30 | 0204.30.00 | 00 | - Carcasses and half-carcasses of lamb, frozen | | ✔ |
| | | | - Other meat of sheep, frozen: | | |
| 0204.41 | 0204.41.00 | 00 | - - Carcasses and half-carcasses | | ✔ |
| 0204.42 | 0204.42.00 | 00 | - - Other cuts with bone in | | ✔ |
| 0204.43 | 0204.43.00 | 00 | - - Boneless | | ✔ |
| 0204.50 | 0204.50.00 | 00 | - Meat of goats | | ✔ |
| **02.05** '0205.00 | 0205.00.00 | 00 | **Meat of horses, asses, mules or hinnies, fresh, chilled or frozen.** | | ✔ |
| **02.06** | | | **Edible offal of bovine animals, swine, sheep, goats, horses, asses, mules or hinnies, fresh, chilled or frozen.** | | |

| WCO H.S Code | AHTN Code | Stat. Code | Description | Negative List Auto Licence | Negative List Non-Auto Licence |
|---|---|---|---|---|---|
| 0206.10 | 0206.10.00 | 00 | - Of bovine animals, fresh or chilled | | ✔ |
| | | | - Of bovine animals, frozen: | | |
| 0206.21 | 0206.21.00 | 00 | - - Tongues | | ✔ |
| 0206.22 | 0206.22.00 | 00 | - - Livers | | ✔ |
| 0206.29 | 0206.29.00 | 00 | - - Other | | ✔ |
| 0206.30 | 0206.30.00 | 00 | - Of swine, fresh or chilled | | ✔ |
| | | | - Of swine, frozen: | | |
| 0206.41 | 0206.41.00 | 00 | - - Livers | | ✔ |
| 0206.49 | 0206.49.00 | 00 | - - Other | | ✔ |
| 0206.8 | 0206.80.00 | 00 | - Other, fresh or chilled | | ✔ |
| 0206.9 | 0206.90.00 | 00 | - Other, frozen | | ✔ |
| **02.07** | | | **Meat and edible offal, of the poultry of heading 01.05, fresh, chilled or frozen.** | | |
| | | | - Of fowls of the species Gallus domesticus: | | |
| 0207.11 | 0207.11.00 | 00 | - - Not cut in pieces, fresh or chilled | | ✔ |
| 0207.12 | 0207.12.00 | 00 | - - Not cut in pieces, frozen | | ✔ |
| 0207.13 | 0207.13.00 | 00 | - - Cuts and offal, fresh or chilled | | ✔ |
| 0207.14 | | | - - Cuts and offal, frozen: | | |
| | 0207.14.10 | 00 | - - - Wings | | ✔ |
| | 0207.14.20 | 00 | - - - Thighs | | ✔ |
| | 0207.14.30 | 00 | - - - Livers | | ✔ |
| | | | - - - Other: | | |
| | 0207.14.91 | 00 | - - - - Mechanically deboned or separated meat | | ✔ |
| | 0207.14.99 | 00 | - - - - Other | | ✔ |
| | | | - Of turkeys: | | |
| 0207.24 | 0207.24.00 | 00 | - - Not cut in pieces, fresh or chilled | | ✔ |
| 0207.25 | 0207.25.00 | 00 | - - Not cut in pieces, frozen | | ✔ |
| 0207.26 | 0207.26.00 | 00 | - - Cuts and offal, fresh or chilled | | ✔ |
| 0207.27 | | | - - Cuts and offal, frozen: | | |
| | 0207.27.10 | 00 | - - - Livers | | ✔ |
| | | | - - - Other: | | |
| | 0207.27.91 | 00 | - - - - Mechanically deboned or separated meat | | ✔ |
| | 0207.27.99 | 00 | - - - - Other | | ✔ |
| | | | - Of ducks: | | |
| 0207.41 | 0207.41.00 | 00 | - - Not cut in pieces, fresh or chilled | | ✔ |
| 0207.42 | 0207.42.00 | 00 | - - Not cut in pieces, frozen | | ✔ |
| 0207.43 | 0207.43.00 | 00 | - - Fatty livers, fresh or chilled | | ✔ |
| 0207.44 | 0207.44.00 | 00 | - - Other, fresh or chilled | | ✔ |
| 0207.45 | 0207.45.00 | 00 | - - Other, frozen | | ✔ |
| | | | - Of geese: | | |
| 0207.51 | 0207.51.00 | 00 | - - Not cut in pieces, fresh or chilled | | ✔ |
| 0207.52 | 0207.52.00 | 00 | - - Not cut in pieces, frozen | | ✔ |
| 0207.53 | 0207.53.00 | 00 | - - Fatty livers, fresh or chilled | | ✔ |
| 0207.54 | 0207.54.00 | 00 | - - Other, fresh or chilled | | ✔ |
| 0207.55 | 0207.55.00 | 00 | - - Other, frozen | | ✔ |
| 0207.60 | 0207.60.00 | 00 | - Of guinea fowls | | ✔ |

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

(၁) ရန်ကုန်တိုင်းဒေသကြီး — ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။
Fax:01-254023,
Ph:01-250270,254019
email: ygnmapt@gmail.com

(၂) ပဲခူးတိုင်းဒေသကြီး(အနောက်) — ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။
Fax : 053-28220,
Ph : 053-28032,28020

(၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) — အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။
Ph : 052-2221844, 2221108, 2221036

(၄) ဧရာဝတီတိုင်းဒေသကြီး — ပုသိမ်မြို့။
Fax : 042-21811,
Ph: 042-24520,24522
email: yiyinaingwin@gmail.com

(၅) မန္တလေးတိုင်းဒေသကြီး — မန္တလေးမြို့။
Fax : 02-36340,
Ph: 02-36342,36339
email: mdymapt@gmail.com

(၆) ရခိုင်ပြည်နယ် — စစ်တွေမြို့။
Fax:043-23426,Ph:043-23426

(၇) မကွေးတိုင်းဒေသကြီး — အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။
Fax : 063-23199,
Ph : 063-23196,23197

(၈) ရှမ်းပြည်နယ်(တောင်ပိုင်း) — အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။
Fax:081-2121093,Ph:081-2121627
email:m.myintmaungmaung@gmail.com

(၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) — ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။
Fax:084-21034,Ph:084-21034

(၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) — အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။
Fax:082-23493,Ph:082-23039

(၁၁) ကရင်ပြည်နယ် — ဘားအံမြို့။
Fax:058-21666,Ph:058-21041

(၁၂) တနင်္သာရီတိုင်းဒေသကြီး — ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။
Fax:059-41012,Ph:059-41012

(၁၃) ကချင်ပြည်နယ် — အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။
Fax:074-22459,Ph:074-22459

(၁၄) ကယားပြည်နယ် — (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။
Fax:083-21005,Ph:083-21005

(၁၅) မွန်ပြည်နယ် — အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။
Fax:057-24728, Ph:057-24318

(၁၆) စစ်ကိုင်းတိုင်းဒေသကြီး — သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။
Fax : 071-23630,
Ph:071-23630,22924

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

Organizations News
Vol: 15, No.30 Monday August 10 2015

# ၂၀၂၀ ပြည့်နှစ်မှာ အာဆီယံဒေသတွင်း ကုန်သွယ်မှု ၃၀ ရာခိုင်နှုန်း တိုးတက်မည်

အာရှဒေသရဲ့ ကြီးမားတဲ့ကုန်သွယ်မှု အချက်အချာဒေသတစ်ခု ဖြစ်လာဖို့အတွက် အခြေခံအချက်အလက်အားလုံး ပြည့်စုံနေတဲ့အတွက် အာဆီယံဒေသတွင်း ကုန်သွယ်မှုက ၂၀၂၀ ပြည့်နှစ်မှာ စုစုပေါင်း ကုန်သွယ်မှုရဲ့ ၃၀ ရာခိုင်နှုန်းအထိတိုးတက်လာမှာဖြစ်ကြောင်း မလေးရှားပြည်ပကုန်သွယ်မှုဖွံ့ဖြိုးရေး ကော်ပိုရေးရှင်း (Malaysia External Trade Development Corp-Matrade) ရဲ့ အမှုဆောင်အရာရှိချုပ် ဒါတွတ်ဇူကီဖလီ မိုဟာမက်ရဲ့ ပြောကြားချက်ကို ကိုးကားပြီး Bernama သတင်းမှာဖော်ပြပါတယ်။

လက်ရှိအချိန်မှာ စုစုပေါင်းကုန်သွယ်မှုရဲ့ ၂၄ ရာခိုင်နှုန်းရှိနေတဲ့ အာဆီယံဒေသတွင်းကုန်သွယ်မှုက အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community-AEC) အစီအစဉ်များကြောင့် ၂၀၂၀ ပြည့်နှစ်မှာ ၃၀ ရာခိုင်နှုန်းအထိရောက်ရှိလာနိုင်ကြောင်း သူကပြောပါတယ်။

အာဆီယံအဖွဲ့ဝင်နိုင်ငံတွေရဲ့ စီးပွားရေးတွေဆက်လက်ဖွံ့ဖြိုးနေတဲ့အတွက် အာဆီယံဒေသက ကုန်သွယ်မှုအတားအဆီးများကို အောင်မြင်စွာဖျက်သိမ်းပြီးဖြစ်ရာ အဖွဲ့ဝင်နိုင်ငံများအချင်းချင်း ကုန်သွယ်မှုအချိုးက ဆက်လက်မြင့်တက်လာနိုင်မှာ ဖြစ်ပါတယ်။

အာဆီယံဒေသမှာ အခွန်သုညရာခိုင်နှုန်း၊ ကောင်းမွန်တဲ့ဘဏ်လုပ်ငန်းစနစ်နဲ့ မြို့ပြဖြစ်ထွန်းမှုနှုန်းမြင့်မားမှုစတဲ့ အချက်တွေရှိနေပြီးဖြစ်သဖြင့် တိုးတက်ကောင်းမွန်တဲ့ အခြေခံအဆောက်အအုံနဲ့ မြင့်တက်လျက်ရှိတဲ့ ကုန်ထုတ်လုပ်မှုတွေရှိနေပြီးဖြစ်ကြောင်း ဇူကီဖလီက Bernama သတင်းဌာနကို ပြောပါတယ်။

အာဆီယံစီးပွားရေးတွေ ဆက်လက်ဖွံ့ဖြိုးနေတာနဲ့ အာဆီယံမှုဘောင်အရဆောင်ရွက်တဲ့ အာဆီယံပေါင်းစည်းရေးတွေကြောင့် အာဆီယံအတွင်းကုန်သွယ်မှုအချိုး ၃၀ ရာခိုင်နှုန်းအထိရောက်ရှိလာဖို့က အများကြီးဖြစ်နိုင်ကြောင်း သူက ပြောပါတယ်။ အေအီးစီမူကြမ်း (AEC Blueprint) ကို ပထမဆုံးစတင်အကောင်အထည်ဖော်ခဲ့တဲ့ ၂၀၀၈ ခုနှစ်က စုစုပေါင်းကုန်သွယ်မှုက အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၁ ထရီလီယံရှိခဲ့တဲ့အနက် အာဆီယံဒေသတွင်းကုန်သွယ်မှုက အမေရိကန်ဒေါ်လာ ၄၅၈ ဒသမ ၁ ဘီလီယံရှိခဲ့ရာမှ ၂၀၁၄ ခုနှစ် ဇူလိုင်မှာဒေသတွင်းကုန်သွယ်မှုက အမေရိကန်ဒေါ်လာ ၆၀၈ ဒသမ ၆၃ ဘီလီယံထိရောက်ရှိကာ စုစုပေါင်းကုန်သွယ်မှုရဲ့ ၂၄ ဒသမ ၂ ရာခိုင်နှုန်းထိရောက်ရှိခဲ့ပါတယ်။

# အာဆီယံအသိုက်အဝန်း အစီအစဉ်ကို ဂျပန်နိုင်ငံက ထောက်ခံ

အာဆီယံအသိုက်အဝန်း ထူထောင်ရေး ကနဦးအစီအစဉ်ကို ဂျပန်နိုင်ငံက အပြည့်အဝ ထောက်ခံမှုပေးခဲ့ပြီး စီးပွားရေးကဏ္ဍမှာ ပိုမိုပူးပေါင်းဆောင်ရွက်ဖို့ တိုက်တွန်းကြောင်း nst ဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြထားပါတယ်။ ဒေသတစ်ခုလုံးတည်ငြိမ်ရေးနဲ့ သာယာဝပြောရေးအတွက် ပေါင်းစည်းမှုရှိတဲ့ တည်ငြိမ်တဲ့၊ သာယာဝပြောတဲ့အာဆီယံဖြစ်ပေါ်လာရေးက အလွန်မတန်အရေးကြီးကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး မိနိုရူကီအုချိက ပြောပါတယ်။

၂၀၁၃ ခုနှစ်က ကျင်းပခဲ့တဲ့ ASEAN-Japan Commemorative Summit မှ ကြေညာခဲ့ တဲ့ Official Development Assistance (ODA) ငါးနှစ်စီမံကိန်းအတွက် ယန်းနှစ်ထရီလီယံသုံးစွဲဖို့ သဘောတူခဲ့တဲ့အနက် ယန်းဆီလီယံ ၈၅၀ ကျော် အကောင်အထည်ဖော်သုံးစွဲပြီးဖြစ်ကြောင်း ဩဂုတ်လ ၄ ရက်က New Straits Times သတင်းစာကိုပေးပို့ခဲ့တဲ့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။

အာဆီယံနဲ့ ဂျပန်နိုင်ငံတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုက မှန်မှန်တိုးတက်လျက်ရှိနေကြောင်း ဩဂုတ်လ ၅ ရက်ကကျင်းပတဲ့ (၄၈) ကြိမ်မြောက်အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးနဲ့အတူ တွဲဖက်ကျင်းပတဲ့ ဂျပန်-အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးကို တက်ရောက်လာသူ မိနိုရူက ပြောပါတယ်။

ယခုနှစ်အကုန်မှာ ဆောင်ရွက်မယ့် အာဆီယံအသိုက်အဝန်းထူထောင်ရေးနဲ့ ပေါင်းစည်းရေးကြိုးပမ်းမှုတွေကို ဂျပန်နိုင်ငံက အပြည့်အဝထောက်ခံမှာဖြစ်ကြောင်းနဲ့ ဒီလိုဆောင်ရွက်မှုကို အထောက်အကူပြုတဲ့အနေနဲ့ လာမယ့်ငါးနှစ်အတွင်း အာရှဒေသမှာ အရည်အသွေးပြည့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာ ဘီလီယံ ၁၁၀ ဖြည့်ဆည်းပေးသွားမှာဖြစ်ကြောင်းလည်းပြောပါတယ်။ ဂျပန်နိုင်ငံနဲ့ အာဆီယံအဖွဲ့ဝင် နိုင်ငံတွေပူးပေါင်းပြီး ဒေသတွင်း ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးအတွက် ထိထိရောက်ရောက် ထောက်ပံ့ပေးသွားမှာဖြစ်ကြောင်း မိနိုရူက ပြောပါတယ်။

ဂျပန်နိုင်ငံရဲ့ "ငြိမ်းချမ်းရေးအတွက် ထိထိရောက်ရောက်အထောက်အကူပြုရေး" လမ်းစဉ်က ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးအတွက် ဥပဒေပြုရေး အပါအဝင်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အခြေခံမှုကို အခြေခံထားကြောင်းသူက ပြောပါတယ်။ ဒါကြောင့် ရေကြောင်းသွားလာမှု၊ လုံခြုံရေးနဲ့ ရေကြောင်းလမ်းပြလုပ်ငန်း ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဂျပန်နိုင်ငံအနေနဲ့ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ကြောင်းလည်း သူကပြောပါတယ်။

# BRICS ရဲ့ စီးပွားရေးဖိုရမ်ကို စက်တင်ဘာလတွင် ကျင်းပမည်

ပိုမိုကောင်းမွန်တဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းများ ရရှိနိုင်မယ့်နည်းလမ်းတွေကို ရှာဖွေနိုင်ဖို့ ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နဲ့ တောင်အာဖရိက အဖွဲ့ဝင်ငါးနိုင်ငံပါဝင်တဲ့ BRICS ရဲ့ စီးပွားရေးဖိုရမ်ကို စက်တင်ဘာလအတွင်း ဒူဘိုင်းမှာ ပထမဆုံးအကြိမ်အဖြစ် ကျင်းပမှာ ဖြစ်ပါတယ်။

"အစည်းအဝေးနဲ့ ဆွေးနွေးပွဲတွေမှာ စီးပွားရေးနဲ့ ယဉ်ကျေးမှုကြီးထွားဖွံ့ဖြိုးရေးအတွက် အဓိကထားပြီး ဆွေးနွေးကြမှာဖြစ်ပါတယ်" လို့ ဒူဘိုင်းအခြေစိုက် ရုရှားစီးပွားရေးကောင်စီ (Russion Business Council-RBC) ဥက္ကဋ္ဌ အိုက်ဂါအီရိုရှော့က ပြောပါတယ်။

စီးပွားရေးလုပ်ငန်း အကောင်အထည်ဖော်မှုအတွက် လမ်းပြမြေပုံ (လမ်းညွှန်အစီအစဉ်) ကို ဖော်ထုတ်ပေးမယ့် ပလက်ဖောင်းတစ်ခုအဖြစ် BRICS ဖိုရမ်ကိုအသုံးပြုသွားမှာဖြစ်ပါတယ်။ အဖွဲ့ဝင်ငါးနိုင်ငံအချင်းချင်းမျှဝေပေးဖို့နဲ့ အပြန်အလှန် အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ဖလှယ်ပေးစရာတွေ အမြောက်အမြားရှိနေပါတယ်"လို့ အိန္ဒိယစီးပွားရေးလုပ်ငန်းနဲ့ ပညာသည်များ ကောင်စီ (Indian Business and Professional Council-IBPC) ဥက္ကဋ္ဌ ကူလ်ဝန့်ဆင်းက ပြောပါတယ်။




ယူအေအီးမှာ လုပ်ငန်းဆောင်ရွက်နေတဲ့ BRICS ကုမ္ပဏီတွေအတွက် နည်းပညာဗဟုသုတတွေ ဖလှယ်ဖို့၊ တီထွင်ဖန်တီးမှုအတွက် ကုမ္ပဏီတွေရဲ့ စွမ်းဆောင်ရည်နဲ့ ဈေးကွက်အတွင်းမှာ ယှဉ်ပြိုင်နိုင်မှုစွမ်းရည် တိုးတက်ကောင်းမွန်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များကို ပူးပေါင်းချမှတ်နိုင်ဖို့အတွက် ဖိုရမ်က အခွင့်အလမ်းတွေ ပေးသွားမှာဖြစ်ကြောင်း ယူအေအီးအစိုးရရဲ့ သတင်းအေဂျင်စီ WAM မှာ ဖော်ပြထား ပါတယ်။

ဖိုရမ်ကို RBC က စည်းရုံးဆောင်ရွက်တာဖြစ်ပြီး အိန္ဒိယနိုင်ငံမှ IBPC နဲ့ ယူအေအီးမှာရှိတဲ့ ဘရာဇီးကုန်သွယ်ရေးမစ်ရှင် (Brazilian Trade Mission) တို့ ပူးပေါင်းပါဝင် ကျင်းပပေးတာ ဖြစ်ပါတယ်။

# စီးပွားရေးအပေါ် အာဆီယံဒေသရှိ အမှုဆောင် အရာရှိချုပ်များရဲ့ ယုံကြည်မှုကျဆင်း

အာဆီယံဒေသခွဲအတွက် YPO Global Pulse Confidence Index ရဲ့ ၂၀၁၅ ခုနှစ် ဒုတိယ သုံးလပတ်အတွက် အညွှန်းကိန်းက ၆၅ မှတ်ရှိရာမှ ၄ ဒသမ ၉ မှတ် ကျဆင်းကာ ၆၀ ဒသမ ၁ မှတ်ရှိခဲ့ကြောင်း bernama သတင်းမှာ ဖော်ပြထားပါတယ်။ ဒါပေမယ့် အာဆီယံဒေသတွင်းရှိ အမှုဆောင်အရာရှိချုပ် (Chief Executive Officers-CEO) များရဲ့ စီးပွားရေးအပေါ် ယုံကြည်မှုကို တစ်ကမ္ဘာလုံးခြုံ၍ တွက်ချက်ထားတဲ့ ယုံကြည်မှုအဆင့်ဖြစ်တဲ့ ၆၀ ဒသမ ၉ နဲ့ ကိုက်ညီမှုရှိသလို အာရှတစ်ခုလုံးရဲ့ ယုံကြည်မှုနှုန်းဖြစ်တဲ့ ၆၂ မှတ်နဲ့ နှိုင်းယှဉ်ပါကလည်း အများကြီး ကွာခြားမှုမရှိတာကို တွေ့ရပါတယ်။

ယုံကြည်မှုမှာ ထူးထူးခြားခြားကျဆင်းတာက အင်ဒိုနီးရှား၊ မလေးရှားနဲ့ စင်ကာပူတို့ဖြစ်ပါတယ်။ ယုံကြည်မှုအဆင့်မြင့်တက်လာတဲ့ နိုင်ငံတွေက ဗီယက်နမ်နဲ့ ထိုင်းနိုင်ငံတို့ ဖြစ်ပါတယ်။

ကမ္ဘာ့ဝယ်လိုအားကျဆင်းမှု၊ တရုတ်စီးပွားရေးနှေးကွေးကျဆင်းမှုနဲ့ ကုန်စည်ဈေးနှုန်းတွေ တစ်ဟုန်ထိုး ကျဆင်းမှုစတဲ့ အကြောင်းတရားတွေက ပို့ကုန်ကိုမှီခိုအားထားနေရတဲ့ အာဆီယံနိုင်ငံတွေအပေါ် လွှမ်းမိုးမှုရှိခဲ့ရာ အထူးသဖြင့် အင်ဒိုနီးရှားနဲ့ မလေးရှားတို့အပေါ် အကျိုးသက်ရောက်မှုရှိခဲ့ကြောင်း Courts Asia ရဲ့ ဒေသတွင်း အမှုဆောင်အရာရှိချုပ်နဲ့ YPO အရှေ့တောင်အာရှဒေသဆိုင်ရာ ဌာနခွဲဥက္ကဋ္ဌ တယ်ရီအိုကေနားက ပြောပါတယ်။

ဇွန်လအတွင်းက တရုတ်ရှန်ဟဲစတော့ဈေးကွက်အညွှန်းကိန်း ပြိုကွဲလုနီးပါးဖြစ်ခဲ့တဲ့ အခြေအနေကလည်း စိုးရိမ်မှုကိုပိုမိုကြီးထွားလာစေပါတယ်။ ၂၀၁၅ ခုနှစ် ဒုတိယသုံးလပတ်မှာ YPO Global Pulse Confidence Index က သုည ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းကာ ၆၁ ဒသမ ၅ ရာခိုင်နှုန်းမှ ၆၀ ဒသမ ၉ ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့ပါတယ်။ ဒီကျဆင်းမှုက ယခင်နှစ်ကစံချိန်တင်ရောက်ရှိခဲ့တဲ့ ၆၄ ရာခိုင်နှုန်းမှ သုံးလပတ်လေးကြိမ်ဆက်တိုက် ကျဆင်းခဲ့တာဖြစ်ပါတယ်။

ယခုသုံးလပတ် စစ်တမ်းကိုပြုစုရာမှာ ၂၀၁၅ ခုနှစ် ဇူလိုင်လပထမသီတင်းနှစ်ပတ်အတွင်းကောက်ယူခဲ့ခြင်းဖြစ်ပြီး စစ်တမ်းတွင်ပါဝင်ဖြေကြားသူ CEO များအနက် ၂၁၂၇ ဦးမှာအာရှဒေသမှ ၂၇၆ ဦးပါဝင်ပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

# အမေရိကန်ပြည်ထောင်စုရှိ အာရှသားများနဲ့ လက်တင်အမေရိကနိုင်ငံသားတွေကို ရည်မှန်းချက်ထားဖို့ ထိုင်းပို့ကုန်လုပ်ငန်းရှင်တွေကို တိုက်တွန်း

အမေရိကန်ပြည်ထောင်စုမှာနေထိုင်ကြတဲ့ အာရှသားတွေနဲ့ စပိန်နွယ်ဖွား တောင်အမေရိကနိုင်ငံသားတွေရဲ့ ဝယ်ယူနိုင်စွမ်းအားမြင့်မားပြီး ရေရှည်မှာ ခိုင်မာတဲ့ ပို့ကုန်ဈေးကွက်ကြီးဖြစ်လာနိုင်တဲ့အတွက် အမေရိကန်ပြည်ထောင်စု မှာရှိနေတဲ့ အဲဒီဈေးကွက်နှစ်ခုကိုထိုးဖောက်ဖို့ ထိုင်းပို့ကုန်လုပ်ငန်းရှင်တွေကို တိုက်တွန်းထားကြောင်း နေးရှင်းသတင်းမှာဖော်ပြပါတယ်။

ထိုင်းပို့ကုန်မြှင့်တင်ရေးအေဂျင်စီက ခိုင်မာပြတ်သားတဲ့ပို့ကုန်မဟာဗျူဟာကို ချမှတ်ဆောင်ရွက်လျက်ရှိရာ ဒီမဟာဗျူဟာမှာ လက်ရှိကမ္ဘာ့အလားအလာတွေနဲ့လိုက်လျောညီထွေရှိတဲ့ ရည်မှန်းချက်တွေကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမြှင့်တင်ရေးဌာန ညွှန်ကြားရေးမှူးချုပ် နွန်တာဝန် ဆာကွန်တာနာဂါကပြောပါတယ်။

လုပ်ငန်းသစ် နယ်ပယ်တွေ ဝင်ရောက်ဖို့နဲ့ ဈေးကွက်လမ်းကြောင်းတွေကို တီထွင်ဖန်တီးချဲ့ထွင်နိုင်ဖို့အတွက် အစုအဖွဲ့ဖြင့်ဈေးကွက်ရှာဖွေတဲ့ နည်းလမ်း Cluster Marketing Approach ကိုပို့ကုန်မြှင့်တင်ရေးဌာနက တိုးမြှင့်အသုံးပြုသွားမှာ ဖြစ်ပါတယ်။ အမေရိကန် ဈေးကွက်အတွင်းထိုးဖောက် ဝင်ရောက်နိုင်ရေးအတွက် ပြည်တွင်းကုမ္ပဏီတွေကို ပညာပေးလေ့ကျင့်မယ့် မဟာဗျူဟာတွေကို ဌာနက ချမှတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဲဒီကိစ္စအတွက် နှီးနှောဖလှယ်ပွဲကို ဩဂုတ် ၁၀ ရက်၊ ၁၁ ရက်နေ့မှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။

မကြာသေးမီက ပြုလုပ်ခဲ့တဲ့ လေ့လာမှုများအရ ၂၀၂၀ ပြည့်နှစ်မှာ စပိန်နွယ်ဖွား တောင်အမေရိကနိုင်ငံသားတွေက အမေရိကန်လူဦးရေရဲ့ သုံးပုံတစ်ပုံအထိရောက်ရှိလာပြီး အာရှတိုက်သားဦးရေက အဲဒီအချိန်မှာ သန်း ၂၀ အထိရောက်ရှိလာမယ်လို့ ခန့်မှန်းရပါတယ်။ ဒီအုပ်စုတွေက ဝင်ငွေမြင့်မားသူဖြစ်လာမယ်လို့ ခန့်မှန်းထားပါတယ်။ အစားအစာစားသောက်ရာမှာ အိမ်မှာသာချက်စားတဲ့ အလေ့အထရှိတဲ့အတွက် အစားအစာ၊ ပင်လယ်စာနဲ့ တခြားဟင်းချက်စရာ အမယ်တွေကို တင်ပို့နေတဲ့ ထိုင်းပို့ကုန်လုပ်ငန်းတွေအတွက် အခွင့်အလမ်းတွေအများကြီး တိုးတက်လာနိုင်ပါတယ်။

ထူးခြားတဲ့ ဒီဈေးကွက်တွေနဲ့ ပတ်သက်ပြီး ထိုင်းပို့ကုန်လုပ်ငန်းရှင်တွေ စိတ်ဝင်စားလာနိုင်စေဖို့အတွက် နှီးနှောဖလှယ်ပွဲကို ကျင်းပရတာဖြစ်ပါတယ်။

ဒါကြောင့် နှီးနှောဖလှယ်ပွဲမှာ လာရောက်ဟောပြောပို့ချဖို့ ကျွမ်းကျင်သူတွေကို ပို့ကုန်မြှင့်တင်ရေးဌာနက ဖိတ်ကြားထားပါတယ်။

# ဗီယက်နမ် အခွန်တိမ်းရှောင်သူတို့က အစိုးရသို့ အခွန်ပေးသွင်းငွေ ဒေါ်လာသန်း ၃၀ ကျော်

အခွန်တိမ်းရှောင်သူများစာရင်းကို ယခင်ရက်သတ္တပတ်က ကြေညာပြီးနောက် ပိုင်း ဗီယက်နမ်အစိုးရသို့ပေးသွင်းရမယ့် စီးပွားရေးလုပ်ငန်း ၂၆၈ ခုအနက် ၁၃၆ ခုက ပေးဆောင်ရမယ့်ငွေမှာ စုစုပေါင်းဗီယက်နမ်ဒေါင် ဘီလီယံ ၇၀၀ (အမေရိကန် ဒေါ်လာ ၃၂ ဒသမ ၁ သန်း) ရှိခဲ့ကြောင်း မြို့တော်အခွန်ဌာနရဲ့ ထုတ်ပြန်ချက်ကို ကိုးကား ပြီး VNS သတင်းမှာ ဖော်ပြထားပါတယ်။ အခွန်ပေးဆောင်ငွေအများစုမှာ အိမ်ရာ မြေစီမံကိန်းများကပေးဆောင်ရန်ရှိတဲ့ မြေအသုံးချခွန်တွေ ဖြစ်ပါတယ်။

စီးပွားရေးလုပ်ငန်းတွေက အခွန်များပေးဆောင်လာအောင် ဆောင်ရွက်ရာမှာ အခွန်တိမ်းရှောင်နေသူတွေရဲ့ အမည်စာရင်းကိုကြေညာပေးခြင်း အကောင်းဆုံးနည်းလမ်းတစ်ခု ဖြစ်ကြောင်း အခွန်ဌာနအရာရှိတစ်ဦးက ပြောပါတယ်။ ဒါပေမယ့် အခွန်တိမ်းရှောင်သူ ၆၀၀ ရဲ့စာရင်းကိုထုတ်ပြန်ပြီးနောက် တချို့နာမည်တွေမှာ မှားယွင်းနေတာကို တွေ့ရပါတယ်။ စီးပွားရေးလုပ်ငန်းရှစ်ခုကပိုင်ရှင်မရှိတာကို တွေ့ရပြီး လုပ်ငန်း ၂၇ ခုကိုတော့ ကျသင့်တာထက် ပိုမိုတောင်းခံထားတာကို တွေ့ရပါတယ်။ အမှားအယွင်းတွေပါ သွားရတာက ဆော့ဖ်ဝဲ အသစ်ကြောင့်ဖြစ်ရတယ်လို့ ဌာနကပြောပါတယ်။



ကြွေးကျန်ရှိသူတွေရဲ့ စာရင်းထုတ်ပြန်ချိန်က သတင်းအချက်အလက်မှားနေတာပါဝင်နေတဲ့အတွက် အခွန်ထမ်းတွေကိုတောင်းပန်ကြောင်း ဇူလိုင် ၃၁ ရက်နေ့ကပြုလုပ်တဲ့သတင်းစာရှင်းလင်းပွဲမှာ ဒုတိယဘဏ္ဍာရေးဝန်ကြီး ဒိုဟောင်အန်းတူအန်ကပြောပါတယ်။ သတင်းအချက်အလက်အမှားတွေကြောင့် လုပ်ငန်းတွေဆောင်ရွက်ရာမှာ ထိခိုက်မှုတွေရှိမယ်ဆိုရင် ဒီပြဿနာတွေ ဖြေရှင်းဖို့အတွက် ဝန်ကြီးဌာနက အစီအမံတွေချမှတ်သွားမှာဖြစ်ကြောင်း သူကပြောပါတယ်။ တိမ်းရှောင်နေတဲ့အခွန်ပမာဏက ၂၀၁၅ ခုနှစ်မှာ ကောက်ခံရမယ့် အခွန်ပမာဏရဲ့ ၁၀ ရာခိုင်နှုန်းအထိ ရောက်ရှိနေပြီး အဲဒီပမာဏဟာများပြားလွန်းတဲ့အတွက် ယခုလို မဖြစ်မနေထုတ်ပြန်ခဲ့ရတာဖြစ်ကြောင်း သူကပြောပါတယ်။

ယခုနှစ်ပထမခြောက်လအတွင်း ထမ်းဆောင်ခြင်းမရှိတဲ့ အခွန်ပမာဏက ဗီယက်နမ်ဒေါင် ၇၄ ထရီလီယံ (အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ ဘီလီယံ) ရှိကြောင်းသူကပြောပါတယ်။ တင်းကျပ်တဲ့အစီအမံတွေကို ချမှတ်ဆောင်ရွက်ခြင်းမရှိဘူးဆိုရင် အခွန်ကြွေးကျန်တွေကြောင့် နိုင်ငံတော်ဘတ်ဂျက်နဲ့ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို ထိခိုက်မှုရှိစေနိုင်ကြောင်းလည်း ပြောပါတယ်။

အမည်စာရင်းထုတ်ပြန်ခဲ့တဲ့ ကုမ္ပဏီ ၆၀၀ မှာပါဝင်တဲ့ကုမ္ပဏီတွေကိုကြည့်ပါက ပေးဆောင်ရမယ့်အခွန်အများဆုံးရှိနေတဲ့ ကုမ္ပဏီတွေကို နှိုးဆော်စာပေးပို့ထားပေမယ့် သတ်မှတ်ထားတဲ့ ၂၁ ရက်အတွင်း လာရောက်ပေးဆောင်ခြင်းမရှိတဲ့ ကုမ္ပဏီတွေဖြစ်နေတာကို တွေ့ရပါတယ်။

# မလေးရှားကုန်ချောထုတ်လုပ်မှုကဏ္ဍ ဇူလိုင်လတွင် ကျဆင်း

စီးပွားရေးလုပ်ငန်းတွေမှာ ဝယ်လိုအားကျဆင်းခြင်းနဲ့ စီးပွားရေးမှာ စိန်ခေါ်မှုနဲ့ပြည့်ဝနေတဲ့ အခြေအနေတွေကြောင့် မလေးရှားနိုင်ငံရဲ့ ကုန်ထုတ်လုပ်မှုကဏ္ဍရှိ ထုတ်လုပ်မှုအခြေအနေများက ဇူလိုင်လအတွင်းက ကျဆင်းခဲ့ကြောင်း NIKKei Purchasing Manager's Index မှ နောက်ဆုံးထုတ်ပြန်တဲ့ ကိန်းဂဏန်းများအရ သိရပါတယ်။

မလေးရှား စီးပွားရေးလုပ်ငန်းများအတွက် သွင်းအားစုတွေရဲ့ ဈေးနှုန်းတွေမြင့်တက်နေချိန်မှာ စက်ရုံများအတွက် အမှာစာ အသစ်များက ပဥ္စမမြောက်လအဖြစ် ဆက်တိုက်ကျဆင်းမှုကြောင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းနဲ့ အလုပ်အကိုင်ရရှိမှုအခြေအနေပါ ကျဆင်းစေခဲ့ပါတယ်။

Purchasing Manager's Index ဆိုတာက အမှာစာသစ်၊ အလုပ်အကိုင်ရရှိမှု၊ ကုန်စည်ဖြန့်ဖြူးသူတွေရဲ့ ဖြန့်ချိတဲ့အချိန်ကာလနဲ့ ဝယ်ယူထားတဲ့ပစ္စည်းတွေရဲ့ သိုလှောင်မှု စတဲ့ညွှန်းကိန်းတွေကို အခြေခံပြီး ကုန်ထုတ်လုပ်မှုအခြေအနေကို စုစည်းဖော်ပြတဲ့ အညွှန်းကိန်းဖြစ်ပါတယ်။ မလေးရှား PMI ညွှန်းကိန်းကိုပြုစုရာမှာ တန်ဖိုးနည်းသတ္တု၊ ဓာတုဗေဒကုန်ပစ္စည်းနဲ့ ပလတ်စတစ်၊ လျှပ်စစ်၊ အစားအစာနဲ့ အဖျော်ယမကာ၊ စက်မှုအင်ဂျင်နီယာ၊ အထည်ချုပ်နဲ့အဝတ်အထည်၊ သစ်၊ သယ်ယူပို့ဆောင်မှုစတဲ့ ကဏ္ဍတွေမှာရှိတဲ့ အမှုဆောင်အရာရှိ ၅၅၀ ထံမှ စစ်တမ်းကောက်ယူပြုစုထားတာဖြစ်ပါတယ်။ မလေးရှားကုန်ထုတ်လုပ်သူတွေရဲ့ လုပ်ငန်းလည်ပတ်မှုတွေ ကျဆင်းနေကြောင်း နောက်ဆုံးကောက်ယူရရှိတဲ့ ကိန်းဂဏန်းတွေအရ သိရကြောင်း Markit စစ်တမ်းကောက်ယူရေးအေဂျင်စီမှ စီးပွားရေးပညာရှင် အေမီဘရောင်းဘီလ်က ပြောပါတယ်။

ဇူလိုင်လအတွင်းမှာ ခြောက်လမြောက်အဖြစ် အမှာစာသစ်တွေ တိုးတက်များပြားလာတယ်ဆိုပေမယ့် ကုန်အဝယ်တွေက ဒုတိယလအဖြစ်ဆက်တိုက်ကျဆင်းနေတဲ့အတွက် ပြည်တွင်းဝယ်လိုအားက ကျဆင်းလျက်ရှိပါတယ်။ ဒါကြောင့် နောက်ဆုံး သုံးသပ်ချက်အရ အမှာစာသစ်တွေ ကျဆင်းခဲ့ကြောင်း စစ်တမ်းကောက်ယူထားတဲ့ အချက်အလက် တွေအရ သိရပါတယ်။

# ၂၀၁၅ ခုနှစ် ဒုတိယသုံးလပတ်မှာ အင်ဒိုနီးရှားနိုင်ငံ ဖွံ့ဖြိုးမှု ဆက်လက်ကျဆင်း

အင်ဒိုနီးရှားနိုင်ငံရဲ့ ဖွံ့ဖြိုးမှုနှုန်းက ၂၀၁၅ ခုနှစ် ဒုတိယသုံးလပတ်မှာ ၂၀၀၉ ခုနှစ်နောက်ပိုင်းအနိမ့်ဆုံးအဖြစ် ကျဆင်းခဲ့ကြောင်း ဩဂုတ်လ ၅ ရက်နေ့ကထုတ်ပြန်တဲ့ စာရင်းများအရ သိရပါတယ်။

ဒီအခြေအနေကို ကြည့်ခြင်းအားဖြင့် အရှေ့တောင်အာရှမှာ စီးပွားရေးအရ အင်အားအကြီးမားဆုံးဖြစ်တဲ့ အင်ဒိုနီးရှားနိုင်ငံရဲ့ စီးပွားရေးကို တိုးတက်အောင်ဆောင်ရွက်ရာမှာ သမ္မတ ဂျိုကိုဝီဒိုဒိုအတွက် အခက်အခဲများနဲ့ ရင်ဆိုင်လုံးပန်းရမယ့်သဘောကိုတွေ့ရကြောင်း ဂျကာတာပို့စ်သတင်းမှာ ဖော်ပြထားပါတယ်။

အင်ဒိုနီးရှားနိုင်ငံရဲ့ စီးပွားရေးက ယခင်သုံးလပတ်မှာ ဖွံ့ဖြိုးမှုနှုန်း ၄ ဒသမ ၇၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ဇွန်လကုန်ဆုံးတဲ့သုံးလပတ်မှာ ၄ ဒသမ ၆၇ ရာခိုင်နှုန်းတိုးတက်မှုရှိခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံရဲ့ စာရင်းအင်းအေဂျင်စီက ပြောပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုရလဒ်က အများကြီး စိတ်ပျက်စရာကောင်းကြောင်း၊ လောလောဆယ်မှာ ဖွံ့ဖြိုးတိုးတက်အောင် အားပေးမောင်းနှင်ပေးမယ့် ဖွံ့ဖြိုးမှုအင်ဂျင်စက်မရှိသေးကြောင်းနဲ့ အိမ်ထောင်စုများသုံးစွဲမှုမှ အစပြုပြီး အစိုးရအသုံးစရိတ်နဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအဆုံး အဘက်ဘက်မှ အားနည်းမှုများ ရှိနေကြောင်း OCBC Bank မှ စီးပွားရေးပညာရှင် ဝီလျံဝီရန်တိုက အေအက်ဖ်ပီသတင်းဌာနကို ပြောပါတယ်။

အစဉ်အလာအားဖြင့် စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပေးခဲ့တဲ့ ကုန်ချောထုတ်လုပ်မှု၊ ကုန်သွယ်မှုနဲ့ သတ္တုတူးဖော်ရေးကဏ္ဍတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုက ယခင်နှစ်ကာလတူနဲ့နှိုင်းယှဉ်ရင် တိုးတက်မှုနှုန်းနှေးနေကြောင်း စာရင်းအင်းအေဂျင်စီကပြောပါတယ်။

ဝီဒိုဒိုသမ္မတအဖြစ် ရွေးချယ်ခံရပြီးနောက် တိုးတက်မှုနှုန်းကျဆင်းနေတဲ့ စီးပွားရေးကို ဖွံ့ဖြိုးလာအောင်မြှင့်တင်နိုင်ဖို့အတွက် အစိုးရအသုံးစရိတ်ကို မြှင့်တင်ပေးမယ်လို့ ကတိပြုခဲ့ပါတယ်။ ဒါပေမယ့် ဒုတိယသုံးလပတ်မှာ ရရှိခဲ့တဲ့ရလဒ်တွေကိုကြည့်ရင် ဝီဒိုဒိုကတိပေးခဲ့တဲ့ ကတိတွေ ဖြည့်ဆည်းပြီးတဲ့ အထောက်အထားမျိုးကို မတွေ့ရသေးပါဘူး။

သမ္မတကသူ့ရဲ့ ပထမနှစ်သက်တမ်းမှာ နိုင်ငံရေးအရအကဲဆတ်တဲ့လောင်စာဆီ ထောက်ပံ့မှုတွေကို ဖယ်ရှားပေးပြီး တိုင်းပြည်အတွင်း ယိုယွင်းနေတဲ့ အခြေခံအဆောက်အအုံကိုပြုပြင်ပေးဖို့ကတိပြုခဲ့ပါတယ်။

ဒါပေမယ့် အခြေခံအဆောက်အအုံ စီမံကိန်းတွေအတွက် ငွေကြေးသုံးစွဲမှုမှာ နှောင့်နှေးမှုရှိခဲ့ပါတယ်။ အစိုးရရဲ့ စီမံကိန်းတိုးတက်ရေးမှာ ဗျူရိုကရေစီစနစ်က အကြောင်းအရင်းတစ်ခုဖြစ်ခဲ့ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

### အေသာင်

ဂရိနိုင်ငံရဲ့ စီးပွားရေးပြိုကွဲမှုနဲ့ ဘဏ္ဍာရေး အကျပ်အတည်းကို သက်သာရာရစေဖို့ ရည်ရွယ်ပြီး ဂရိနိုင်ငံအား ယူရို ၈၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၉၄ ဘီလီယံ)ချေးငွေရရှိရေးအတွက် စေ့စပ်ညှိနှိုင်းလျက်ရှိရာ ဩဂုတ်လ နှောင်းပိုင်းမှာ သဘောတူစာချုပ်ချုပ်ဆိုနိုင်အောင် ဆောင်ရွက်သင့်ကြောင်း ဂရိဝန်ကြီးချုပ် အလက်ဇစ်ဆီးပရပ်နဲ့ ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်တို့က ဩဂုတ်လ ၆ ရက်နေ့ကပြောကြားချက်ကို ကိုးကားပြီး ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

### ဗန်ကောက်

ထိုင်းနိုင်ငံရဲ့ ပြည်ပပို့ကုန်လုပ်ငန်းက ၂၀၁၄ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၂၂၇ ဒသမ ၅ ဘီလီယံရှိခဲ့ရာမှ ၂၀၁၅ခုနှစ်မှာ သုံးရာခိုင်နှုန်းကျဆင်းပြီး အမေရိကန်ဒေါ်လာ ဘီလီယံ ၂၂၀ သာရှိမှာဖြစ်ကြောင်း ထိုင်းနိုင်ငံ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနရဲ့ ဩဂုတ်လ ၆ ရက်နေ့က ထုတ်ပြန်ချက်ကို ကိုးကားပြီး ရှင်ဟွာသတင်းမှာ ဖော်ပြပါတယ်။

### ဂျကာတာ

အင်ဒိုနီးရှားနိုင်ငံမှာ အွန်လိုင်းစီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်မည်ဆိုပါက ကြိုတင်ခွင့်ပြုချက်ယူရမယ့် စည်းမျဉ်းဥပဒေမူကြမ်းကို ပြဋ္ဌာန်းဖို့ ကုန်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးနဲ့ သတင်းအချက်အလက်ဝန်ကြီးဌာန၊ ဥပဒေနဲ့ လူ့အခွင့်အရေးဝန်ကြီးဌာနတို့ဆွေးနွေးလျက်ရှိပြီး နောက်အကျဆုံး ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလမှာ ပြဋ္ဌာန်းနိုင်မယ်လို့ ခန့်မှန်းထားကြောင်း ဂျကာတာပို့စ် သတင်းမှာ ဖော်ပြပါတယ်။

### ဟနွိုင်း

ဒေသတွင်းစီးပွားရေး၊ ကမ္ဘာ့စီးပွားရေးတို့နဲ့ လျင်မြန်စွာ ပေါင်းစည်းနိုင်ရေးအတွက် ဗီယက်နမ်နိုင်ငံက ကြိုးစားလျက်ရှိရာ ၎င်းမှတစ်ဆင့် ယှဉ်ပြိုင်မှုများတိုးပွားလာမှာဖြစ်ပါတယ်။ ဒါကြောင့် လက်လီလုပ်ငန်းတွေရဲ့ အရည်အသွေး တိုးတက်ကောင်းမွန်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြဖို့ ဗီယက်နမ် လက်လီလုပ်ငန်းရှင်များကို ကျွမ်းကျင်သူတို့က တိုက်တွန်းထားကြောင်း VNS သတင်းမှာ ဖော်ပြပါတယ်။

## South Asia

# ငွေကြေးဖောင်းပွမှု၊ မုတ်သုံမိုးနဲ့ အမေရိကန်ဗဟိုဘဏ်ရဲ့ ဆောင်ရွက်မှုတို့အပေါ်မူတည်၍ အိန္ဒိယဗဟိုဘဏ်က မူဝါဒချမှတ်မည်

အမျိုးသားအဆင့် စီးပွားရေးကိန်းဂဏန်းအခြေအနေများ တိုးတက်လာတဲ့အတွက် အိန္ဒိယဗဟိုဘဏ်က အတိုးနှုန်းများကိုလျှော့ချလာနိုင်ဖွယ်ရှိကြောင်း ဩဂုတ် ၅ ရက်က Morgan Stanley နဲ့ SBI Reasearch အပါအဝင် ထိပ်တန်း သုတေသနလုပ်ငန်းတွေက ပြောကြားခဲ့ပါတယ်။

ဒါပေမဲ့ Normura နဲ့ DBS အပါအဝင်အခြားသုတေသနအေဂျင်စီတွေကတော့ ဗဟိုဘဏ်က အတိုးနှုန်းကို ဆက်ထိန်းထားလိမ့်မယ်လို့ ခန့်မှန်းကြောင်း ပီတီအိုင်သတင်းမှာ ဖော်ပြပါတယ်။

အိန္ဒိယဗဟိုဘဏ်ကမူ အနာဂတ်ကာလမှာ အတိုးနှုန်းနဲ့ပတ်သက်ပြီး အရေးယူဆောင်ရွက်တဲ့အခါ ငွေကြေးဖောင်းပွမှု၊ မုတ်သုံမိုး အခြေအနေနဲ့ အမေရိကန်ဗဟိုဘဏ်တို့ရဲ့ အရေးယူဆောင်ရွက်မှုစတဲ့ အချက်သုံးချက်အပေါ် မူတည်စဉ်းစားသွားမှာ ဖြစ်ကြောင်း ပြောကြားထားပါတယ်။ ပေါ်လစီ အတိုးနှုန်းကို လျှော့ချဖို့စဉ်းစားတဲ့အခါငွေကြေးဖောင်းပွမှုအလားအလာကိုပိုပြီး ဦးစားပေးစဉ်းစားလိမ့်မယ်လို့ မော်ဂန်စတန်လေရဲ့ သုတေသနအစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

"၂၀၁၆ ခုနှစ် မတ်လအကုန်မှာ အိန္ဒိယနိုင်ငံရဲ့ ငွေကြေးဖောင်းပွမှုနှုန်းက နှစ်အလိုက်နှိုင်းယှဉ်ရင် ၄ ဒသမ ၈ ရာခိုင်နှုန်းထိ ကျဆင်းလိမ့်မယ်လို့ ကျွန်တော်တို့ခန့်မှန်းပါတယ်"လို့ မော်ဂန်စတန်လေက ပြောပါတယ်။

မုတ်သုံမိုးရွာသွန်းမှုအခြေအနေနဲ့ပတ်သက်ပြီး ယခုနှစ်ရာသီမှာမိုးရွာသွန်းမှု ကျဆင်းရင် ၁၀ ရာခိုင်နှုန်းအောက်ကိုကျနိုင်တဲ့ အခြေအနေကို မတွေ့ရတဲ့အတွက် အစားအစာဈေးနှုန်းဖောင်းပွမှုကို ထိခိုက်နိုင်မှာ မဟုတ်ဘူးလို့ တွက်ဆထားပါတယ်။ ဒါကြောင့် ငွေကြေးဖောင်းပွမှုနှုန်းက ကျဆင်းမယ့်အလားအလာကိုဦးတည်နေပါတယ်။

ဗဟိုဘဏ်က နောက်တစ်ကြိမ်ထပ်ပြီးအတိုးနှုန်းတွေလျှော့ချလိမ့်မယ်လို့ အိန္ဒိယဗဟိုဘဏ်ရဲ့ သုတေသနလုပ်ငန်းဖြစ်တဲ့ SBI Research က ခန့်မှန်းပါတယ်။

## EU

# ဂရိစတော့ဈေးကွက်ပိတ်ထားပြီး ပြန်အဖွင့်မှာ ရှယ်ယာဈေးတွေစံချိန်တင်ကျဆင်း

ဂရိနိုင်ငံရဲ့ကြွေးမြီအကျပ်အတည်းကြောင့် ရက်သတ္တပတ်ငါးပတ်ကြာပိတ်ထားခဲ့ရတဲ့ ဂရိစတော့ဈေးကွက်ကို ဩဂုတ်လ ၃ ရက်နေ့ကပြန်ဖွင့်ခဲ့ပါတယ်။ ဈေးကွက်ပြန်ဖွင့်ချိန်မှာတော့ စတော့ရှယ်ယာဈေးတွေက ၁၆ ရာခိုင်နှုန်းထိကျဆင်းခဲ့ပြီး ကျဆင်းမှုမှာမကြုံဖူးလောက်အောင် ရှိခဲ့ကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြထား ပါတယ်။

ကယ်တင်မှုချေးငွေသစ်ရရှိရေးအတွက် ဂရိနိုင်ငံက အီးယူနဲ့ အိုင်အမ်အက်ဖ်တို့ဆွေးနွေးရာမှာ လိပ်ခဲတည်းလည်းဖြစ်ခဲ့ပြီးနောက် ဂရိနိုင်ငံရဲ့ ဘဏ္ဍာရေးပြိုကွဲမှုက အမြင့်ဆုံးသို့ ရောက်ရှိခဲ့ပါတယ်။ ဒီလိုပြိုကွဲမှုဒဏ်သက်သာဖို့နဲ့ ဘဏ်တွေက ငွေကြေးသုံးစွဲမှုကို ကာကွယ်ဖို့အတွက် အစိုးရ ငွေကြေးထိန်းချုပ်မှုတွေကို ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ ရှယ်ယာဈေးနှုန်းကျဆင်းခဲ့ရာ အထူးသဖြင့်ဘဏ်ရှယ်ယာများက ၃၀ ရာခိုင်နှုန်းထိကျဆင်းခဲ့ပါတယ်။

ATHEX အညွှန်းကိန်းက တစ်နေ့အတွင်း ၁၆ ဒသမ ၃၂ မှတ်ကျဆင်းပြီး ၆၆၈ ဒသမ ၀၆ မှတ်ထိရောက်ရှိခဲ့ရာ နှစ်ပေါင်း ၆၀ နီးပါးအတွင်းအဆိုးဆုံးကျဆင်းမှု ဖြစ်ပါတယ်။ ယခင်လကကယ်တင်မှုချေးငွေသစ်ရရှိရန်သဘောတူထားပြီး နောက်ပိုင်းရင်းနှီးမြှုပ်နှံသူတွေက ဂရိနိုင်ငံနဲ့ပတ်သက်ပြီး စိုးရိမ်မှုတွေရှိနေပါတယ်။ ဂရိစတော့ဈေးကွက်မှာ ဆုံးရှုံးမှု




အဆိုးဝါးဆုံးဖြစ်ခဲ့ပြီး ၁၉၈၇ ခုနှစ်ကနဲ့နှိုင်းယှဉ်ရင် ၁၅ ဒသမ ၀၃ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။

အီးယူနဲ့ အိုင်အမ်အက်ဖ်စာရင်းစစ်အကြီးတန်းအရာရှိများနဲ့ ဂရိနိုင်ငံဝန်ကြီးများက ယူရို ၈၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၉၄ ဘီလီယံ) ရှိ သုံးနှစ်သက်တမ်းရှိကယ်တင်မှုချေးငွေကိစ္စကို တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။ အဲဒီဆွေးနွေးပွဲတွေအပြီးမှာ စတော့ဈေးကွက်တွေ ပြန်လည်ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။

ကုန်သည်တွေရှယ်ယာဈေးကွက်ထဲဝင်လာချိန်မှာ ရှယ်ယာတွေအများဆုံးထုတ်ရောင်းတဲ့အတွက် ဖြစ်ပေါ်လာတဲ့ဒဏ်ကို ဂရိဘဏ်တွေကအများဆုံးခံရလိမ့်မယ်လို့ အများစုက ယုံကြည်လက်ခံထားကြပါတယ်။

## South East Asia

# အကန့်အသတ်များကို ကျော်လွှားပြီး ကမ္ဘာ့ဈေးကွက်ကိုဝင်ဖို့ လုပ်ငန်းထူထောင်စ အင်ဒိုနီးရှားလူငယ်များကိုတိုက်တွန်း

အင်ဒိုနီးရှားရှိထူထောင်စလုပ်ငန်းများက ပြည်တွင်းစီးပွားရေးအခြေပြုတီထွင်ဆန်းသစ်မှုများကို ဆောင်ရွက်ပြီး နိုင်ငံနယ်နိမိတ်ကိုကျော်လွန်ကာ ကမ္ဘာ့ဈေးကွက်အတွင်းသို့ ဝင်ရောက်ခြင်းဖြင့် ဈေးကွက်အတွင်းမှာ နေရာကောင်းကို အရယူနိုင်မယ့်နည်းလမ်းတွေကို ရှာဖွေဖို့လိုကြောင်း လုပ်ငန်းထူထောင်မှုကို စိတ်အားထက်သန်သူအဖွဲ့ဝင်တစ်ဦးရဲ့ ပြောကြားချက်ကို ဂျကာတာပို့စ်သတင်းမှာ ဖော်ပြပါတယ်။ စီးပွားရေးလုပ်ငန်းတွေတိုးချဲ့ရာမှာ လုပ်ငန်းတည်ထောင်စ ပြည်တွင်းလူငယ်များအဖို့ ငွေကြေးရရှိရေးက ပြဿနာတစ်ခုအဖြစ် အဟန့်အတားပြုနိုင်ပေမယ့် ထူထောင်စလုပ်ငန်းများအနေနဲ့ ထုတ်ဖော်သုံးစွဲမှုမရှိသေးတဲ့ နယ်ပယ်များကို သတိပြုကြဖို့လိုအပ်ကြောင်း bubu.com ဝက်ဘ်ဆိုက်ကိုတည်ထောင်သူ ရှင်တာဒါနုဝါဒိုယိုက ပြောပါတယ်။

"နမူနာပြောရရင် အီးကောမတ်စ်မှာ ထူထောင်စလုပ်ငန်းတွေက ထိုးဖောက်ဝင်ရောက်မှုမရှိသေးတဲ့ တီထွင်ဆန်းသစ်မှုတွေဆောင်ရွက်ရမယ့် နယ်ပယ်တွေအ များကြီးကျန်နေပါသေးတယ်။ အဲဒီလို နယ်ပယ်တွေထဲမှာ အင်ဒိုနီးရှားနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းကို အထောက်အကူပေးနိုင်မယ့် Application တွေဆောင်ရွက်တဲ့လုပ်ငန်းကလည်း တစ်ခုအနေနဲ့ ပါဝင်ပါတယ်" ဟုဩဂုတ်လ ၅ ရက်နေ့ကပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ သူမကပြောပါတယ်။

အင်ဒိုနီးရှားက ထူထောင်စလုပ်ငန်းတွေက အခြေခံအားဖြင့် တခြားကမ္ဘာ့ လုပ်ငန်းတူတွေလိုပဲ တော်ကြပါတယ်။ ဒါပေမယ့် တီထွင်ဆန်းသစ်မှုတွေ ပိုမိုဆောင်ရွက်နိုင်ဖို့အတွက် အတတ်ပညာရှင်တွေ အများကြီးလိုအပ်ဦးမှာဖြစ်ပါတယ်။ "အင်ဒိုနီးရှားက ထူထောင်စလုပ်ငန်းတွေ အလိုအပ်ဆုံးဖြစ်နေတာက ငွေကြေးတစ်ခုတည်းသာ မဟုတ်ပါဘူး။ လုပ်ငန်းပိုင်နိုင်ကျွမ်းကျင်မှုလည်း လိုအပ်မှာဖြစ်ပါတယ်။

## East Asia

# တရုတ်စီးပွားရေး ဖွံ့ဖြိုးမှုနှုန်း နေးကွေးမှုကြောင့် ဟွန်ဒိုင်းက SUV ကားများရဲ့ ဈေးနှုန်းကို လျှော့ချ

တရုတ်နိုင်ငံမှာ ရောင်းချနေတဲ့ ဟွန်ဒိုင်းမော်တာကုမ္ပဏီက Sport-Utility Vehicle (SUV) ကားများရဲ့ဈေးနှုန်းကို ၁၁ ဒသမ ၈ ရာခိုင်နှုန်းအထိလျှော့ချခဲ့ကြောင်း ဩဂုတ်လ ၄ ရက် မှာပြောကြားပါတယ်။

ကမ္ဘာ့အကြီးမားဆုံး ကားဈေးကွက်ဖြစ်တဲ့ တရုတ်ကားဈေးကွက်မှာ ဟွန်ဒိုင်းကားတွေ အရောင်းကျဆင်းခဲ့တဲ့အတွက် ယခုလိုကားဈေးနှုန်းတွေလျှော့ချတဲ့ကုမ္ပဏီတွေထဲမှာ ဟွန်ဒိုင်းမော်တာကုမ္ပဏီက နောက်ဆုံးကုမ္ပဏီတစ်ခုဖြစ်ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

ဟွန်ဒိုင်းကုမ္ပဏီက စက်တင်ဘာမှာ Tucson SUV မိုဒယ်သစ်ကို တရုတ်ဈေးကွက်မှာစတင်ရောင်းချဖို့ ရည်မှန်းထားပါတယ်။ ယခုလို Sarta Fe မိုဒယ်သစ်ကားကြီးကို ယွမ် ၃၀၀၀၀ (အမေရိကန် ဒေါ်လာ ၄၈၂၃) နဲ့ ix 35 SUV ကို ယွမ် ၂၀၀၀၀ နှုန်းထိ လျှော့ချပေးရတဲ့ ရည်ရွယ်ချက်က တရုတ်နိုင်ငံမှာ ကုမ္ပဏီရဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို မြှင့်တင်လို၍ဖြစ်ကြောင်း ဟွန်ဒိုင်းကုမ္ပဏီက ပြောပါတယ်။

တရုတ်နိုင်ငံကို ဟွန်ဒိုင်းကုမ္ပဏီရဲ့ မော်တော်ကားတင်ပို့မှုက ဒုတိယသုံးလပတ်အတွင်း ၁၄ ရာခိုင်နှုန်းကျဆင်း ခဲ့တဲ့အတွက် တရုတ်နိုင်ငံမှာရှိတဲ့ မော်တော်ကား ထုတ်လုပ်သူပြိုင်ဖက်တွေနဲ့ ယှဉ်ပြိုင်နိုင်ဖို့အတွက် မက်လုံးတွေထပ်ပေးဖို့ ကုမ္ပဏီက စီစဉ်ဆောင်ရွက်ခဲ့ရပါတယ်။

တရုတ်နိုင်ငံမှာ ကားအရောင်းတွေ ကျဆင်းနေတဲ့အတွက် ဟွန်ဒိုင်းက ဈေးနှုန်းတွေလျှော့ချပေးပြီးတဲ့နောက်ပိုင်းမှာ General Motor Co. နဲ့ Ford Motor တို့ကလည်းဈေးတွေလျှော့ချပေးခဲ့ပါတယ်။

ယခုနှစ်အတွင်းမှာ ကုမ္ပဏီတွေရဲ့ ကားရောင်းချမှုက သုံးရာခိုင်နှုန်းကျဆင်းမယ်လို့ ခန့်မှန်းထားပါတယ်။

တရုတ်စီးပွားရေးက ၂၅နှစ်အတွင်း ဖွံ့ဖြိုးတိုးတက်မှု အနှေးဆုံးဖြစ်ခဲ့ပြီး တရုတ်စတော့ဈေးကွက်ကျဆင်းမှုက ကားနဲ့ စားသုံးကုန်ပစ္စည်းဝယ်လိုအားကို ကျဆင်းစေတဲ့အတွက် VOLKS Wagon AG က လူကြိုက်များတဲ့ မော်တော်ကားမိုဒယ် အများအပြားကို လျှော့ဈေးချပေးခဲ့ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

ထွန်းသစ်စ အာရှငွေကြေးအများစုရဲ့ တန်ဖိုးတွေက ဩဂုတ် ၇ ရက်မှာကျဆင်းပြီး သီတင်းပတ်အလိုက် နှိုင်းယှဉ်ကြည့်ရင်လည်း ကျဆင်းမယ့်အလားအလာတွေ ရှိနေပါတယ်။

ဇူလိုင်လအတွက် အမေရိကန်ပြည်ထောင်စုရဲ့ အလုပ်အကိုင် အခြေအနေထုတ်ပြန်မှာကို ရင်းနှီးမြှုပ်နှံသူတွေက စောင့်ကြည့်နေပါတယ်။ တကယ်လို့ အလုပ်အကိုင်နဲ့ ပတ်သက်တဲ့ ကိန်းဂဏန်းတွေရဲ့ အခြေအနေကောင်းမွန်မယ်ဆိုရင် အမေရိကန်ပြည်ထောင်စုဗဟိုဘဏ်က ကိုးနှစ်ကျော်ကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ကာလတိုအတိုးနှုန်းကို မြှင့်တင်ပေးလိမ့်မယ်လို့ ကုန်သည်တွေက တွက်ဆထားပါတယ်။

"အခြေအနေအားလုံးက အလုပ်အကိုင် ကိန်းဂဏန်းတွေအပေါ်မှာ မူတည်နေပါတယ်။ ကိန်းဂဏန်းအခြေအနေတွေအားနည်းနေရင် ရင်းနှီးမြှုပ်နှံသူတွေက ဒေါ်လာတွေကို ထုတ်ရောင်းပြီး တုံ့ပြန်ကြမှာဖြစ်ပါတယ်" လို့ Sumitomo Mitsui Bank မှ နိုင်ငံခြားငွေရောင်းဝယ်ရေးဌာန ဦးစီးမှူး ရှင်ဂျီကူရေဒါက ပြောပါတယ်။

အလုပ်အကိုင်ကိန်းဂဏန်းအခြေအနေတွေကောင်းမွန်မယ်ဆိုရင် အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းတွေကို စက်တင်ဘာမှာ မြှင့်တင်ပေးလိမ့်မယ်လို့ ခန့်မှန်းကြပါတယ်။

အာရှဒေသရှိနိုင်ငံ အများစုရဲ့ စီးပွားရေးအခြေအနေနဲ့ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေအနေတွေက တိုးတက် ကောင်းမွန်နေပါတယ်။ ဒီအခြေအနေတွေအရ တန်ဖိုးအားနည်းကျဆင်းလာတဲ့ ငွေကြေးတွေကြောင့် ရိုက်ခတ်လာမယ့် ဂယက်ကို ကာကွယ်ဖို့အတွက် ဒေသတွင်းရှိ နိုင်ငံတွေနဲ့ ဗဟိုဘဏ်တွေက အတိုးနှုန်းတွေကို တိုးမြှင့်ပေးမယ့်လက္ခဏာကို မတွေ့ရကြောင်း Goldman Sachs Group Inc က ပြောပါတယ်။

### တရုတ်ယွမ်

တရုတ်ဗဟိုဘဏ်ရဲ့ သတ်မှတ်ဈေးနှုန်းကို ယခင်နေ့ကအတိုင်း ဆက်လက်ထားရှိတဲ့အတွက် ဩဂုတ် ၆ ရက်နေ့ကဒေါ်လာနဲ့ ဖလှယ်ရာမှာ တရုတ်ငွေကြေးတန်ဖိုးက အပြောင်းအလဲမရှိသလောက် ဖြစ်ခဲ့ပါတယ်။ ဈေးကွက်မဖွင့်မီဗဟိုဘဏ်က ကြိုတင်သတ်မှတ်ပေးတဲ့ဖလှယ်နှုန်းက တစ်ဒေါ်လာကို ၆ ဒသမ ၁၁၈၁ ယွမ်နှုန်းဖြစ်တဲ့အတွက် ယခင်နေ့က သတ်မှတ်ပေးတဲ့ တစ်ဒေါ်လာ ၆ ဒသမ ၁၁၈၆ ယွမ်နှုန်းနဲ့ နှိုင်းယှဉ်ရင် အပြောင်းအလဲ မရှိသလောက်ဖြစ်ပါတယ်။ လက်ငင်းဈေးကွက်မှာလည်း ဩဂုတ်လ ၅ ရက်က တစ်ဒေါ်လာကို ၆ ဒသမ ၂၀၉၆ ယွမ်ရှိရာမှ တစ်ဒေါ်လာကို ၆ ဒသမ ၂၀၉၇ ယွမ်ထိသာ ရောက်ရှိခဲ့ပါတယ်။

### အိန္ဒိယရူပီး

ပင်လယ်ရပ်ခြားဒေသမှာ ဒေါ်လာတန်ဖိုးမြင့်တက်မှုကြောင့် ရူပီး ငွေကြေးနဲ့ဖလှယ်နှုန်းက ဩဂုတ်လ ၇ ရက်နေ့ နံနက်ပိုင်းဈေးကွက်မှာ သုည ဒသမ ၀၂ ရူပီးနှုန်းကျဆင်းပြီး တစ်ဒေါ်လာကို ၆၃ ဒသမ ၇၉ ရူပီးနှုန်းရှိခဲ့ပါတယ်။

ရူပီးတန်ဖိုးကျဆင်းရခြင်းမှာ ပင်လယ်ရပ်ခြားဈေးကွက်အတွင်း တခြားငွေကြေးများနဲ့ ဖလှယ်ရာမှာ ဒေါ်လာတန်ဖိုးမြင့်တက်မှုကြောင့်ဖြစ်ကြောင်း ဝယ်ရောင်းသမားတွေက ပြောပါတယ်။ ပို့ကုန်လုပ်ငန်းရှင်တွေရဲ့ ဝယ်လိုအားကလည်း ရူပီးတန်ဖိုး မြင့်တက်မှုကို အကျိုးသက်ရောက်မှု ရှိခဲ့တယ်လို့လည်း ပြောပါတယ်။

### ဂျပန်ယန်း

ရင်းနှီးမြှုပ်နှံသူတွေက အမေရိကန်ပြည်ထောင်စုမှ ထုတ်ပြန်မယ့် အလုပ်အကိုင် ကိန်းဂဏန်းများကို စောင့်ကြည့် လေ့လာနေတဲ့အတွက် ဩဂုတ်လ ၇ ရက်နေ့က ယန်းငွေကြေးနဲ့ ယူရိုငွေကြေးနှစ်ခုနဲ့ ဖလှယ်တဲ့အခါ ဒေါ်လာတန်ဖိုး မြင့်တက်လာတာကို တွေ့ရပါတယ်။

ဩဂုတ်လ ၆ ရက်နေ့က နယူးယောက်မှာ တစ်ဒေါ်လာကို ၁၂၄ ဒသမ ၈၀ ယန်းနှုန်းထိ ရောက်ရှိခဲ့ပါတယ်။ ယူရိုနဲ့ ဒေါ်လာဖလှယ်နှုန်းက တစ်ယူရိုကို ၁ ဒသမ ၀၉၂၂ ဒေါ်လာနှုန်းမှ နောက်တစ်နေ့မှာ တစ်ယူရိုကို ၁ ဒသမ ၀၉၁၆ ဒေါ်လာနှုန်းရှိခဲ့ပါတယ်။ တကယ်လို့ အမေရိကန်ပြည်ထောင်စုရဲ့ အလုပ်အကိုင်အခြေအနေကောင်းမွန်လာမယ်ဆိုရင် တစ်ဒေါ်လာကို ၁၂၅ ယန်းထိ ယန်းတန်ဖိုးကျဆင်းမယ်လို့ ခန့်မှန်းပါတယ်။

### မလေးရှားရင်းဂစ်

မလေးရှားနိုင်ငံအတွင်းရှိ နိုင်ငံခြားဘဏ်တွေက ရင်းဂစ်ငွေကြေးကို ထုတ်ရောင်းလာတဲ့အတွက် အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုးကျဆင်းခဲ့ကြောင်း ကုန်သည်တစ်ဦးကပြောပါတယ်။ ရင်းဂစ်ငွေကြေးတန်ဖိုးက ဩဂုတ်လ ၆ ရက်နေ့ ညနေ ၅ နာရီမှာ တစ်ဒေါ်လာကို ၃ ဒသမ ၉၀၀၅ ရင်းဂစ်နှုန်း ရှိခဲ့ရာမှ နောက်တစ်နေ့နံနက် ၉ နာရီ ၂ မိနစ်မှာ တစ်ဒေါ်လာကို ၃ ဒသမ ၉၁၅၅ ရင်းဂစ်နှုန်းရှိခဲ့ပါတယ်။ တခြားငွေကြေးတွေနဲ့ ဖလှယ်ရာမှာလည်း ရင်းဂစ်တန်ဖိုး ကျဆင်းပါတယ်။

### တောင်ကိုရီးယားဝမ်

မော်တော်ကား ထုတ်လုပ်ရေး ကုမ္ပဏီများနဲ့ ဆောက်လုပ်ရေးလုပ်ငန်းများအရှုံးပေါ်ခဲ့တဲ့အတွက် ဩဂုတ်လ ၇ ရက်နေ့မှာ တောင်ကိုရီးယားစတော့ဈေးတွေတန်ဖိုးကျဆင်းခဲ့ပါတယ်။ တောင်ကိုရီးယားနိုင်ငံသုံး ငွေကြေးဖြစ်တဲ့ ဝမ်ငွေကြေးနဲ့ အမေရိကန်ဒေါ်လာတို့ရဲ့ ဖလှယ်နှုန်း က ဩဂုတ်လ ၆ ရက်နေ့ ဈေးပိတ်ချိန်ကထက် တစ်ဒေါ်လာကို ၄ ဒသမ ၆၀ ဝမ်မြင့်တက်ပြီး တစ်ဒေါ်လာကို ၁၁၆၁ ဒသမ ၆၀ ဝမ်နှုန်းဖြစ်ခဲ့ပါတယ်။

### ထိုင်းဘတ်

အယ်လ်နီညိုကြောင့် မိုးခေါင်ခြောက်သွေ့မှုဒဏ်ခံရတဲ့ ထိုင်းနိုင်ငံရဲ့ စီးပွားရေးကိုမြှင့်တင်ရာမှာ ခြောက်နှစ်အတွင်း ဘတ်ငွေတန်ဖိုး အနိမ့်ဆုံးထိ ကျဆင်းခဲ့တဲ့အတွက် ထိုင်းဗဟိုဘဏ်ဟာ အခက်အခဲတွေနဲ့ တွေ့ကြုံခဲ့ရပါတယ်။ ယခုရက် သုံးလပတ်အတွင်း ဘတ်ငွေတန်ဖိုး ကျဆင်းမှုက ၃ ဒသမ ၉ ရာခိုင်နှုန်းအထိရှိခဲ့ရာ အရှေ့တောင်အာရှဒေသမှာ ကျဆင်းမှုအများဆုံးဖြစ်ခဲ့ပါတယ်။ ဩဂုတ် ၇ ရက်က ဒေါ်လာနဲ့ ဘတ်ငွေကြေးဖလှယ်နှုန်းက တစ်ဒေါ်လာကို ၃၅ ဒသမ ၁၆ ဘတ်နှုန်းရှိခဲ့ပါတယ်။

ဘာသာပြန်-စုစည်းတင်ပြသည်

## အိန္ဒိယဗဟိုဘဏ်က အတိုးနှုန်းကိုဆက်လက်ထိန်းထား

ဩဂုတ်လ ၄ ရက်နေ့မှာ အိန္ဒိယဗဟိုဘဏ်က ပေါ်လစီအတိုးနှုန်းပြောင်းလဲခြင်းမပြုဘဲ ၇ ဒသမ ၂၅ အတိုင်း ဆက်လက်ထားရှိခဲ့ပါတယ်။ ဗဟိုဘဏ်ရဲ့ ဆောင်ရွက်မှုမှာ အများက မျှော်လင့်ထားတဲ့အတိုင်းဖြစ်ပေါ်ခဲ့တာဖြစ်ပါတယ်။ ငွေကြေးဖောင်းပွမှုအလားအလာနဲ့ ဘဏ်များကချေးငွေအတိုးနှုန်းများလျှော့ချပေးတဲ့အခြေအနေပေါ် မူတည်ပြီး ငွေကြေးမူဝါဒတွေလျှော့ချပေးမည့်အလားအလာကိုတွေ့မြင်နေရပါတယ်။

ယခုနှစ်အတွင်း စတုတ္ထအကြိမ်မြောက် အတိုးနှုန်းကိုလျှော့ချပေးရန် ဗဟိုဘဏ်ကစဉ်းစားတဲ့အခါ အစိုးရရဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေနဲ့ အမေရိကန်ပြည်ထောင်စုက ဗဟိုဘဏ်အတိုးနှုန်းတိုးမြှင့်ပေးမဲ့အချိန်မှာ စတော့ဈေးတွေရဲ့ အတက်အကျအခြေအနေက အရေးကြီးတဲ့အကြောင်းတရားတွေဖြစ်နိုင်ကြောင်း အိန္ဒိယဗဟိုဘဏ်က ပြောပါတယ်။

အိန္ဒိယဗဟိုဘဏ်က ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှစပြီး အတိုးနှုန်းများကိုလျှော့ချပေးလျက်ရှိရာ သုည ဒသမ ၇၅ ရာခိုင်နှုန်းထိလျှော့ချထားခဲ့ပါတယ်။ ဗဟို ဘဏ်အတိုးနှုန်းကို ၇ ဒသမ ၂၅ ရာခိုင်နှုန်းအဖြစ် ဇွန်လ ၂ ရက်နေ့မှာနောက်ဆုံးလျှော့ချခဲ့ခြင်းဖြစ်ပါတယ်။

ဗဟိုဘဏ်အတွက် စိတ်မချမ်းမြေ့စရာဖြစ်ရတဲ့ကိစ္စမှာ ကူးသန်းရောင်းဝယ်ရေးဘဏ်များက ချေးငွေအတိုးနှုန်းများလျှော့ချပေးရန် တုံ့ဆိုင်းနေမှုကြောင့် စီးပွားရေးမှာ ကျယ်ကျယ်ပြန့်ပြန့် အကျိုးမဖြစ်ထွန်းတဲ့အတွက် ဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံရဲ့ နောက်တစ်ကြိမ်မူဝါဒအစည်းအဝေးကို စက်တင်ဘာ ၂၉ ရက်နေ့မှာပြုလုပ်မှာဖြစ်ပါတယ်။ ဒီအစည်းအဝေးကို အမေရိကန်ပြည်ထောင်စုဗဟိုဘဏ်ရဲ့ စက်တင်ဘာလမှာကျင်းပမယ့် အစည်းအဝေးအပြီးမှာ ကျင်းပမှာဖြစ်ပါတယ်။ ဗဟိုဘဏ်က အဲဒီအစည်းအဝေးမှာ အတိုးနှုန်းတွေမြှင့်တင်ပေးရန် ထွန်းသစ်စဈေးကွက်ထဲမှ ငွေကြေးတွေပါသွားမယ်လို့ ခန့်မှန်းကြပါတယ်။

## ဂရိစတော့ဈေးကွက်အတွင်းရှိ ပြည်တွင်းရင်းနှီးမြှုပ်နှံသူတို့အတွက် စည်းမျဉ်း များထုတ်ပြန်

အပြည်ပြည်ဆိုင်ရာမြီရှင်များထံမှ ချေးငွေရရှိရေးအတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်း ဆောင်ရွက်ရန် တောင်းဆိုမှုမြင့်မားနေချိန်မှာ ပြဋ္ဌာန်းခဲ့တဲ့ငွေကြေးထိန်းချုပ်မှုများကြောင့် ဂရိစတော့ဈေးကွက်ကို ရက်သတ္တပတ်ငါးပတ်ကြာပိတ်ထားခဲ့ရပါတယ်။ အဲဒီနောက် ဩဂုတ်လ ၃ ရက်နေ့မှာ ဂရိစတော့ဈေးကွက်ကို ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြထားပါတယ်။

ပြည်တွင်းမှ ငွေကြေးများပြည်ပသို့စီးထွက်မသွားစေရန်အတွက် ကန့်သတ်ချက်များကိုထုတ်ပြန်ထားရာ ဂရိပြည်တွင်းရင်းနှီးမြှုပ်နှံသူတွေက အဆိုပါကန့်သတ်ချက်များနဲ့ရင်ဆိုင်ကြုံတွေ့ရမှာ ဖြစ်ပါတယ်။ ဂရိဘဏ်များမှာ အသစ်အပ်နှံထားတဲ့အပ်နှံငွေတွေ ပြည်ပသို့ စီးထွက်သွားမှာကို ရှောင်ကြဉ်နိုင်ရန်အတွက် ဂရိဗဟိုဘဏ်က အဆိုပါစည်းမျဉ်းများကို အတည်ပြုပေးလိုက်တာ ဖြစ်ပါတယ်။ ပြည်တွင်းဘဏ်များမှ ငွေများကို ဂရိနိုင်ငံသားများက အဆမတန်ထုတ်ယူသွားပါက ဘဏ်များအတွက် အရေးပေါ်ရန်ပုံငွေပိုမိုထုတ်ပေးရမှာကို ဥရောပဗဟိုဘဏ်က စိုးရိမ်လျက်ရှိပါတယ်။

ကန့်သတ်ချက်များအရ ဂရိနိုင်ငံသားများနည်းတူ ရင်းနှီးမြှုပ်နှံသူများကိုလည်း ဂရိဘဏ်များရှိ အပ်နှံငွေစာရင်းများမှ တစ်ရက်ကိုယူရို ၆၀ ထက်ပိုမိုထုတ်ယူခွင့်ပြုမှာ မဟုတ်ကြောင်း ကြေညာထားပြီးဖြစ်ပါတယ်။ ယခုဆောင်ရွက်မှုက ငွေကြေးထိန်းချုပ်မှုရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး အာမခံစာချုပ်တွေဝယ်ယူဖို့အတွက် အပ်နှံငွေတွေ ရနိုင်တော့မှာမဟုတ်တဲ့သဘော ဖြစ်ပါတယ်။

ထုတ်ပြန်လိုက်တဲ့ စည်းမျဉ်းအသစ်အရ ရှယ်ယာများကို ဝယ်ယူမည်ဆိုပါက နိုင်ငံခြားမှ ရရှိငွေ သို့မဟုတ် အိမ်တွင်ရှိ ငွေ သို့မဟုတ် စတော့ဈေးကွက်ဥပဒေကို ထုတ်ပြန်ခဲ့တဲ့ ဇူလိုင် ၃၀ ရက်နေ့နောက်ပိုင်းဖွင့်လှစ်တဲ့ ဘဏ်ငွေစာရင်းမှ ထုတ်ယူငွေများဖြင့်ဝယ်ယူနိုင်မှာ ဖြစ်ပါတယ်။ ပြည်တွင်းရင်းနှီးမြှုပ်နှံသူတွေအနေနဲ့လည်း ရှယ်ယာများကို ဝယ်ယူမည်ဆိုပါက အာမခံစာချုပ်များရောင်းချရာမှ ရရှိငွေ သို့မဟုတ် အစုပေါ်အမြတ် သို့မဟုတ် အာမခံလုပ်ငန်းများမှာရှိတဲ့ လက်ကျန်ငွေများနဲ့ဝယ်ယူနိုင်တယ်လို့ စည်းမျဉ်းမှာ ဖော်ပြထားပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေနဲ့လည်း ဂရိစတော့ဈေးကွက်အတွင်း လွတ်လပ်စွာရောင်းဝယ်နိုင်သလို ရောင်းဝယ်ရာမှရရှိတဲ့ ငွေကြေးကိုလည်း ပြည်ပသို့တင်ပို့နိုင်ပြီး ပြည်တွင်းကိုလည်း ပြည်ပမှရရှိတဲ့ငွေများ သွင်းယူနိုင်တယ်လို့ ဖော်ပြထားပါတယ်။

# ဗြိတိသျှပရိသတ်ကို တောင်းပန်လိုက်တဲ့ ဂျပ်စတင်ဘီဘာ



ဗြိတိန်နိုင်ငံရဲ့ ဘာမင်ဂန်မြို့မှာ Friday night of the Fusion Festival ခေါင်းစဉ်နဲ့ ကျင်းပဖို့စီစဉ်ထားတဲ့ ကနေဒီယံရက်ပါအဆိုတော် ဂျပ်စတင်ဘီဘာဟာ အဲဒီဖျော်ဖြေပွဲကို ဖျက်သိမ်းလိုက်ပါတယ်။

အဲဒီ Friday night of the Fusion Festival ပွဲတော်ကို ဖျက်သိမ်းလိုက်တဲ့အကြောင်းကိုတော့ ထုတ်ဖော်ပြောကြားခြင်းမပြုဘဲ အကြောင်းတစ်စုံတစ်ရာမရှိဘဲ ဖျက်သိမ်းလိုက်တာ ဖြစ်တဲ့အတွက် ဂျပ်စတင်ဘီဘာက တောင်းပန် ကြောင်းထုတ်ဖော်ပြောကြားလိုက်တာ ဖြစ်ပါတယ်။

အဲဒီဖျော်ဖြေပွဲကို ဩဂုတ်လ ၂၈ ရက်နေ့မှာ ကျင်းပမှာဖြစ်ပေမယ့် အခုလဆန်းပိုင်းကတည်းက ကြေညာခဲ့တာ ဖြစ်ပါတယ်။

ဘီဘာဟာ သူ့ရဲ့လူမှုကွန်ရက်ဝက်ဘ်ဆိုက်မှာ"ဗြိတိန်က ကျွန်တော့်ရဲ့ပရိသတ်ကို ကျွန်တော်တောင်းပန်ပါတယ်။ ဘာကြောင့်လည်းဆိုတာတော့ ကျွန်တော် မပြောချင်ပါဘူး။ ဘာမင်ဂန်နန်းတော်က မင်းသားကိုလည်း ကျွန်တော်တောင်းပန်ပါတယ်။ သူ့ရဲ့ကူညီပံ့ပိုးမှုကိုလည်း ကျွန်တော်ရချင်ပါတယ်။ ယူကေက ကျွန်တော့်ရဲ့ ပရိသတ်တွေရဲ့ ကျွန်တော့်အပေါ် ယုံကြည်မှုပျက်ပြားခဲ့ရတာကိုလည်း ကျွန်တော် တကယ်ကို စိတ်မကောင်းဖြစ်မိပါတယ်"လို့ ဖော်ပြထားတယ်လို့ ဆိုပါတယ်။

အဲဒီကိစ္စနဲ့ပတ်သက်ပြီး မကြာခင်မှာ အသေးစိတ်ထုတ်ပြန်ပေးပါ့မယ်လို့ ဘီဘာရဲ့ ကိုယ်ရံတော်က ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

# လက်နှစ်ဖက်အစားထိုးကုသခဲ့တဲ့ ကလေးငယ်ကို သွားရောက်ကြည့်ရှုအားပေးခဲ့တဲ့ နစ်ကီမင်နစ်ချ်

Anaconda သီချင်းနဲ့ ပရိသတ်ရဲ့ ရင်ထဲကို ရောက်လာတဲ့နစ်ကီမင်နစ်ချ် ဟာ ဩဂုတ်လ ၇ရက်နေ့က ဖီလာဒဲလ်ဖီးယားကလေးဆေးရုံမှာ လက်နှစ်ဖက်စလုံး အစားထိုးခွဲစိတ်ကုသမှုခံယူခဲ့တဲ့ ကလေးငယ်လေးကို သွားရောက်တွေ့ဆုံခဲ့ပြီး အားပေးစကားတွေ ပြောကြားခဲ့တယ်လို့ ဆိုပါတယ်။



နစ်ကီမင်နစ် သွားရောက်အားပေး စကားပြောကြားခဲ့တဲ့ လက်နှစ်ဖက်အစားထိုး ခွဲစိတ်ကုသခဲ့တဲ့ ကလေးငယ်လေး ဇီယွန်ဟာဗေးဟာ အသက် နှစ်နှစ်အရွယ်ကတည်းက လက်ပုပ်ရောဂါနဲ့ လက်နှစ်ဖက်စလုံးကို ဖြတ်တောက်ခဲ့ရတာဖြစ်ပါတယ်။

အသက် ရှစ်နှစ်အရွယ် ရောက်ရှိနေပြီဖြစ်တဲ့ ဇီယွန်ကို ခွဲစိတ်ဖို့အတွက် အဖွဲ့ဝင်ဦးရေ ၄၀ ပါဝင်တဲ့အဖွဲ့ဟာ လပေါင်းများစွာကြာအောင် ဇာတ်တိုက်လေ့ကျင့်မှုတွေပြုလုပ်ခဲ့ကြပါတယ်။ ဇီယွန်ကို ခွဲစိတ်ပြီး လက်အစစ်နဲ့အစားထိုးတဲ့အခါ နာရီပေါင်း ၁၁ နာရီကြာအောင် ခွဲစိတ်ခဲ့ရတယ်လို့ဆိုပါတယ်။

နစ်ကီမင်နစ်ချ်ဟာ ဇီယွန်လေးထံကို ရောက်သွားတဲ့အချိန်မှာ ဇီယွန်ရဲ့အစားထိုးထားတဲ့ လက်နှစ်ဖက်က အနည်းငယ်လှုပ်ရှားလို့ရနေပြီလို့ ဆိုပါတယ်။

ဇီယွန်ဟာ သူ့ရဲ့လက်အသစ်နှစ်ဖက်ကို စိတ်လှုပ်ရှားစွာနဲ့ကြည့်ရှုနေပြီး သေးငယ်ပေါ့ပါးတဲ့ အရာဝတ္ထုတွေကို ကိုင်တွယ်လို့ရမရ စမ်းသပ်နေခဲ့ပါတယ်။

"ကျွန်မ ဒီလိုပဲ မကြာမကြာ ဆေးရုံတွေ အထူးသဖြင့် ကလေးဆေးရုံတွေကို သွားရောက်ပြီး ကလေးတွေအတွက် တစ်ခုခုလုပ်ပေးချင်တဲ့စိတ်နဲ့ သွားရောက်လည်ပတ်ခဲ့ပါတယ်။သူတို့လေးတွေကို မြင်ရတဲ့အခါတိုင်း ကျွန်မ မျက်ရည်ကျမိတယ်"လို့ သူ့ရဲ့လူမှုကွန်ရက်မှာ ရေးသားဖော်ပြခဲ့ပါတယ်။




# တစ်ပတ်အတွင်း ဝင်ငွေစံချိန်တင်ရရှိခဲ့တဲ့ Fantastic Four

20th Century Fox ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးပြသခဲ့တဲ့ Fantastic Four သိပ္ပံစွန့်စားခန်းရုပ်ရှင်ဇာတ်ကားဟာ ယခုတစ်ပတ်အတွင်းမှာ ဝင်ငွေအကောင်းဆုံး ဇာတ်ကားတစ်ကားအဖြစ် စံချိန်တင်ရရှိခဲ့တယ်လို့ Box Office က သတင်းထုတ်ပြန်ခဲ့ပါတယ်။

အဲဒီဇာတ်ကားကို ဩဂုတ်လ ၇ ရက်နေ့ကစပြီး ကမ္ဘာတစ်ဝန်းလုံးမှာ ပြသခဲ့ပါတယ်။ အမေရိကတိုက်အတွင်း နေရာပေါင်း ၂၉၀၀ မှာပြသခဲ့ရာမှာ တစ်ရက်အတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ သန်းရရှိခဲ့တယ်လို့ Box Office ရဲ့ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

အဲဒီဇာတ်ကားမှာ လူငယ်လေးဦးဟာ စူပါပါဝါတွေရရှိသွားခဲ့ပြီး စကြဝဠာအတွင်း လှည့်လည်သွားလာစဉ် ၎င်းတို့ထက် ခွန်အားဗလကောင်းတဲ့ အရာတွေနဲ့ယှဉ်ပြိုင်တိုက်ခိုက်ရတဲ့ သိပ္ပံစွန့်စားခန်း ဇာတ်လမ်းတစ်ပုဒ်ဖြစ်ပါတယ်။သိပ္ပံစွန့်စားခန်းတွေကို ကြိုက်နှစ်သက်တဲ့သူတွေအတွက် ကားကောင်းတစ်ကားဖြစ်တယ်လို့ ဆိုပါတယ်။

Box Office ရဲ့ ထုတ်ပြန်ချက်အရ ပြီးခဲ့တဲ့ဩဂုတ်လ ၃ရက်နေ့က မင်းသားချောတွမ်ခရုဇ် ပါဝင်သရုပ်ဆောင်ထားတဲ့ အက်ရှင်ဇာတ်ကားတစ်ကားဖြစ်တဲ့ Mission Impossible: Rogue Nation ရုပ်ရှင်ဇာတ်ကားဟာ တစ်ပတ်အတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၇ သန်းနဲ့ ထိပ်ဆုံးမှာ ရပ်တည်နေခဲ့ပါတယ်။ ဒါပေမယ့် Fantastic Four ဇာတ်ကား ထွက်ရှိလာခဲ့တဲ့အချိန်မှာတော့ ဒုတိယနေရာကိုရောက်ရှိသွားခဲ့ပါတယ်။ The Gift ဇာတ်ကားကတော့ ဝင်ငွေအမေရိကန်ဒေါ်လာ ၈ ဒသမ ၅ သန်းနဲ့ တတိယနေရာမှာရှိနေပါတယ်။

# လက်ထပ်ပွဲ ဆင်နွှဲခဲ့ကြတဲ့ ဂျပ်စတင်ထရောဝပ်ချ်နဲ့ ဂျနီဖာအင်နစ္စတန်

ဟောလိဝုဒ်ရဲ့ ထင်ရှားကျော်ကြားတဲ့ မင်းသားနဲ့ မင်းသမီးနှစ်ဦးဖြစ်ကြတဲ့ ဂျပ်စတင်ထရောဝပ်ချ်နဲ့ ဂျနီဖာအင်နစ္စ တန်တို့နှစ်ဦးဟာ ပြီးခဲ့တဲ့ ဩဂုတ်လ ၅ ရက်နေ့က လက်ထပ်ပွဲဆင်နွှဲခဲ့ကြတယ်လို့ သတင်းများက ဖော်ပြထားပါတယ်။

သူတို့နှစ်ဦးရဲ့ လက်ထပ်မင်္ဂလာပွဲကို လော့စ်အိန်ဂျလိစ်မှာရှိတဲ့ ထရောဝပ်ချ်ရဲ့ နေအိမ်မှာ ကျင်းပခဲ့တာဖြစ်ပါတယ်။ ထရောဝပ်ချ်ရဲ့နေအိမ်မှာ သူတို့နှစ်ဦးရဲ့မင်္ဂလာပွဲကို လျှို့ဝှက်စွာကျင်းပခဲ့တာဖြစ်ပေမယ့်လည်း သူတို့နှစ်ဦးရဲ့ အရင်းနှီးဆုံး သူငယ်ချင်းအပေါင်းအသင်းတွေကို ဖိတ်ကြားခဲ့တယ်လို့ ဆိုပါတယ်။

ထရောဝပ်ချ်ရဲ့စံအိမ်ကြီးကို အက်ရှ်တန်ကူရှာက Secret Garden လျှို့ဝှက်သောပန်းဥယျာဉ်ကြီးလို့ အမည်ပေးထားတယ်လို့ ဆိုပါတယ်။

ထရောဝပ်ချ်နဲ့ ဂျနီဖာတို့ဟာ လွန်ခဲ့တဲ့ လေးနှစ်လောက်ကတည်းက ချစ်သူတွေအဖြစ်နဲ့ အတူရှိနေခဲ့ကြပေမယ့် လက်ထပ်ဖို့အတွက်ကိုတော့ စဉ်းစားနေခဲ့ကြပါတယ်။ သူတို့နှစ်ဦး လက်ထပ် မယ့်အချိန်ကိုလည်း နှစ်ဦးစလုံးက လျှို့ဝှက်ထားကြပြီး ခုလို လက်ထပ်ပွဲဆင်နွှဲမယ့်နေ့ရောက်မှသာ သူငယ်ချင်းတွေကို အသိပေးခဲ့တာဖြစ်ပါတယ်။

ကမ္ဘာကျော် PEOPLE မဂ္ဂဇင်းနဲ့ US Weekly မဂ္ဂဇင်းကဖော်ပြရာမှာ "ထရောဝပ်စ်ရဲ့အိမ်ထဲမှာ ပါတီပွဲကျင်းပနေပါတယ်။ အတည်ပြုလို့မရတဲ့ သတင်းတစ်ပုဒ်လည်း ဖြစ်ပါတယ်။ ထရောဝပ်ချ်မွေးနေ့တော့ ဟုတ်ဟန်မတူပါဘူး။ သူတို့နှစ်ဦးစလုံးက ဒီကိစ္စကို လျှို့ဝှက်ထားကြပါတယ်။ အဲဒီအိမ်ကိုသွားကြတဲ့ ဧည့်သည်တွေလည်း မသိကြပါဘူး။ အိမ်ထဲကို ရောက်ပြီး ပွဲစတော့မှ သူတို့နှစ်ဦးရဲ့ လက်ထပ်မင်္ဂလာပွဲလို့ သိရတာပါ"လို့ ထုတ်ဖော် ရေးသားခဲ့ပါတယ်။



# ကုန်စည်ဒိုင်များ ရှေ့ဆောင် ဘုရင့်နောင်



## မြန်မာနိုင်ငံတွင် ပထမဦးဆုံး ဆောင်ရွက်သော
## အာမခံငွေဖြင့် ကြိုတင်ရောင်းဝယ်မှုစနစ်





- နိုင်ငံတကာ ရောင်းဝယ်မှုစနစ်နှင့်ကိုက်ညီ
- ရောင်းဝယ်မှုတွင်လည်း မှန်ကန်စိတ်ချရ
- ဈေးနှုန်းမှာလည်း မှန်ကန်
- ကတိကဝတ်ပျက်မှာလည်း မကြောက်ရ
- တောင်သူလယ်သမား၊ ကုန်သည်ပွဲစားများနှင့် နိုင်ငံတော်အတွက်လည်း အကျိုးများသည့် စနစ်ဖြစ်သည်။




Email : ydccibyn@gmail.com

# COMMERCE INTERNATIONAL





# (၄၈) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးပြီးဆုံး

(၄၈)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများရဲ့ အစည်းအဝေးကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့မှာ ဩဂုတ်လ ၄ ရက်က စတင်ကျင်းပခဲ့ပါတယ်။ အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများနဲ့ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပြီး ယခုနှစ်အကုန်မှာ ဖွဲ့စည်းတည်ထောင်မယ့် အာဆီယံစီးပွားရေးအသိုက်အဝန်းကိစ္စကို အဓိကထား ဆွေးနွေးခဲ့ကြကြောင်း Xinhua သတင်းမှာ ဖော်ပြပါတယ်။

အစည်းအဝေးမှာ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက တောင်တရုတ်ပင်လယ် အငြင်းပွားမှုနဲ့ပတ်သက်တဲ့ စကားအသုံးအနှုန်းများနဲ့ပတ်သက်ပြီး သဘောတူညီချက်မရနိုင်ဘဲ ရှိနေရာမှ နှစ်ပတ်လည်အစည်းအဝေးပြီးဆုံးချိန်မှာ ပူးတွဲကြေညာချက်ထုတ်ပြန်ဖို့ သဘောတူညီမှုရခဲ့ကြောင်း စတားအွန်လိုင်းသတင်းမှာ ဖော်ပြထားပါ တယ်။

(၄၈)ကြိမ်မြောက် အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးရဲ့ ပူးတွဲကြေညာချက်ကို ဩဂုတ် ၄ ရက်နေ့ အစည်းအဝေးပြီးဆုံးချိန်မှာ မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဒါတွတ်ဆရီအနီဖာအာမန်က ထုတ်ပြန်ကြေညာခဲ့ပါတယ်။

တောင်တရုတ်ပင်လယ်မှာရှိနေတဲ့ ဖြစ်ပေါ် တိုးတက်မှုတွေကို ရောင်ပြန်ဟပ်ဖော်ပြပေးနိုင်မယ့် သင့်တော်တဲ့ ဘာသာစကားအသုံးအနှုန်း (Confortable Language) ကိုသုံးနှုန်းဖို့ ညှိနှိုင်းရာမှာ အခက်အခဲများရှိခဲ့ကြောင်း အရာရှိများကပြောပါတယ်။

၂၀၁၃ ခုနှစ်အတွင်းက ကမ္ဘောဒီးယားနိုင်ငံမှာ ကျင်းပခဲ့တဲ့ အစည်းအဝေးမှာ နိုင်ငံခြားရေးဝန်ကြီးတွေက ပူးတွဲကြေညာချက်တွေ ထုတ်ပြန်နိုင်ခြင်းမရှိ ခဲ့တာ တွေ့ရပါတယ်။

အငြင်းပွားမှုတွေကို နှစ်နိုင်ငံ အခြေခံဖြင့်သာ ဖြေရှင်းဖို့အတွက် တောင်းဆိုခဲ့တဲ့ ပေကျင်းရဲ့ ရပ်တည်ချက်ကို အာဆီယံက ခုခံကာကွယ်ရပ်တည်ပေးဖို့ ဖိလစ်ပိုင်နဲ့ ဗီယက်နမ်တို့က ၎င်းအချိန်က ဆန္ဒရှိခဲ့ပါတယ်။ တရုတ်နိုင်ငံရဲ့ ရင်းနှီးတဲ့မိတ်ဆွေဖြစ်တဲ့ ကမ္ဘောဒီးယားက အငြင်းပွားမှုကိစ္စကို မဆွေးနွေးဘဲ ပိတ်ပင်ခဲ့တယ်လို့ ဖိလစ်ပိုင်က စွပ်စွဲခဲ့ပါတယ်။ အာဆီယံအဖွဲ့ဝင် လေးနိုင်ငံ၊ တရုတ်နဲ့ တရုတ်(တိုင်ပေ) တို့က တောင်တရုတ်ပင်လယ်ကို ပိုင်ဆိုင်ကြောင်း ကြေညာထားတဲ့အတွက် ဒီပြဿနာက အာဆီယံအစည်းအဝေးတွေမှာ အပူတပြင်းငြင်းခုံနေတဲ့ ပြဿနာတစ်ခုဖြစ်ပါတယ်။

ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်မှုကို ထိန်းသိမ်းဖို့အတွက် စည်းမျဉ်း (Code of Conduct) ကိုချမှတ်ဖို့ အာဆီယံနဲ့ တရုတ်တို့သဘောတူခဲ့ကြပေမယ့် အကောင်အထည်ဖော်ရာမှာ နှေးကွေးနေပါတယ်။

အငြင်းပွားနေတဲ့ နယ်မြေမှာ နယ်မြေရှင်းလင်းဖော်ထုတ်မှုတွေကို တရုတ်နိုင်ငံက ရပ်ဆိုင်းထားပြီးဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ယန်းယီက ဩဂုတ် ၅ ရက်က ပြောကြားခဲ့ပါတယ်။ **UNT**


Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

<< August And September Sailing Schedule >>

DATE : 4th AUGUST 2015
* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | JAPAN | | | | | | | | | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | INCHEON | ULSAN | SINGAPORE | YANGON | LAEM CHABANG |
| MV.HOEGH CHENNAI V.15 | 1.55 | 1.90 | 2.20 | 3.50 | | | | | 26.7.2015 | 27.7.2015 | 25.7.2015 | | 22.7.2015 | | 4.8.2015 | 8.8.2015 | |
| | S/O CUT | | | | | | | | 22.7.2015 | 23.7.2015 | 21.7.2015 | | | | | | |
| MV.CITY OF MUMBAI V.22 | 1.55 | 1.90 | 2.20 | 3.50 | | | | 8.8.2015 | 9.8.2015 | 10.8.2015 | | | | | 18.8.2015 | 22.8.2015 | 30.8.2015 |
| | S/O CUT | | | | | | | 4.8.2015 | 5.8.2015 | 6.8.2015 | | | | | | | |
| MV.HOEGH CHENNAI V.16 | 1.55 | 1.90 | 2.20 | 3.50 | | | | | 26.8.2015 | 27.8.2015 | 25.8.2015 | | 22.8.2015 | | | 8.9.2015 | |
| | S/O CUT | | | | | | | | 22.8.2015 | 23.8.2015 | 21.8.2015 | | | | | | |
| MV.CITY OF MUMBAI V.23 | 1.55 | 1.90 | 2.20 | 3.50 | | | | 8.9.2015 | 9.9.2015 | 10.9.2015 | | | | | | 21.9.2015 | 29.9.2015 |
| | S/O CUT | | | | | | | 4.9.2015 | 5.9.2015 | 6.9.2015 | | | | | | | |
| MV.HOEGH CHENNAI V.17 | 1.55 | 1.90 | 2.20 | 3.50 | | | | | 25.9.2015 | 26.9.2015 | 24.9.2015 | | 21.9.2015 | | 5.10.2015 | 9.10.2015 | |
| | S/O CUT | | | | | | | | 21.9.2015 | 22.9.2015 | 20.9.2015 | | | | | | |
| MV.CITY OF MUMBAI V.24 | 1.55 | 1.90 | 2.20 | 3.50 | | | | 8.10.2015 | 9.10.2015 | 10.10.2015 | | | | | 18.10.2015 | 22.10.2015 | 30.10.2015 |
| | S/O CUT | | | | | | | 4.10.2015 | 5.10.2015 | 6.10.2015 | | | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စက်ဘုနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။